
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး

★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး

★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆုအဥ္စလီ

# အလွမ်းနဲ့ပွင့်တဲ့ အချစ်သစ်ပင်

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | L လင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြဲ-၀၃၇၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဒေါ်ရွှေ (မြဲ - ၀၂၀၇၉)<br>သုခပုံနှိပ်တိုက်<br>အမှတ်(၁၄၈)၊ ၄၅-လမ်း(အထက်)၊<br>ဗိုလ်တထောင်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

ဆုအဥ္ဇလီ
အလွမ်းနဲ့ပွင့်တဲ့အချစ်သစ်ပင်/ဆုအဥ္ဇလီ ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၄
၂၈၈ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) အလွမ်းနဲ့ပွင့်တဲ့အချစ်သစ်ပင်


## အခန်း (၁)

"ဖွဲ့သွားရင် ကိုယ်တော့ လွမ်းနေတော့မှာပဲ"

"မလွမ်းချင်ရင် ဖွဲ့နဲ့တစ်ခေါက် လိုက်ခဲ့လည်း ရတယ်"

ဖွဲ့ကပြောပြီး ချစ်စရာကောင်းအောင် ရယ်လိုက်သဖြင့် သရ ပြီး ဖွဲ့မျက်နှာလေးကို ငေးနေမိသည်။ ချစ်သူရည်းစား ဖြစ်ကြသည် သော်လည်း ဖွဲ့က သူ့အပေါ်မှာ ဘာတစ်ခုမှ မလေးနက်။ သူဘာ ပြောပြော ဘာလုပ်လုပ် ဖွဲ့က ခံစားချက်မဲ့ ကလေးတစ်ယောက်လို ခြဲရယ်မောနေတတ်သည်က သူမပုံစံ ဖြစ်သည်။

ဘာတစ်ခုမှ ဖွဲ့မှာ အပူအပင် မရှိ။

သရနားမှာ တခြားကောင်မလေးတွေ ရှိနေတာကိုလည်း သဝန် မှုမန်းမသိ။ မနာလိုဖြစ်ရမည့် အရာဟူ၍လည်း နားမလည်။ သရမှာ ာ ဖွဲ့နား ဘယ်လိုကောင် ရောက်လာရောက်လာ ဖွဲ့ကို စိတ်မချ ာနှင့် မနာလိုဝန်တိုဖြစ်ပြီး အအိပ်ပျက် အစားပျက် တကယ်ဝေဒနာ ည်ကြီး ဖြစ်မှန်းမသိ ဖြစ်ရတာကိုက ဖွဲ့နှင့်သူက ဆန့်ကျင်ဘက် ာ်သည်။

"ဖွဲ့ပျော်နေတာ တို့သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဘာလဲ သရတော့ ဖွဲ့ကိုကြည့်ပြီး မနာလိုဖြစ်နေတာလား”

“ဟုတ်တယ်”

“သရက အရမ်းရယ်ရတာပဲသိလား”

ပြောပြီး တခစ်ခစ် ရယ်နေသည့် ဖွဲ့မျက်နှာလေးကို သူ စိုက်ကြည့်ပြီး သက်ပြင်းချလိုက်သည်။

ဖွဲ့ဆိုတဲ့ မိန်းမလှလေးရယ်။

ချစ်စိတ်နှင့် ဖွဲ့အမည်ကို တိုးတိတ်စွာ အမြတ်တနိုး ဆိုညည်းမိသူရင်ထဲက ဖွဲ့အပေါ်ထားသည့် ချစ်ခြင်းမေတ္တာ၏ နက်ရှိုင်းမှုကို ဖွဲ့သိအောင် ဘယ်လိုပြောရမှန်း မသိ။ တစ်ခါတလေ သူ့ရင်ထဲက ဖွဲ့နှင့်ပတ်သက်သည့် ခံစားချက်တွေကို ဖွဲ့သိအောင် စာရေးပေးဖြစ်တော့ ဖွဲ့က သူ့စာကို ဖတ်ရယ်သည်။

“ယူက စာရေးကောင်းတယ်နော်၊ ဖွဲ့ဆို ယူရေးသလို မရေးတတ်ဘူး၊ ယူ စာရေးဆရာ လုပ်ပါလား”

သူ့ထံမှ အလေးအနက်စကားက ဖွဲ့အတွက် ရယ်စရာဖြစ်သွားသည်ကိုတော့ သူလည်း မတတ်နိုင်။

“ကိုယ် ဖွဲ့ကို တကယ်ချစ်တာ ဖွဲ့”

“ဖွဲ့လည်း ယူ့ကိုချစ်သားပဲ”

ပီကေဝါးမပျက် ပြောလိုက်သော ဖွဲ့စကားကို ကျေးဇူးတင်နေရသူက သရ။ ဘာပဲပြောပြော ဖွဲ့ဆိုတာ သရချစ်သူ။ သရရည်းစားပါပဲဆိုပြီး ချစ်တဲ့စိတ် တစ်ခုတည်းနှင့် ဖွဲ့အပေါ် အပြစ်မတင်ရက်တာကလည်း ဖွဲ့ကို သူသိပ်ချစ်လို့ပါ။

“ဖွဲ့ ပြန်လာရင် ယူ့အတွက် မုန့်ဝယ်လာခဲ့မယ်၊ ယူ ဘာစားချင်လဲ ပြော”





“ဖွဲ့”

“ဟင်… ဘာလဲ”

ဖွဲ့က သူ့စကားကို နားမလည်သလို မျက်လုံးလေး ပြူးဝိုင်းကြည့်ပြီး သရကိုထူးတော့ သရ မရယ်ဘဲ မနေနိုင်။

“ဖွဲ့ကို စားချင်တယ်လို့ ပြောတာ”

“သွား… ဖွဲ့က အကောင်းမေးနေတာကို”

“ခစ်… ခစ်”

အခုမှ သရစကားကို သဘောပေါက်ပြီး ဖွဲ့က ရယ်သည်။ ဖြူဆွတ်ဆွတ်ဂါဝန်လေးနှင့် ဖွဲ့က သိပ်လှသည်။ သူမအလှကို လိုက်မီသူ မရှိ။ ဖွဲ့အချစ်ကို လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေသည့်ကြားက သရက ဖွဲ့အချစ်ကို ရယူပိုင်ဆိုင်ခွင့်ရခဲ့သူအဖြစ် အားလုံးအမြင်မှာ သရက ပိုက်ကောင်း၍ ဖွဲ့ကို ပိုင်ဆိုင်ထားပေမယ့် လက်တွေ့မှာ တခြားသူတွေ အားကျအထင်ကြီးခံနေသလို ဘဝမျိုးတော့ မဟုတ်ပါ။

“ဒါပဲနော်၊ သရအချစ်ကို ဖွဲ့လက်ခံတယ်ဆိုပေမယ့် ဖွဲ့မကြိုက်တာ ဘာမှမလုပ်ရဘူး”

“ဖွဲ့ မကြိုက်တာ ကိုယ့်ကို ကြိုပြောထားလေ”

“ဖွဲ့အပေါ်မှာ ဖြူဖြူစင်စင်ပဲ ဆက်ဆံရမယ်၊ ဖွဲ့လက်ကို ကိုင်တာလောက်တော့ ရတယ်။ ဒါပေမယ့် ဖွဲ့ဆီက ခွင့်မတောင်းဘဲ ဖွဲ့ကို နမ်းတာတို့ ဖက်တာတို့ မလုပ်ရဘူး”

“ဖွဲ့က ကိုယ့်ရည်းစားနော်”

လက်ညှိုးလေးတထောင်ထောင်နှင့် သရတစ်ခါမှ မကြားဖူးသည့် အချစ် စည်းကမ်းဥပဒေများကို မကျေမနပ် ပြန်ပြောတော့ ဖွဲ့က သူ့ကို နှုတ်ခမ်းစူပြီး ပြန်ကြည့်သည်။



www.burmeseclassic.com

"ဘာလဲ သရ ရည်းစားဖြစ်တာနဲ့ ဖွဲ့က သရ ဘာလုပ်လုပ် ငြိမ်ခံနေမယ် ထင်လို့လား၊ အခုကတည်းက ဖွဲ့စည်းကမ်းတွေ မလိုက်နာနိုင်လို့ကတော့ ဆောရီး၊ အခုကတည်းက ဖွဲ့ကို သရ မေ့လိုက်တော့"

ပြောသည့်ပုံက လွယ်သလို သရကို လုံးဝ ဂရုမစိုက်ဟန်နှင့် ကျောခိုင်းသွားပုံက လှသည်။ ဖွဲ့ကို ချစ်လွန်း၍ သူမဆန္ဒကို လိုက်လျောရသူက သရ။

"ချစ်သူရည်းစားထားတဲ့ ကောင်လေးနဲ့ ကောင်မလေး သိပ်ချစ်လာရင် ဘာလုပ်ကြလဲ ဖွဲ့သိလား"

"သူတို့ ဘာလုပ်လုပ်၊ ဖွဲ့ချစ်သူ ဖွဲ့ရည်းစားဖြစ်မယ့်သူက ဖွဲ့စကားကို နားထောင်တဲ့သူနဲ့မှဖြစ်မှာ"

"ဖွဲ့က ကိုယ့်ကို တကယ်မချစ်ပါဘူး"

"ယူကမှ ဖွဲ့ကို တကယ်မချစ်တာ"

"ကိုယ့်အချစ်ကို မစော်ကားနဲ့နော် ဖွဲ့"

"ဖွဲ့ကို တကယ်ချစ်ရင် ဖွဲ့စကားကို ယူနားထောင်ပေါ့၊ ချစ်သူရည်းစားထားတယ်ဆိုတာ ဖွဲ့က ပျော်ချင်လို့၊ ဂရုစိုက်တာ၊ ယုယတာခံချင်လို့ ထားမှာ၊ ယူက ဖွဲ့ကိုဖက်ချင်လို့ နမ်းချင်လို့ဆိုရင်တော့ ဖြစ်လာမှာ မဟုတ်ဘူး"

"ဖွဲ့"

"ယူမကျေနပ်ရင် အခုကတည်းက လမ်းခွဲကြရုံပဲ"

"ကောင်းပြီ၊ ဖွဲ့ပြောသလို ကိုယ်နေမယ်။ အဲဒါ ဖွဲ့ကို သိပ်ချစ်လို့၊ ဖွဲ့ကို မြတ်နိုးလို့၊ ဖွဲ့ကို တမင်အလိုလိုက် အလျှော့ပေးထားတာ၊ တစ်ခါတလေ သိပ်ချစ်လို့ မထိန်းနိုင်ဘဲ ရင်ပွင့်ပေါက်ကွဲမိတာမျိုး ရှိလာရင်လည်း ကိုယ့်ကို ဖွဲ့နားလည်ရမယ်"





"ဖွဲ့က ဘာကို နားလည်ပေးရမှာလဲ၊ ဖွဲ့ပြောတာကို ယူလက်ခံရင် ဖွဲ့က ယူ့ချစ်သူဖြစ်လာမှာပဲ၊ ဖွဲ့ပြောတာ ယူနားမထောင်နိုင်ဘူးဆိုရင်..."

"တော်ပြီ ဖွဲ့၊ မင်းကို ကိုယ်အရှုံးပေးတယ်၊ မင်းပြောတဲ့အတိုင်း သက်ခံတယ် ကျေနပ်ပြီ မဟုတ်လား"

"အင်း"

နှစ်ဦးသဘောတူ ကြည်ဖြူကြောင်း တိကျစွာ ကတိပေးပြီးနောက်မှာ ချစ်စရာကောင်မလေးက သရသွားရာနောက် တကောက်ကောက် ပါလာသလို၊ သရကို အမျိုးအမျိုး အနိုင်ယူဗိုလ်ကျတတ်သည့်နေရာမှာလည်း ဘယ်သူမှ လိုက်မမီသူ ဖြစ်လာသည်။

"မိုးရေထဲ အတူလမ်းလျှောက်ကြအောင်နော် သရ"

"မရဘူး၊ မိုးမိရင် ဖျားလိမ့်မယ်"

"မဖျားပါဘူးဆို သရကလဲ"

"မရဘူးကွာ၊ မသွားရဘူးဆို၊ မသွားရဘူး... ဒါပဲ"

"သရ မလိုက်ချင်နေခဲ့၊ ဖွဲ့ဘာသာ တစ်ယောက်တည်း သွားမယ်"

"ဖွဲ့ မင်းနော်"

မိုးရေထဲ ဖွဲ့တစ်ယောက်တည်း လျှောက်သွားတော့ သရက ဘေးမှာ ထီးတစ်လက်နှင့် ဗျာများပြီး တဗျစ်တောက်တောက် အပြစ်တင်ရင်း ပါလာသည်။ သရက ဖွဲ့ကို ထီးလိုက်ဆောင်းပေးသည်။ မိုးရေစက်တွေ ဖွဲ့ပေါ်မကျအောင် ထီးနှင့်ကာကွယ်သည်။ အခါ သူမကိုယ်ပေါ် သရ ထီးမိုးပေးတိုင်း သရနားက ပြေးထွက်ပြီး မိုးရေထဲ သွားရပ်ကာ သူမကို စိတ်ဆိုးဒေါသဖြစ်နေသော သရကို

www.burmeseclassic.com



ကြည့်ပြီး ရယ်သည်။

သရကလည်း အလျှော့မပေး။

ဒီလိုပုံစံနှင့် ဖွဲ့ ခဏခဏ ဖျားတတ်တာသိ၍ ဖွဲ့ကို မိုးထဲရေထဲ ဖွတ်အတင်း ထီးလိုက်ဆောင်းပေးရင်း သူ့တစ်ကိုယ်လုံး မိုးရေတို့ ရွှဲရွှဲစိုတော့ ဖွဲ့က သူ့ကိုကြည့်ပြီး တခစ်ခစ် ရယ်မဆုံး။ နောက်ဆုံး မိုးရေထဲ နစ်ယောက်စလုံး ရွှဲစိုနစ်လေမှ သရထီးအောက်ထဲ ပြေးဝင်လာသူကို သရမှာ စိတ်ဆိုးရခက်၊ ဒေါသဖြစ်ရခက်နှင့် လက်ထဲက ထီးကို စိတ်ပေါက်ပေါက်နှင့် မိုးရေထဲ ပစ်ချလိုက်တော့ ဖွဲ့က သရမျက်နှာကို မိုးရေတွေထဲက မော့ကြည့်ရင်း ရယ်သည်။

ပြီးတော့ ဘယ်လိုမှ ထင်မှတ်မထားတာ တစ်ခုကို ဖွဲ့က သူ့ကို လက်ဆောင်အဖြစ် ပေးသည်။ ထိုအရာက တခြားမဟုတ်။ မိုးရေနှင့် စိုနစ်နေသော သူ့လက်မောင်းနှစ်ဖက်ကို သူမရဲ့ အေးစက်စက် လက်ကလေးတွေနှင့် ဆုပ်ကိုင်ပြီး မြင့်မြင့်မားမား သူ့အရပ်ကြီးကို မမှီမကမ်း ခြေဖျားလေးထောက်၍ သူ့မေးဖျားကို ဖွဖွရှိုက်နမ်းလိုက်ခြင်း ဖြစ်သည်။

ဝင်းခနဲ လက်သွားသည့် လျှပ်စီးရောင်က တိတ်ဆိတ်ငြိမ်သက်နေသော သူ့နှလုံးသားကို အင်အားပြင်းစွာ ပေါက်ကွဲသွားစေသည်မှန်သော်လည်း နေရာမှာ မတုန်မလှုပ် သူ ရပ်မြဲရပ်နေသည့်အခိုက်မှာ ဖွဲ့က သူ့ကိုထားပြီး မိုးရေထဲ ပြေးဝင်သွားသည်။

"ဖွဲ့"

နေရာက ချာခနဲ ကျောခိုင်းသွားသည့် ဖွဲ့လက်တစ်ဖက်ကို သူ ဖမ်းဆုပ်ဆွဲယူလိုက်တော့ ဖွဲ့က သူ့ကို လှည့်ကြည့်သည်။

"ဖွဲ့ပေးထားတဲ့ စည်းကမ်းကို ဖွဲ့က အရင်စဖောက်တာနော်"

ဖွဲ့မျက်လုံးတွေထဲ သေချာစူးစိုက်ကြည့်ပြီး သူမေးတော့ ဖွဲ့က





မြူးကြွစွာ ရယ်သည်။ ပြီးမှ အလွန်တိုးတိတ်သော လေသံနှင့် သရနားကပ်ကာ တိုးတိုးပြောသည်။

"ဖွဲ့ကို ယူက မဖက်ရ၊ မနမ်းရလို့ပဲ ပြောတာ၊ ဖွဲ့က ယူ့ကို ဘာလုပ်လုပ်ဆိုတာတော့ မပါဘူးလေ ဆရာကြီးရဲ့"

"ဖွဲ့… မင်း"

"ဖွဲ့လက်ကို လွှတ်ပါ။ ဒီနေ့ ဖွဲ့ဘယ်လောက် ပျော်နေတယ်ဆိုတာ ယူဖြင့် မသိဘဲနဲ့"

ဖွဲ့က သူ့လက်လေးကို ရုန်းပေမယ့် သရက မလွှတ်။ သူမကိုယ်လေးကို ရင်ခွင်ထဲ ကျုံးပွေ့ပြီး စိတ်ရှိလက်ရှိ ချစ်အနမ်းတွေ ရွာချပစ်ချင်စိတ်ကို အရှိန်ပြင်းစွာ ရွာနေသော မိုးနှင့်အပြိုင်ဖြစ်သည်။

"လာ"

"ဖွဲ့ စည်းကမ်းတွေ ယူချိုးဖောက်ချင်ရင်ရတယ်၊ ဒါပေမယ့် ယူနဲ့ဖွဲ့ ချစ်သူတွေအဖြစ်က ဒီနေ့ နောက်ဆုံးပဲဆိုတာတော့ ယူမမေ့နဲ့"

ဖွဲ့က သူ့မျက်နှာကို မိုးရေထဲက စူးစိုက်ကြည့်နေသလို ဖွဲ့မျက်နှာလှလှလေးကို မျက်တောင်မခတ် စူးစိုက်ကြည့်နေသော သူ့မျက်ဝန်းအစုံကလည်း ရွှန်းလက်တောက်ပသော ဖွဲ့မျက်ဝန်းအစုံမှာသာ မလှုပ်မယှက် နက်ရှိုင်းဝင်းပစွာ စူးနစ်တည်ရှိနေသည်။

ဖွဲ့ကို သူစွန့်လွှတ်နိုင်သလားဟုမေးလျှင် ဟင့်အင်းဟု သူက ဖြေမည်။ ဖွဲ့မရှိဘဲ သူ မနေနိုင်မှန်းသိ၍ ညင်သာစွာ ရုန်းဖယ်လာသည့် ဖွဲ့လက်လေးကို သူ အသာအယာ ဖြေလွှတ်ပေးလိုက်ပြီးနောက် ဖျော့လွင်သော ဖွဲ့ထံမှ ရယ်သံသာသာလေးက မိုးရေထဲ ပြေးဝင်ပျောက်ကွယ်သွားသည်။

"ဖွဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ မျက်ဝန်းအစုံကို မှိတ်ချလိုက်ပြီး ဖွဲ့အမည်ကို မှီးရေထဲမှာ အကျယ်ကြီး အော်ပစ်လိုက်သည်။ သည်နောက်မှာတော့ ဖွဲ့နှင့်သူ ဆက်ဆံရေးက ပုံမှန်ပြန်ဖြစ်သွားသည်။ သို့သော် ဖွဲ့ကို သူ ပိုချစ်လာသည်။

ပို၍ မြတ်နိုးလာသည်။ ဖွဲ့သည် သူ့ဘဝ၊ သူ့အနာဂတ်၊ သူ့အသက်ဖြစ်ကြောင်း ရဲဝံ့ပြတ်သားစွာ သူလက်ခံလိုက်ပြီးနောက်မှာ ဖွဲ့သွားရာနောက် တကောက်ကောက်လိုက်ရတာကို ပိုပျော်လာသည်။ ဖွဲ့သာ သူ့အနားရှိလျှင် အရာရာပြီးပြည့်စုံနေပြီဟု သူ့ဘဝသူ ကျေနပ်နှစ်သိမ့်နေချိန်မှာ ဖွဲ့က သူမ ခရီးထွက်မည့်အကြောင်း ပြောလာတော့ သူ ရူးမတတ် ဖြစ်သွားသည်။

"ဟိုမှာ သိပ်တော့မကြာပါဘူး၊ ဆေးသွားစစ်ပြီး ချက်ချင်းပြန်လာမှာပါ။ ဈေးလည်း နည်းနည်းပါးပါး ဝယ်ဖြစ်မယ်ထင်တယ်"

ဖွဲ့ပုံစံက ပေါ့ပါးသွက်လက်နေသည်။ ဘန်ကောက်မှာ ဈေးဝယ်ထွက်ရမည့်အတွက် ပျော်နေဟန်က အထင်းသား။

"ဩော်… နေဦး ဒီမှာ သရအတွက် ဖွဲ့ယူလာတာ"

"ဘာတွေလဲ"

"သိရင်ချင် ကိုယ့်ဘာသာကြည့်"

သူ့လက်ထဲ အထုပ်တစ်ထုပ် ရောက်လာသည်။ ဖွင့်ကြည့်လိုက်တော့ ဖွဲ့ဓာတ်ပုံ ထည့်ထားသည့် အယ်ဘမ်တစ်ခုနှင့် သူ့နာမည် တပ်ထားသည့် စာတစ်စောင်။

"စာကို အခု မဖတ်နဲ့နော်၊ အိမ်ရောက်မှဖတ်"

"အခု ဖတ်ချင်တာကွ"

"မရဘူး"





"ဘာဖြစ်လို့လဲ"

"ဖွဲ့လက်ရေး မလှတာရှက်လို့"

ဒီတစ်ခါ ရယ်မိသူက သရကိုယ်တိုင် ဖြစ်သည်။ သရရယ်တော့ ဖွဲ့ကပါ သူနှင့်အတူ လိုက်ရယ်သည်။

"ရည်းစားစာ တစ်ခါမှ မရေးဖူးလို့ ရေးကြည့်ချင်တာနဲ့ ဖွဲ့ဘာသာစမ်းပြီး ရေးထားတာ"

"ဖြစ်ရလေ ဖွဲ့ရယ်၊ ရည်းစားစာတောင် အစမ်းရေးတယ်လို့ ရှိသေးလား"

"ရှိတာပေါ့၊ ဖွဲ့က အခုမှ သရတစ်ယောက်တည်းပဲ ရည်းစားထားဖူးသေးတာ"

"ဩော်… ခင်ဗျား ပြောပုံအရဆိုရင် ကျုပ်အပြင် နောက်ထပ် ချစ်ရည်းစားထားဦးမယ်ဆိုတဲ့ သဘောလား"

"သရလို ဖွဲ့စကားနားထောင်တဲ့ သူမျိုးတွေ့ရင် စဉ်းစားသင့်စဉ်းစားရမှာပေါ့"

"အင်း… ကိုယ့်အပေါ် ဖော်တော်သစ္စာရှိတဲ့ ချစ်သူပဲ"

"ဖွဲ့ဘက်ကတော့ အမြဲရိုးသားနေမှာပါ။ နောက်အသစ်တစ်ယောက်ရှိနေရက်နဲ့ အရင်ချစ်သူကို လိမ်ညာပြီး ဘယ်တော့မှ ဆက်မတွဲဘူး"

"ကျေးဇူးပါ၊ ဖွဲ့လို ရိုးသားတဲ့ ချစ်သူမျိုးရထားတာ ကိုယ်ကံကောင်းပါတယ်"

"ဒီလိုပဲ ဖြစ်ရမယ်လေ"

သူရှဲ့ပြောလို့ ပြောမှန်းမသိ။

ခေါင်းလေးမော့ ရင်လေးကော့ထားပုံက သူ့ရိုးသားမှုကို သူ့



www.burmeseclassic.com

www.burmeseclassic.com



ဘာသာ ဂုဏ်ယူကျေနပ်နေပုံဖြစ်၍ ဖွဲ့ကိုကြည့်ပြီး သူချစ်စနိုး ပြုံးရယ်လိုက်မိသည်။ ဖွဲ့ဆိုတာ ဒီလိုချစ်စရာကောင်းသည့် ချစ်သူပါ။ ဖွဲ့နှင့်လမ်းခွဲတော့ သူ့အတွက် ဖွဲ့ပေးထားသည့် ပန်းနုရောင် စာအိတ်လေးကို ဖောက်ပြီး သူမရေးထားသည့် စာလေးကို ဖတ်ကြည့်သည်။

ဖွဲ့ပြောသလို ဖွဲ့လက်ရေးလေးတွေက မညီညာမလှပပေမယ့် ထိုလက်ရေးယိုင်နဲ့နဲ့လေးတွေကို ရင်မှာစွဲလမ်းစိတ်နှင့် တမြတ်တနိုး ချစ်မိပြန်သည့်အတွက် နှစ်ကြောင်းတည်းသာပါသော ဖွဲ့စာလေးကို ဘယ်နှကြိမ်မှန်းမသိ ဖတ်နေမိသည်။

သရကို ချစ်တယ်။

ဖွဲ့

ဖွဲ့ခမျာ ထိုစာလေးနှစ်ကြောင်းကိုရဖို့ အတော်ကြိုးစားပမ်းစား ရေးခဲ့ရမှာပဲဟုတွေးရင်း ဖွဲ့လက်ရေးယိုင်နဲ့နဲ့လေးတွေကို ညင်သာစွာ ရှိုက်နမ်းဂုဏ်ပြုမိသည်။ ဟိုရောက်ရင် ဖုန်းဆက်ပါမည်ဟု ကတိပေးသွားသော ဖွဲ့က သရကို သတိပင်ရဟန်မတူ။ ဖုန်းတစ်ချက်မဆက်။ တစ်ပတ်ကြာတော့ ဖွဲ့ ပြန်ရောက်လာသည်။

"ဖွဲ့ အရေးကြီးနေလို့ အချိန်သိပ်မရဘူးနော် သရ"

မျက်နှာလေးပင် ဝအောင် မကြည့်လိုက်ရ။ ဖွဲ့ထံမှ စကားက သရရင်ကို အရှိန်ပြင်းပြင်း လာထိတော့ ဖွဲ့ကို ယောကျ်ားတန်မဲ့ စိတ်ကောက်ချင်လာသည်။

"အချိန်မရဘဲ ဘာလို့ ကိုယ့်ကို လာတွေ့နေသေးလဲ"

"သတိရလို့ပေါ့၊ ပြီးတော့ ပေးစရာလည်း ရှိလို့"





"ရော့"

သရလက်ထဲ ပါဆယ်လုပ်ထားသည့် အထုပ်တစ်ထုပ် ရောက်လာသည်။

"ဒီမှာ… ကိုယ်လည်း ဖွဲ့အတွက် ယူလာတာ"

"ဘာလဲဟင်"

"ပဝါ"

"ဟာ… ဘာလို့ ပဝါကို ပေးရတာလဲ"

"မကြိုက်ဘူးလား"

"အင်း"

မျက်နှာပျက်ပြီး ခေါင်းညိတ်လိုက်တော့ ဖွဲ့မျက်နှာလေးကို သူ စိုက်ကြည့်လိုက်သည်။ မတွေ့ရတာ ကြာလို့လားမသိ။ ဖွဲ့က ပိုလှပြီး ပိုချစ်စရာကောင်းနေ၏။

"ယူ မကြားဖူးဘူးလား၊ ပဝါပေးရင် ချစ်သူချင်း အလှမ်းဝေးတတ်တယ်ဆိုတာ"

"စိတ်နဲ့ပဲဆိုင်တာပါ၊ အဲဒါတွေ အယုံအကြည်မရှိဘူး။ တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိနေရင် ဘယ်လောက်ဝေးဝေး နီးနီးလေးပဲ"

"ဒါဆိုလည်း ပြီးရော… ပြီးရော"

"ဖွဲ့ ပြန်တော့မယ်"

"ကိုယ်လည်း ဖွဲ့နဲ့လိုက်ခဲ့မယ်"

"ဘယ်ကိုလဲ"

"ဖွဲ့ပြန်တဲ့နေရာကိုပေါ့"

ဖွဲ့က သရမျက်နှာကို မျက်လုံးနက်နက်တွေနှင့် ကြည့်ပြီး ခစ်ခနဲ ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖွဲ့က အမြဲရယ်နေတာပဲနော်"

"မရယ်လို့ ငိုနေရမှာလား"

ဖွဲ့စကားအဆုံးမှာ ပြုံးရသူက သရကိုယ်တိုင် ဖြစ်သည်။ ဖွဲ့ မေးမယ်ဆိုလည်း မေးစရာပါ။ ငိုနေတာထက်စာလျှင် ဖွဲ့အခုလို ရယ် နေတာလေးကို မြင်တွေ့နေရတာ စိတ်ချမ်းသာရသည်။

"ဟွန်း… သူများကိုသာ ပြောနေတယ်၊ ယူလည်း ဖွဲ့နဲ့ တွေ့တိုင်း တစ်ချိန်လုံး ပြုံးနေတာတော့ ထည့်မပြောဘူး"

"ပြောစရာလိုသေးလို့လား၊ ကိုယ်က ဖွဲ့ကိုချစ်လို့ ပျော်လို့ ပြုံးနေတာ ဖွဲ့မသိဘူးလား"

"မသိဘူး"

ပြောပြီး ဖွဲ့က တခစ်ခစ်ရယ်သည်။

"ကဲ… နေခဲ့တော့၊ ဖွဲ့သွားတော့မယ်"

သူပေးသည့် ပဝါနီနီလေးကို ဖြူနုနေသည့် လည်တိုင်လှလှလေး မှာ ရစ်ချည်ပြီး သရကို နှုတ်ဆက်တော့ သရရင်ထဲ ဖြစ်ထွန်းလာသည့် အချစ်စိတ်တွေကို မမျိုသိပ်နိုင် ဖြစ်လာသည့်အတွက် ဖွဲ့ရှေ့က အသာ ပိတ်ရပ်လိုက်သည်။

"နေဦး… ဒီအတိုင်း သွားလို့မရဘူး"

"ဒီအတိုင်း မသွားရရင် ဘယ်လိုသွားရမှာလဲ"

"ကိုယ့်ကို အကြင်နာပေးမှ"

"ဟယ်… ယူ ရူးနေပြီ သိလား၊ ဖွဲ့ ယူ့ကို ဘယ်တုန်းက အကြင်နာပေးဖူးလို့လဲ"

"ဖွဲ့မေ့နေပေမယ့် ကိုယ်ဘယ်တော့မှ မမေ့အောင် ဖွဲ့ပဲ ပြု ခဲ့တာ"





"ယူ့စကားက ဘာလဲ"

"မိုးရွာတဲ့နေ့မှာ ဖွဲ့ကိုယ့်ကို ဘာလုပ်ခဲ့လဲ"

အခုမှ ဖွဲ့က သူမအဖြစ်ကို ပြန်သတိရဟန်နှင့် မျက်နှာနီနီနှင့် သရကို မျက်စောင်းထိုးသည်။ ပြီးတော့ ရယ်သည်။

"အဲဒါ မိုးတွေ သိပ်ရွာနေတာ မြင်ရတော့ ပျော်လို့ အခု မိုးမှမရွာဘဲ"

"ကိုယ့်ကိုမညစ်နဲ့နော် ဖွဲ့၊ မိုးရွာရွာ မရွာရွာ ကိုယ်က ဒါဆို ဒါပဲ"

"ဒီလောက်ဖြစ်နေရင်လည်း မိုးရွာအောင် ဆုတောင်းထား၊ ဖွဲ့ သွားပြီ"

"ဖွဲ့"

"သရ… ယူနော်"

"ယူနေတာပဲ"

"အိုး…"

မိုးမရွာပါ။

သို့သော် သူနားက လူလည်ကျပြီး ထွက်ပြေးဖို့ ကြိုးစားနေသူ လေး၏ လက်အစုံကို ဖမ်းဆုပ်ပြီး အချစ်မိုးရွာချလိုက်သူကြောင့် ဖွဲ့ ရှက်လန့်တကြား သရနားက တအားပြေးထွက်သွားတာကြည့်ပြီး နေပူထဲမှာ ကျေနပ်စွာ ပြုံးလျက်ကျန်ခဲ့သည်။

ဖွဲ့ ရှက်သွားပုံက လှသည်။

ရင်ထဲ စွဲငြိနေသော ထိုပုံရိပ်က ဘယ်တော့မှ ပျောက်ပျက် မသွား။ မြတ်နိုးစွာ သိမ်းဆည်းအပ်သော ရတနာတရားအဖြစ် သရ ရင်မှာထာဝရ တည်နေမည့်အရာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖွဲ့"

"ဘာလဲ"

"လွမ်းနေပြီ"

"လွမ်းနေရင်… ကန်တော်ကြီးထဲ ခုန်ချလိုက်"

"ရက်စက်လိုက်တာ ဖွဲ့ရယ်၊ ဒီလိုပဲ ကိုယ့်ကိုတစ်ယောက်တည်း ပစ်ထားတော့မှာလား"

"တစ်ယောက်တည်း မနေချင်ရင် နောက်တစ်ယောက် ထပ်ခေါ် ထား"

"တီ"

"ဖွဲ့… ဖွဲ့"

ဖွဲ့က ပြောပြောဆိုဆို ဖုန်းကိုပိတ်လိုက်၍ သရ ရင်မောစွာ သက်ပြင်းချလိုက်သည်။ ဖွဲ့က သရကို ဒဏ်ပေးသည့်အနေဖြင့် လုံး အတွေ့မခံ။ ဖုန်းဆက်တော့လည်း မကိုင်။ ဒီနေ့မှ ဖွဲ့နှင့်ဖုန်းပြောခွင့်ရလို့ ပျော်မယ်ကြံရုံရှိသေး ဖွဲ့က အရင်ဖုန်းချသွား၏။

နောက်တစ်ကြိမ် ဖုန်းထပ်ခေါ်ပေမယ့် မရ။ အိပ်ရာထဲ တစ်ယောက်တည်း လူးလိမ့်ပြီး အိပ်မပျော်ဖြစ်နေတုန်း ဖွဲ့ဆီက စာတ စောင်ရောက်လာသည်။

> ဖွဲ့မကြိုက်တာ နောက်တစ်ခါ ထပ်လုပ်ရင် ယူ့ကို ဖွဲ့ မုန်းပစ်လိုက်တော့မယ်။ တစ်သက်စာ ပြော တာနော်။
>
> ဖွဲ့





ဖွဲ့ရယ်။

သူ ဖွဲ့ထံ ချက်ချင်း စာပြန်ပို့လိုက်သည်။

> နောက်ဘယ်တော့မှ ဖွဲ့မကြိုက်တာ ကိုယ်မလုပ် တော့ပါ။ ဖွဲ့ကို တစ်သက်လုံး ချစ်နေမယ့်…
>
> ကို

နောက်ထပ် ဖွဲ့ထံမှ ဘာစာမှ ထပ်ရောက်မလာတော့မှ ဖွဲ့ အကြောင်းတွေးရင်း နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။ အိပ်မက်ထဲမှာ တော့ ဖွဲ့က သူ့ရဲ့အချစ်နတ်သမီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

''အဲဒါကြောင့် ဖွဲ့က ပြောတာ၊ မာမီက စကားမှ နားထောင်ဘဲ
ဆရာဝန်က မာမီ့ကျန်းမာရေးအတွက် ပင်လယ်လေ ရှူရမယ်လို့ သေချာ
မှာလိုက်တာ''

''ပြောမနေပါနဲ့တော့ သမီးရယ်။ အခုပဲ ငပလီကို သွားကြ
မှာမဟုတ်လား၊ သမီးအစ်ကိုကြီးကို ဖုန်းဆက်ပြီးပြီလား''

''ဖွဲ့ အခုပဲ ဆက်လိုက်တယ် မာမီ၊ ကိုကိုကြီးကိုယ်တိုင် သူ
သူငယ်ချင်း ဘန်ဂလိုကို ဖွဲ့တို့အတွက် ကြိုတင်ပြီး ဘွတ်ကင်လု
ထားပြီးပြီတဲ့''

''အေး... အေး ဒါဆိုလည်း လေယာဉ်ကွင်းသွားဖို့ ပြင်ကြ
ဆင်ကြတော့''

သားအမိသုံးယောက် လိုအပ်သည့် ပစ္စည်းတွေ စုထုတ်သိမ်း
ဆည်းနေချိန်မှာ အစ်ကိုအကြီးဆုံးဖြစ်သည့် ကိုမင်းဖွဲ့ ရောက်လာသည်

''ကျွန်တော်ရောက်ပြီ မာမီ''

''သားကြီးရောက်တာနဲ့ အတော်ပဲ၊ အိမ်သော့ကို သားကြ
လက်ထဲ အပ်လိုက်ပြီ၊ ကျန်တာတော့ မင်းဘာသာပဲ ကြည့်လုပ်လို





တော့''

''အိမ်အတွက် စိတ်ပူမနေပါနဲ့ မာမီရယ်၊ ကိုယ့်ကျန်းမာရေး
ကိုသာ ဂရုစိုက်ပါ၊ ဖွဲ့လည်း ဟိုရောက်ရင် လိမ်လိမ်မာမာနေနော်၊
မာမီ စိတ်ညစ်အောင် ပေါက်ကရတွေ လျှောက်လုပ်မနေနဲ့''

''ဟုတ်ကဲ့ပါ''

ဖွဲ့က သူ့အကြီးနှင့်သူ အစ်ကိုဖြစ်သူရှေ့မှာ ခေါင်းမြန်မြန်ညိတ်
သည်။ ဖွဲ့ကတော့ ဘာမှမပြော။ အဝတ်သေတ္တာတွေကို သေချာ
စစ်ပြီး အလုပ်သမားတွေက ကားပေါ်တင်နေသည်။

''ဒီခရီးမှာ သားငယ်ပါရင် ဘယ်လောက်ကောင်းလိုက်မလဲ၊
သားငယ်ကို သတိရတယ် သားကြီးရယ်''

မျက်ရည်စမ်းစမ်းနှင့် အခုလည်း ငိုချတော့မလို ဖြစ်လာသည့်
မာမီကြောင့် အားလုံး မျက်စိမျက်နှာ ပျက်ကုန်ကြသည်။ မာမီ့
သားငယ်က လူ့လောကကြီးထဲမှာ မရှိတော့တာ နှစ်နှစ်တိတိ ရှိပါပြီ။
ဒါပေမယ့် မိသားစုတွေ ရင်ထဲမှာတော့ ထိုအဖြစ်က မနေ့တစ်နေ့ကလို
နွေးလတ်ဆတ်နေဆဲဆိုတော့ သားငယ်ဟု မာမီတမ်းတလိုက်တိုင်း
အားလုံး ရင်နာရသည်။

ကားအက်စီဒင့်ဖြင့် ဆုံးသွားသည့်ညီကို မင်းဘွဲ့ ပြန်မြင်ယောင်
မိသလို ထိုအကြောင်းကို မိခင်ဖြစ်သူကို မေ့လျော့ထားစေချင်မိသည်။
သားငယ်ကြောင့် ဒယ်ဒီက တရားရိပ်သာက ခွာသည်မရှိတော့သလို
မာမီကိုယ်တိုင်လည်း သားငယ် ဆုံးပြီးကတည်းက ကျန်းမာရေး
ထိခိုက်ကာ အိပ်ရာထဲက မထတော့သည့် အနေအထားမှာ မင်းဘွဲ့တို့
မောင်နှမ ရင်ထိတ်နေကြနေတာ သူတို့ပဲ သိသည်။

စိတ်ထောင်းတော့ ကိုယ်ကြေသည်ဆိုတာ ကိုယ်တိုင်ကြုံမှ သိ



www.burmeseclassic.com

www.burmeseclassic.com



ရတာမျိုးပါ။ ရောဂါတွေ တစ်မျိုးပြီးတစ်မျိုး တိုးနေသည့် မိခင်ကြောင့် ဘယ်သူမှ စိတ်မချမ်းမြေ့။

"မာမီ့သားအတွက် နေ့တိုင်းကောင်းမှုကုသိုလ် ပြုပေးနေတာပဲ မာမီရယ်၊ သူလည်း ကောင်းမွန်မြင့်မြတ်တဲ့ ဘုံဘဝကို ရောက်နေမှာပါ"

"အေးပါ သားရယ်၊ မာမီလည်း သားကြီးပြောသလို ဖြစ်ပါစေလို့ နေ့စဉ်ဆုတောင်းနေပါတယ်"

"လေယာဉ်ချိန် နီးနေပြီ မာမီ၊ ဖွဲ့တို့ သွားကြရအောင်"

"အေးပါကွယ်၊ အေးပါ"

"ဖွဲ့ ဘယ်ရောက်နေလဲ"

"ဖွဲ့"

"လာပါပြီ… ကိုကိုကြီး"

"အမယ်လေးတော့"

အိမ်ပေါ်ထပ်က ဝုန်းဒိုင်းကျဲ ပြေးဆင်းလာသည့် ဖွဲ့ကို အားလုံးကြည့်နေခိုက်မှာ ဖွဲ့က ခြေချော်ပြီး ခလုတ်တိုက်လဲမလို ဖြစ်သွား၍ အားလုံးထံမှ အလန့်တကြား အော်သံတစ်ပြိုင်တည်း ထွက်လာသည်။

"ဟဲ့… ဟဲ့"

"ဖွဲ့…"

"ဖွဲ့ ဘာမှမဖြစ်ပါဘူး မာမီရဲ့ ခစ်… ခစ်"

လဲတော့မလိုတော့မလို အနေအထားက ကိုယ်ရှိန်သတ်ပြီး ကားနားရောက်လာသည့် ဖွဲ့က အားလုံးကို ရယ်ပြပြီး သူက အရင်ကားပေါ် ခွေ့ခနဲ ပြေးတက်သွားမှ သက်ပြင်းကိုယ်စီ ချမိကြသည်။

"မာမီမှာလည်း ဖွဲ့လေးကြောင့် တစ်နေ့မှ စိတ်ချလက်ချ မနေ





င်ဘူးကွယ်။ သင့်တော်တဲ့လူနဲ့တွေ့ရင် အိမ်ထောင်ချပေးရင် ကောင်းလား တွေးမိတယ်"

"ဖွဲ့က ငယ်ပါသေးတယ် မာမီရယ်"

နောက်တော့ သူ့ဘာသာသူ ဖြစ်သွားမှာပါ။ သားကြီးမင်းဘွဲ့က ငယ်ဆုံးအတွေးဆုံး ညီမကို အိမ်ထောင်ချပေးဖို့ သဘောမတူမှန်း သိ၍ ဒေါ်ရွှေဘီ ဆက်မပြောတော့။ ကားပေါ်ရောက်တော့ ဖုန်းတစ်လုံး နှင့် အလုပ်ရှုပ်နေသည့် နုနုထွေးထွေး သမီးမျက်နှာလေးကိုကြည့်ပြီး ဒေါ်ရွှေဘီ ရင်လေးနေသည်။ အစ်ကိုရော၊ အစ်မပါ အိမ်ထောင်ကိုယ်စီ။ သားစုကိုယ်စီနှင့် စိတ်ချလက်ချ နေနိုင်ပေမယ့် ဖွဲ့အတွက်က အမြဲ နေရတာ ဒေါ်ရွှေဘီပဲ သိသည်။

မတော်တရော်လူတွေနှင့် တွေ့မှာကြောက်သည်။ ယနေ့ခေတ် ကြီးက ဘာတစ်ခုမှ စိတ်ချရတာမရှိ။ အချောဆုံး၊ အလှဆုံး သမီး ထွေးလေးကို စိတ်ချရသည့် လူလက်ထဲအပ်ပြီးလျှင် ဒေါ်ရွှေဘီကိုယ်တိုင် ယောက်ျားလို တရားရိပ်သာမှာသာ အချိန်ကုန်ချင်သည်။

အခုတော့ သွားလေသူ သားငယ်အတွက် သောကကတစ်မျိုး။ ကျန်ရှိ သမီးလေးဖွဲ့အတွက် ရင်ပူနေရတာကတစ်နည်းနှင့် သက်ပြင်း ဟင်းဟင်း ချနေရသည်။ ဖွဲ့ကို ဖွဲ့အိမ်ထောင်ရေးအကြောင်း ပြောတော့ ဒေါ်ရွှေဘီစကားကို လက်ခံသည်။ နားလည်းလည် သည်။

"မာမီ ကျန်းမာအောင်သာ နေပါ၊ မာမီကျန်းမာတာနဲ့ ဖွဲ့ ကို ဖွဲ့စီစဉ်ပါ့မယ်"

ဖွဲ့က သူ့အစ်ကို မင်းဘွဲ့လို မဟုတ်။ ဖွဲ့ ငယ်ပါသေးတယ် ညာလည်း မရှိ။ မာမီစိတ်ချမ်းသာရင် ပြီးရောဟု သဘောပိုက် သူဖြစ်၍ မာမီ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ရန် အသည်းအသန်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားနေသူ ဖြစ်သည်။

"ဖွဲ့အတွက် သတို့သားလောင်းကို ဖွဲ့စိတ်ကြိုက် ရှာပေးမှာပါ။ မာမီသာ နေကောင်းအောင်နေနော်"

ကာယကံရှင်ဖွဲ့က ဘာမှမသိ။

တစ်နေ့တစ်နေ့ စားလိုက်အိပ်လိုက်။ သွားစရာရှိတာသွား၊ လာစရာရှိတာလာ။ ဘာအပူအပင်မှ မရှိ။ ဖွဲ့ကြောင့် မိခင်ဖြစ်သူ ပူပင်ကြောင့်ကျနေလိမ့်မည်ဟုလည်း မတွေး။ မိခင်ကျန်းမာရေးအတွက် ငပလီသွားရမည်ဆိုတာကိုလည်း သူမအတွက် အပျော်ခရီးထွက်သလို ပေါ့ပါးလွတ်လပ်စွာ ပျော်နေသူ။

အမေ့အတွက် ဘာအကူအညီမှ မရ။ သူမအတွက် လိုအပ်တာတွေကိုပင် အစ်မဖြစ်သူ နွဲ့က လိုက်လုပ်ပေးနေသူ ဖြစ်သည်။

"ဖွဲ့"

"ရှင်"

"ဟိုရောက်ရင် မာမီ့ကို သေချာဂရုစိုက်နော်"

"ဟုတ်ကဲ့ပါ"

အစ်ကိုဖြစ်သူ ပြောသမျှအားလုံး ဖွဲ့က ပုတ်သင်ညိုမလေးအဖြစ် ခေါင်းတညိတ်ညိတ်။ ပြီးမှ သူ့စိတ်ထင်ရာ လုပ်တတ်တာ ဖွဲ့ထုံးစံ ဖြစ်သည်။

"နွဲ့သွားနေတုန်း... ကိုကို့လူနှစ်ယောက်ကို နည်းနည်းဂရုစိုက်လိုက်ပါဦးနော် ကိုကို"

"အေးပါ... နောက်ပိုင်းအတွက် စိတ်မပူနဲ့၊ အကြင် ကျောင်းသွားရင် ကလေးတွေကို ဂရုစိုက်ဖို့ ကိုကိုကိုယ်တိုင် သေချာမှာထားပါတယ်"





အကြင်ဆိုတာ ကိုကိုကြီးမိန်းမ။ နွဲ့သားနှစ်ယောက်နဲ့ အစ်ကိုဖြစ်သူ မင်းဖွဲ့သားသမီးတွေက တစ်ကျောင်းတည်း တစ်ခန်းတည်းဆိုတော့ သိပ်တော့ စိတ်မပူရ။ မှာစရာရှိတာမှာပြီး ယောက်ျားဖြစ်သူထံ နွဲ့က ဖုန်းထပ်ဆက်သည်။

"နွဲ့ စိတ်ချမယ်နော် ကိုဦး၊ အပြန်ကျ သားတို့အတွက် မုန့်ဝယ်လာမယ်လို့ ပြောလိုက်"

မမနွဲ့က ဖုန်းခဏဆက်ဦးမယ်ဆိုပြီး ဖုန်းပြောနေလိုက်တာ အကြာကြီး။ ပြီးကို မပြီးတော့။ မာမီနှင့်ကိုကိုကြီးတို့ ရောက်တတ်ရာရာ စကားပြောနေချိန်မှာ ဖွဲ့တစ်ယောက်တည်း ပျင်းပြီး ဘာလုပ်စရာမှ မရှိဘဲ ဖြစ်နေသည်။ ချစ်သူရည်းစားဖြစ်သူနှင့် စိတ်ကောက်ထား၍ ဖုန်းပြောပြီး ကဲနေစွဲနေရမည့်သူလည်း မရှိ။ သူငယ်ချင်းတွေနှင့် ဖုန်းပြောရတာလည်း ကုန်ပြီဆိုတော့ အလုပ်မရှိ ဟိုကြည့်ဒီကြည့် လုပ်ရင်း အချိန်ဖြုန်းနေရသည်။

လေယာဉ်ထွက်မည့်အချိန် ကြေညာတော့မှ ထိုဝင်္ကက ကျွတ်သွားသည်။ လေယာဉ်စီးရသည့်အချိန်က ဘာမှကြာသည် မဟုတ်။ ဟိုရောက်ရင် ဘယ်လိုဝတ်စားပြီး ဓာတ်ပုံအလှ ရိုက်ရမလဲဆိုတာ တွေးရင်း သရကို သတိရလာသည်။ ဒီခရီးသွားတာ သရ မသိ။ သိ အောင်လည်း ဖွင့်ပြောလို့မရ။ သရ သိရင် ငပလီကို ချက်ချင်းလိုက်လာမှာ ဖွဲ့သိသည်။

အရင်လိုဆိုရင်တော့ ဖွဲ့တို့နှစ်ယောက်စလုံး ဒီခရီးကို ပျော်ရွှင်စွာ အတူလာမိမှာ သေချာသည်။ အခုတော့ သရကို စိတ်ဆိုးနေတာနှင့် အတူလိုက်ခဲ့ဖို့ မခေါ်တော့။ သူပါလာရင်မလွယ်။ လူအလစ်မှာ ရှိချင်သည်းချင်နေတာကို ဖွဲ့ ကြည့်မရ။ မုန်းလည်း မုန်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ကသာ သရကို ချစ်ချင်ချစ်မည်။ သရက ဖွဲ့ကိုချစ်လို့ ဘာညာပြောပြီး ဖွဲ့ကို ညာနမ်းတာကိုတော့ ဖွဲ့ လက်မခံချင်။ ကြိုက်လည်း မကြိုက်ပါ။ ဖွဲ့ချမှတ်ထားသည့် ချစ်သူစည်းကမ်းကို မလိုက်နာလျှင် သရကို ဖွဲ့ မေ့ပစ်ရုံသာ ရှိသည်။ သူ့အလိုကို ဖွဲ့မလိုက်နိုင်ပါ။ စည်းပေါက်ပြီး နောက်တစ်မျိုးပြီးတစ်မျိုး တောင်းဆိုလာတာမျိုး အဖြစ်မခံနိုင်။

သူများတွေလို ချစ်သူရည်းစား မှိုလိုပေါက်အောင် ထားနေသူတွေထဲမှာ ဖွဲ့မပါ။ မျက်နှာများသည့် လူကို ဖွဲ့မုန်းသလို ဖွဲ့ကိုယ်တိုင်လည်း မျက်နှာများချင်သူမဟုတ်။ သိပ်လှသည့် ဖွဲ့ကို ကြိုက်သည့် လိုက်သည့်လူတွေ အများကြီးထဲက ဖွဲ့က သရအချစ်ကို လက်ခံရွေးချယ်ခဲ့တာလည်း အကြောင်းရှိသည်။

သရက လူအေး၊ စာလည်း တော်သည်။ ဖွဲ့ကလွဲပြီး သရမှာ တခြားချစ်ရမည်သူလည်း မရှိ။ လူချောလေး သရကို စိတ်ဝင်စားနေကြသည့် မိန်းကလေးအများစုထဲမှာ ဖွဲ့ကို အမြဲလိုက်ပြိုင်နေသည့် ဂျူလိုင်လည်း ပါသည်။ သရအချစ်ကို ရမည်ဆိုလျှင် ဂျူလိုင်တို့က ဘာပဲလုပ်ရလုပ်ရဆိုသည့် ပုံစံမျိုးဆိုတော့ ဂျူလိုင်ကွယ်ရာမှာ ဖွဲ့ရယ်ဖြစ်သည်။

ဂျူလိုင်အသည်းအသန် လိုချင်နေသည့် သရအချစ်တွေက ဂျူလိုင့်စီမှာ မရှိ။ သရကို စိတ်လည်းမဝင်စား ဂရုလည်း မစိုက်သည့် ဖွဲ့ထံမှာ သရအချစ်တွေ အကုန်စုပုံပေးထားတာကို ဂျူလိုင် မသိ။ ဖွဲ့က သရအချစ်ကို လက်ခံလိုက်တော့ ဂျူလိုင်အပြတ်အသတ် ရှုံးသွားသည်။ အောင်နိုင်သူ ဖွဲ့က သရကို ဂျူလိုင်မျက်စိရှေ့မှာ အမျိုးမျိုးအနိုင်ယူ ပြပေမယ့် သရက အပြုံးမပျက်။





ဖွဲ့ကို ချစ်မြဲချစ်နေတော့ ဖွဲ့လောက်ပျော်သူ မရှိ။

"သရက ဖွဲ့ကို သိပ်ချစ်တာပဲနော်"

"မယုံလို့လား"

"ယုံပါတယ်၊ ဘာဖြစ်လို့ ဖွဲ့ကို ဒီလောက်ချစ်နေတာလဲဆိုတာ ခေါင်းစားမရလို့ မေးကြည့်တာ"

"ဘာစဉ်းစားနေစရာလိုလို့လဲ၊ ချစ်တာဟာ ချစ်လို့ပေါ့၊ တခြားအကြောင်းပြချက်တွေ လိုနေသေးလို့လား"

"ဖွဲ့ မသိဘူး"

"ဖွဲ့ တကယ်ချစ်တတ်လာတဲ့အခါ ကိုယ်ပြောတဲ့ စကားတွေကို ဖွဲ့ သိလာလိမ့်မယ်"

"အံ့မယ်... အခုရော ဖွဲ့က တကယ်မချစ်တတ်လို့လား"

"အဲဒါတော့ ကိုယ်လည်း မသိဘူး"

ပြုံးနေသည့် သရကို မျက်စောင်းထိုးတော့ သရက ရယ်သည်။

"တော်ပြီ... သရကို ဖွဲ့မခေါ်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"မုန်းလို့"

"ဟော... တွေ့လား၊ ပြောရင်းက အမှန်တွေပေါ်လာပြီး ဖွဲ့ ကိုယ့်ကို တကယ်မချစ်ဖူးဆိုတာ ကိုယ်သိသားပဲ"

"သိရင်နေခဲ့၊ ဖွဲ့နောက်ကို လိုက်မလာနဲ့"

"ဟေး... ဒါက ဘယ်လဲ"

ဖွဲ့က သရကို စိတ်ကောက်ပြီး လုံးဝမခေါ်။ သရက ဖွဲ့နောက်ကို တကောက်ကောက်လိုက်ပြီး ဖွဲ့ကျေနပ်အောင် အမျိုးမျိုးချော့သည်။ ပျော်တော့ ပျော်စရာကောင်းသည်။ သရနှင့် ချစ်သူရည်းစား ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက တစ်ခါမှ သရက ဖွဲ့စိတ်ညစ်အောင် မလုပ်။ ဖွဲ့ မကြိုက်တာကို ရှောင်သည်။

ဖွဲ့ကို စိတ်ချမ်းသာအောင်၊ ဖွဲ့အမြဲ ပျော်နေအောင် ဂရုစိုက်တတ်သူဖြစ်၍ သရနဲ့နေရချိန်တိုင်း ဖွဲ့စိတ်ထဲ လွတ်လပ်ပေါ့ပါးနေသည်။ မြူးကြွရွှင်လန်းနေသည်။ ဖွဲ့ကို သရာဘယ်လောက်ချစ်လဲဆိုတာ သိ၍လည်း ကျေနပ်နေသည်။ သရ ဘာလုပ်လုပ် စိတ်မပူ။ သရနားမှာ တခြားမိန်းကလေးတွေ ရောက်နေလည်း ပြဿနာမလုပ်။

သရချစ်တာ ဖွဲ့တစ်ယောက်တည်းဆိုသည့် အသိက သရကို ဖွဲ့ စိတ်ချယုံကြည်ဖို့ ဖြစ်လာရခြင်းဆိုတာကို သရက သဘောမပေါက်။

"ဖွဲ့က ကိုယ့်ကို သဝန်မတိုဘူးလား"

"ဘာလို့ သဝန်တိုရမှာလဲ"

"ကိုယ့်နားမှာ တခြားကောင်မလေးတွေ ရှိနေတာမြင်ရင် တခြားကောင်မလေးတွေလို ဖွဲ့ချစ်သူကို ဖွဲ့က ပြဿနာလုပ်၊ ရန်ရှာမှ ပျော်စရာကောင်းမှာပေါ့"

"အဲဒီလို ပျော်ချင်ရင် တခြားတစ်ယောက်သွားရှာ၊ ဖွဲ့ကတော့ နိုးပဲ"

"နောက်မှ မငိုနဲ့နော်"

"မငိုပါဘူး၊ သရ အသစ်ရှာရင် ဖွဲ့ကလည်း နောက်အသစ် ထပ်ရှာရုံပေါ့"

"တွေ့လား၊ အခုကတည်းက ခြေလှမ်းက ပျက်ချင်နေပြီ"

"မယုံရင် စမ်းကြည့်လေ"

"ဘယ်ကို စမ်းရမှာလဲ"

"ယူ မညစ်စုတ်နဲ့နော်"





"မသိဘူးလေ၊ ဖွဲ့က မယုံရင် စမ်းကြည့်လို့ပြောတာကိုး"

"ဖွဲ့စိတ်ကို ပြောတာသိလား"

"သိပြီ"

နှစ်ယောက်အတူ လွတ်လပ်စွာ ပျော်ရွှင်ခဲ့သည့်အချိန်တွေ ပြန်သတိရတော့ ဖွဲ့နှုတ်ဖျားက ခစ်ခနဲ အသံထွက်၍ ရယ်မိသည်။

"တစ်ယောက်တည်း ဘာတွေရယ်နေတာလဲ ဖွဲ့"

"ဘာမှမဟုတ်ပါဘူး မမနွဲ့"

ဘာမှမဟုတ်ဘူးဆိုပြီး ပြုံးနေသည့် ဖွဲ့ကို မမနွဲ့က မျက်စောင်းလှမ်းထိုးသည်။

"မာမီ့သမီးကိုလည်း ကြည့်ဦး၊ တစ်ယောက်တည်း ထရယ်နေတာ ရီးမှရီးရဲ့လား မသိဘူး"

"သမီးက ဘာသတင်းကြားလို့လဲ၊ ဖွဲ့လေးမှာ ချစ်သူရည်းစားတွေ ဘာတွေများ ရှိနေလို့လား"

"အဲဒါတော့ နွဲ့လည်း မသိဘူးမာမီ"

"ဖွဲ့ကို မာမီ မေးကြည့်ပါလား"

"မေးပါတယ်ကွယ်၊ ချစ်သူမရှိဘူးလို့ ပြောတာပဲ၊ မာမီလည်း သေချာမသိပါဘူး"

နွဲ့တို့ သားအမိနှစ်ယောက် ဖွဲ့အကြောင်း တိုးတိုးကျိတ် ပြောနေတာကို ဖွဲ့ မသိ။ သူ့အတွေးနှင့်သူ သရကို ပေလီကို လှမ်းခေါ်ရမလား။ မခေါ်ပဲ ဒီအတိုင်းထားတာ ကောင်းမလားဟု တွေးနေ၏။

"နွဲ့တော့ မာမီ့သမီးကို မြန်မြန်အိမ်ထောင်ချပေးလိုက်ချင်တာပဲ"

"ဖွဲ့အတွက် သမီးက တွေ့ပြီလား"

"တွေ့တယ်ရယ်လို့တော့ မဟုတ်ပါဘူး၊ ဖွဲ့ကို သဘောကျပြီး



www.burmeseclassic.com

www.burmeseclassic.com



လိုချင်နေတဲ့ သူသုံးလေးယောက်ထဲက ဖွဲ့ကြိုက်တာ ရွေးနိုင်းရင် ကောင်းမလားလို့ စဉ်းစားမိလို့ပါ''

နွဲ့ကိုယ်တိုင်လည်း ဖွဲ့နှင့်လိုက်ဖက်နိုင်မည်ဟု ထင်ရသော သတို့သားလောင်းကို သူစိတ်ကြိုက်ရှာနေဆဲဖြစ်၍ မာမီ့အမေးကို ထိုသို့ ဖြေလိုက်ခြင်း ဖြစ်သည်။

''ပြောသာပြောရတာပါ မာမီရယ်၊ ဖွဲ့အကြောင်းလည်း မာမီ သိရဲ့သားနဲ့၊ လူကြီးမိဘက ဒီဟာဆို သူက ဟိုဟာဆိုပြီး အမြဲကန့်လန့် တိုက်နေကြဆိုတော့ နွဲ့တို့သဘောတူတဲ့လူဆို သူက ယူချင်မှယူမှာ''

''သူ့အလိုချည်း ပစ်ထားလို့ကလည်း မဖြစ်ဘူး သမီးကြီးရဲ့… သင်းကလေး မမှားသင့်တာ မမှားရအောင် မာမီတို့ ဝိုင်းကြည့်ရှုပေးမှဖြစ်မှာပေါ့''

''မာမီ သဘောပါ၊ နွဲ့ကတော့ ဖွဲ့နဲ့ပတ်သက်ပြီး ဘာမှမပြောချင်ဘူး''

နွဲ့ကိုယ်တိုင် ကိုယ်ကြိုက်တာ ကိုယ်ယူလာတာဆိုတော့ ဖွဲ့ကို ဖွတ်အတင်းအကျပ် စီစဉ်တာမျိုးတော့လည်း သိပ်မလုပ်ချင်။ ဖွဲ့ကို စိတ်ဆင်းရဲမှာမျိုး၊ စိတ်ထိခိုက်မှာမျိုးတော့ သဘောမကျ။ ကိုယ်က ကောင်းစေချင်လို့ စီစဉ်တာမှန်ပေမယ့် ဖွဲ့ဘက်ကြည့်တော့ ပေါ့စေချင်လို့ ကြောင်ရုပ်ထိုးကာမှ ဆေးအတွက်လေးဆိုတာမျိုး မဖြစ်စေချင်သည်က အစ်မတစ်ယောက်၏ စေတနာဖြစ်သည်။

''ဘာပဲဖြစ်ဖြစ် မာမီသမီးလေး ကံကောင်းမှာပါကွယ်၊ ဖွဲ့လေး အတွက် ဘုရားမှာ မာမီ အမြဲဆုတောင်းတယ်''

''ဟုတ်ပါတယ်၊ ဖွဲ့က ကံကောင်းမှာပါ''

မိခင်အကြိုက် လိုက်ပြောပေးလိုက်တော့ နှစ်ယောက်စလုံး စိတ်





ချမ်းသာသွားသည်။ လေယာဉ်ကွင်းမှာ မင်းဖွဲ့သူငယ်ချင်း လွှတ်လိုက်သည့် မန်နေဂျာဆိုသူ ကားနှင့်လာကြိုသည်။ အလုပ်သမားတွေ ပါလာ၍ ဘာပစ္စည်းမှ လှည့်ကြည့်စရာမလို။ သီးသန့်နေလို့ရသည့် ဘန်ဂလိုကို၌ သားအမိတစ်တွေ စိတ်ထဲပေါ့ပါး လွှတ်လပ်သွားသည်။

www.burmeseclassic.com

## အခန်း (၃)

အားလုံးအကြည့်တွေက ဖွဲ့ထံမှာ စုနေကြပေမယ့် ဖွဲ့က ဘယ်သူ့ကိုမှ ဂရုမစိုက်။ ဖြူဖွေးတွတ်ဖွေးရှနေသည့် အင်္ကျီပါးပါးပွပွ နှစ်ထပ်ဘောင်းဘီဖြူ၊ ဦးထုပ်ဖြူ၊ နေကာမျက်မှန် အမည်းကြီးနှင့် စတိုင်လ်ကျကျ လှလှပပလေး နုရွှသော သဲသောင်ဖွေးဖွေးအတိုင်း လျှောက်သွားနေမိသည်။

ပင်လယ်ကြီးက ပြာနေသည်။

အုန်းပင်တွေက စိမ်းမြနေသည်။

ဖြူလွှလွှသဲသောင်မှာ အဖြူရောင်ဝတ်စုံက လေအနှင်မှာ လွင့်ခဲ လွင့်ခဲ ဝဲပါသွားတာကို ဖွဲ့သဘောအကျဆုံး ဖြစ်သည်။ ဦးထုပ်ဖြူဖြူလေး လွင့်ပါမသွားအောင် လက်တစ်ဖက်က ဖိကိုင်ထားရင်း ပင်လယ်လေးကို အားပါးတရ ရှူသွင်းနေသော ဖွဲ့ပါးကို ရွှေညိုရောင် ဆံနွယ်စုက ရိုက်နမ်းတိုးဝှေ့သွားချိန်မှာပဲ တိုက်ဆိုင်စွာ ဖွဲ့ကိုယ် တစ်စုံတစ်ခု လာရောက်ရစ်ပတ်သဖြင့် ဖွဲ့ လန့်သွားသည်။

သေချာကြည့်လိုက်တော့ နုရွှလှပသော အလွှန်ပေါ့ပါးသည်





အစတစ်စက ဖွဲ့လည်တိုင်မှာ လာရောက်ကပ်ငြိနေခြင်းဖြစ်၍ အံ့သြသွားသည်။

ဘယ်သူ့ပဝါလေးပါလိမ့်။

လေနှင့်အတူပါလာသော ပဝါက မိုးပြာရောင်နုနု။ သေချာကြည့်တော့ ပဝါမဟုတ်။ ယောကျ်ားတွေသာ အသုံးပြုသည့် လည်စီးနက်ကတိုင်တစ်ခုဖြစ်၍ ပိုအံ့သြသွားကာ မျက်ခုံးအစုံမှာလည်း သူ့အလိုလို တွန့်ကုတ်သွားသည်။

အနီးအနား ပတ်ဝန်းကျင်ကို ဦးခေါင်းလှလှလေး စောင်းငဲ့ပြီး ဟိုဒီကြည့်တော့ ဖွဲ့လိုချင်သည့် အဖြေကို တွေ့ရသည်။ လည်စည်းဝါပိုင်ရှင်ဟု ယူဆရသော ယောကျ်ားတစ်ယောက် ဖွဲ့နှင့်အနည်းငယ်ကွာဝေးသော နေရာက လက်တစ်ဖက်ပင် မြှောက်ပြနေဟန်က ဖွဲ့မျက်ဝန်းထဲ ထင်းခနဲ ရောက်လာသည်။

အသားက ဖြူဖြူ၊ အရပ်ကအမြင့်ကြီး၊ ဆံပင်နက်နက်တွေက လေထဲမှာ လွင့်ချင်တိုင်း လွင့်လျက်။ အသက်ကိုတော့ ခန့်မှန်း၍ ခရသေးသလို သဲကွဲခြင်းမရှိသေးသည် ဥပမိရုပ်ကို သေချာမမြင်ရ။ သူတစ်ခုခုကို လှမ်းပြောနေသည်ဟု ထင်ပေမယ့် မသဲကွဲ။

နက်ပြာရောင် ခပ်မှိုင်းမှိုင်း အင်္ကျီလက်ရှည်ကို လက်တံတောင်ခေါက်ဝတ်ထားပြီး သူ့ကိုယ်မှာ ချပ်ရပ်သေသပ်သည့် အနက်ရောင်ဘောင်းဘီရှည်တစ်ထည်ကို တွဲဝတ်ထားသည့်ပုံက ခန့်ညားနေခြင်းဆိုလူနှင့်အတူ ပါလာသည်ဟု ထင်ရသော ယောကျ်ားနှစ်ယောက်က ဖွဲ့တို့ရှိရာ တစ်ချက်လှမ်းကြည့်ပြီး သဲမြေအတိုင်း နင်းဖြတ်ကာ ဟိုတယ်ရှိရာသို့ လျှောက်သွားနေတာ မြင်ရသည်။

"ဆောရီး··· ဒါကိုယ့်လည်စီးပဝါပါ"



www.burmeseclassic.com

www.burmeseclassic.com



အနီးကပ် ရပ်လိုက်တော့ သူ့အရပ်ကြီးက ဖွဲ့ကို မိုးသွားသည်။ အသက်က အစ်ကိုကြီးအရွယ်။ တည်ကြည်ခန့်ညား ချောမွေ့သော မျက်နှာက ယောကျ်ားပီသစွာ ထင်းရှင်းနေ၏။ ဖွဲ့ ဘာမှမပြောဘဲ သူ့ လည်စီးပဝါကို အသာလှမ်းပေးလိုက်သည်။

"ကိုယ့်နာမည် ခွန်းဆက်ပါ"

"ဟုတ်ကဲ့"

မျက်မှန်မည်းကြီး ကွယ်နေသည့် ဖွဲ့မျက်နှာ အစိတ်အပိုင်းကို သေချာကြည့်မြင်ခွင့် မရပေမယ့် ခွန်းဆက်ဆိုသည့်လူက ဖွဲ့အလှကို ထိုမျက်မှန်အမည်းရောင်ကို ထွင်းဖောက်ကြည့်လိုဟန်ကို မြင်ရသည်။

"ညီမနာမည် မသိရဘူးလား"

"ဖွဲ့"

"ဗျာ"

"ဖွဲ့ကို ခွင့်ပြုပါဦး"

"ခဏနေပါဦး"

သူ့ကိုထားပြီး ကျောခိုင်းထွက်သွားဖို့ ကြိုးစားနေသူကို ခွန်းဆက် ဘာကြောင့်တားမိမှန်းမသိ။ သူတားလိုက်၍ ရှေ့ဆက်ရမည့် ဖွဲ့ ခြေအစုံ ရပ်တန့်သွားကာ ခွန်းဆက်မျက်နှာကို လှမ်းကြည့်သည်။

"ညီမနာမည် ဖွဲ့နော်"

"ဟုတ်ပါတယ်"

"ဒီအတွက် ကျေးဇူး"

သူ့လက်ထဲက ပဝါကို မြှောက်ပြပြီး ကျေးဇူးတင်စကားဆိုသူကို ဖွဲ့ အလိုက်သင့် ပြုံးပြလိုက်သည်။

"ဖွဲ့ သွားလို့ရပြီလား"





"အာ… ဆောရီး၊ ကိုယ့်ကြောင့် ဖွဲ့အနှောင့်အယှက် ဖြစ်သွားပြီ"

"ရပါတယ်"

နောက်ကို တစ်ချက်လှည့်မကြည့်ဘဲ လျှောက်သွားသည့် ဖွဲ့ကို နေရာတွင် ရပ်ကျန်နေလျက် တစ်ချက် ရှုးစိုက်ကြည့်ကာ ကျောခိုင်းလိုက်သူ ခွန်းဆက်ထံ ပင်လယ်ပြင်က ပြေးတက်လာသည့် ရေလှိုင်းတွေက …န်းခနဲ လာရိုက်ခတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"အဝေးကြီး မသွားနဲ့နော် ဖွဲ့"

"ဟုတ်ကဲ့ပါ"

ရေထဲမှာ မြူးကြွနေသည့် ဖွဲ့က မမနဲ့ စိတ်ကျေနပ်အော ဟုတ်ကဲ့ပါဟု ပါးစပ်ကပြောပြီး လူကတော့ စကားနှင့်ဆန့်ကျင်ဘ ရွှေငါးလေးတစ်ကောင် ရေထဲပစ်ချလိုက်သလို လျှောခနဲ ရေထဲ ပုံသဏ္ဌာန်အမျိုးမျိုး စိတ်ထင်တိုင်းကျဲလျက် အပျော်ကြီးပျော်နေသည

"ဖွဲ့... အဝေးကြီး မသွားနဲ့ဆိုတာ ကြားလား"

"အခု ဒီဘက်ပြန်လာခဲ့စမ်း"

ဝုန်းခနဲ ပြေးဝင်လာသည့် လှိုင်းထဲမှာ နွံအသံပျောက်သွားသ သူမကိုယ်တိုင် ရေမွန်းပြီး ဖွဲ့ကို မျက်ခြည်ပြတ်သွားတာကြည် ဖွဲ့က အစ်မဖြစ်သူ သူ့အတွက် စိတ်မချနိုင်အောင် သည်းသည်းလှု ဖြစ်နေပုံကို တခစ်ခစ် ရယ်မောမဆုံး ဖြစ်နေသည်။

ဖွဲ့မို့ ဟိုဟာလုပ်လည်း အပြောခံရ။ ဒီဟာလုပ်လည်း မလွ လပ်။ ဖွဲ့ရေထဲဆင်းပြီး ရေကူးမယ်ဆိုတော့ အဆိုးဆုံးဖြစ်ကြသူတွေ မာမီနှင့်မမနဲ့ ဖြစ်သည်။





"ဒီမှာ ရေကူးကန် ရှိနေတာပဲ ဖွဲ့ရယ်၊ ဘာဖြစ်လို့ ပင်လယ်ထဲ ရေဆင်းကူးချင်ရတာလဲ၊ သမီးတစ်ယောက်တည်း မာမီစိတ်မချပါဘူး ကွယ်၊ ဒီမှာပဲ သမီးစိတ်ကြိုက် ရေဆင်းကူးစမ်းပါ မာမီကြည့်နေမယ်"

"ငပလီရောက်လာပြီးမှ ရေထဲမဆင်းရရင် ဘာလုပ်မှာလဲ မာမီ ရဲ့၊ ရန်ကုန်မှာလည်း ဒီလိုရေကူးကန်တွေ ပြည့်နေတာ ဒီမှာ ဖွဲ့ ရေမကူးချင်ပါဘူး၊ ပင်လယ်ရေထဲမှာပဲ ကူးချင်တာ"

"သမီးအသားတွေ မည်းကုန်မှာစိုးလို့ မာမီက ပြောတာ၊ ကြည့်စမ်း၊ မာမီ့သမီး အသားလေးတွေဆိုတာ ဖြူနေတာ ပင်လယ် ရေထဲပြီး မည်းသည်းကုန်ရင် ဘယ်နှယ်လုပ်မလဲ"

တစ်မျိုးနဲ့ ပြောင်းမရတော့ နောက်တစ်မျိုးနှင့် ရေထဲမဆင်းအောင် မ်းခြောက်နေသဖြင့် ဖွဲ့ နှုတ်ခမ်းစူလိုက်သည်။ ဖွဲ့ ရေထဲ ဆင်းကူး ယ်လုပ်တိုင်း မာမီက လေတွေ သိပ်တိုက်နေတယ် သမီးရယ်၊ ရေ ဲမဆင်းပါနဲ့ဦးဆိုတာကတစ်မျိုး။ လှိုင်းလုံးကြီးတွေ တက်လာရင် ကြောက်စရာဆိုတာက တစ်ခု။ ဖွဲ့ကို ရေထဲ မဆင်းစေချင်တာနှင့် မျိုးမျိုး တားမြစ်ပိတ်ပင်နေတာကို ကြာတော့ မခံနိုင်။

ဖြစ်ချင်ရာဖြစ် ပင်လယ်ထဲ ရေဆင်းကူးချင်တာပဲ သိသည်။ ကို ကလေးတစ်ယောက်လို မျက်စိဒေါက်ထောက်ပြီး လိုက်ကြည့် ကြတာမြင်တော့ ဖွဲ့ စိတ်ညစ်လာသည်။ ရေရှိတဲ့ အရပ်လာပြီး ထဲ မဆင်းရဆိုတာမျိုးကိုတော့ ဖွဲ့ကိုယ်တိုင် လက်ခံ၍မရ။

ခက်နေတာက ဖွဲ့ကို စိုးရိမ်ပြီး စိတ်မချဖြစ်နေတာက မိခင်ကြီး တော့ ကျန်းမာရေး မကောင်းလို့ လူရောစိတ်ရော လာအပန်းဖြေ သည့် မာမီကို ဖွဲ့ကြောင့် စိတ်ညစ်ရတာမျိုး ထပ်မဖြစ်ချင်တာနှင့် စိတ်ကိုပဲ ဖွဲ့ပြန်ဆုံးမနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါတည်းပါ မာမီရဲ့၊ နောက်ရက်တွေကျ ဖွဲ့ ဒီရေကူးကန်ထဲမှာပဲ ရေကူးမှာပါ"

"ဒီနေ့တော့ ဖွဲ့ပင်လယ်ရေနဲ့ ထိကြည့်ချင်လို့ပါ၊ ဖွဲ့ကို စိတ်မချရင် မမနွဲ့ကို ဖွဲ့ခေါ်သွားလိုက်မယ်နော် မာမီ… နော်"

"နွဲ့က လိုက်မှာတဲ့လား"

မာမီက သူ့သမီးကြီး နွဲ့အကြောင်း သိထား၍ ဖွဲ့ကိုမေးခြင်းဖြစ်သည်။ ဖွဲ့က ရေကြိုက်တတ်သော ရေသူမလေးဖြစ်သော်လည်း နွဲ့က ဖွဲ့နှင့်ဆန့်ကျင်ဘက် ရေကိုကြောက်သူ ဖြစ်သည်။ လှိုင်းကြမ်းလေထန်သည့် ပင်လယ်ဆိုလျှင် ပြောစရာပင်မရှိ။ ကမ်းစပ်နှင့် ဝေးနိုင်သမျှ ဝေးသည့်နေရာကိုရွေးပြီး လမ်းလျှောက်လေသူ။

ရေကြောက်သည့် နွဲ့ကို ဖွဲ့က ရေထဲ ခေါ်သွားမည်ဆိုတော့ မာမီက သိပ်မယုံ။

"မာမီမှ မလိုက်နိုင်တာ မမနွဲ့က ဖွဲ့နောက်ကိုလိုက်မှ ဖြစ်မှာပေါ့၊ မာမီပဲ မမနွဲ့ကို ဖွဲ့ကို စောင့်ကြည့်ဖို့ ထည့်ပေးလိုက်"

"နွဲ့အကြောင်းလည်း သိရက်နဲ့ကွယ်"

"ဒါဆို ဖွဲ့တစ်ယောက်တည်းပဲ သွားလိုက်မယ်နော် မာမီ"

"ဒီလိုလည်း မဖြစ်သေးပါဘူးကွယ်"

သားအမိနှစ်ယောက် တော်တော်နှင့်ညှိမရ။ နောက်ဆုံး အိုမ်ငြ ဘက်သွားနေသည့် မမနွဲ့ရောက်လာမှ ပွဲက ပျက်သွားသည်။ မာမီက ဖွဲ့အကြောင်းပြောပြီး နွဲ့ကိုလိုက်ပြီး အဖော်အဖြစ် စောင့်ရှောက်ပေး လိုက်ပါဟု ကိုယ်တိုင်ပြောမှ နွဲ့က လက်မခံချင်ဘဲ လက်ခံရသည်။

"ဟိုရောက်ရင် ပြောစကားနားထောင်နော် ဖွဲ့၊ လူကြားထဲ အော်ကြီးဟစ်ကျယ်တွေ လုပ်မနေချင်ဘူး"





"စိတ်ချ မမနွဲ့ပြောတဲ့အတိုင်း နေမယ်"

ရေထဲဆင်းချင်နေသည့် ဖွဲ့က အခုချိန်နဲ့ ဘာပြောပြော သဘောတူဖို့ အသင့်ဖြစ်နေတာကို နွဲ့က မသိ။

"ရေထဲ အကြာကြီး နေလို့မရဘူးနော်၊ ဒီမှာက မာမီတစ်ယောက်တည်း"

"ဖွဲ့သိပါတယ် မမရယ်၊ ခဏပဲနေမှာပါ"

"ဒါဆိုလည်းပြီးရော"

ကတိအထပ်ထပ်နှင့် ရောက်လာသော ဖွဲ့က ရေထဲဆင်းသွားပြီးကတည်းက နွဲ့ကို တစ်ချက် လှည့်မကြည့်တော့ပါ။ နွဲ့မှာသာ သူ့ကိုယ်သူ ရေထိမှာလည်းကြောက်၊ ဖွဲ့တစ်ယောက်တည်း ရေကူးနေတာ ကြည့်လိုက်။ စိတ်မချတိုင်း ကမ်းစပ်က ဖွဲ့အမည်ကို အော်လိုက်အလုပ်များနေရပုံက ရယ်စရာကောင်းသလို သည်းစရာလည်း ကောင်းသည်။

မမနွဲ့ကို သနားတာနှင့် ဖွဲ့ ကတိတည်လိုက်ပါသည်။ ရေထဲက ခပ်မြန်မြန် တက်လာခဲ့သည်။

"ဖွဲ့ ကတိတည်တယ်နော် မမနွဲ့"

"တော်ပါတယ်… နောက်ဘယ်တော့မှ ရေထဲထပ်ဆင်းဖို့ မစဉ်းစားနဲ့။ ဖွဲ့ မကြောက်ပေမယ့် မမနွဲ့ ကြောက်တယ်"

စိတ်မောလူမော ဖြစ်နေသည့် မမနွဲ့ကိုကြည့်ပြီး ဖွဲ့ရယ်ပေမယ့် မမနွဲ့က မရယ်။ ဘန်ဂလိုရောက်တော့ မာမီကို ဖွဲ့အကြောင်းတိုင်နေတာမပြီးတော့။ ဖွဲ့အကြောင်းသိသည့် မာမီက ခေါင်းတညိတ်ညိတ်။ နွဲ့ပြောသမျှ နားထောင်ရင်း ရေချိုးခေါင်းလျှော်ပြီး သူတို့နားရောက်လာသည့် ဖွဲ့ကို လှမ်းအော်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းမှာလည်း ရေတွေနဲ့"

"သွား... သွား ကိုယ့်ဆံပင်ကို ခြောက်အောင် သေချာလုပ်ပြီးမှ ဒီကိုပြန်လာခဲ့"

"ဘာမှမဖြစ်ပါဘူး မာမီရဲ့"

"ဘာမဖြစ်ရမှာလဲ၊ ဖွဲ့နော် မာမီစကားနားမထောင်ရင် သမီး အစ်ကိုကို လှမ်းတိုင်လိုက်မယ်"

"သွားပြီ... သွားပြီ... ကိုကို့ကို ဘာမှမပြောနဲ့"

အစ်ကိုဖြစ်သူ အသံကြားမှ နေရာက လှစ်ခနဲ ပြေးထွက်သွားသည့် ဖွဲ့ကိုကြည့်ပြီး မာမီက သဘောကျနေသည်။

"တွေ့လား နွဲ့၊ ဖွဲ့ကို မနိုင်ရင် သူ့အစ်ကိုနဲ့တိုင်မယ်ဆိုမှရတာ မြင်တယ်မဟုတ်လား"

"မာမီ့သမီးနဲ့ မလွယ်ပါဘူး မာမီရယ်။ နွဲ့တော့ ဖွဲ့အကြောင်း တွေးမိရင် ရင်လေးလွန်းလို့"

နွဲ့က တကယ်စိတ်ညစ်ခြင်း ဖြစ်သည်။ ဒီအသက်အရွယ်ရောက်နေပြီ။ အခုချိန်ထိ ဖွဲ့က အိမ်အလုပ် ဘာတစ်ခုမှ မလုပ်ရ။ ထမင်းကိုပင် အိုးထဲက ဖြောင့်အောင် ခူးစားတတ်သူမဟုတ်။ အားလုံး စားပွဲရှေ့ရောက် စားလာရ၍ ထမင်းဟင်းလည်း မချက်တတ်။ တစ်ခုခု ခိုင်းလိုက်တိုင်း နောက်ကလှူလိုက်နေတာနှင့် အချိန်ကုန်တာပဲ အဖတ်တင်သည်။

လူကသာ ဘာတစ်ခုမှ အဖြစ်ရှိအောင် မလုပ်တတ်သော်လည်း ထမင်းဟင်းစားသည့်နေရာမှာတော့ သူမလောက် ဂျီးထူသူမရှိ။ ဟိုဟာမစားချင်ရတာနှင့် ဒီဟာမကြိုက်တာနှင့်။ ဒီကြားထဲ ထမင်းဟင်းက သူစားနေကြ လက်ရာမဟုတ်ဘဲ ညှံ့နေလျှင်လည်း အပြစ်တင်လိုက်





သေးသည်။

"အဲဒါ သူ့အဖေနဲ့တူတာလေ။ ဟိုကလည်း လူကသာ ဘာမှ မလုပ်တတ်တာ သူများချက်ပြုတ် ပြင်ဆင်ထားရတာ ဘယ်လောက် ခေါမှန်းမသိဘဲ သူ့စိတ်ကြိုက်မတွေ့တာနဲ့ အပြစ်တင်ပစ်လိုက်ရမှဆိုတာ သမီးတို့အဖေပဲ"

"ဖွဲ့က အဖေတူသမီး ပီသတယ်"

မာမီက ဖွဲ့တို့သားအဖကို မကျေမနပ် အပြစ်တင်သော်လည်း နှုတ်ခမ်းကတော့ အပြုံးမပျက်။ ချစ်ခြင်းမြတ်နိုးခြင်းတွေက အထင်းသားဖြစ်နေ၍ နွဲ့ပြုံးလိုက်သည်။ အဖေတူသမီး ဖွဲ့ကိုပဲ မာမီကိုယ်တိုင် အချစ်ဆုံးဆိုတာ နွဲ့က သိသည်။

"တူ... တူ... တူ"

နွဲ့တို့ စကားပြောနေတုန်း ဖုန်းသံမြည်လာ၍ နားထောင်လိုက်တော့ အစ်ကိုဖြစ်သူ မင်းဖွဲ့ဖုန်းဖြစ်နေသည်။

"မာမီ နေကောင်းလား နွဲ့"

"ဟုတ်ကဲ့ ကိုကို"

"နွဲ့တို့ဆီကို ကိုကို့သူငယ်ချင်း လာလိမ့်မယ်။ နွဲ့တို့ လိုချင်တာတွေ ဖြစ်ချင်တာတွေရှိရင် ခွန်းဆက်ကို ပြောလိုက် သူ စီစဉ်ပေးလိမ့်မယ်"

"သူ့နာမည်က ခွန်းဆက်လား ကိုကို၊ နွဲ့ သူ့ကို မသိဘူး"

ခွန်းဆက်ဆိုသည့် ကိုကို့သူငယ်ချင်းကို နွဲ့မသိ။ ကိုကို့သူငယ်ချင်းဆိုတာ နာမည်ကိုသာ ကြားဖူးထားတာပဲ ရှိသည်။ လူချင်းမရင်းနှီးတော့ စိတ်ထဲနည်းနည်းတော့ တစ်မျိုးဖြစ်မိသည်။

"ခွန်းဆက်က သဘောကောင်းပါတယ်၊ လူအေးပါ... ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



သိပ်မနေဘူး။ နိုင်ငံခြားမှာပဲ အနေများလို့ နွဲ့တို့ သူ့ကို မသိတာ"

"အခု သူက ဒီကိုရောက်နေလို့လား ကိုကို"

"ရောက်နေတယ်တဲ့"

"အာ… ဒါဆို အားနာစရာကြီး၊ နွဲ့တို့က အခု သူ့ကိုယ်ပိုင် ဘန်ဂလိုမှာ ရောက်နေတာ"

"ဟုတ်လား၊ ကိုကိုလည်း မသိရပါလား၊ ဒီကောင်ကလည်း မပြောဘူး"

မင်းဖွဲ့ကိုယ်တိုင် အံ့သြနေ၍ နွဲ့က ကိုကို့သူငယ်ချင်းဆိုတာကို ပိုအားနာနေမိသည်။

"ကိုကိုသိရင် အားနာနေမှာစိုးလို့ ထင်တယ်"

"နွဲ့ပြောတာ ဖြစ်နိုင်တယ်၊ ခွန်းဆက်ကို ကျေးဇူးတင်တဲ့ အကြောင်း ကိုကို ဖုန်းဆက်ပြောလိုက်မယ်၊ သူလာရင်သာ နွဲ့တို့ သေချာဂရုစိုက်လိုက်"

"သူက ဘယ်အချိန်လာမှာလဲ ကိုကို"

နွဲ့က စိတ်ပူစွာ မေးသည်။ သူရောက်လာသည့်အချိန် နွဲ့တို့ မရှိမှာစိုးလို့ပါ။

"အချိန်အတိအကျ ပြောလို့မရဘူးနွဲ့၊ သူအလုပ်အားတဲ့အချိန် မာမီကို သွားနှုတ်ဆက်မယ်လို့ ပြောတာပဲ၊ ဘယ်အချိန်ရယ်လို့ ကိုကို လည်း မသိဘူး"

"စိတ်ချပါ၊ ကိုကို့သူငယ်ချင်းလာရင် နွဲ့တို့ ကိုကို့ဆီ ဖုန်းဆက်ပါ့မယ်"

"မာမ့်ကို သေချာဂရုစိုက်နော်နွဲ့"

"ဟုတ်ကဲ့ပါ"





"အေး… အေး ဒါဆိုနောက်မှ ကိုကို ဖုန်းဆက်မယ်"

မင်းနွဲ့ ဖုန်းချသွားချိန် နွဲ့နားကို မာမီရောက်လာသည်။

"သားကြီးက ဘာတဲ့လဲ သမီး"

"သူ့သူငယ်ချင်းက မာမီ့ကိုလာတွေ့ပြီး နှုတ်ဆက်မယ့်အကြောင်း ပြောတာပါ၊ ဒီဘန်ဂလိုသူ့ငွေးပေါ့ နာမည်က ခွန်းဆက်တဲ့"

"သူဟာ ဘယ်အချိန်လာမှာလဲ သမီးနွဲ့"

"အဲဒါ ပြောတာပေါ့၊ ကိုကို့သူငယ်ချင်းက ဒီကိုအလုပ်ကိစ္စနဲ့ လာတာ၊ သူအားတဲ့ အချိန်လို့ပဲ ပြောတယ်၊ အချိန်အတိအကျတော့ မပါဘူး"

ဘယ်အချိန်လာမှာမှန်း မသိသည့် ဧည့်သည့်ကို စောင့်ရမည့် အလုပ်လောက် စိတ်ရှုပ်စရာကောင်းတာမရှိ၍ နွဲ့မျက်နှာလေး မဲ့သွား သည်။

"သူလာတဲ့အချိန်ပေါ့ သမီးရယ်၊ ယနေ့ခေတ် လူငယ်တွေက လည်း အလုပ်နဲ့လက်ပြတ်ကြတာမှ မဟုတ်တဲ၊ သူ့ဘန်ဂလို မာမီတို့ကို ပေးထားတော့ သူဘယ်မှာနေရှာလဲ မသိဘူး"

"သူပိုင်ဟိုတယ် ရှိတာပဲ မာမီရယ်၊ သူ့ဟိုတယ် သူတည်းမှာ ပေါ့၊ သူက ဒီမှာအမြဲနေတဲ့သူ မဟုတ်ဘူး၊ နိုင်ငံခြားမှာပဲ အနေများတဲ့ လူလို့ ကိုကိုက ပြောတယ်"

"သူ့ အလုပ်ကိစ္စရှိလို့ ခဏလာတာ၊ ပြီးရင် ချက်ချင်းပြန်သွား မှာဆိုတော့ နွဲ့တို့လည်း သူ့ကို အားနာစရာ မလိုတော့ဘူးပေါ့"

"ဒီလိုဆိုရင်တော့ ကောင်းပါလေ့ကွယ်"

"မာမီတို့ စိတ်အေးအေး နေရတာပေါ့ကွယ်။ မောင်မင်းကြီး သား ကျန်းမာပါစေ ချမ်းသာပါစေ"



www.burmeseclassic.com

www.burmeseclassic.com



မာမီက သူတစ်ခါမှ မမြင်ဖူးသော ခွန်းဆက်ဆိုသည့် လူကို ဆုတွေပေးနေသည်။

"ဘာပဲဖြစ်ဖြစ် သူဒီကိုရောက်နေတုန်း နွဲ့တို့က သူ့ကို ထမင်းစား တစ်ခါလောက် ဖိတ်ကျွေးမှထင်တယ် မာမီ။ သူကတောင် သူ့နေရာကို နွဲ့တို့အတွက် သီးသန့်ပေးထားတာဆိုတော့ ဒီအတိုင်းနေလို့ မသင့်ဘူး မဟုတ်လား"

"သမီးပဲ ကြည့်စီစဉ်ပါကွယ်၊ မာမီကတော့ သမီး ဘာလုပ်လုပ် အားလုံး သဘောတူပြီးသားပါ"

"မမနွဲ့… ဖွဲ့ ဗိုက်ဆာနေပြီ၊ စားစရာမြန်မြန် လုပ်ပေးပါ"

အိပ်ခန်းထဲက ကလေးတစ်ယောက်လို ခုန်ပေါက်ပြေးထွက်လာသည့် ဖွဲ့ကိုကြည့်ပြီး နွဲ့က မျက်စောင်းတစ်ချက် ချစ်စနိုးထိုးလိုက်သည်။

"တွေ့လား မာမီ၊ သူ့ဘာသာ ဗိုက်ဆာတာကို သူ့ဘာသာ ယူမစားဘူး၊ နွဲ့ကို လာနိုင်းနေတယ်"

"ဖွဲ့ချည်း ဗိုက်ဆာနေတာ မဟုတ်ပါဘူးနော်… မာမီကိုယ်တိုင်လည်း ဗိုက်ဆာနေပြီ မယုံရင် မမနွဲ့ မာမီကို မေးကြည့်ပါလား"

"ဖွဲ့ပြောတာ ဟုတ်တယ် မဟုတ်လား မာမီ"

"ဟုတ်ပါတယ်ကွယ်၊ မာမီလည်း ဖွဲ့ပြောသလို ဗိုက်ဆာနေပြီ"

"တွေ့လား မာမီက ဗိုက်ဆာနေပြီတဲ့"

မာမီက ဖွဲ့ကျေနပ်အောင် ခေါင်းညိတ်လိုက်၍ အပျော်ကြီး ပျော်သွားသည့်ဖွဲ့က မာမီ့ပါးဖောင်းဖောင်းကြီး ရွှတ်ခနဲနမ်းပြီး တခစ်ခစ် ရယ်သည်။





"မာမီ့သမီးက လူလည်နော်၊ မာမီ့ကို အကြောင်းပြပြီး နွဲ့ကို ညာခိုင်းနေတာသိလား"

"သိရင်လည်း လုပ်ပေးလိုက်ပါကွယ်။ သမီးညီမ ရေထဲဆင်းထားတော့ ဗိုက်ဆာနေပြီနေမှာ"

"ဟုတ်တယ် မာမီ၊ ဖွဲ့ တကယ်ဗိုက်ဆာနေတာ"

"အဲ့ိုတွေ ပြောမနေပါနဲ့ ဖွဲ့ရယ်၊ ရေမကူးဘဲနေတဲ့ နေ့ကြတော့ရော ဖွဲ့ဗိုက်က မဆာဘဲနေလို့လား"

နွဲ့က အပြစ်တင်ရင်း မီးဖိုထဲမှာ ချက်ပြုတ်ဖို့ စီစဉ်နေ၏။

"ကဲ… ပြော၊ ထမင်းအဖြူလား ထမင်းကြော်လား"

"ဖွဲ့က ထမင်းကြော်နော်၊ မာမီရော ဘာစားမှာလဲ"

ဖွဲ့က သူစားချင်တာပြောရင်း မိခင်ဖြစ်သူဘက် လှည့်မေးသည်။

"မာမီက ထမင်းဖြူပဲ စားပါ့မယ်ကွယ်၊ ညဘက် ထမင်းကြော် မစားချင်ပါဘူး"

"မမနွဲ့ကို ဖွဲ့ ကူလုပ်ပေးမယ်နော်"

နွဲ့နားရောက်လာသည့် ဖွဲ့ကို နွဲ့က အလန့်တကြား ကြည့်သည်။

"ဟဲ့… ဟဲ့ အဲဒါတွေက ဘာလုပ်မလို့လဲ"

ဓားတစ်ချောင်းနှင့် နီးရာ ဂေါ်ဖီပွင့်ကြီးကို လှမ်းဆွဲပြီး လှီးချလိုက်၍ နွဲ့က အော်သည်။

"ထမင်းကြော်ထဲ ထည့်မှာ မဟုတ်လား၊ ဒီလောက်တော့ ဖွဲ့လုပ်တတ်ပါတယ် မမရဲ့"

ပြောပြောဆိုဆို ဖွဲ့က ဂေါ်ဖီတွေကို တဒေါက်ဒေါက် လှီးဖြတ်လိုက်၍ နွဲ့ စိတ်ရှုပ်သွားကာ ဖွဲ့လက်ထဲက ဓားကို ဆွဲယူလိုက်သည်။

"တော်ပြီ ဖွဲ့၊ ကျန်တာ မမဘာသာ ဆက်လုပ်လိုက်တော့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ မာမီနား သွားနေ”

“ဖွဲ့က အကောင်းကူညီမလို့ဟာကို မမကလဲ”

“အကောင်းဖြစ်ဖြစ်၊ အဆိုးဖြစ်ဖြစ် ဘာမှမလုပ်နဲ့တော့… ပေး အဲဒီဓား”

ဆက်လုပ်ရင် တစ်ခုမဟုတ်တစ်ခု ဖြစ်တော့မှာ သိနေသဖြင့် နွဲ့က ဖွဲ့လက်ထဲက အလွန်ထက်ငြိနေသော ဓားကို ခပ်မြန်မြန် ဆွဲသိမ်းလိုက်တော့ ဖွဲ့က မကျေနပ်။

“ရော့ပါ… မမဓား မမယူပြီးမှ ဖွဲ့က ဘာမှကူမလုပ်ဘူး ဘာညာသရကာတွေ လျှောက်မပြောနဲ့”

သူလုပ်ချင်တာ မလုပ်ရ၍ ဖွဲ့က နွဲ့နားက သုတ်ကောက်ပြီး ထမင်းစားခန်းဘက် ထွက်သွားမှ နွဲ့သက်ပြင်းချလိုက်ပြီး သူလုပ်စရာရှိတာကို ကျွမ်းကျင်သေသပ်စွာ လှလှပပလေး လုပ်နေလိုက်သည်။



## အခန်း (၄)

“ဖိတ်တဲ့သူက ဖိတ်ထားတော့လည်း သွားတဲ့သူက သွားရပေါ့ကွယ်၊ ကဲ… လုပ်… လုပ်…နေမပူခင် သွားကြမယ်”

“သူတို့ကားနဲ့ လာကြိုမှာ မဟုတ်လား မာမီ”

“လာကြိုမှာပါကွယ်၊ ကိုယ့်ဘက်က အသင့်ဖြစ်နေအောင် မာမီက ကြိုပြင်နိုင်းထားတာပါ”

သားအမိသုံးယောက် တစ်ယောက်တစ်မျိုးစီ အလုပ်ရှုပ်နေကြသည်။ နွဲ့က ဘန်ဂလိုကို ရှင်းလင်းပြီး သပ်ရပ်အောင် လုပ်ပေးနေသည့် အလုပ်သမား ဒေါ်ညိုကို လိုအပ်တာတွေ ညွှန်ကြားနေသည်။ မာမီက သောက်ရမည့် ဆေးတွေကို စစ်နေသည်။ ဖွဲ့ကတော့ မှန်ရှေ့မှာရပ်ပြီး အလုပ်ရှုပ်နေသည်။

ဘယ်သူနဲ့မှ မတွေ့ချင်သည့် ဒီခရီးမှာ မာမီ့သူငယ်ချင်း အန်တီမာရီနှင့် ကမ်းခြေမှာ တည့်တည့်ဆုံဖြစ်ကြသည်။ ဟိုအကြောင်းဒီအကြောင်း စကားတွေ ဖောင်ဖွဲ့ရင်း သားအကြောင်း သမီးအကြောင်း ရောက်သွားတော့မှ ပြဿနာ စသည်။ မာမီ့သူငယ်ချင်း အန်တီမာရီက တို့ သိပ်သဘောကျနေတာနှင့် မာမီ့ဆီမှာ သမီးတောင်းသည်



www.burmeseclassic.com

www.burmeseclassic.com



သူ့သားအရည်အချင်းတွေ တစ်သီကြီး ပြောပြသည်။ ကြားသ
တစ်ခုမှမဆိုး။ အားလုံးကောင်းပါသည်ဆိုတော့ မာမီက သူ့သမ
လောင်းကို တစ်ခါမှ မမြင်ဘူးပဲနှင့် သဘောတွေကျနေသည်။ မမနဲ့
ပိုဆိုးသည်။ အစကတည်းက ဖွဲ့ကို ယောကျ်ားပေးစားချင်နေသူဆိုတေ
မာမီကို ဟိုဘက်က လိုလိုလားလား တောင်းဆိုနေချိန်မှာ တစ်ယောက်
နှင့်တစ်ယောက် တွေ့ကြည့်ပြီး အကဲခတ်သင့်သည် ဘာညာတွေ
ဖြစ်ကုန်သည်။

"ဖွဲ့ဆို ဖွတ်အတင်း ယောကျ်ားပေးစားဖို့ မလုပ်ကြနဲ့နော်
ပြောနေတဲ့ကြားက ဖွတ်လုပ်ရင် ဖွဲ့က အိမ်မှာမနေဘူး၊ ဖြစ်ချင်ရာဖြ
တခြားတစ်နေရာကို ထွက်ပြေးမှာ"

"ဖွဲ့နော်··· ဖွဲ့၊ ကိုယ်က မိန်းကလေး မပြောကောင်း မပြေ
အပ်တဲ့ စကားတွေဘာလို့ လျှောက်ပြောနေတာလဲ၊ ဒီနေ့ခေတ်ကြီးက
ဘယ်သူ့ကိုမှ ယုံရတာမဟုတ်ဘူး။ လူမှောင်ခိုခေတ်ကြီးမှာ ဖွဲ့ကို
အယုံသွင်းပြီး ရောင်းစားသွားမှာ တွေးပြီး မကြောက်ဖူးလား"

မမနွဲ့က ဖွဲ့စကားကို မကြိုက်သလို လေသံမာမာနှင့်ပြောပြ
မျက်နှာကို တင်းထား၍ ဖွဲ့စကားကြောင့် မမနွဲ့ဒေါသဖြစ်နေတာ
သိလိုက်သည်။

"နောက်တစ်ခါ ဒီစကားမျိုး ထပ်မပြောနဲ့ဖွဲ့၊ မာမီလည်
မကြိုက်ဘူး"

မာမီကလည်း ဒေါသနှင့်ဆိုလာတော့ ဖွဲ့က နှုတ်ခမ်းကို စူတေ
ကောက်ချိတ်ပစ်သည်။

"ဘယ်သူက တကယ်သွားမယ်ပြောနေလို့လဲ၊ ဖွဲ့ကို ဝိုင်း
နေကြတာ"





"ဆူနေတာ မဟုတ်ဘူးဖွဲ့၊ လောကငရဲထဲ အရှင်လတ်လတ်
ကျသွားမှာ ကြောက်လွန်းလို့ ပြောနေတာ"

"ဒါဆိုမမနွဲ့လည်း ဖွဲ့မကြိုက်တာ မပြောနဲ့"

"မပြောနဲ့ဆိုလည်း မပြောဘူး အခုသွားမယ့်ခရီးကို ပါးစပ်ပိတ်
ပြီး ငြိမ်ငြိမ်လိုက်ခဲ့"

ပွဲက ဒီလောက်နဲ့ ပြီးသွားသည်။ ပြင်ကြဆင်ကြဆိုပေမယ့်
ဖွဲ့က ဘာတစ်ခုမှ ထူးပြီးပြင်ဆင်လိုစိတ် မရှိ။ စိတ်ထဲက ဒီနေ့ကျမှ
သရကို သတိရနေတာနှင့် မာမီတို့နောက် လိုက်မသွားနိုင်အောင်
နှင်းရှေ့မှာရပ်ပြီး တစ်ယောက်တည်း ကျိတ်ပြီး အကြံထုတ်နေခြင်း
ဖြစ်သည်။

"မပြီးသေးဘူးလား ဖွဲ့"

ဖွဲ့နားကို နွဲ့ရောက်လာပြီး မေးလိုက်ခြင်း ဖြစ်သည်။

"ဖွဲ့ ဗိုက်ထဲက ရစ်ရစ်ပြီး နာနေလို့မမ"

"ပင်လယ်စာတွေ အစားများသွားလို့ ထင်တယ်၊ မမ ဆေး
ယူခဲ့မယ်၊ ဆေးသောက်ပြီးရင် ကောင်းသွားမှာပါ"

"ရော့··· ရော့··· ဒီမှာ ဆေးနဲ့ရေ"

ဖွဲ့ကို မမနွဲ့ကိုယ်တိုင် ရေနှင့်ဆေးယူပေးသည်။ ပြီးတော့ ဖွဲ့
ဆေးသောက်ပြီးသည့်အထိ စောင့်နေ၍ နွဲ့ရှေ့မှာ ဖွဲ့က သူယူလာသည့်
ဆေးကို သောက်ပြရသည်။ ဒီတော့မှ နွဲ့က ကျေနပ်ပြီး ဖွဲ့သောက်သည့်
ရေခွက်ကို သိမ်းသွားသည်။

ဖွဲ့က အကြံသမားဆိုတော့ ဆေးကို တကယ်သောက်တာ
မဟုတ်။ ပါးစပ်ထဲ အသာငုံထားပြီး မမနွဲ့အလစ်မှာ အသာ ထွေးထုတ်
ပစ်လိုက်သည်။ ဒါတွေက ဖွဲ့လုပ်နေကြ အလုပ်တွေပါ။ ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ဆေးတစ်ခွက်ကို ဖြောင့်အောင် မသောက်။ ဒီလိုပဲ လူအလစ်မှာ ဆေးတွေ လွှင့်လွှင့်ပစ်နေတတ်၍ ဖွဲ့ကို ဆေးတိုက်လျှင် အိမ်က သူတို့မျက်စိရှေ့မှာပဲ စောင့်ကြည့်ပြီး တိုက်သည်။ ဆေးသောက်သည်ဟု ယုံကြည်စိတ်ချရမှ တခြားအလုပ် ဆက်လုပ်သည်။

"ဖွဲ့ ဘာဖြစ်လို့လဲ နွဲ့"

"မာမီ့သမီးလေး ပင်လယ်စာတွေ ဖွတ်စားတာ အခုတော့ ဗိုက်ရစ်ပြီး နားနေလိုတဲ့"

"အစကတည်းက လူကြီးမိဘ ပြောစကား နားမှမထောင်ဘဲ ဖြစ်ပြီပေါ့။ အခု ဘယ်နှယ့်လုပ်ကြမလဲ သူများအိမ် ကိုယ်က ဧည့်သည် သွားလုပ်ရမှာ ဖွဲ့ အခုလိုဖြစ်နေရင် မာမီတို့ကို ဒုက္ခပေးသလို ဖြစ်နေမယ်"

"ဖွဲ့ နေခဲ့လို့ရမလား မာမီ၊ ဗိုလ်က ဝမ်းခဏခဏ သွားနေလို့ပါ"

တကယ်လည်း မဟုတ်။

မာမီတို့နောက် မလိုက်ချင်တာနှင့် ပါးစပ်ထဲတွေ့ကရာ ဇာတ်လမ်း လုပ်နေတာကို မာမီတို့က အဟုတ်ထင်ပြီး ဖွဲ့ကို တဗျစ်ဗျစ်တောက် တောက် အပြစ်တင်ကြသည်။

"အခုမှတော့ နေခဲ့ရတော့မှာပေါ့"

"တီ... တီ"

"ဟော... မာရီတို့ ကားလာပြီ၊ ဖွဲ့ ဒီမှာ ကောင်းကောင်းနေခဲ့ နော်၊ တခြားဘယ်မှ လျှောက်မသွားနဲ့၊ မာမီတို့ မကြာဘူး၊ ချက်ချင်း ပြန်လာမယ် ကြားလား"

"ဖွဲ့အတွက် စိတ်ချပါ၊ ဒီလောက် နေမကောင်းဖြစ်နေတာ





ဘယ်မှမသွားပါဘူး"

လာကြိုသည့်ကားထဲမှာ အန်တီမာရီ မပါသဖြင့် ဖွဲ့ ပျော်သွား သည်။ မာမီတို့ကို လာကြိုသည့် ကားနှင့်လိုက်သွားကြပေမယ့် ဖွဲ့ကို တော့ သိပ်စိတ်ချပုံမရ။ ဖွဲ့တစ်ယောက်တည်း ကျန်ခဲ့မှ ဟေးခနဲ ထအော်ပြီး အပျော်ကြီး ပျော်သွားသည်။ အန်တီမာရီပါလာရင် ဖွဲ့ ဒီလို နေခဲ့လို့ရမှာမဟုတ်။ ဖွဲ့ကို ဖွတ်အတင်းခေါ်မှာ သေချာသည်။ ထိတရားက ဖွဲ့ဘက်မှာဆိုတော့ တစ်ယောက်တည်း ကျန်ခဲ့ချိန်မှာ စိတ်လွတ်ကိုယ်လွတ် ရေထဲဆင်းပြီး သောင်းကျန်းပစ်သည်။

လှိုင်းတွေက တဝုန်းဝုန်း။ ဖွဲ့ကလည်း ပျော်လွန်းလို့ ရေကူးသည့် ဘော်ကွင်းကြီးထဲဝင်ပြီး စိတ်ရှိလက်ရှိ တခွိခွိ ပျော်ပစ်သည်။ ဘယ်သူမှ ဖွဲ့ကို တားမည့်သူ မရှိ။ သူကို အော်ဟစ်မည့်သူ မရှိ။ ရေကစားလို့ဝမှ ဘန်ဂလိုပြန်ပြီး ရေချိုးနှင့် လူတစ်ကိုယ်လုံး ခေါင်းလျှော် ရေချိုး အလုပ်ကို သီချင်းလေးတဆိုဆို လုပ်နေလိုက်သည်။

မာမီတို့သာ ဖွဲ့ကို ဒီလိုပုံနှင့်မြင်လျှင် ရင်ဘတ်စည်တီး ဖြစ်ကြ မှာကို ဖွဲ့သိသည်။ မြန်မြန်ရေချိုး ခေါင်းလျှော်ပြီး ဆံပင်တွေ အမြန်ဆုံး ခြောက်သွေ့အောင် ဟဲယားဒရိုင်နဲ့ တဒီးဒီးမှုတ်နေရင်း စိတ်ထဲက သရဆီ ဖုန်းဆက်ချင်လာသည်။

ဒီအချိန်ဆို သရတစ်ယောက်တည်း ဘာတွေ လုပ်နေမလဲ။

ဖွဲ့ကို သတိရနေမလား။

ဒါမှမဟုတ် တခြားကောင်မလေးတစ်ယောက် နားမှာများ ရောက် နေမလား မပြောတတ်။ သရကို သဘောကျနေသည့် ကောင်မလေး တွေရှိတာ ဖွဲ့သိသည်။ သရဘက်က အိုကေဆိုလျှင် စိုပြည်မည့်သူတွေ ရှိပေမယ့် သရက ဖွဲ့ကလွဲပြီး တခြားဘယ်သူကိုမှ စိတ်မဝင်စား။



www.burmeseclassic.com

www.burmeseclassic.com



သူ့နားမှာ တခြားကောင်မလေးတွေ ရှိရင်လည်း သဝန်မတိုတတ်သည့် ဖွဲ့ကိုဖွဲ့လည်း အံ့ဩသည်။

သရကတော့ တကယ်ချစ်ရင် သဝန်တိုရမည်ဆိုပေမယ့် သဝန်မတိုတတ်သည်က ဖွဲ့အပြစ်လို ဖြစ်နေ၍ သရနှင့်ဖွဲ့ မကြာခဏ စကားများကြရသည်။

"ဖွဲ့ တကယ်ချစ်တတ်လာတဲ့အချိန်ကျ ဖွဲ့ချစ်သူကို ဖွဲ့သဝန်တိုလာမှာပါ"

သရပြောတာ ဟုတ်များဟုတ်နေမလားလို့ ဖွဲ့ မကြာခဏ စဉ်းစားမိသည်။ သရဆိုတာ ဖွဲ့ရဲ့အချစ်ဦး၊ ရည်းစားဦးပါ။ သရကို ချစ်လို့ ဖွဲ့ကိုယ်တိုင် ချစ်အဖြေပေးခဲ့တာ မဟုတ်လား။ ဒါကိုပဲ သရက ဖွဲ့က သူချစ်သလို မချစ်ဖူးဆိုတာနှင့် အမြဲအနိုင်ယူနေတတ်သည်။ အစကတော့ ဖွဲ့က ငြင်းသည်။ နောက်တော့ သရ ဘာပြောပြော ရယ်ပစ်လိုက်တော့ ထိုစကားကို သရ ထပ်မပြောတော့။

ဖွဲ့ကို မျက်ဝန်းနက်နက်တွေနှင့် ရူးရူးလက်လက်ငေးပြီး သက်ပြင်းကျိတ်ချနေတတ်သည့်အတွက် ဖွဲ့ကိုယ်တိုင် သရကို တကယ်ချစ်တာမှ ဟုတ်ရဲ့လားလို့ တွေးပူလာမိသည့်အထိ။ ဖွဲ့ကိုယ်တိုင် ကိုယ့်အချစ်ကို ဇဝေဇဝါ ဖြစ်ရတာလည်း မကြာခဏပါ။

ဒီနေ့တော့ စိတ်ကောင်းဝင်နေတာနှင့် သရဆီ ဖုန်းလှမ်းဆက်လိုက်သည်။

"ဟဲလို"

"အခုဘယ်မှာလဲ"

"ဖွဲ့"

ဖွဲ့အသံကို ကြားရတော့ ပျော်သွားသည့် သရအသံကို နား





ထောင်ပြီး ဖွဲ့ ပြုံးလိုက်သည်။

"ကိုယ့်ကို အကြာကြီးပစ်ပြီး ဘယ်တွေလျှောက်သွားနေတာလဲ ဖွဲ့ရယ်၊ ဖွဲ့အခု ဘယ်မှာလဲ ကိုယ်လာခဲ့မယ်"

လှိုက်လှဲတမ်းတခြင်းတွေ ပြည့်လျှံနေသည့် သရအသံထဲမှာ ချစ်ခြင်း၊ တမ်းတခြင်း၊ လွမ်းဆွတ်ခြင်းတွေနှင့် ပြည့်နေတာ ဖွဲ့သိသည်။

"ဖွဲ့"

"ဟင်"

"ဖွဲ့ အခုဘယ်မှာလဲလို့ ကိုယ်မေးနေတာ ကြားလား"

"ကြားသားပဲ၊ ယူလာလို့မရလို့ ဖွဲ့စဉ်းစားနေတာ"

"ကိုယ်လာလို့မရအောင် ဖွဲ့က ဘယ်ကိုရောက်နေလို့လဲ"

သရအသံက မကြည်လင်။ ချစ်သူရည်းစားဖြစ်ကတည်းက အခုချိန်ထိ သရနှင့်ဖွဲ့ အခုလို အကြာကြီး ခွဲနေရတာမျိုး သိပ်မရှိ။ အမြဲအတူမခွဲဘဲ ရှိနေကြသူ နှစ်ဦးဖြစ်၍ သရ လွမ်းမယ်ဆိုလည်း လွမ်းလောက်စရာပဲ သရဘက်က သက်သက်ညာညာ တွေးပေးလိုက်ပေမယ့် သူမအကြောင်း သူမတော့ ဖွဲ့ စဉ်းစားခြင်း မရှိပါ။

"ဖွဲ့က အခု ငပလီမှာ"

"ရတယ်၊ ကိုယ်လိုက်လာခဲ့မယ်"

"မဖြစ်ပါဘူး၊ မာမီနဲ့ မမနဲ့ပါတယ်၊ သူတို့က ဖွဲ့ ဘာလုပ်လုပ် မျက်စိဒေါက်ထောက် ကြည့်နေကြတာ၊ သရရောက်လာလည်း အရင်လိုတွေ့ချင်တိုင်း တွေ့လို့ရမှာ မဟုတ်ဘူး"

"မရဘူးကွာ၊ ဖွဲ့မလာနဲ့ဆိုလည်း လာမှာပဲ ကိုယ်ဖွဲ့ကို တမ်းလွမ်းနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ယူလည်း ဖွဲ့သဘောဆိုပြီး ဖွဲ့ကိုအမြဲ အလိုလိုက်ထားရင် သိပ်ကောင်းမှာပဲ"

"အခုလည်း ဖွဲ့သဘောအတိုင်း ကိုယ့်ဘက်က အလိုလိုက်ထား တာပဲလေ၊ ကိုယ့်သဘောအရဆိုရင် ဖွဲ့ကို ဖွတ်အတင်း ခိုးပြေးပစ်ချင် နေတာ ကြာလှပြီ"

"ကြည့်စမ်း၊ အခုမှ ယူ့အကြံအစည်တွေ ပေါ်လာတယ်"

ဖွဲ့ထံမှ မကျေမနပ်သံအဆုံးမှာ သရထံက ကျေကျေနပ်နပ်ကြီး အော်ဟစ်ရယ်မောလိုက်သံက ဖွဲ့ဖုန်းထဲ စီးမျောရောက်ရှိလာသည်။

"နောက်ထပ်ရှိသေးတယ် ဖွဲ့နားထောင်မလား"

"အင်း"

"ကိုယ့်စိတ်ကူးထဲမှာ ဖွဲ့နဲ့ကိုယ်ရထားတဲ့ သားသားမီးမီးတွေ အများကြီး"

"သွား… အရကောင်းမှတ်လို့ နားထောင်နေတာ၊ ဖွဲ့ ဖုန်းချ လိုက်တော့မယ်"

"ဟိတ်… နေဦးလေ၊ ဖွဲ့အခု တည်းနေတဲ့နေရာ ကိုယ့်ကို ပြောဦးမှာပေါ့"

"ဘာလုပ်မလို့လဲ"

"ဖွဲ့ဆီ လာမလို့ပါဆို"

"မလာနဲ့"

"ဖွဲ့"

သရခေါ်သံကြားပေမယ့် ဆက်နားမထောင်တော့ဘဲ ဖွဲ့ ဖုန်းချပစ် လိုက်၍ သရ ဆက်ဆက်ကျန်ခဲ့မှာတွေးပြီး ပြုံးလိုက်သည်။

ဖွဲ့ကို မဟုတ်တာ လျှောက်ပြောချင်တဲ့လူ ဒီလိုဖြစ် ကျန်ခဲ့တာပဲ





ကောင်းတယ်ဟုတွေးပြီး ဖုန်းပြောနေရာမှ လှမ်းအရွေ့ ဘန်ဂရက်လို ရှ့လာရပ်သည့် အရိပ်တစ်ခုကြောင့် ဖွဲ့လှမ်းကြည့်လိုက်သည်။

"ဟင်… ဟိုလူကြီးပဲ"

ဖွဲ့အံ့ဩလွန်း၍ သူမမျက်စိရှေ့က လူကို မျက်လုံးနက်နက်လှ ကြီးတွေနှင့် မျက်တောင်မခတ်တခတ်လုပ်ရင်း မျက်လုံးအဝိုင်းသား ကြည့်နေချိန်မှာ၊ ခွန်းဆက်က ဖွဲ့ကို ရုတ်တရက် မမှတ်မိ။ သူသိတာ က သူ့မျက်စိရှေ့မှာ ဘာတစ်ခုမှ မပြင်မဆင်။ နဂိုအရှိအတိုင်း လှချင် တိုင်း လှနေသည့် မိန်းမလှလေးကို ရူးနက်သော မျက်လုံးတောက် တောက်များဖြင့် စိုက်ခနဲ ငေးကြည့်လိုက်မိခြင်း ဖြစ်သည်။

တော်တော်လှတဲ့ ချာတိတ်လေးပါလား။ အထူးသဖြင့် ဖွဲ့မျက်နှာ မှာ လှသိအများဆုံး စိတ်အဝင်စားဆုံး ဆွဲဆောင်မှုပေးနိုင်သည့် အလွန် ဝိုင်းစက်သော မျက်ဝန်းအစုံကို ရုတ်တရက် တွေ့မြင်လိုက်ရချိန်မှာ ခွန်းဆက်ရင်ထဲ မထင်မှတ်ပဲ ဖွဲ့ငြိသွားခြင်း ဖြစ်သည်။

"အန်တီသိရိရှိလား ချာတိတ်"

"မာမိမရှိဘူး အပြင်သွားတယ် ဦးခွန်းဆက်"

မိန်းမလှလေးထံမှ မထင်မှတ်ဘဲ သူ့အမည်ကို ခေါ်လိုက်သံ ကြောင့် ခွန်းဆက် အံ့သြပြီး လှပသောမျက်နှာလေးကို သေချာရူးစိုက် ကြည့်မိလျက်သား ဖြစ်သွားသည်။

"ချာတိတ်က ကိုယ့်ကိုသိနေပါလား၊ ကိုယ်ကတော့ ချာတိတ်ကို သိဘူး"

ခွန်းဆက်ပြောရင်း သူ့မျက်စိရှေ့က မိန်းမလေးမျက်နှာကို သေ သေချာချာ အနုစိတ်တစ်ခုချင်း တစ်ပိုင်းချင်း ကြည့်မိလျက်သား ဖြစ်သွားသည်။ ဘယ်လိုကြည့်ကြည့် လှသည်။ နုဖတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖျှို့မြစ်ငယ်ရှယ်နေသည်။

ဒီလိုလှပနုနယ်သည့် ချာတိတ်မလှလှလေးက သူ့ကိုသိနေပြီး သူက ဒီလို သိပ်လှသည့် ချာတိတ်လှလှလေးကို မသိရအောင် ဘာကြောင့် ညံ့ဖျင်းနေရသနည်း။ ခွန်းဆက် သူ့ကိုယ်သူ မကျေမနပ်ဖြစ်ရင်း သူနဲ့ခွန်းဆက် ဘယ်လိုနေရာမှာ ဘယ်လိုများ သိခဲ့ပါလိမ့်ဟု အပြေးအလွှား စဉ်းစားကြည့်ပေမယ့် အဖြေက မရ။

ဖွဲ့က ခွန်းဆက်ဆိုသည့် လူချောကြီးမျက်နှာပေါ်က ဇဝေဇဝါ အဖြေရှာမရ ဖြစ်နေပုံကိုကြည့်ပြီး ပြုံးလိုက်တော့ ဖွဲ့အလှက ပိုပြီး လင်းတောက်သွားသည်။ ဒီလူကြီး ဖွဲ့ကို လုံးဝမမှတ်မိတာ သေချာပြီ။

"မာမီ့ဆီလာတာဆိုရင်တော့ အချိန်နည်းနည်း ကြာချင်ကြာမယ် ဦးခွန်းဆက်က မာမီ့မိတ်ဆွေလား"

"အင်း… ဘယ်လိုပြောရမလဲ ကိုယ်က အန်တီ့မိတ်ဆွေတော့ မဟုတ်ဘူး၊ ဒါပေမယ့် အန်တီ့သား မင်းဖွဲ့က ကိုယ့်သူငယ်ချင်း"

"ဟင်… ဒါဆို ဦးခွန်းဆက်က ကိုကိုကြီး သူငယ်ချင်းပေါ့"

မထင်မှတ်ဘဲ ခွန်းဆက်ဆိုသည့် လူကြီးက ကိုကိုကြီးမင်းဖွဲ့ သူငယ်ချင်းဖြစ်၍ ဖွဲ့အံ့သြသွားသည်။ ခွန်းဆက်ကတော့ သူ့မျက်စိရှေ့က ဘီပ်လှနေသည့် ဖွဲ့ကိုကြည့်ပြီး ဖွဲ့လှပ်ရှားသမျှကို သဘောကျနှစ်သက်သော မျက်လုံးများဖြင့် လိုက်ကြည့်နေမိ၏။

"ဖွဲ့က ကိုကိုကြီးမင်းဖွဲ့၏ ညီမပါ"

"ဖွဲ့ ဟုတ်လား"

ဖွဲ့အမည်ကို ကြားလိုက်ရမှ ခွန်းဆက် အလွန်သိချင်နေသည့် အဖြေက ခွန်းဆက်အသိတရားထဲ လင်းခနဲ တောက်ပသွားတာ သူ့မျက်စိရှေ့က ဖွဲ့ကိုသေချာထပ်၍ စူးစိုက်ကြည့်လိုက်သည်။ လှပသော





ဖွဲ့က ခွန်းဆက်ကိုကြည့်ပြီး ပြုံးနေ၏။ သူမ ဘာကြောင့် ခွန်းဆက်ကိုသိနေတာလဲဆိုတာ အခုမှ သူသဘောပေါက်သွားသည်။

သဲသောင်ပြင်ပေါ်မှာ မြင်ကွင်းက ခွန်းဆက်မျက်ဝန်းထဲ ပြန်ရောက်လာသည်။ အလုပ်ကိစ္စနှင့် ရှုပ်ထွေးနေအောင် မအားလပ်သည့် သူ့ကို အိမ်က ပေးစားချင်နေသည့် မိန်းမကိုလည်း မလိုချင်။ သူကိုယ်တိုင် လိုချင်သည့် မိန်းမကိုလည်း ရှာမတွေ့နှင့် စိတ်ညစ်နေရချိန်မှာ မင်းဖွဲ့က သူ့ကို ဖုန်းလှမ်းဆက်သည်။

သူ့မာမီ ကျန်းမာရေးကြောင့် ပေလီမှာ ခဏ လာအပန်းဖြေမည်။ သူ့ဟိုတယ်မှာ အခန်းစီစဉ်ပေးပါဆို၍ သူ့ဘက်က အိုကေဆိုပြီး လက်ခံထားလိုက်သည်။ နောက်တော့ အိမ်က မိဘတွေ သဘောတူထားသည့် ဒါလီ ရောက်လာတာနှင့် မင်းဖွဲ့ကိစ္စကို မေ့သွားသည်။ မင်းဖွဲ့မာမီ လာမည်ဆိုတော့ သူ့မှာ အခန်းပို မရှိတော့။ တိုးရစ်အဖွဲ့နှင့် ပြည့်နေသည်။

သူဘယ်လိုမှ မတတ်နိုင်တော့။

သူစိတ်ကြိုက် ဆောက်ထားသည့် သူပိုင်ဘန်ဂလိုကို မင်းဖွဲ့မာမီကို ပေးလိုက်ရသည်။ ထိုအချိန်အထိ ဘာမှမဖြစ်။ ဒါလီ လိုက်လာတာနှင့် ဘယ်ထွက်ပြေးရမှန်း မသိအောင် စိတ်ရှုပ်လျက် ကမ်းခြေဘက် လမ်းဆင်းအလျှောက်မှာ သူနက်တိုင်လည်စီးကို စိတ်အိုက်အိုက်ဆွဲဖြုတ်ထားပြီး ဒါလီ့ကိစ္စဘယ်လို ရှင်းရမလဲ တွေးနေချိန်မှာ သူနက်တိုင်က လေနှင့်ဝေါခနဲ ပေါ့ပါးစွာ လွင့်ထွက်သွားသည်။ ပြီးတော့ တစ်ကိုယ်လုံး အဖြူရောင် ဝတ်ဆင်ထားသည့် စန္ဒီးပိုက်မင်းသမီးလည်မှာ ကြဲဖန်ငြိတွယ်သွားပုံက ထူးခြားသည်။ ဆန်းပြားသည်။

ရှေးခေတ်ဘုရင်တွေလို အတိတ်ကောက်ရလျှင်တော့ ထိုမိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးက ခွန်းဆက် ဖူးစာရှင် ဖြစ်ကိုဖြစ်ရမည်။ ဒါက မမျှော်လင့်ဘဲ အဖြူရောင် မင်းသမီးလေးနဲ့တွေ့ချိန်မှာ တွေးပစ်လိုက်သော အတွေး ဖြစ်သည်။ မျက်မှန်အမည်းကြီး ကာထား၍ မျက်နှာပေါ်က အစိတ် အပိုင်းတွေကို ကောင်းစွာ မမြင်ရပေမယ့် သူမကို မိန်းမလှလေး တစ်ယောက်အဖြစ် ခွန်းဆက်ယုံကြည်သည်။

အသံလေးက သာယာသည်။

ဖြူနုဝင်းနေသည့် အသားအရေက ဘာအစက်အပြောက်မှ မရှိ။ ပကတိ နူမွတ်ချောမွေ့နေသည်။ နာမည်က ဖွဲ့။ စကားများများဆိုခွင့် မရလိုက်။ သူကိုယ်တိုင် မိန်းကလေးတွေကို သူ့ဘက်ပါလာအောင် ဘယ်လိုစည်းရုံးရမှန်း မသိတာလည်း ပါသည်။ ဖွဲ့ကိုယ်တိုင်ကလည်း တခြားမိန်းကလေးတွေနှင့် မတူတာလည်း ပါသည်။

ဖွဲ့ဆိုသည့် နာမည်လေးကလွဲပြီး ဘာဆိုတာမှမသိလိုက်ရသူကို စိတ်က မကြာခဏ သတိရနေသည်။ ဘယ်လိုမှ ပြန်မဆုံနိုင်တော့ဟု ကိုယ်ဘာသာ စိတ်ပျက်လက်လျှော့ချိန်မှာ ဖွဲ့က ခွန်းဆက်မျက်စိရှေ့မှာ ဘွားခနဲ ပြန်ပေါ်လာသည်။ ခွန်းဆက် သူ့နားသူ မယုံနိုင်သလို သူ့ မျက်စိရှေ့က ဖွဲ့တစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်ပြီး ရင်တွေ ဒိတ်ဒိတ် ဖြစ်လာသည်။

"ဖွဲ့ကို မှတ်မိပြီလား"

ပြုံးနေသည့် ဖွဲ့ကိုကြည့်ပြီး ခွန်းဆက်မျက်နှာမှာ ရွှန်းလက်သော အပြုံးတစ်ခု ပေါ်လာသည်။

"ကိုယ်ဖွဲ့ကို ပြန်မတွေ့ရတော့ဘူးလို့ ထင်နေတာ"

"ဖွဲ့ရောပဲ"

"ဖွဲ့လည်းကိုယ့်ကို သတိရနေတယ်လား"





"အဖြစ်က ထူးဆန်းနေတာကို"

"ဖွဲ့ပြောတာ မှန်တယ်၊ ကိုယ်လည်း အဲဒီအဖြစ်ကို ပြန်တွေးမိ တိုင်း ဖွဲ့ကို သတိရနေမိပြန်ရော…"

ခွန်းဆက်မျက်နှာချောချော ပြုံးနေသလို ဖွဲ့မျက်နှာလေးမှာလည်း အပြုံးရိပ်ထင်နေသည်။

"ကိုယ်တို့မှာ ရေစက်ရှိတယ်ထင်တယ်၊ မထင်မှတ်ဘဲ ပြန်တွေ့ တာ ယုံတောင်မယုံချင်ဘူး"

တကယ်လည်း ခွန်းဆက်အဖြစ်က မယုံချင်စရာပါ။

"ထိုင်ဦးလေ၊ ဖွဲ့ ကော်ဖီ ဖျော်ပေးမယ်"

"သင့်ခ်ယူး"

"ခဏလေးနော်"

မီးဖိုဘက် လှစ်ခနဲပြေးထွက်သွားသည့် ဖွဲ့ကိုကြည့်ပြီး ခွန်းဆက် စိတ်တွေ ကြည်လင်ပေါ့ပါးသွားသည်။ ထိုခံစားချက်က ဒါလီနဲ့ တွေ့တိုင်း မွန်းကျပ်ရှုပ်ထွေးမှုတွေ ဖြစ်ရတာနှင့် လုံးဝဆန့်ကျင်ဘက် ဖြစ်သည်။

အပြစ်ပြောစရာမရှိအောင် ဒါလီက ပြီးပြည့်စုံသော မိန်းကလေး ဖြစ်သည်။ အသက်ကတော့ ခွန်းဆက်နှင့် မတိမ်းမယိမ်း ဖြစ်ရုံမက စီးပွားရေးလုပ်ရာမှာလည်း အောင်မြင်သူတစ်ယောက်အဖြစ် နေရာယူ စားနိုင်သည့်မိန်းမ။ ခွန်းဆက်ကို ချစ်နိုင်သည့် နေရာမှာလည်း ဘယ်သူ မှမတွေ့။

ဒါလီကို ဒီအတိုင်းကြည့်လျှင် လက်မခံချင်စရာ ဘာမှမရှိ။ နီးကပ်ပေါင်းကြည့်ရင်တော့ ဒါလီရဲ့ အားနည်းချက်လို့ ခေါ်ရမလား အားသာချက်လို့လည်း ပြောရမလား မသိသော ကိစ္စတွေအများကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာသည်။ ဒါလီက အိမ်ထဲမှာနေပြီး အိမ်မှုကိစ္စ၊ သားသမီးကို
ယောကျ်ားတာဝန်ဝတ္တရားတွေနှင့် အချိန်ဖြုန်းနေကြရသည့် အိမ်ထောင်
ရှင်မ စာရင်းထဲမပါ။

ငွေရှာရတာကို သူမ ပျော်သည်။ ယောကျ်ားတွေနဲ့ ရင်ဘောင်
တန်းပြီး အောင်မြင်အောင် လုပ်နိုင်တာကို ဂုဏ်ယူသည်။ အားလုံးက
ဒါလီကို လေးမောအားကျ ကြည့်နေကြတာကို ကျေနပ်သည်။

"ခွန်းနဲ့ လက်ထပ်ပြီးရင်တော့ မိသားစုဘဝကို ဒါလီဖန်တီးမှာ
ပါ၊ အလုပ်လုပ်ရင်း သားသမီးယူမယ်၊ ဘယ်သားသမီး ဘာလုပ်
သင့်တယ် ဘာလုပ်ရမယ်ဆိုတာလဲ ဒါလီပဲ စီမံခန့်ခွဲမယ် ခွန်း ဘာ
စိတ်ပူနေစရာ မလိုဘူး၊ မိသားစုကိစ္စ၊ စီးပွားရေးကိစ္စ ဘာတစ်ခု
မပျက်ကွက်ရအောင် ဒါလီ တာဝန်ယူနိုင်တယ်"

"မဟုတ်ဘူး ဒါလီ၊ ကိုယ်ပြောချင်တာ အိမ်ထောင်ကျပြီးရင်
ဒါလီ့ဘက်က အဲဒီလောက်ကြီး လိုက်လုပ်နေစရာ မလိုဘူး"

"ဘာလဲ··· ခွန်းက ဒါလီ့ကို အိမ်ထောင်ရှင်မစစ်စစ် ဖြစ်စေ
ချင်တာဆိုရင်တော့ ဆောရီး၊ ဒါလီက ခွန်းလိုချင်ဖြစ်ချင်တဲ့ မိန်းမမျိုး
မဟုတ်ဘူး၊ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်၊ ကိုယ့်စီးပွားရေးကိုယ်ရှာ
ချင်နေတဲ့ မိန်းမဆိုတာ ခွန်းတစ်ခါတည်း မှတ်ထား"

ခွန်းဘက်က မလျှော့သလို ဒါလီကလည်း မလျှော့။ ဒါပေမယ့်
သူတို့ကို လူကြီးချင်းသဘောတူ စေ့စပ်ထားသည်။ မကြာခင်
လက်ထပ်ကြတော့မည့် စုံတွဲအဖြစ် သူတို့ပတ်ဝန်းကျင် အသိုင်းအဝိုင်း
က အားလုံး သိထားသည်။

ဒါလီ့အပေါ် သူ ရင်မခုန်။

စိတ်ကုန်စိတ်ပျက်နေတာကို ဘယ်သူမှ မသိ။ တစ်ခါတစ်ခါ





န်းဆက်နားကို စီးပွားပြိုင်ဘက်တစ်ဦးအဖြစ် ရောက်ရောက်လာသည့်
ဒါလီ့စိတ်သဘောကိုလည်း နားမလည်။

"ဒါကတော့ ဒါလီ ဝင်မလုပ်လည်း ခွန်းအလုပ်ကို တခြားသူ
တစ်ယောက်က ဝင်လုပ်နိုင်တာပဲလေ၊ ဒီလိုအဖြစ်မခံချင်ရင် ခွန်း
ကိုယ်တိုင် သေချာကြိုးစားထားပေါ့"

ခပ်ပြုံးပြုံးလေး ပြောသွားသည့် ဒါလီ့အမူအယာက ခံစားချက်မဲ့
သလို အေးစက်စက်။ ခွန်းဆက်ဆိုတာ သူမနဲ့ အိမ်ထောင်ပြုမယ့်
သတို့သားဆိုတာတောင် စီးပွားရေးလောဘတက်လာရင် ဘာကိုမှ
မြင်သော အကန်းသက်သက် ဖြစ်သွားတတ်သော မိန်းမ။

ဒီလိုမိန်းမနားမှာ ခွန်းဆက် မပျော်နိုင်တာ သိပ်တော့မဆန်း။
ပြီးရင်ငွေ ဖြစ်နေကြသူတွေထဲမှာ ခွန်းဆက်မပါ။ လူပီသစွာ
ခံစားချက်နောက် လိုက်လိုက်သွားတတ်သည့် ခွန်းဆက်ကို ဒါလီက
လည်း သိပ်သဘောမကျ။

"ခွန်းက တစ်ခါတစ်ခါ သိပ်ပျော့ညံ့တာပဲ၊ ဒါလီဆို ဘယ်တော့
မှ အရှုံးမပေးဘူး၊ ကိုယ်လိုချင်တာ ကိုယ်ဖြစ်ချင်တာကို အဆုံးအထိ
ရအောင် တိုက်ယူပစ်ရမှ ကျေနပ်တာ"

ဒေါသမာန်မာနတွေ ပြင်းထန်နေသည့် ဒါလီက ခွန်းဆက်ကို
သူမ ရယူသိမ်းပိုက်ချင်သည့် သက်ရှိပစ္စည်းလို့များ ထင်နေသလား
မသိ။ သူမပြောသည့်စကား သူမအပြုအမူတွေကြောင့် ခွန်းဆက်နှင့်
အဆင်မပြေ ဖြစ်ကြရတိုင်း ဒါလီကို သူ့အိမ်ထောင်ဘက် မဟုတ်မှန်း
ပိုသေချာလာသည့်အဖြစ်ကို သူပဲ သိသည်။

အခုတော့ ခွန်းဆက်မှာ သူ့နှလုံးသားကို ရင်ခုန်လှုပ်ရှားစေ
သည့် ချစ်သူကို မျက်ဝါးထင်ထင် တွေ့မြင်နေရသည်။ သူ့ဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမှ မခံစားခဲ့ဖူးသည့် ခံစားချက် အသစ်စက်စက်က ဖွဲ့နှင့် ဆုံတွေ့ချိန်မှာ ထူးထူးခြားခြား ဖြစ်လာ၏။

အရှင်းဆုံး ဝန်ခံရလျှင် ခွန်းဆက်ရင်ဘတ်ထဲက နှစ်ပေါင်းများစွာ အိပ်ပျော်နေသော အချစ်နတ်က အလန့်တကြား နိုးထလာခြင်း ဖြစ်သည်။

ခွန်းဆက်က ဖွဲ့အကြောင်းတွေးပြီး ရင်ခုန်စိတ်လှုပ်ရှားနေချိန်မှာ ဖွဲ့က ခွန်းဆက်အတွက် ကော်ဖီတစ်ခွက် ဟန်ကျပန်ကျ ဖျော်နေသည်။ အိမ်မှုကိစ္စ တခြား ဘာအလုပ်မှ စိတ်မဝင်စားပေမယ့် ကော်ဖီဖျော်သည့် အလုပ်မှာတော့ ဖွဲ့ကို လိုက်မီသူ မရှိ။ ဖွဲ့ကိုယ်တိုင် ကော်ဖီကြိုက်မလေး ဖြစ်၍ ကော်ဖီဖျော်သည့်နေရာမှာ ဖွဲ့က ဆရာဖြစ်သည်။

"ကော်ဖီ သုံးဆောင်ပါဦး"

"သင့်ခ်ယူး"

ဖွဲ့က သူ့အတွက် ကော်ဖီတစ်ခွက် ဧည့်သည်အတွက် ကော်ဖီတစ်ခွက်ယူပြီး ခွန်းဆက်နား ပြန်ရောက်လာခြင်း ဖြစ်သည်။ ဧည့်သည် ကော်ဖီခွက်က ပုံမှန်ကော်ဖီခွက် ဖြစ်သော်လည်း သူကော်ဖီခွက်ကိုတော့ သူမစိတ်ကြိုက် ခွက်ကြီးကြီးနှင့် ထည့်ယူလာခြင်း ဖြစ်သည်။

ကော်ဖီဗန်းလေးကို စားပွဲပေါ်ချလိုက်တော့ ကိုယ့်ဧည့်သည်က သူ့ကော်ဖီခွက်ကို မယူဘဲ ဖွဲ့ကော်ဖီခွက် အကြီးကြီးကိုကောက်ယူလိုက်တော့ ဖွဲ့ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

"အား... ကော်ဖီလက်ရာက အကောင်းစားထဲကပါလား"

ခွန်းဆက်က ကော်ဖီတစ်ငုံသောက်ပြီး ဖွဲ့ကိုချီးကျူးလိုက်၍ သူမကော်ဖီခွက်ကြီးကို ယူသောက်ရပါမည်လားဟု ဒေါပွနေမိသော ဖွဲ့ မျက်နှာက ချက်ချင်း ပြုံးရွှင်သွားသည်။





"ဦးခွန်းဆက်က ကော်ဖီကြိုက်တယ်ထင်တယ်"

"ကိုယ်က ကော်ဖီသမားလေ"

"ဖွဲ့နဲ့အကြိုက်ချင်း တူနေပြီ၊ ဖွဲ့လည်း ကော်ဖီပဲ"

"ဟုတ်လား၊ ဒါကြောင့် ဖွဲ့ကော်ဖီက သူများနဲ့ မတူတာကိုး"

သူမလက်ရာ ချီးကျူးသံကို နားထောင်ပြီး ဖွဲ့သဘောကျနေချိန်မှာ ဖုန်းက ထအော်တာနှင့် စကားစ ပြတ်သွားသည်။

"ခဏနော် ဦးခွန်းဆက်"

"ရတယ်၊ ကိုယ်က အန်တီလာတဲ့အထိ နေဦးမှာ"

အစတုန်းက ခွန်းဆက်အစီအစဉ်ထဲမှာ ထိုအစီအစဉ် မပါပါ။ ခင်းဖွဲ့သူငယ်ချင်း အမေကို နှုတ်ဆက်ပြီး ပြန်ရုံဖြစ်သော်လည်း ဖွဲ့ကို တွေ့ပြီးနောက် တွယ်ငြိနေရာက တခြားဘယ်ကိုမှ မသွားချင်သည်အထိ ဖြစ်သည်။

ဖွဲ့က သူမကိုထားပြီး ဖုန်းသွားနားထောင်သည်။

"ဟဲလို"

"ဖွဲ့"

"သရလား"

"ဟုတ်တယ်၊ ဖုန်းမချလိုက်နဲ့နော်၊ ကိုယ်အခုပဲ လေယာဉ်လက်မှတ် ဝယ်လိုက်ပြီ"

"မလာနဲ့လို့ ပြောထားတယ် မဟုတ်လား"

"လွမ်းနေပြီ"

သရကြောင့် ဖွဲ့စိတ်ညစ်သွားသည်။

ဖွဲ့မှာ ချစ်သူရည်းစားရှိရင် ဘာတွေပြောကြဦးမည် မသိ။

"ဖွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ"

"ဘာဖြစ်တာလဲ၊ ဖွဲ့အသံက ကိုယ်လာမယ်ဆိုလို့ စိတ်ဆိုးတာလား"

"ဟုတ်တယ်၊ ဟုတ်တယ် မလာပါနဲ့ဆိုတာ နားမှမထောင်ဘဲ"

သရက်ကို ဒေါသဖြစ်ရတာနှင့် ခွန်းဆက်ဆိုသည့်လူကိုပါ မေ့သွားသည်။ မမန္တဲ့က ဖွဲ့ကို ယောက်ျားပေးစားချင်နေသည်။ သရက်ကို ဖုန်းဆက်မိတာ အခုမှ နောင်တရနေသည်။

"စိတ်မဆိုးနဲ့ ဖွဲ့ရယ်၊ ကိုယ် ဖွဲ့ကိုချစ်တယ်"

"ဖွဲ့ကတော့ ယူ့ကို မချစ်ဘူး"

ပြောပြီး ဖွဲ့ ဖုန်းချလိုက်တော့မှ ခွန်းဆက်ဆိုသည့် ကိုကြီးမင်းဖွဲ့ သူငယ်ချင်းကို သတိပြန်ရသည်။

"ပြဿနာပဲ"

ဦးခွန်းဆက်တော့ ဖွဲ့ပြောနေတာတွေ အားလုံးကြားကုန်ပြီ။ မာမီကို ဖွဲ့အကြောင်း လျှောက်ပြောမှအခက်။

အို… ဘာဆိုင်လို့ သူက ဖွဲ့အကြောင်းပြောရမှာလဲ။ လူချင်းဖြင့် အခုမှသိကြတဲ့ဟာကို။

"ပျင်းနေပြီလား ဦးခွန်းဆက်"

ကော်ဖီခွက် ကောက်ယူရင်း ခွန်းဆက်ကို နှုတ်ဆက်စကားဆိုလိုက်တော့ ခွန်းဆက်က လှပသော ဖွဲ့မျက်နှာလေး ကြည့်ပြီးသည်။

"ဟင့်အင်း၊ ကိုယ်ပျော်နေတာ"

"ပျော်နေတာ ဟုတ်လား"

အထူးအဆန်းစကားကို ကြားရသလို ဖွဲ့က ခွန်းဆက်မျက်နှာကို လှမ်းကြည့်သည်။ ဖွဲ့စိတ်ညစ်နေသည့်အချိန်မှာ ဖွဲ့နှင့်ဆန့်ကျင်ဘက်





ပျော်နေသည်ဆို သူ၏မျက်နှာက ခပ်ပြုံးပြုံး။

"ဟုတ်တယ်၊ ကိုယ်ပျော်တယ်"

ဘာကြောင့်ပျော်လဲဟု ဖွဲ့မမေးပါ။

မေးရအောင်လည်း သူနဲ့ဖွဲ့က အဲဒီလောက် ရင်းနှီးကြတာလည်း မဟုတ်။

"ဖွဲ့က စိတ်ညစ်နေတာ"

"ဘာဖြစ်လို့ ဖွဲ့ကောင်လေးက ဖွဲ့စကား နားမထောင်လို့လား"

"ဟုတ်တယ်၊ ဒီကို လိုက်လာမလို့တဲ့ မာမီသိရင် ဖွဲ့ကိုဆူမှာ"

မရည်ရွယ်ဘဲ ရင်းရင်းနှီးနှီးလေး ပြောဖြစ်သွားတာက ဖွဲ့ပြောနေတဲ့ ဖုန်းကို သူကြားသွားပြီးမှ မထူးပါဘူးဆိုပြီး ဆက်ပြောဖြစ်သွားတာပါ။

"ဖွဲ့ရဲ့မာမီက သဘောမတူလို့လား"

"အဲဒီလိုလည်း မဟုတ်ပါဘူး၊ ဖွဲ့မှာ ချစ်သူရှိနေတာကို မာမီတို့က အခုထိ မသိသေးတာ"

"သိစေချင်ရင် ဖွင့်ပြောလိုက်လေ"

"ပြောချင်ပါဘူး၊ မာမီတို့ သိလို့ဖြစ်တဲ့ကိစ္စမှ မဟုတ်တာ"

ဖွဲ့စကားအဆုံးမှာ သူကရယ်တော့ ကိုယ့်စကားကိုယ် လိပ်ပြာလုံသည့်ဖွဲ့က ခွန်းဆက် မကျေမနပ်လေး ကြည့်လိုက်သည်။

"ဖွဲ့ကို ဘာရယ်တာလဲ"

"သဘောကျလို့"

"ဟွန်း… ဦးခွန်းဆက်ရယ်တာ ဖွဲ့သိပါတယ်။ ရည်းစားတော့ ထားပြီး အိမ်ကိုတော့ ပြန်မပြောရဲဘူးဆိုပြီး ရယ်တာမဟုတ်လား"

"မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"တီ… တီ"

"ဟော… ဟိုမှာ မာမီတို့လာပြီ၊ သြော်… နေဦး ဖွဲ့ ရည်းစား ထားတဲ့ကိစ္စကို ကိုကြီးကို လုံးဝပြန်မပြောနဲ့နော်"

"ကိုယ်က နှုတ်မလုံဘူး"

"ဖွဲ့ကို ပြဿနာမရှာနဲ့နော် ဦးခွန်းဆက်၊ ဒီကိစ္စပေါက်ကြား သွားလို့ကတော့ ခင်ဗျားနဲ့ ဖွဲ့အသီပဲ"

နှုတ်မလုံပါဟု သူကိုယ်သူ ပြောနေသူ၏ မျက်နှာက ခပ်ဖြုံး ဖြုံး။ ဖွဲ့ကို ကြည့်နေသည်ပုံကလည်း တရင်းတနှီးဆိုတော့မှ သူမတို့ စနေမှန်းသိပြီး ဖွဲ့စိတ်ထဲ ပေါ့သွားသည်။ ဘန်ဂလိုရှေ့ ရပ်သွားသည့် ကားပေါ်က မာမီနှင့်မမနွဲ့ ဆင်းလာသည်။

"မာမီ့ကို တွေ့ချင်လို့တဲ့ ဒီမှာ ကိုကို့သူငယ်ချင်း ရောက်နေ တယ်"

"ဟုတ်လား"

"ကျွန်တော် ခွန်းဆက်ပါ အန်တီ"

ခွန်းဆက်က သူကိုယ်သူ မတ်တတ်ရပ်ပြီး မိတ်ဆက်စကားဆို တော့ မာမီနှင့်နွဲ့က ခွန်းဆက်မျက်နှာကို သေချာကြည့်လိုက်မိကြ သည်။

ဒါဆို ဒီဘန်ဂလိုပိုင်ရှင်သူဌေးပေါ့။ လူက လူချောဖြစ်သည်။ ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိ။ မျှော်နေတုန်းက မလာ။ ရောက်မဲ့ရောက်လာတော့ ဖွဲ့တစ်ယောက်တည်းရှိသည့် အချိန်ဆိုတော့ ဖွဲ့အကြောင်း သိထားသူများပီပီ သားအမိနှစ်ယောက်စိတ်ထဲ ခွန်းဆက် ကိုပြိုင်တူ အားနာမိကြသည်။





"ရောက်နေတာ ကြာပြီလားကွဲ့"

"သိပ်မကြာသေးပါဘူး အန်တီ"

"ထိုင်ပါ… ထိုင်ပါ"

ခွန်းဆက်က သူထိုင်နေသည့်ခုံမှာ ပြန်ထိုင်တော့ မာမီက နွဲ့နှင့် …ဆက်ကို မိတ်ဆက်ပေးသည်။

"ဒါအန်တီသမီးကြီး နွဲ့လေ"

"ဟုတ်ကဲ့ အန်တီ"

"ဖွဲ့က အငယ်ဆုံးအထွေးဆုံး"

"ဟုတ်ကဲ့ ခင်ဗျာ"

"မောင်ခွန်းဆက်အတွက် စားစရာတစ်ခုခု လုပ်ပါဦးနွဲ့ရယ်"

"ဖွဲ့ ကျွန်တော့်ကို ကော်ဖီဖျော်တိုက်ထားပါတယ် အန်တီ"

ခွန်းဆက်စကားအဆုံးမှာ သားအမိနှစ်ယောက် ခွန်းဆက် …က်နေသည့် ကော်ဖီခွက်ကြီးကိုကြည့်ပြီး တစ်ယောက်မျက်နှာ …ယောက် မတိုင်ပင်ဘဲ ကြည့်မိကြသည်။ သဘောက ဧည့်သည်ကို …လို့ ကော်ဖီခွက်နဲ့ တိုက်ရတာလဲဆိုသည့် အကြည့်။

"မဖွဲ့ရေ… မဖွဲ့"

"လာပြီ ဒေါ်ညို"

"မာမီ… ဖွဲ့ ဒေါ်ညိုနဲ့ ကမ်းစပ်ကို ခဏသွားလိုက်ဦးမယ်

"အကြာကြီးမနေနဲ့နော် သမီး"

"ဟုတ်ကဲ့"

ဦးထုပ်လေး ကောက်ဆောင်းပြီး သူမကို လာခေါ်သည့် အဒေါ် …က် ခွန်းဆက်အကြည့်နှင့် ခွန်းဆက်ဝိညာဉ်က တစ်ခါလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါသွားသည့်အဖြစ်ကို ဖွဲ့မာမီ ဒေါ်သီရိက မရိပ်မိ။

သူပြောချင်သည့် စကားတွေကို ပြောနေတာ နားထောင်ရ နှုတ်ခမ်းကို အလိုက်သင့် ပြုံးထားသည်။ ခွန်းဆက်စိတ်ထဲက နေသည့်နေရာကို ဘယ်လိုအကြောင်းပြချက်တွေနှင့် ချောင်းပေါ် အောင် လာရမလဲတွေး၍ စဉ်းစား အဖြေရှာနေမိ၏။



## အခန်း (၅)

"လာပါတယ် သားကြီးရယ်၊ မာမီ့ကိုလည်း ဂရုစိုက်ရှာပါ ယ်"

ဖွဲ့မာမီဒေါ်သီရိနှင့် ဖွဲ့အစ်ကို မင်းဖွဲ့တို့ သားအမိ ခွန်းဆက် ကြောင်း ဖုန်းပြောနေကြခြင်း ဖြစ်သည်။ ဒေါ်သီရိက လူချောလူခန့် ဆက်ကို သဘောကျနေသလို နွဲ့ကလည်း ခွန်းဆက်လို လူမျိုးနှင့် ထောင်ကျမည့် မိန်းကလေး အဘယ်မျှ ကံကောင်းလိုက်မလဲဆိုတာ းအမိနှစ်ယောက် ပြောမဆုံး။

သူတို့ သားအမိ စကားဝိုင်းထဲမှာ ဖွဲ့မပါပါ။ ဒေါ်ညိုနှင့်အတူ သွားချင်သည့်နေရာ လျှောက်သွားနေပြီး ဘန်ဂလို ပြန်ရောက်တာ သူ့အခန်းထဲ ဝင်သွားသည်။

"နွဲ့ကတော့ မောင်ခွန်းဆက်ကို ထမင်းစားဖိတ်ထားတယ် သား၊ ဘန်ဂလိုကြီးတစ်ခုလုံး မာမီတို့ကို ပေးထားတာကိုတော့ အားနာ လည်း ပါတာပေါ့သားရယ်"

"ခွန်းဆက်နဲ့ ဖုန်းပြောပြီးပြီ မာမီ။ သူလည်း အလုပ်ကိစ္စရှိလို့ ကုန်ကို လာရဦးမှာ အဲဒီတော့မှ ကျွန်တော်တို့လည်း တလည်း



www.burmeseclassic.com

www.burmeseclassic.com



ပြန် သူ့ကို အိမ်မှာ တည်းခိုခိုင်းရမှာပေါ့''

''သားသဘောပါကွယ်၊ မာမီတော့ မောင်ခွန်းဆက်လို သမ

မျိုးရရင် သိပ်ကောင်းမှာပဲလို့ တွေးမိတယ်''

စကားပြောရင်း ဖွဲ့အကြောင်း ရောက်သွားတော့ အစ်ကိုဖြ ဘက်က ခဏငြိမ်သွားတာ ဒေါ်သီရိ သတိထားလိုက်မိသည်။

''ခွန်းဆက်က လက်ထပ်တော့မှာ မာမီ၊ သူလို သမက် ရတဲ့လူ ကံကောင်းပါတယ်''

''သူ့ကောင်မလေးက ဘာလုပ်တာလဲ သား''

''ဒါလီက ခွန်းဆက်လိုပဲ စီးပွားရေးလုပ်ငန်းရှင်ပါ၊ တ တည်းသော သမီးဆိုပေမယ့် တော်တော်ထက်မြက်ပြီး စီးပွား လာဘ်မြင်တဲ့ မိန်းကလေးပါ။ လှလည်းလှတယ်ဆိုတော့ ခွန်းဆက စုံတွဲက လနဲ့နေလို လိုက်ဖက်ပါတယ်''

''အေးပေါ့၊ သူတို့အချင်းချင်းကျတော့ တော်နေထက်နေမှ စီး ရေးပိုဖြစ်မှာပေါ့ ကောင်းပါတယ်ကွယ်၊ ကြားရတာလည်း စိတ်ချ သာပါတယ်''

''မာမီတို့ ပြန်မယ့်ရက် ကြိုဖုန်းဆက်နော် မာမီ''

''အေးပါသားရယ်၊ မာမီလည်း ဒီမှာ ကြာကြာမနေပါ တစ်ပတ်ဆယ်ရက်ဆို တော်ပါပြီ''

''အဲဒါတွေ တွေးမနေနဲ့ မာမီ၊ အဓိကက မာမီကျန်းမာဖို့ပဲ

သားအမိနှစ်ယောက် ကျန်းမာရေးအကြောင်း ပြောဆိုပြီး ဖုန်း လိုက်ကြသည်။ သားကြီးက ဒေါ်သီရိကို ပေလီလိုနေရာမျိုး ကြ ကြာနေစေချင်တာ ဒေါ်သီရိ သိသည်။ ဒါပေမယ့် နွဲ့က အိမ်ထော သည်ကလေးအမေဆိုတော့ ငဲ့ကွက်ရမှာတွေက ရှိသေးသည်။ အ





နားကပ်ပြီး အနီးကပ် ပြုစုနေရပေမယ့် ညတိုင်း ယောကျ်ားလုပ်သူနှင့် သားတွေက ဖုန်းဆက်နေကြတော့ စိတ်မချမ်းသာ။

မိခင်ကျန်းမာရေးကြောင့် ခွဲနေရပေမယ့် နွဲ့လည်း သူ့မိသားစုကို လွမ်းနေမှာ သေချာသည်။ ဖွဲ့က လူလွတ်ပေမယ် ဘာတစ်ခုမှ အား ကိုးရတာ မရှိ။ အမေကိုချစ်ပေမယ့် နွဲ့လို ဂရုတစိုက် အနီးကပ်ပြုစု စောင့်ရှောက်နိုင်သူမဟုတ်။ သူ့ကို ဘာမှမဖြစ်အောင် အနားကရှိသူ တွေက လိုက်စောင့်ရှောက်နေရသူမျိုး ဖြစ်သည့်အတွက် အမြဲစိတ်မော နေရသည်။

''ဖွဲ့ရော မာမီ''

''အိပ်ရောပေါ့ သမီးရယ်၊ ဒေါ်ညိုနဲ့ ဘယ်တွေလျှောက်သွား မှန်း မသိပါဘူး ရောက်တာနဲ့ သူ့အခန်းထဲဝင်ပြီး ချက်ချင်း အိပ်တော့ တာပဲ''

''ဆေးသောက်ရအောင် မာမီ''

''အေးအေး''

ဖွဲ့အိပ်ပေမယ့် ဒေါ်သီရိတို့ သားအမိ မအိပ်။ ဒေါ်မာရီက သူ့သားနှင့်ဖွဲ့ကို အမြန်ဆုံး လက်ထပ်ပေးစားချင်သည့်အကြောင်း ဖွဲ့ သိအောင် တိုးတိုးတိတ်တိတ် တိုင်ပင်ဆွေးနွေးကြသည်။

''အန်တီမာရီကတော့ ဖွဲ့မှဖွဲ့ပဲနော် မာမီ''

''ဖွဲ့က သိပ်လှတဲ့သူဆိုတော့ သားရှင်တိုင်းက ချွေးမတော်ချင် ကြတာပေါ့ သမီးရယ်၊ အိမ်ထောင်ရေးကိစ္စ ဖြစ်နေတော့ သမီးအစ်ကို နဲ့ သေချာတိုင်ပင်ပြီးမှ တစ်ဖက်ကို အကြောင်းပြန်တာ ကောင်းပါ တယ်''

''ကိုခွန်းဆက်သာ မာမီ့သမက်ဖြစ်ရင် သိပ်ကောင်းမှာပဲနော်



www.burmeseclassic.com

www.burmeseclassic.com



မာမီ''

နွဲ့က သူဖြစ်ချင်တာကို ပြောသည်။

''သူတို့က လက်ထပ်ကြတော့မှာတဲ့ သတို့သမီးကိုယ်တိုင်က ထက်ထက်မြက်မြက် အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်လို့ ပြော တယ်''

''ဩော်''

နွဲ့ပါးစပ် ပိတ်သွားသည်။

ဖွဲ့က လှတာမှန်ပေမယ့် ငယ်လည်းငယ်၊ လူကလည်း ကလေး ဆန်တာပဲ ရှိသည်။ ဘာတစ်ခုမှ ရင့်ကျက်တာမရှိ။ စီးပွားရေးအမြင် နှင့်ကြည့်လျှင် လှတာတစ်ခုတည်းနှင့် ဘာမှလုပ်မရ။ ဒီနေ့ခေတ်က စိန်စိန်ချင်း ရွှေရွှေချင်း ထပ်သည့်ခေတ်ဆိုတော့ စီးပွားရေးလုပ်ငန်းရှင် အချင်းချင်း ပေါင်းစည်းကြသည်မှာ အဆန်းမဟုတ်။

ဖြစ်သင့်ဖြစ်ထိုက်တာကို လုပ်ကြခြင်းသာဖြစ်၍ အများ၏ အား ကျအထင်ကြီး လေးစားခြင်းကို ခံကြရသူတွေများသည်။ သူတို့က လည်း ဒါကိုပဲ ဂုဏ်ယူကျေနပ်ကြသည်။ အချစ်မရှိကြလို့တော့ မဟုတ်။ အချစ်နှင့် လက်ထပ်ခြင်းကို စီးပွားရေးသမား ပီသစွာ ခွဲခြားကြည့် မြင်ခြင်းဟု နားလည်ထားကြသူများ ဖြစ်သည်။

''ဖူးစာပါရင် သူ့ဘာသာ ဖြစ်သင့်ဖြစ်ထိုက်တာ ဖြစ်လာမှာပါ ကွယ်၊ သမီးဖွဲ့အတွက် သိပ်လည်း စိတ်ပူမနေပါနဲ့''

မာမီက နွဲ့ကို ပြန်နှစ်သိမ့်နေသည်။ ဘယ်သူမဆို ကိုယ့်သား သမီးကို ဆင်စီးမြင်းရံတာပဲ လိုချင်ကြသည်။ ဘယ်သူမှ ကိုယ့်သား သမီး ဒုက္ခရောက်တာ မမြင်ချင်ကြ။ ဖွဲ့မှာ ကံအကြောင်းပါလာလျှင် သူမနှင့်ထိုက်တန်သည့် ဖူးစာရှင် ဖွဲ့ထံ ရောက်လာမှာပါဟု စိတ်ချ





ထုံကြည်ထားရန်သာ ရှိသည်။ တခြားအကြောင်း မရှိ။ လောကကြီးက ကိုယ်ဖြစ်ချင်တိုင်း ဘာတစ်ခုမှ ဖြစ်ခွင့်ရှိတာမဟုတ်။ သူဖြစ်ချင်တာ တွေ ဖြစ်နေတာကို မမေ့ထားသင့်။

နွဲ့တို့က ဖွဲ့ကံတရားအကြောင်း တွေးနေချိန်မှာ ဖွဲ့က မောမောနှင့် နှမ်းမြိုက်စွာ အိပ်ပျော်လျက် အိပ်မက်ထဲ အလည်ရောက်ကောင်းနေ တုန်း ဖြစ်သည်။ ခွန်းဆက်ကို ဖွဲ့အစ်ကိုကြီး ကိုမင်းဖွဲ့သူငယ်ချင်း ဆိုတာပဲ သိသည်။ တခြားဘာမှမသိ။

ဖွဲ့အခု တည်းခိုနေသော ဘန်ဂလိုပိုင်ရှင်မှာ ခွန်းဆက်ဖြစ်ကြောင်း သိသူက နွဲ့နှင့်ဖွဲ့ မာမီပဲရှိသည်။ ဖွဲ့က မနက်ဖြန်လေယာဉ်နှင့် ရောက် လာမည့် သရအကြောင်းတွေးပြီး ခေါင်းပူနေသည်။

မလာပါနဲ့ဆိုလည်းမရ။

သရလုပ်တာနှင့် ဖွဲ့ချစ်သူရည်းစား ခိုးထားသည့်အကြောင်း မာမီတို့ သိတော့မည်။ လူက အခုမှ တက္ကသိုလ် ပထမနှစ်ပဲ ရှိသေး သည်။ ချစ်သူရည်းစားထားသည်ဆိုတော့ သိပ်တော့မလွယ်။ မိသားစု အားလုံးက ဖွဲ့ကို ကလေးလို့ပဲ မြင်နေကြတုန်း ရှိသေးသည်။ ဖွဲ့ ရည်းစားထားတာနှင့် ဖွဲ့ကို ယောကျ်ား တန်းပေးစားမှာ ဖွဲ့သိသည်။

နောက်တစ်ခု ဆိုးတာက သရကို ချစ်သူအဖြစ် ရွေးချယ်လိုက် တာပဲရှိသည်။ သရအကြောင်း ဘာတစ်ခုမှ ဖွဲ့မသိ။ မေးလည်း မမေး။ ဒါကြောင့်လည်း သရက ဖွဲ့ကို သူနဲ့ပတ်သက်ပြီး သွေးအေး ရပါမည်လားဟု အမြဲအပြစ်တင်သည်။

ဖွဲ့ကလည်း ဖွဲ့ပင်။

အခု သရ ဘယ်နေလို့နေမှန်းမသိ။ သရကတော့ ဖွဲ့နဲ့ပတ်သက် တာမှန်သမျှ အကုန်သိသည်။ ဘာတစ်ခုမှမကျန်။ အိမ်က ဖွဲ့ရည်းစား



www.burmeseclassic.com

ထားတာသိပြီး ဖွဲ့ရည်းစားမိဘတွေ ဘာလုပ်လဲ၊ ဘယ်မှာနေလဲဟု မေးလာလျှင် ဖွဲ့မှာ ဖြေစရာမရှိ။

'ဖွဲ့ မသိဘူးမာမီ'ဟုဖြေလျှင် မာမီရင်ဘတ် ဖိနေတော့မည်။ ဖွဲ့အိပ်ရာကနိုးတော့ ရေချိုးဖြစ်သည်။ ရေချိုးရင်း မနက်ဖြန် သ ရောက်လာရင် ဘယ်လိုလုပ်ရမလဲဟု တွေးမိသည်။ အဖြေက ရှာမ ဖွဲ့မှာ ယောကျ်ားလေး သူငယ်ချင်းလည်း မရှိ။ ရှိအောင်လည်း အိမ်က အထားမခံ။

ရုတ်တရက် ဖွဲ့ခေါင်းထဲမှာ လက်ခနဲအကြံတစ်ခု ပြေးဝင်လာ သည်။ ထိုအကြံက တခြားမဟုတ် ဖွဲ့တို့အကြောင်း သိသွားပြီဖြစ်သော ကိုကိုမင်းဖွဲ့သူငယ်ချင်း ဦးခွန်းဆက်ကို ဖွဲ့လိုချင်သည့် အကူအည တောင်းရန် ဖြစ်သည်။

ဟုတ်တယ်။ ဒီအကြံပဲ ကောင်းတယ်။ ဖွဲ့လိုချင်သည့် အဖြေ ရတော့ ဖွဲ့ပျော်သွားသည်။ တစ်ခုခက်တာက ဦးခွန်းဆက် ဘယ်မှာ တည်းမှန်းမသိ ထိပေါက်ပြီး ထိလက်မှတ်ပျောက်သလို ဖြစ်သွား၍ ပြန်စိတ်ညစ်သွားသည်။

"ဖွဲ့ကို မာမီပြောစရာရှိလို့ ဒီကိုလာပါဦး"

"ဟုတ်"

မာမီက လှမ်းခေါ်၍ ဖွဲ့ယောင်တောင်တောင်နှင့် မာမီနားရောက် သွားတော့ မာမီက ဖွဲ့တစ်ကိုယ်လုံး သေချာကြည့်ပြီး သက်ပြင်းရှိုက် သည်။

"မာမီ ဖွဲ့ကို မေးစရာရှိလို့"

"ဘာမေးမှာလဲ မာမီ"

"သမီးမှာ ချစ်သူရည်းစားတွေ ဘာတွေများ ရှိနေပြီလား"





"ရှင်"

ဖွဲ့ အလန့်တကြား မာမီမျက်နှာကို မော့ကြည့်လိုက်မိသည်။ ဘယ်တုန်းကမှ မာမီက ဖွဲ့ကို ဒီလို မမေးဘူး။ အခုမှ အထူးအဆန်း လုပ်ပြီး မေးနေတာဆိုတော့ ဦးခွန်းဆက်များ ဖွဲ့မှာ ချစ်သူရည်းစား ရှိနေကြောင်း မာမီကို ပြောလိုက်၍များလား။

"သမီးကို မာမီက အပြစ်တင်ချင်လို့ မေးတာမဟုတ်ဘူး သမီး ကို ချွေးမတော်ချင်နေတဲ့သူရှိနေလို့ မာမီက သမီးသဘောထား သိချင် လို့ မေးနေတာ"

"ဖွဲ့ အိမ်ထောင်မပြုသေးဘူးနော် မာမီ"

ဖွဲ့ အလန့်တကြား ငြင်းလိုက်တော့ မာမီက ဖွဲ့မျက်နှာလေးကို ကြင်နာစွာကြည့်ပြီး ပြုံးသည်။

"မာမီကလည်း ဖွဲ့ကို အခုချက်ချင်း အိမ်ထောင်ချပေးမယ်လို့ မပြောသေးပါဘူးကွယ်၊ သမီးမှာ ချစ်သူရှိတယ်ဆိုရင်လည်း ဘယ်သူ့ ဘယ်ဝါသားသမီးလဲဆိုတာ မာမီက သိချင်လို့ မေးတာပါ"

မာမီလေသံက အေးမြနေပေမယ့် ဖွဲ့ရင်ထဲမှာက မအေးမြနိုင်။ ဖွဲ့မှာ ချစ်သူရှိတာ မှန်ပေမယ့် သူ့အကြောင်းလည်း မာမီကို ဖွင့် မပြောချင်။ ဖွဲ့ကိုယ်တိုင်လည်း အခုအသက်အရွယ်နဲ့ အိမ်ထောင်ပြုဖို့ စိတ်မဝင်စား။

"သမီးမှာ ချစ်သူမရှိရင် အန်တီမာရီက သမီးကို သူ့သားနဲ့ နေရာချထားပေးချင်တယ်လို့ မာမီကို ဖွင့်အတင်း သမီးတောင်းနေ တယ်၊ သူ့သားက တစ်ဦးတည်းသောသားပေါ၊ ရုပ်လည်း မဆိုးဘူး အလုပ်ကတော့ ဆရာဝန်ပဲ အခု မန္တလေးမှာ တာဝန်ကျနေတယ်လို့ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ သမီးကြည့်ချင် ကြည့်ရအောင်လို့ ဓာတ်ပုံ မာမီယူလာတယ်၊ နာမည်က ဓေယျထင်တဲ့"

မာမီက ဖွဲ့ကို ဓာတ်ပုံတစ်ပုံ ထုတ်ပြသည်။ ဓာတ်ပုံထဲကလူက သိပ်တော့မဆိုးပါ။ လူချောတစ်ယောက် ဖြစ်ပေမယ့် ထိုဆရာဝန်ကို ဖွဲ့စိတ်မဝင်စား ဒီအသက်အရွယ်၊ ဒီရုပ်ရည် ဒီပညာနဲ့ သူလိုလူတစ်ယောက်မှာ ချစ်သူရည်းစား ဘယ်နှစ်ယောက်ရှိနေမလဲဆိုတာ မေးကြည့်စရာမလိုဘဲ တွေးကြည့်တာနှင့်ပင် ဖွဲ့သိပါသည်။

"ဘယ်လိုလဲ သမီး၊ သူ့ဥပဓိရုပ်က မဆိုးဘူး မဟုတ်လား"

"မဆိုးပါဘူး မာမီ၊ ကောင်းပါတယ် ဒါပေမယ့် အဲဒီလူကို ဖွဲ့ စိတ်မဝင်စားဘူး"

"လူချင်းတွေ့ကြည့်လိုက်ပါဦးလို့ သမီးအန်တီမာရီက သေချာမှာထားတော့ သူ့သားကို သမီးသဘောကျကျမကျကျ လူချင်းတော့ တွေ့လိုက်ပါဦး"

မမနွဲ့က ဝင်ပြောခြင်းဖြစ်သည်။

မိတ်ဆွေသူငယ်ချင်းတဲ့။ ဖွဲ့နဲ့သူ ဒီလောက်အသက်ကွာနေတာ မိတ်ဆွေသူငယ်ချင်း ဖြစ်စရာလား။

"မာရီက သူ့သားကိုပေးဖို့ သမီးဓာတ်ပုံတောင်းလို့ မာမီလည်း ဒီမှာရိုက်ထားတဲ့ ဓာတ်ပုံထဲကတစ်ပုံ ပေးခဲ့ရတယ်၊ သူ့သားက သူ့အမေသဘောတဲ့"

အမယ်လေး ဒါမျိုးကျတော့ လိမ္မာပြနေလိုက်တာ။ ဖွဲ့စိတ်ထဲက မကျေမနပ်နဲ့ ရန်တွေ့စကား ဆိုပစ်လိုက်သည်။ ဖွဲ့ဓာတ်ပုံကို မာမီပေးပြီးပြီဆိုမှတော့ ပြန်တောင်းလို့လည်း ရတော့မည်မဟုတ်။

"မာမီတို့ ရန်ကုန်ကိုပြန်တဲ့အချိန် မောင်ဓေယျာထင်လည်း အိမ်





ကိုလာလိမ့်မယ်၊ သူလာရင် သမီးဘက်က ကောင်းကောင်းမွန်မွန် ဆက်ဆံနော် သမီး"

"ဟုတ်ကဲ့ပါ၊ ဖွဲ့ ဒီလောက်တော့ သိပါတယ်"

မာမီက ဖွဲ့ထံမှ ချစ်သူရည်းစားအကြောင်း ဘာတစ်ခုမှ မပြော၍ ဖွဲ့မှာ ချစ်သူမရှိဟု ထင်နေသည်။ ဖွဲ့ကလည်း မာမီထင်သည့်အတိုင်း သရအကြောင်း ဘာတစ်ခုမှ ဖွင့်မပြော။ သရက ဖွဲ့ကို ချစ်သူအဖြစ်ရော၊ သူလက်ထပ်မည့်သူအဖြစ်ရော သတ်မှတ်ထားပေမယ့် ဖွဲ့မှာ သရနဲ့ပတ်သက်ပြီး ဘာတစ်ခုမှ သတ်မှတ်ထားတာမရှိ။

"ကဲ... ကဲ သမီးသွားနားချင် နားလို့ရပါပြီ၊ မာမီက သမီးကို မောင်ဓေယျထင်နဲ့ကိစ္စ သမီးသိအောင် ခေါ်ပြောတာပါ"

မာမီဆီက ခွင့်ပြုချက်ရတာနှင့် ဖွဲ့နေရာက ထွက်လာခဲ့သည်။ စိတ်ထဲမှာ ယောင်ချာချာနှင့် ဘယ်သွားလို့ သွားရမှန်းမသိ။ နေရင်းထိုင်ရင်း ယောက်ျားရတော့မည့် ကိန်းဆိုက်နေတာကို စိတ်ပျက်ပျက်နှင့် တစ်ယောက်တည်း ကမ်းစပ်အတိုင်း လျှောက်နေမိသည်။

"အဝေးကြီး လျှောက်မသွားနဲ့နော် ဖွဲ့"

"ဟုတ်ကဲ့ပါ"

မမနွဲ့က ဖွဲ့နောက်ကလိုက်လာပြီး စိတ်မချစွာ လှမ်းအော်တာကို အလိုက်သင့် တုံ့ပြန်ခေါင်းညိတ်လိုက်ရပေမယ့် လူကတော့ မရပ်။ မိုးကုတ်စက်ဝိုင်းနှင့် ရေလှိုင်းပြာပြာတို့ အနားသတ် ထိစပ်နေပုံကို မျက်စိတစ်ဆုံး မျှော်ကြည့်ရင်း လွတ်လပ်မှုမရှိသော ကိုယ့်အဖြစ်ကိုယ် စိတ်ညစ်နေမိသည်။

ဒီအကြောင်းတွေ သရကို ဖွင့်ပြောရင် ဘာတွေဆက်ဖြစ်ဦးမည် မသိ။ စိတ်ညစ်ညစ်နှင့် တစ်ယောက်တည်း လျှောက်ကောင်းကောင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာမိပြီးမှ ဖွဲ့သတိထားမိချိန်မှာ အတော်ဝေးဝေးသို့ ရောက်နေမှန်း ကိုယ့်ကိုကိုယ် သတိထားလိုက်မိသည်။

နေရာက ပြန်လှည့်အလျှောက်မှာ ဖွဲ့နားကို လူတစ်ယောက် ရောက်လာသည်။

"ဖွဲ့"

သူမအမည် ခေါ်သံကြား၍ မော့ကြည့်လိုက်တော့ ဖွဲ့မျက်နှာကို ငုံ့မိုး စူးစိုက်ကြည့်နေသည့် ဦးခွန်းဆက် မျက်နှာချောချောကို တွေ့လိုက်ရ၍ ဖွဲ့ရင်ထဲ လှိုက်ခနဲ ဝမ်းသာသွားသည်။

"ဦးခွန်းဆက်"

"တစ်ယောက်တည်းလား ဖွဲ့"

"မမနွဲ့က မာမီကိုစောင့်ရင်း ကျန်ခဲ့တယ် ဦးခွန်းဆက်ကရော"

"အင်း… ကိုယ်လည်းတစ်ယောက်တည်း လမ်းလျှောက်နေရင်း ဖွဲ့ကိုတွေ့လို့ လာနှုတ်ဆက်တာ"

အမှန်တော့ ဖွဲ့ကိုတွေ့နိုးနိုး လိုက်ရှာရင်း သောင်ကမ်းစပ်နား ဟိုလျှောက်ဒီလျှောက် လုပ်နေခြင်းဆိုတာကိုတော့ ခွန်းဆက် နှုတ်က ထုတ်မပြောတော့ပါ။ ဖွဲ့နှင့်တွေ့ပြီးကတည်းက တစ်ချိန်လုံး ဖွဲ့ကို သတိရနေမိသလို ဖွဲ့မျက်နှာလှလှလေးကို မြင်ချင်တွေ့ချင်နေတာ သူပဲ သိသည်။

ဖွဲ့က ကမ်းခြေနှင့်လိုက်ဖက်သော လိမ္မော်နှင့် အဝါ၊ အပြာတို့ ရောစပ်ထားသော ဂါဝန်တောက်တောက်လေး ဝတ်ထားပြီး အပေါ်က အဝါပွပွအင်္ကျီလေးကို ထပ်ဝတ်ထားပုံက ရောင်စုံလိပ်ပြာလေး လေမှာ ပျံဝဲနေသလို လှချင်တိုင်းလှတဲ့ ဖွဲ့ကိုကြည့်ပြီး ခွန်းဆက်ရင်တွေ ဟန်ဆောင်လို့မရအောင် ခုန်နေသည့်အဖြစ်ကိုလည်း ကိုယ့်ဘာသာ သဘော





တွေကျိတ်ကျနေသည်။

အချစ်ဆိုတာ ဒီလိုဖြစ်နေရမည်။

ဒါမှအချစ်စစ်ဆိုတာမျိုး ခွန်းဆက်ရင်ထဲ အဆက်မပြတ်အော် ည်နေချိန်မှာ ဖွဲ့က သရနှင့်ပတ်သက်ပြီး ခွန်းဆက်ကို ဘယ်လို ကူအညီတောင်းရပါ့မလဲ တွေးနေသည်။ ဖွဲ့နှင့်သူက အခုမှ တွေ့ကြ ဆိုတော့ ဖွဲ့ရည်းစားအကြောင်းပြောပြီး အကူအညီတောင်းရတာ တ်နှာတော့ ပူစရာကောင်းသည်။

ဒါပေမယ့် မတတ်နိုင်။

သရရောက်လာရင် ဖွဲ့ဆီကို ရောက်အောင်လာမှာ သေချာသည်။ တော့မှ သရကို ဘယ်လို မိတ်ဆက်ပေးရမှန်းမသိ။ အခုမှ သရဆို တော့ ဖွဲ့သူငယ်ချင်းပါလို့ပြောလည်း မာမီတို့က ယုံမှာမဟုတ်။ သရ ကို ဦးခွန်းဆက်ရဲ့ညီလိုလို ဘာလိုလို ပြောတာကမှ ဖွဲ့အတွက် ဦးမည်။ ဖွဲ့အပေါ်မှာလည်း ဘာတစ်ခုမှ မသက်သာစရာ မရှိ။

"ဦးခွန်းဆက်ကို ဖွဲ့တစ်ခုပြောစရာရှိလို့"

"ပြောလေ၊ ဖွဲ့ ဘာပြောချင်လို့လဲ"

"ဟိုဟာလေ… သရလာရင် ဖွဲ့ ဘယ်လိုလုပ်ရမှန်းမသိလို့"

သရဆိုတာ ဖွဲ့ကောင်လေးမှန်း သိလိုက်သည့်အတွက် လှပ သော ဖွဲ့မျက်နှာလေးကို သူစိုက်ကြည့်လိုက်သည်။ ငယ်နုသော တွေးလေးတွေက ကလေးဆန်သလို ဖွဲ့အပြုအမူတိုင်းကလည်း လေးဆန်စွာ ချစ်စရာကောင်းနေတာကို ခွန်းဆက်ကိုယ်တိုင် သတိ မိဘဲ မနေနိုင်။

"ဖွဲ့ကို ကိုယ်ဘာကူညီပေးရမလဲ"

ခွန်းဆက်ဘက်က လိုလားစွာ ဖွဲ့ကိုကူညီပေးမည့် စကားဆိုဟ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဖွဲ့ဝမ်းသာသွားကာ ခွန်းဆက်မျက်နှာကို မျက်လုံးလှလှကြီးတွေ ပင့်မော့ကြည့်လိုက်သည်။ ဖွဲ့ကို ငုံ့မိုးစူးစိုက်ကြည့်နေသည့် ခွန်းဆက် မျက်ဝန်းနက်နက်တွေနဲ့အဆုံမှာ ဖွဲ့ရင်ထဲတစ်မျိုး ဖြစ်သွားပေမယ့် ထိုတစ်မျိုးကို သေချာဂရုမစိုက်နိုင်။ လောလောဆယ် သရနှင့် ဖွဲ့ကို ကိုအဆင်ပြေအောင် အရင်စဉ်းစားနေရတာနှင့် တခြားဘာတစ်ခုမှ အာရုံ မရောက်။

"သရရောက်လာရင်··· သရကို ဦးခွန်းဆက်ရဲ့ ညီဝမ်းကွဲ ဘာညာဆိုပြီး မာမီတို့နဲ့ မိတ်ဆက်ပေးချင်လို့ ရမလားဟင်"

"ဘာလို့မရရမှာလဲ သိပ်ရတာပေါ့"

ခွန်းဆက်က ဖွဲ့ဖြစ်ချင်တာကို အလွယ်တကူ လိုက်လျောတော့ ဖွဲ့ ပျော်သွားသည်။

"နောက်မှ တကယ်မဟုတ်မှန်း သိသွားရင် ဘယ်နှယ့်လုပ် မလဲ"

သူ့အတွက် စိုးရိမ်သလိုလေး မေးလာသည့် ဖွဲ့မျက်နှာလှလှ လေးကိုကြည့်ပြီး ခွန်းဆက် ပြုံးလိုက်သည်။ ဘာဖြစ်လို့ ဖွဲ့ဆိုတာ ဒီလောက်ချစ်စရာကောင်းနေရတာလဲ။

"ဘယ်နှယ်မှ မလုပ်ဘူး၊ ဖွဲ့က အဲဒီအတိုင်း ပြောလိုက်ပါဆို လို့ ပြောလိုက်တာပါလို့ အန်တီတို့ကို ပြောလိုက်မယ်"

"ဟွန်း··· အခုကတည်းက တော်တော်အားကိုးရမယ့် လူပဲ"

ဖွဲ့က မကျေမနပ် ရှုဖွဖွလေးပြောတော့ သူက ရယ်သည်။

"ကိုယ်က ဖွဲ့ကို စတာပါ၊ ဖွဲ့က ဖွဲ့ကောင်လေး ရောက်လာရင် ဖွဲ့ကို ဖွဲ့မာမီဆူမှာ ကြောက်နေတာ မဟုတ်လား"

"ဟုတ်တယ်၊ မာမီ့ကို ကြောက်တယ်"





"အန်တီက ရိုက်မှာစိုးလို့လား"

ခွန်းဆက်မျက်နှာက ပြုံးနေသည်။

ဘယ်တုန်းကမှ သူ့မျက်နှာအပေါ် အပြုံးမရှိတတ်သည့်လူက ဖွဲ့နှင့် စတွေ့ကတည်းက ခဏခဏ ပြုံးချင်နေတာလည်း တစ်မျိုး ထူးခြားနေသည်။

"မာမီက ဖွဲ့ကို ဘယ်တုန်းကမှ မရိုက်ပါဘူး၊ အခုဟာက ရိုက်တာထက်ဆိုးမှာ"

"ရိုက်တာထက် ဆိုးမှာဆိုတော့ အခန်းတံခါးပိတ်ပြီး သော့ခတ် ထားမှာမျိုးလား"

"ဟင့်အင်း ဖွဲ့ကို ယောက်ျားပေးစားပစ်မှာ ကြောက်လို့"

ဒီတစ်ခါ ခွန်းဆက် မရယ်နိုင်တော့ပါ။ ဖွဲ့ကြောက်သလို သူ ကိုယ်တိုင်လည်း ဖွဲ့ကို တခြားတစ်ပါးသူလက်ထဲ ထည့်လိုက်ရမှာ စိတ်ကူးနှင့်ပင် ကြောက်လန့်နေပါသည်။

"အခုမှတော့ ပြောလက်စနဲ့ မထူးတော့ပါဘူး။ ဦးခွန်းဆက်က လည်း ကိုကိုကြီးသူငယ်ချင်း ဖြစ်နေမှတော့ ဖွဲ့အကြောင်း တစ်ခါတည်း ပြောလိုက်တာပဲ ကောင်းပါတယ်"

ဖွဲ့က သူမအကြောင်း သိနေပြီးမှ မထူးတော့ဟု သဘောပေါက် ကာ ခွန်းဆက်ကို မာမီသဘောတူထားသည့် ဒေါက်တာဧယျာထင် အကြောင်းကိုပါ တစ်ဆက်တည်း ဖွင့်ပြောပစ်လိုက်သည်။

"ဖွဲ့က သူများတွေလို ပျော်ချင်လို့ ရည်းစားထားတာ၊ ယောက်ျားယူချင်လို့မှ မဟုတ်ဘဲ၊ မာမီတို့ ဇွတ်စီစဉ်ရင် အိမ်က ထွက်ပြေးမှာဆိုတော့ မာမီက ဖွဲ့ကို ရောင်းစားခံချင်လို့လားတဲ့"

ပြောပြီး ဖွဲ့ရယ်လိုက်တော့ ခွန်းဆက်ကလည်း ဖွဲ့နှင့်အတူ လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရယ်သည်။ ဖွဲ့က သူတွေ့ဖူးသည့် တခြားမိန်းကလေးတွေနှင့် လုံးဝမတူ။ ရိုးသားသည်။ ပွင့်လင်းသည်။ ဘာတစ်ခုမှ မကွယ်ဝှက်ဘဲ သူ့သဘောထားလေးတွေကို ကလေးတစ်ယောက်လို ပြောပြသည်။

မင်းဘွဲ့နှင့် ခွန်းဆက်အချစ်ဆုံး သူငယ်ချင်းတွေဆိုပေမယ့် မင်းဘွဲ့တို့ မိသားစုအကြောင်း ခွန်းဆက်ကိုယ်တိုင် သိပ်မသိ။

မင်းဘွဲ့တို့ အိမ်ကိုလည်း တစ်ခါမှ မရောက်ဖူး။ မင်းဘွဲ့က စိတ်သဘောထား နူးညံ့သိမ်မွေ့ပြီး သူငယ်ချင်းတွေအပေါ်မှာ အနစ်နာခံပေါင်းတတ်သည်။ ဒုက္ခဖြစ်နေသူကို ကူညီသည်။ သူ့ကြောင့်လည်း ဘယ်သူမှ ဒုက္ခမရောက်စေရ။ စိတ်ထားကောင်း၍ ရိုးသား ဖြောင့်မတ်သည့် မင်းဘွဲ့ကို သူငယ်ချင်းအားလုံးက ချစ်ကြသည်။

သူတို့ တစ်ခုခုဖြစ်လာရင် မင်းဘွဲ့ကို ဖုန်းဆက်ကြသည်။ အကူအညီ တောင်းကြသည်။ မင်းဘွဲ့က ငွေရောလူပါ အကူအညီပေးသည့်နေရာမှာ တခြားသူလိုက်မမီ။ ဒီလိုလူမျိုးမှာ ဒီလိုညီမလေးရှိသည်မှာ မဆန်း။ စိတ်ကောင်းနှလုံးကောင်းသူအဖြစ် မင်းဘွဲ့ကို ခွန်းဆက်ကိုယ်တိုင် နှစ်ခြိုက်သဘောကျခဲ့သူ ဖြစ်သည်။

အခုတော့ မင်းဘွဲ့ညီမအငယ်ဆုံး အထွေးဆုံးလေး ဖွဲ့ကို သူချစ်မိပါပြီ။ ဖွဲ့စိတ်ချမ်းသာမည်။ ဖွဲ့ပျော်မည်ဆိုလျှင် ဘာဖြစ်ဖြစ် ခွန်းဆက် လုပ်ပေးချင်နေသည်။ ခွန်းဆက်ကိုယ်တိုင် တစ်ဦးတည်းသောသားဆိုတော့ သူ့လို ဆိုးမည့်ချွဲမည့်ညီမ မရှိ။ သူ့ကိုယ်တိုင်လည်း ဆိုးနွဲ့ရမည့် အစ်ကိုအစ်မ မရှိ။

ဖွဲ့က ကံကောင်းသူဖြစ်သည်။

ဖွဲ့မှာ ဆိုးစရာ နွဲ့စရာ အစ်ကိုအစ်မ အားလုံးရှိသည်။ ပြီးတော့ ဖွဲ့အလိုကိုလိုက်ပြီး ဖွဲ့အကြိုက်ဆောင်ချင်နေသည့် ချစ်သူက ဖွဲ့နား





အသင့်။ ထိုချစ်သူက တခြားသူမဟုတ် ခွန်းဆက်ကိုယ်တိုင် ဖြစ်သည်။

"ဖွဲ့ကောင်လေး ရောက်လာရင် ကိုယ့်ဆီလှမ်းလိုက်လေ၊ ဒါဆို စိတ်ပူစရာ မလိုတော့ဘူး"

ခွန်းဆက်က သူနှင့်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တစ်ခု ဖွဲ့ကို ပေးပြီး သူလက်ရှိ တည်းခိုနေသည့် နေရာကို ဖွဲ့သိအောင် ပြောပြသည်။

"ဪ… နေဦး…ကိုယ့်ကို ဖွဲ့ မမနွဲ့က ထမင်းစားခေါ်ထားတာ ဖွဲ့သိလား"

"ဟင့်အင်း ဖွဲ့မသိဘူး"

တကယ်လည်း ဖွဲ့မသိ။

လှပဝိုင်းစက်သော ဖွဲ့မျက်ဝန်းနက်နက်တွေနဲ့ဆုံတိုင်း ခွန်းဆက် ခံစားချက်တွေ ပိုပိုဆိုးလာတာတွေးပြီး သူ့ကိုယ်သူ သဘောကျနေမိသူက ခွန်းဆက်။

ဒီပုံနှင့်ဆိုမလွယ်။

ဖွဲ့ဆိုသည့် မိန်းမလှလေးက သူ့ကို ဘယ်လိုအတတ်ပညာတွေနှင့် ညှို့ယူဖမ်းစားထားမှန်း မသိ။ အချိန်တိုင်း ဖွဲ့မျက်နှာလေးကိုသာ ကြည့်နေချင်သည့် သူ့စိတ်ကို မနည်းကြိုးစား ထိန်းနေရသည်။

"ကိုယ်လာရင် ဖွဲ့ကောင်လေးကို ကိုယ်နဲ့အတူ ဖွဲ့မာမီတို့ဆီ ခေါ်လာခဲ့မယ် ဖွဲ့သဘောတူတယ် မဟုတ်လား"

"တူတာကတော့ တူပါတယ်"

ဖွဲ့အသံက ခပ်လေးလေး။

ခွန်းဆက် စကားပြောတိုင်း ဖွဲ့ကောင်လေး ဖွဲ့ကောင်လေးဟု



www.burmeseclassic.com

www.burmeseclassic.com



ထည့်ထည့်ပြောနေတာကို ဖွဲ့စိတ်ထဲက မကြိုက်။ ဘာဖြစ်လို့ မကြိုက် မှန်းလည်း ဖွဲ့ကိုဖွဲ့လည်း သေချာမသိ။ သရကို နာမည်မခေါ် ပြောပြောနေတာကို သဘောမကျတာ နေမှာပါဟုတွေးရင်း ထိုစကားဆက်မကြားချင် ဖြစ်လာသည်။

"ဖွဲ့ကောင်လေးကို အကျိုးအကြောင်း ပြောထားပြီးပြီလား"

"ဟင့်အင်း မပြောရသေးဘူး"

"ဖွဲ့ကောင်လေးကို ပြောလိုက်တော့"

"ဖွဲ့ကောင်လေးလို့ မပြောပါနဲ့"

"ဗျာ"

"သူ့နာမည်က သရပါ။ ဘာဖြစ်လို့ သူ့နာမည် မခေါ်ဘဲ ဖွဲ့ကောင်လေး၊ ဖွဲ့ကောင်လေးနဲ့ ထည့်ထည့်ပြောနေရတာလဲ"

ဖွဲ့က မကျေနပ်ဟန် ရန်တွေ့စကားဆိုတော့ ခွန်းဆက် ရယ်လိုက်သည်။

"သရဆိုတာ ဖွဲ့ကောင်လေးပဲလေ မဟုတ်လို့လား"

"အို… ဟုတ်ဟုတ်မဟုတ်ဟုတ် ဖွဲ့ကို အဲဒီလိုပြောတာ မကြိုက် ပါဘူး"

"အိုကေ ဖွဲ့မကြိုက်ရင် မပြောတော့ဘူး ဟုတ်လား၊ နှုတ်ခမ်းစူနေတာ လျှော့လိုက်ဦး"

"အံ့မယ်၊ ဘယ်မှာ ဖွဲ့က နှုတ်ခမ်းစူနေလို့လဲ"

ပြောပြီး ဖွဲ့ရယ်လိုက်သည်။ ဒီတစ်ခါတော့ ဖွဲ့ရယ်သံက လှိုင်းခတ်သံကြားမှာ ပေါ့ပါးသွက်လက်စွာ စီးမျောပျံ့လွင့်သွားသည်။



## အခန်း (၆)

"အမိပွာယ်မရှိတာ ဖွဲ့ရယ်"

"အမိပွာယ်ရှိချင်ရင် ယူ့ဘာသာယူ ရန်ကုန်မှာနေ"

"ကိုယ့်ကို ပြဿနာမရှာနဲ့နော် ဖွဲ့"

"ပြဿနာရှာတာက ဖွဲ့မဟုတ်ဘူး၊ ယူကိုယ်တိုင် သိလား"

ဖုန်းနှင့် ရန်ဖြစ်နေကြခြင်း ဖြစ်သည်။

ဖွဲ့စီစဉ်တာကို သရက လက်မခံ။ ကိုယ့်ချစ်သူ ကိုယ်တွေ့ရမည့်အရေး တခြားဘာမဆိုင်ညာမဆိုင် လူတစ်ယောက်ကို သရက သွားဆက်သက်ရမှာမျိုး သရက လက်မခံ။ ဖွဲ့ကလည်း သူမထုံးစံအတိုင်း ဆိုဒါမှဆိုတော့ ပြောမရဆိုမရ။ သူ့စကားကို နားမထောင်ရပါလားဟု ဒေါပွပြီး ဖုန်းချသွားတော့ သရတစ်ယောက်တည်း အတွေးပေါင်းစုံနှင့် ဖွဲ့အကြောင်း စဉ်စားရင်း ကျန်ရစ်သည်။

ဖွဲ့ကို သူချစ်သည်။

ချစ်လွန်းလို့ အလိုလိုက်ထားရတာတွေက သရနှင့်ဖွဲ့ကြားမှာ အများကြီးမှ အများကြီးပါ။ ချစ်သူရည်းစားဘဝမှာ ဖွဲ့ချမှတ်ထားသည့် စည်းကမ်းတွေ အားလုံးမဖြစ်သင့်မှန်း၊ မဖြစ်နိုင်မှန်းသိသိနှင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ခံပေးခဲ့တာ ဖွဲ့ကို သိပ်ချစ်လွန်းလို့ဆိုတာ ဖွဲ့သိစေချင်သည်။

ဒီလိုဖွဲ့ကို ပိုပိုပြီး ချစ်နေအောင်။ ဖွဲ့အလိုကို လိုက်ချင်အောင် ဖွဲ့ဘက်ကလည်း ချစ်စရာကောင်းနေသလို အသည်းယားစရာလည်း ကောင်းသူ ဖြစ်နေသည်။

ပြောတော့ ဖွဲ့ရည်းစား။ ဖွဲ့ချစ်သူတဲ့။ ပြီးရင်တော့ သရအကြောင်း ဘာဆိုဘာမှ သိတာမဟုတ်။ သရကို ချစ်တာပဲ သိသည်။ အနိုင် စိုလ်ကျချင်နေတာပဲ နားလည်သည်။ အခုချိန်ထိ သရ ဘယ်မှာနေ နေမှန်းမသိ။ သရမိဘတွေ ဘယ်သူလဲ၊ ဘာအလုပ်တွေလုပ်လဲဆိုတာ မေးလည်းမမေး သိလည်း မသိ။ သရအိမ်ကို လိုက်လည်ဆိုလည်း ခေါ်လို့မရ။ ဘာမှန်းမသိသည့် ဥကျူကျူသတ္တဝါလေးက ရင်ခွင် သိမ်းကျုံးပွေ့ဖက်ထားချင်စရာကောင်းအောင် သရကို အသည်းယား အောင် လုပ်တတ်သည့် နေရာမှာတော့ နှစ်ယောက်မရှိ။

"ဖွဲ့တို့ကျောင်းမှာ နာမည်ကြီးသူဌေးသား တစ်ယောက်ရှိတာ သရသိလား"

"ဖွဲ့ ဘယ်လိုသိလဲ"

"အို ဖွဲ့က ဘယ်လိုလုပ်သိမှာလဲ၊ ဖွဲ့သူငယ်ချင်းတွေ ပြော လို့ ဖွဲ့ကသိတာ၊ အဲဒီလူက အရမ်းဆိုးတယ်တဲ့ သိလား"

"ဘယ်လိုဆိုးတာလဲ"

"အဲဒါတော့ ဖွဲ့လည်း မေးမကြည့်လိုက်လို့ မသိဘူး၊ သူတို့ အချင်းချင်း ပြောနေတာ ကြားတာတော့ အဲဒီလူက လူဆိုးပါတဲ့ဆို"

ဖွဲ့က သရမျက်နှာကိုလည်း မကြည့်။ ဖုန်းထဲက အသစ်တက် လာသည့် အင်တာနက်သတင်းတွေ လျှောက်ကြည့်နေ၍ လှပသော ဖွဲ့မျက်နှာကို စိုက်ကြည့်ပြီး အသည်းယားနေသူက သရဖြစ်သည်။





ဖွဲ့ပြောနေသည့် နာမည်ကြီးသူဌေးရဲ့ သား။ ဖွဲ့ လူဆိုးပါလို့ ပြောနေတဲ့လူက တခြားသူမဟုတ်။ ဖွဲ့ကိုယ်တိုင် ဖွဲ့ချစ်သူပါလို့ ရွေး ထားသည့် သရဆိုသည့် သူကိုယ်တိုင် ဖြစ်နေတာက ခက်သည်။

"အဲဒီလူကို ဖွဲ့သိချင်လား"

"မသိချင်ပါဘူး ရှုပ်ရှုပ်ယှက်ယှက်တွေ"

သဘောမကျသလို မျက်နှာလေးတို ချစ်မြတ်နိုးစွာ ရှုးစိုက် ဝစ်လိုက်တာ ဖွဲ့က မသိ။

"သရလည်း အဲဒီလူနဲ့ သွားမပတ်သက်နဲ့နော်။ လူတွေက အဲဒီလူအကြောင်း ဘယ်သူမှ အကောင်းပြောတာ မဟုတ်ဘူး၊ တော်ကြာ သရပါ သူတို့ပြောတဲ့ထဲ ပါနေဦးမယ်"

"ကိုယ်က လူဆိုးမို့လို့လား"

"သရမဆိုးလို့ ဖွဲ့ရဲ့ချစ်သူဖြစ်နေတာ ဒီလောက်မှ မသိဘူး လား"

"ဖွဲ့ကမှ လူဆိုး"

သူ့အကြောင်းမသိဘဲ သူ့အကြောင်း အတင်းပြန်ပြောနေသည့် ဖွဲ့ကို ချစ်စနိုး သူပြောတော့ ဖွဲ့က ရယ်သည်။

"ဒါကတော့ ဖွဲ့ကုသိုလ်နဲ့ကိုယ်ပဲလေ၊ ဖွဲ့ကိုက ဖွဲ့ဆိုးလို့ရတဲ့ သူကိုပဲ ဖွဲ့ချစ်သူအဖြစ် ရွေးထားတာ ကြည့်ပါလား"

"ဖွဲ့က ကိုယ်ဆိုးတာ မမြင်ဖူးသေးလို့ပါ"

သူခပ်ပြုံးပြုံး ပြောတော့ ဖွဲ့က မယုံ။

"သရနဲ့ဖွဲ့ ဘယ်သူက ပိုဆိုးလဲ"

"ဖွဲ့က ပိုဆိုးတယ်"

"တွေ့လား၊ အမှန်တွေပေါ်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



သရကိုယ်တိုင်က ဖွဲ့ဆိုးချင်တိုင်း ဆိုးလို့ရနေအောင် သိပ်ချစ်လို့ခွင့်ပြုထားတာကိုတော့ သူထုတ်မပြောတော့ပါ။ သရဆိုတာ ဖွဲ့ကို သိပ်ချစ်နေတဲ့လူပဲ။ ဖွဲ့ပျော်နေတာ။ သူ့အပေါ် ဆိုးနွဲ့နေတာကိုပဲ အမြတ်တနိုး တန်ဖိုးထားပြီး ချစ်နေမိသူအဖြစ် ဖွဲ့ဘာလုပ်လုပ် ခွင့်လွှတ်နေမိသူ ဖြစ်နေသည်။

ဖွဲ့ကွယ်ရာမှာ သူဘယ်လောက်ဆိုးဆိုး ဖွဲ့နှင့်ပတ်သက်လာရင်တော့ သူဘက်က အရှုံးပေးဖို့ အမြဲအဆင်သင့် ဖြစ်နေတတ်သည့်သူဆိုတာ ဖွဲ့နားမလည်။ သူဖြစ်ချင်တာ မဖြစ်တာနှင့် သရကို စိတ်ဆိုးမည်။ ဒေါသဖြစ်မည်။ ရန်တွေ့မည်။

သရဘက်က အနေအထားကို ဘာတစ်ခုမှ ပြန်မကြည့်။ ကြည့်ရအောင်လည်း သရဘယ်လိုလူလဲဆိုတာ မသိတော့ ပိုခက်သည်။ ငပလီမှာ သရနှာမည်နှင့် ဟိုတယ်ရှိသည်။ ဖွဲ့ပြောသလို တခြားသူတစ်ယောက်နောက်လိုက်ပြီး ဖွဲ့ကို တွေ့ဖို့ဆိုတာ သူ့အနေနဲ့မဖြစ်။ ကိုယ်ချစ်သူ ဘာကောင်လဲဆိုတာ မသိသည့် ဖွဲ့ကိုသာ စိတ်ညစ်ညစ်နှင့် ရန်စွာလှသော နှုတ်ခမ်းအိအိလေးကိုသာ သူ့နှုတ်ခမ်းနှင့် ဖိကပ်ပြီး ဒဏ်နာနာပေးပစ်ချင်နေသည်။

ဖွဲ့တော့ ကိုယ်နဲ့မြန်မြန် လက်ထပ်မှကို ဖြစ်တော့မယ် ဖွဲ့ရယ်။

ဒီပုံနဲ့ကြာရင် ကိုယ်ရင်ဖွင့်ပေါက်ကွဲမိတော့မယ်။

ဖွဲ့ဓာတ်ပုံလေးကို စိုက်ကြည့်ပြီး သရရင်ထဲက ခံစားချက်တွေကို ဖွင့်အံနေနေမိသည်။ ရိုးသားသော ဖွဲ့ကို သူကိုယ်တိုင် အခုချိန်ထိ သူ့အကြောင်းကို ဖွင့်မပြောမိ။ ဖွင့်ပြောစရာလည်း မလိုဟုထင်သည်။ အချိန်တန်တော့ သူ့အလိုလို ဖွဲ့သိလာလိမ့်မည်ဟု ယုံကြည်ထားသည်။

သူဘယ်သူဆိုတာ မသိဘဲ ဖွဲ့စိတ်နှင့် ဖွဲ့ကိုယ် သူမစိတ်ထင်သလို





ပြုမူပြောဆို ဆက်ဆံနေသည့် အပေါ်မှာလည်း သရသဘောကျနေတာ ညည်းပါသည်။ သရ ဘယ်သူဘယ်ဝါဆိုတာ သိပြီးမှ သူ့အပေါ် ဖွဲ့ဘက်က တစ်မျိုးတစ်ဖုံ ပြောင်းလွဲသွားမှာကို သရကိုယ်တိုင် အလို မရှိ။

ဖွဲ့ချစ်တာ သရဆိုသည့် သူ့ကိုဖြစ်သည်။ သရနောက်က တခြား အဆောင်အယောင်တွေ မဟုတ်။ သရ ဘယ်သူဆိုတာသိရင် ဖွဲ့ဘက်က ဘယ်လိုတုံ့ပြန်လာဦးမည်မသိ။ ဖွဲ့မုန်းသော ကြည့်မရသော သူဒွေး သားက ဖွဲ့ချစ်သူဆိုလျှင် ဖွဲ့သူ့ကို မုန်းသွားမှာ သရကြောက်သည်။

ထိုသို့လည်း အဖြစ်မခံနိုင်။

ဖွဲ့ချစ်သူအဖြစ် ဖွဲ့နားမှာ ထာဝရအတူ နေချင်တာပဲ ရှိသည်။ လက်ထပ်ကြရအောင်လို့ ဖွဲ့ကို သူပြောတိုင်း ဖွဲ့က သူ့ကို ရယ်မော စေတတ်မြဲ။

“ရည်းစားဖြစ်တာနဲ့ ယူ့ကို လက်ထပ်ရမယ်လို့ ဘယ်သူပြော သလဲ”

“ဘာလဲ ဖွဲ့က ကိုယ့်ကိုအပျော်ကြံတာလား”

“ဟုတ်တယ်”

ဖွဲ့ရယ်။

ဖွဲ့ကြောင့် သူအမြဲပျော်ရသည်။ ဖွဲ့ကိုယ်တိုင်လည်း သူကြောင့် ပျော်နေတာ မြင်ရတော့ သူကျေနပ်သည်။ ဖွဲ့ကို စိတ်ညစ်အောင် သူ မလုပ်ချင်။ သူနဲ့ဖွဲ့ကြားမှာ ရှိနေသည့် အချစ်စည်းဝိုင်းကို နက်သထက် နက်ရှိုင်းအောင် ကြိုးစားချင်သည်။ ဒါမှ ဖွဲ့က သူ့ကိုခွဲမသွားမှာ မဟုတ်လား။

အခုပုံစံအတိုင်းကတော့ ဖွဲ့စိတ်ကို သရကိုယ်တိုင် သိပ်နေ



www.burmeseclassic.com

www.burmeseclassic.com



မလည်။ ဖွဲ့ချစ်တာက တစ်မျိုးဖြစ်သည်။ ကလေးဆန်သော ဖွဲ့အချစ်ဟာ ဖြူစင်မှုကို အခြေခံသူဖြစ်၍ တခြားချစ်သူစုံတွဲတွေလို သည်းနေတာမျိုး မကြိုက်။ သူမကိုယ်တိုင်လည်း လက်မခံ။ တစ်ခါတစ်ခါ ဖွဲ့ရဲ့ အသည်းယားပြီး စိတ်ရှိလက်ရှိ ချစ်ပစ်ချင်စိတ်တွေ သူ့ရင်မှာ လှိုင်းထ လာတိုင်း ဖွဲ့အမုန်းကို ရင်မဆိုင်ချင်တာနှင့် သူ့ စိတ်သူအမြဲ ထိန်းချုပ် နေရသည်။

ဖွဲ့ချစ်သူဖြစ်ခွင့်ရတာကို အပျက်မခံနိုင်။ ဖွဲ့က သူ့ကိုယ်သူ မသိပေမယ့် ဖွဲ့အချစ်ကို လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေသည့် ကြားထဲ ဖွဲ့အချစ်ကို အရယူနိုင်တာကို သူ့ကိုသူ အမြဲကျေနပ်နေရသည့်အတွက် ဖွဲ့မကြည်ဖြူသည့် အလုပ်ကို မလုပ်ချင်တာနှင့် အမြဲသက်ပြင်းကိုက် ချနေရသူ။

သူပေလီရောက်တော့ သူတို့ ဟိုတယ်မန်နေဂျာ လာကြိုသည်။ ဖွဲ့ပေးထားသည့် လိပ်စာနှင့်ဖုန်းရှိနေပေမယ့် ခွန်းဆက်ဆိုသည့် လူထံ မသွား။ ဖွဲ့ရှိနေသည့် နေရာကို ဖွဲ့မသိအောင်သွားပြီး ဖွဲ့ကိုသွားကြည့် သည်။ ဖွဲ့တည်းနေသည့် ဟိုတယ်ပိုင်ရှင်ကို ချုပ်ချင်းစုံစမ်းလိုက်တော့ ပိုင်ရှင်သူဌေးဆိုတာ တခြားသူမဟုတ်ပဲ ဖွဲ့သွားတွေ့ခိုင်းနေသည့် ခွန်းဆက် ဆိုသည့် လူကိုယ်တိုင်ဖြစ်နေ၍ သရတစ်ကိုယ်လုံး ခံပြင်းဒေါသနှင့် တဆတ်ဆတ် တုန်သွားသည်။

ခွန်းဆက်ဆိုသည့်လူကို သရ မသိ။ ဒါပေမယ့် မြွေမြွေချင်းတော့ ခြေမြင်နိုင်သည်။ သရလိုလူတောင်မှ ဖွဲ့အချစ်ကို လက်လွှတ်အဆုံး ရှုံးမခံနိုင်လျှင် ခွန်းဆက်ဆိုသည့် လူကရော။ ဘာသားနှင့်ထုထား သနည်း။ ဖွဲ့လိုမိန်းမလှလေးကို မြင်သည့် ယောကျာ်းတိုင်းဖွဲ့ကို မချစ် ချင်သည့် လူမရှိ။





ဖွဲ့ကို ချစ်ချင်ကြသူ၊ ကြိုက်ချင်ကြသူတွေချည်းဆိုတာ ယောကျာ်း တစ်ယောက်ဖြစ်သော သရကိုယ်တိုင် ခံစားနိုင်သည်။ နားလည်နိုင် သည်။

သရ နားမလည်နိုင်တာက ဖွဲ့ကိုဖြစ်သည်။ သူလိုလူတစ်ယောက် ကို ဘာကိစ္စ၊ ခွန်းဆက်ဆိုသည့် လူအောက်ရောက်အောင် တွန်းပို့ ချင်နေရသနည်း။ ပထမတော့ ဒေါသဖြစ်သည်။ ဖွဲ့ကို မုန်းပစ်မေ့ပစ် ချင်သည့်အထိ စိတ်ထဲက နာမိသည်။ နောက်သေချာ ပြန်တွေးကြည့် တော့ ဖွဲ့အဖြစ်ကို နည်းနည်းသဘောပေါက် နားလည်ချင်လာသည်။

ဖွဲ့က စိတ်ရင်းဖြူစင်သည်။ ရိုးသားသည်။ သူမကိုယ်တိုင် ရှုပ်ထွေးမွေလီတာ မရှိသလို တခြားသူ၏ ရှုပ်ထွေးမှုကို မနှစ်သက်။ မုန်းတတ်သူဖြစ်သည်။ သူမချစ်သူကို အခုအချိန်ထိ ဘယ်သူဘယ်ဝါ မှန်းမသိသော ဖွဲ့က ခွန်းဆက်ဆိုသည့် လူကိုလည်း ဒီလူဘယ်သူ ဆိုတာ သိချင်မှသိမည်။

မသိလို့လည်း ဖွဲ့က သူမ၏ ကလေးအတွေး၊ ကလေးအမြင်နှင့် သူမဖြစ်ချင်တာ ပြောခြင်းဟု သဘောပေါက်လာ၏။

ဖွဲ့ချစ်သူ ဘာကောင်လဲ၊ ဘယ်လိုလူလဲဆိုတာ အခုချိန်ထိ ဖွဲ့ မသိတာ ခက်သည်။ ပေလီရောက်ပြီးမှ ဖွဲ့ကို သရဘက်က လုံးဝ အဆက်အသွယ်မလုပ်တော့ ဖွဲ့စိတ်ထဲ သူမလာတော့ဘူးဟု ထင်နေတာ သရ မသိ။

ခွန်းဆက်ကို ထမင်းဖိတ်ကျွေးချိန်မှာ သရပါမလာတော့ ဖွဲ့စိတ် တွေ လွှတ်လပ်ပေါ့ပါးနေသည်။ ဖွဲ့နှင့် ဖုန်းပြောပြီးကတည်းက သရ ဆီက ဘာသံမှ ထပ်မကြားရတော့ သရ မလာတော့ဘူးလို့ပဲ ထင်နေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို့လဲ ဖွဲ့ကောင်လေးလည်း မလာပါလား"

"ဘာ ဖွဲ့ကောင်လေးလဲ"

"ဩော်… သရဆိုတဲ့ ချာတိတ်ကို ပြောတာပါဗျာ"

ပြုံးနေသည့် ခွန်းဆက်မျက်နှာက တည်ကြည်မှုတွေနှင့် ခန့်ညား ချောမွေ့လျက်။ ဖွဲ့ဆိုးသမျှ အစွမ်းကုန်အလိုလိုက်မည့် အစ်ကိုကြီး တစ်ယောက်၏ အပြုံးမျိုးဖြင့် ဖွဲ့မျက်နှာလေးကို ချစ်စနိုးကြည့်နေသည့် အချိန်မှာ ဖွဲ့က သရ သူ့ကို စိတ်ဆိုးသွားပြီဟု တွေးနေ၏။

"မလာတာလည်း ကောင်းပါတယ်၊ ရန်ကုန်ပြန်ရောက်တော့ လည်း တွေ့ကြရမှာပဲ"

"ဖွဲ့ကို လွမ်းနေမယ်ထင်တယ်"

"လွမ်းပါစေပေါ့"

"ဖွဲ့ကရော"

"ဟင်"

"ဖွဲ့ကရော ဖွဲ့ကောင်လေးကို မလွမ်းဘူးလား"

"ဦးခွန်းဆက်နော်၊ သရကို ကောင်လေးကောင်လေးနဲ့ မပြောနဲ့"

"မကြိုက်ဘူးပေါ့"

"မကြိုက်ဘူး"

အမှန်က သရကို ကောင်လေးလို့ ခေါ်တာကို မကြိုက်တာ မဟုတ်ပါ။ စကားပြောတိုင်း ဖွဲ့ကောင်လေးလို့ ဖွဲ့နာမည်ကို တပ် တပ်ပြောတာကို မကြိုက်တာဖြစ်သည်။ ခွန်းဆက်ကလည်း ဒါကို သိသည်။ သိပေမယ့် ဖွဲ့ကို စိတ်ဆိုးအောင် စချင်တာနှင့် ဖွဲ့မကြိုက် တာကို ရွေးပြောခြင်းဖြစ်၍ ထိုကိစ္စနှင့် ပတ်သက်ပြီး ဖွဲ့စိတ်ဆိုးတာ မြင်တိုင်း သဘောကျစွာ ရယ်သည်။





"ကိုယ်မေးတာ မဖြေသေးဘူးနော် ဖွဲ့"

"ဘာလဲဟင်"

"ဖွဲ့ရော ဖွဲ့ချစ်သူကို မလွမ်းဘူးလားဆိုတာ"

"သတိရနေတာဆိုတော့ လွမ်းတာပဲနေမှာပေါ့"

ဖွဲ့စကားက သူမဘာသာ ဝေခွဲမရဟန်က အထင်းသားဖြစ်၍ ဖွဲ့ကိုကြည့်ပြီး ခွန်းဆက် ပြုံးလိုက်သည်။ သူမကိုယ်သူမ ဘာဖြစ်လို့ ဖြစ်နေမှန်းမသိသည့် ဖွဲ့ကို သဘောကျ၍ ဖြစ်သည်။

ဖွဲ့နှင့်ဒါလီက တခြားစီဖြစ်သည်။ ဖွဲ့က သူ့ကိုယ်သူ ဘာလို ချင်လို့ လိုချင်မှန်းမသိ ဖြစ်နေချိန်မှာ ဒါလီကတော့ သူဖြစ်ချင်တာ သူလိုချင်တာကို အတိအကျသိသူ ရအောင်ယူနိုင်သူ ဖြစ်သည်။

"ဟိုမှာ မာမီနဲ့မမန္တ လာနေပြီ၊ သရအကြောင်း မာမီတို့ ရှေ့မှာ မပြောနဲ့နော်"

ဖွဲ့က သူ့မာမီနှင့် အစ်မဖြစ်သူ မကြားအောင် ခွန်းဆက်ကို ခပ်တိုးတိုးပြောခြင်း ဖြစ်သည်။ မာမီနဲ့နန္တက ဖွဲ့နှင့်ခွန်းဆက် အဖွဲ့ကျနေ တာကို သဘောကျနေကြသည်။

"ကြည့်ပါဦး… မာမီသမီးက ဒီလိုကျတော့လည်း ကိုခွန်းဆက် ကို လူကြီးလုပ်ပြီး ညှို့ခံစကားပြောနေလိုက်တာ… သူမဟုတ်တဲ့ အတိုင်းပဲ"

"ပြောပါစေကွယ်… ဒါမှ နောက်ဆို ညှို့သည်လာတိုင်း ငင်ဝင်မပြေးတော့မှာ"

ဒေါ်သီရိက ဖွဲ့ကိုကြည့်ပြီး ပြုံးပြုံးကြီး သဘောကျနေသည်။ မှန်ဆိုရင် ဖွဲ့က သူမနှင့်မသက်ဆိုင်သည့် ညှို့လူစိမ်းမှန်သမျှ ဘယ် တော့မှ အတွေ့ခံတတ်သူ မဟုတ်။ ခွန်းဆက်နှင့်ကျတော့ သူ့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း သူ့မိတ်ဆွေလို စကားတွေ ပြောနေသည်။ ခွန်းဆက်က လည်း ဖွဲ့ပြောသမျှ ခေါင်းတညိတ်ညိတ်။ အပြုံးမပျက် နားထောင်နေပုံ က ဖွဲ့ အစ်ကိုကြီးမင်းဘွဲ့အတိုင်းဖြစ်၍ သားအမိနှစ်ယောက် စိတ်မှာ ကိုယ်စီ ကျေနပ်နေကြသည်။

"ပျင်းနေပြီလား မောင်ခွန်းဆက်"

"ဖွဲ့ရှိနေလို့ မပျင်းပါဘူး အန်တီ"

ဒေါ်သီရိအမေးကို ခွန်းဆက်က ခပ်ပြုံးပြုံးဖြေရင်း ဖွဲ့ကိုလှမ်း ကြည့်သည်။ ဖွဲ့က သူ့ကို မကြည့်။ သူမ မာမီကို ကြည့်နေသည်။

"မာမီတို့ အလုပ်ရှုပ်နေတုန်း ဖွဲ့က ဦးခွန်းဆက်ကို ဧည့်ခံပေး ထားတာနော်၊ ဒီတစ်ခါ ဖွဲ့နားအလှည့်ပဲ… ဖွဲ့သွားပြီ"

"ဟဲ့… ဖွဲ့ မောင်ခွန်းဆက်ကို နှုတ်ဆက်ဦးလေ"

"ဦးခွန်းဆက်… ဘိုင့်ဘိုင်"

ပြောပြောဆိုဆို နေရာက ထထွက်သွား၍ သူမ မာမီက ခွန်းဆက်ကို နှုတ်ဆက်ပါဆိုမှ ဖွဲ့က နောက်ကို လှည့်မကြည့်ဘဲ လက်ကလေးတစ်ဖက်မြှောက်၍ နှုတ်ဆက်သည်။

"မြင်တဲ့အတိုင်းပဲ မောင်ခွန်းဆက်ရယ်၊ ဖွဲ့တစ်ယောက်နဲ့ အန်တီ တို့မှာ အမြဲရင်မောနေရတယ်"

"ဖွဲ့က လိမ္မာပါတယ် အန်တီ"

"အမလေး… မောင်ခွန်းဆက် သူ့အကြောင်း သေချာမသိသေး လို့ ချီးကျူးစောနေတာပါကွယ်၊ ဖွဲ့နဲ့ သေချာပေါင်းကြည့်ပြီးရင် မောင် ခွန်းဆက်အခုလို ပြောနိုင်တော့မှာ မဟုတ်ပါဘူး"

သမီးဆိုးသည့်အကြောင်း ပြောနေပေမယ့် ဒေါ်သီရိမျက်နှာက ချစ်စနိုးပြုံးနေတာ မြင်ရသည်။







"ဖွဲ့… ဒီမှာ ဖွဲ့နဲ့ ပြောချင်လို့တဲ့ ဖုန်းလာနေတယ်"

နှစ်စကားကြောင့် ဖွဲ့ခြေအစုံ တုန့်ရပ်သွားပြီး မျက်ခုံးလေး တွန့် သွားသည်။

"ဘယ်သူလဲ မမနှဲ့"

"ဖွဲ့ သူငယ်ချင်းလို့ ပြောတာပဲ"

ဖွဲ့ သူငယ်ချင်းဆိုပါလား။

မမနှဲ့က ဖွဲ့ကိုပြောပြီး ကော်ဖီပွဲနှင့် မာမီတို့ရှိရာ လျှောက်သွား ခြင်း ဖွဲ့ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟဲလို"

"ဖွဲ့… ကိုယ်ပါ"

သရအသံဖြစ်နေ၍ ဖွဲ့အကြည့်တွေက မာမီတို့ရှိရာ ဖျတ်ခနဲ ရောက်သွားသည်။

"ကိစ္စရှိလို့လားဟင်"

"ရှိတယ်၊ ကိုယ် ဒီကိုရောက်နေပြီ"

"ဟင်"

သရ ရောက်နေပြီဆိုပါလား။

"ဖွဲ့ကို တွေ့ချင်တယ်၊ ဘယ်ကိုလာမှာလဲပြော"

"အခုလာလို့မရဘူး"

ဖွဲ့အသံက ခပ်တိုးတိုး။

မာမီတို့ ကြားသွားပြီး ဘယ်သူလဲ၊ ဘာလဲ ရှင်းနေရမှာစိုး၍ သည်။

"သိပါတယ်၊ ဖွဲ့တို့ ခွန်းဆက်ဆိုတဲ့လူကို အရေးတကြီး ဧည့်ခံ ရလို့ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဦးခွန်းဆက်နာမည်ပါလာတော့ ဖွဲ့အံ့သြသွားသည်။ ပြောပုံ လည်း အတိအကျဆိုတော့ သရ ဒီကို ရောက်နေတာ ပိုသေချာသွား သည်။

"ယူ ဒါတွေ ဘယ်လိုသိနေတာလဲ"

"အမှန်တရားက ဖုံးကွယ်လို့မရဘူး ဖွဲ့"

"ယူ့စကားက ဘာလဲ၊ ဖွဲ့ကို ဒေါသဖြစ်အောင် လုပ်နေတာ လား သရ"

သရစကားကြောင့် သည်းမခံတတ်သော ဖွဲ့ဒေါသက ထောင် ခနဲထသွားသည်။

"ကိုယ်ကတော့ ဖွဲ့ကို ဒေါသမဖြစ်ရတော့ဘူးလား"

"သရ ဒေါသဖြစ်အောင် ဖွဲ့က ဘာလုပ်နေလို့လဲ"

"ဖုန်းမချလိုက်နဲ့ ဖွဲ့၊ မနက်ဖြန် ကိုယ်ဖွဲ့နဲ့ တွေ့ချင်တယ်၊ မလာမချင်း ရေသူမရုပ်နားက ကိုယ်စောင့်နေမယ်၊ ဖွဲ့မလာရင် ဖွဲ့ ကိုယ်လာမယ်"

ဖွဲ့ဘာမှမပြောခင် သူကအရင်ဖုန်းချသွား၍ ဒေါသတွေနှင့် ကျန်ခဲ့သည်။



## အခန်း (၇)

ဖွဲ့တစ်ညလုံး အိပ်မပျော်။

မနက်ဖြန်အကြောင်း တွေးပြီး ဖွဲ့ရင်လေးနေသည်။ သရ အကြောင်း ဖွဲ့သိသည်။ သူကို ဖွဲ့ကသာ ဘာတစ်ခုမှ မနာလိုတိုရှည် ဖြစ်သော်လည်း ဖွဲ့နဲ့ပတ်သက်ရင် သရက ဖွဲ့နှင့်ဆန့်ကျင်ဘက်။ အပေါ်မှာ သူ့လောက် သဝန်တိုတာမရှိ။ ဖွဲ့နားကို ဘယ်လို ယောက်ျားလေးမှကပ်တာ သဘောမကျ။

အကြောင်းကိစ္စရှိလို့ သူမဟုတ်သည့် တခြားယောကျ်ားနဲ့ ဖွဲ့ ယ်ရယ်မောမော စကားပြောလျှင် ပြဿနာလုပ်သည်။ ရန်ဖြစ်စကား များကြသည်။ ဖွဲ့က သရဘာပြောပြော ဂရုမစိုက်။ ကိုယ်မှန်နေတာ ကို အလျှော့ပေးတတ်သူ မဟုတ်သဖြင့် သရနှင့် ထိုကိစ္စမျိုး ဖြစ်လာ တိုင်း ဖွဲ့ကလည်း မလျှော့။

အခု သရက ဖွဲ့ကို ခွန်းဆက်နှင့် အထင်လွဲနေသည်။ အမှန် တရားအား ဖုံးကွယ်လို့မရဘူးဆိုတာက ပါသေးသည်။ ဖွဲ့ကိုများ သူ့လို ထင်နေသလား မသိ။ ဒေါသဖြစ်ဖြစ်နှင့် ညဉ့်နက်မှ ဖွဲ့ အိပ် ပျော်သွားသည်။ ကိုယ့်ဘာသာ ရန်ကုန်မှာမနေ။ ဖွဲ့ရှိရာ လိုက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြသနာရှာသည့် သရကို မုန်းမုန်းနှင့် သူချိန်းသည့်နေရာကို ရောက်သွားတော့ ဘယ်အချိန်ကတည်းက ဖွဲ့အလာကို စောင့်နေမှန်း မသိသည့် သရကို တွေ့ရသည်။

"ပြော… ဘာကိစ္စရှိလို့လဲ"

သရက ဖွဲ့ဒေါသဖြစ်နေပုံကို တစိမ့်စိမ့်ကြည့်ပြီး ငေးကြည့်တော့ ဖွဲ့ ပိုဒေါသဖြစ်လာသည်။

"ဘာကိစ္စလဲလို့ ဖွဲ့မေးနေတာ မကြားဖူးလား"

"ကြားတယ်"

ဖွဲ့အသံက စိတ်မရှည်သလို သရအသံကလည်း တိုဆတ်ဆတ်

"ကိုယ့်ချစ်သူကို လာတွေ့တာ ဘာကိစ္စညာကိစ္စ ပြောနေဦးမှာလား ဖွဲ့"

"ပြောသင့်ရင် ပြောရမှာပဲ"

သရက သူ့ကိုစကားကောင်းကောင်း မပြောသည့် ဖွဲ့တစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်ပြီး ရင်တွေပူလာသည်။ စိတ်ထင်လို့ပဲလား မသိ။ ဖွဲ့က သူနှင့်မတွေ့ရသည့်အချိန်မှာ ပိုလှနေသည်။ ပိုပြီးချစ်စရာ ကောင်းသည့်အတွက် ဖွဲ့ကို ပိုစိတ်မချ ဖြစ်လာ၏။

"ခွန်းဆက်ဆိုတဲ့လူနဲ့ ဖွဲ့ ဘယ်တုန်းက သိတာလဲ"

"အဲဒါ မေးချင်လို့ ဒီကို သရလိုက်လာတာလား"

"ဟုတ်တယ်"

ဝန်ခံသည့် လူက ဝန်ခံလိုက်တော့ ဖွဲ့ဘာပြောရမှန်းမသိ ဖြစ်သွားကာ သရမျက်နှာကို စိတ်အလိုမကျစွာ တုံ့ပြန်ကြည့်လိုက်သည်။

"ဖွဲ့က ကိုယ့်ချစ်သူ၊ ကိုယ့်ချစ်သူနား ရောက်လာတဲ့သူ ဘယ်သူဖြစ်ဖြစ် ကိုယ့်ရန်သူပဲ"







"ဦးခွန်းဆက်က ကိုကိုကြီးသူငယ်ချင်း"

"အဲဒီလို လူမျိုးကမှ ပိုကြောက်စရာကောင်းတာ"

"ယူ ဘာဖြစ်နေတာလဲ သရ"

"သဝန်တိုနေတာ၊ မနာလိုဖြစ်နေတာ ခွန်းဆက်ဆိုတဲ့လူကို ကိုယ်မကြိုက်ဘူး"

"ယူ မမိုက်ရိုင်းနဲ့နော် ဦးခွန်းဆက်က ယူ့ထက် အသက် အများကြီးကြီးတယ်၊ ဘာကိစ္စ သူ့ကို ခွန်းဆက်လို့ ခေါ်နေရတာလဲ"

"ဖွဲ့က သူ့ဘက်က နာနေတာလား"

"သရ"

ဖွဲ့ဘယ်လိုမှ သည်းမခံနိုင်တော့ပဲ သရအမည်ကို အကျယ်ကြီး အော်ပစ်လိုက်တော့ သရက ဒေါသဖြစ်နေသည့် သရမျက်နှာကို စိုက်ကြည့်နေသည်။

"ယူ ဒီကိုပြဿနာရှာဖို့ လာတာဆိုရင် ပြန်တော့သရ၊ ဦးခွန်းဆက်နဲ့ ဖွဲ့ကြားမှာ ယူဘာထင်ထင် ဖွဲ့ဂရုမစိုက်ဘူး၊ အဲဒီလိုပြောလို့ ယူ ဖွဲ့ကို မုန်းချင်လည်း ရတယ်"

"ဘာလဲ၊ ဖွဲ့က ကိုယ့်ကိုလမ်းခွဲဖို့ ပြောနေတာဆိုရင် ဆောရီး ပဲဖွဲ့၊ ကိုယ် ဖွဲ့ကိုချစ်တာ အပျော်ချစ်တာ မဟုတ်ဘူး"

"ယူဘာစကားပြောတာလဲ ဖွဲ့ကရော ယူ့ကို အပျော်ချစ်နေလို့လား"

"မဟုတ်ဘူးဆိုရင် ကိုယ့်ကို ဖွဲ့ အခုလက်ထပ်မလား"

"အဓိပ္ပာယ်မရှိတာ၊ ဘာကိစ္စဖွဲ့က ယူ့ကို ချက်ချင်းလက်ထပ် ရမှာလဲ၊ ယူ ရူးနေလား"

"ဟုတ်တယ် ဖွဲ့ကိုချစ်လို့ ရူးနေတာ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မျက်နှာတစ်ယောက် မျက်တောင်မခတ် စူးစိုက်ကြည့်မိကြသည်။ ဖွဲ့အကြည့်က စိတ်ရှုပ်၊ စိတ်ညစ်နေသည့် အကြည့်ဖြစ်ပေမယ့် သရအကြည့်က ချစ်သူ့ကို လက်လွှတ်ဆုံးရှုံးရမှာ စိုးရိမ်ကြောက်ရွံ့နေသည့် အကြည့်။ ချစ်သူကို တမ်းတလွမ်းဆွတ်သည့် အကြည့်ဖြစ်သည်။

အကြည့်ချင်းမတူသလို တွေးခေါ်စဉ်းစားပုံချင်းကျတော့လည်း မတူ။ ရှေ့ဆက်စကားပြောလို့လည်း အဆင်ပြေမှာ မဟုတ်၍ ဖွဲ့ပြန်ရန် ဆုံးဖြတ်လိုက်သည်။

"ဖွဲ့ပြန်တော့မယ်"

"မပြန်ရဘူး"

"ယူ ဘာဖြစ်နေတာလဲ သရ၊ ယူ့ကိုကြည့်ပြီး ဖွဲ့ကြောက်လာပြီ"

တကယ်လည်း ဖွဲ့ သရကို ကြောက်လာသည်။ ဘယ်တုန်းက ဖွဲ့အပေါ် သရ ဒီလို အပြုအမူမျိုးနှင့် မဆက်ဆံဖူး။ သရမျက်နှာကို တစ်ခါမှ မမြင်ဖူးသလို ခပ်စိမ်းစိမ်းကြည့်လာသည့် ဖွဲ့အကြည့်လေးတွေကို မြင်မှ သရစိတ်ကို လျှော့လိုက်သည်။

"ဆောရီး၊ ကိုယ်ဖွဲ့ကို ဆုံးရှုံးရမှာ ကြောက်လို့ ကိုယ့်ကိုကိုယ် ဘာဖြစ်လို့ ဖြစ်သွားမှန်းမသိဘူး"

သရအသံ ပုံမှန်ပြန်ဖြစ်သွားမှ ဖွဲ့ သက်ပြင်းရှိုက်လိုက်သည်။

"ယူ အစိုးရိမ်လွန်နေတာပါ၊ ဖွဲ့နဲ့ဦးခွန်းဆက်က ယူထင်သလို မဟုတ်ပါဘူး"

ဖွဲ့အသံကလည်း ပျော့ပျောင်းနူးညံ့သွားကာ စိတ်ရှုပ်သည့် အရ အယာလည်း ပျောက်သွားသည်။





"ဖွဲ့ ကိုယ့်ကိုချစ်လား"

"ချစ်ပါဘူး"

အခုမှ သရမျက်နှာပြုံးလာသလို ဖွဲ့မျက်နှာလည်း ပြုံးလာသည်။

"ကိုယ့်ကို ဖွဲ့မာမီနဲ့ ဘယ်တော့မိတ်ဆက်ပေးမှာလဲ ဖွဲ့"

"တစ်နေ့နေ့ပေါ့"

"အဲဒီနေ့က ဘယ်နေ့လဲ"

"ဖွဲ့ ကျောင်းပြီးမှ"

"အကြာကြီးပါလား၊ ကိုယ်ဖွဲ့ကို စိတ်မချဘူး၊ ဖွဲ့ကို တခြားသူတစ်ယောက် ဝင်လုသွားတာမျိုး ကိုယ်အဖြစ်မခံနိုင်ဘူး ဖွဲ့"

တကယ်လည်း ဖွဲ့ကို သူမခွဲနိုင်။ ပြဿနာတစ်ခု ဖြစ်လာလို့ တော့ ဖွဲ့ကို မဖြစ်ဖြစ်သည့်နည်းနှင့် အရယူဖို့အထိ သရဘက်က ဆုံးဖြတ်ထားတာကို ဖွဲ့မသိ။

"ဘယ်သူကရော အလုခံနေလို့လဲ"

"ဖွဲ့က အလုခံနေတယ်လို့ ပြောတာမဟုတ်ဘူး၊ တခြားကောင် တစ်ကောင်က ဖွဲ့ကို ဝင်လုသွားမှာကို ပြောတာ"

"လက်ထပ်ကြရအောင် ဖွဲ့ရယ်၊ ကိုယ့်မိဘတွေကို ဖွဲ့မိဘတွေ ဆီမှာ လာတောင်းခိုင်းလိုက်တော့မယ်"

"ဖွဲ့အိမ်ထောင်မပြုချင်သေးဘူး သရ၊ ဖွဲ့ ဒီလိုပဲ လွတ်လွတ် လပ်လပ် ပျော်ပျော်ပါးပါးပဲ နေချင်သေးတယ်၊ အိမ်ထောင်သည်ဆိုတဲ့ ဘောင်ထဲကို ဖွဲ့ကိုယ်ဖွဲ့ ဆွဲမနှစ်ချင်သေးဘူး၊ ဖွဲ့ပြောတာ သရ နားလည် တယ် မဟုတ်လားဟင်"

နားလည်ပါသည်။

နားလည်လွန်းလို့ စိတ်ညစ်နေရသူက သရဖြစ်သည်။ ဒီအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဆို ဖွဲ့ကို သူပိုင်ဆိုင်ချင်တိုင်း ပိုင်ဆိုင်ခွင့်မရနိုင်မှန်း သိလိုက်ရ၍ ဘာမှဆက်မပြောနိုင် ဖြစ်သွားသည်။

"ယူပဲ ဖွဲ့ကိုချစ်တယ်ဆို"

"ချစ်လွန်းလို့ ဖြစ်ချင်ရာဖြစ်ဆိုပြီး ဖွဲ့ကို ခိုးပြေးဖို့အထိ ဆုံးဖြတ်ထားတာ"

"ကိုယ့်ချစ်သူကို တကယ်ချစ်ရင် ဘာဖြစ်လို့ ကိုယ့်ချစ်သူ မကြိုက်တာကို လုပ်မှာလဲ၊ ဖွဲ့ကို တကယ်ချစ်ရင် ဖွဲ့စိတ်ချမ်းသာအောင် ဖွဲ့အလိုကို လိုက်ပေးမှ ဖွဲ့ကိုတကယ်ချစ်ရာ ရောက်မှာပေါ့"

"မင်းပဲ အပြောကောင်း"

သရထံမှ ခပ်ငေါ့ငေါ့စကားအဆုံးမှာ ဖွဲ့က ခစ်ခနဲ ထရယ်သဖြင့် သူပါပြုံးချင်ချင် ဖြစ်လာသည်။ ဖွဲ့ကို သူဘက်ပါလာအောင် ဘယ်လို စည်းရုံးနားချရမှန်းမသိ။ ဖွဲ့နေရာမှာ တခြားတစ်ယောက်ဆိုရင် ဒီလို ပုံစံနှင့် ပွဲသိမ်းပြီးသား ဖြစ်နေမှာ သေချာသည်။ ဖွဲ့ကျတော့ တခြားသူနှင့်မတူ။ သူလုပ်ချင်တာကိုလုပ်၍ သူမ မလုပ်ချင်တာကို ခွဲသန့်သန့်နှင့် ခေါင်းမာတတ်သူကို ဘယ်လိုစိန်ခေါ်မှုတွေကမှ အနိုင်ယူလို့ မရမှန်း သရသိသည်။

"ဖွဲ့ပြန်တော့မှထင်တယ် တော်ကြာ ဖွဲ့ပျောက်လို့ မာမီတို့ စိတ်ပူပြီး လိုက်ရှာနေလိမ့်မယ်"

ဖွဲ့က သူ့မနာရီလေးကို ငုံ့ကြည့်ရင်း ပြောလာတော့ သရ ကျွဲမြီးတိုလာသည်။ ရောက်တာမကြာသေး ပြန်မည်ဆိုတော့ ခွင့်မပြုနိုင်။ ကိုယ်က ချစ်သူမျက်နှာ မြင်ချင်လို့ မိုင်အဝေးကြီးက လိုက်လာရတာ ဂရုမစိုက်။ သူမ မာမီစိတ်ပူနေမှာတွေးပြီး နေရာက လစ်ပြေးချင်နေသည့် ဖွဲ့ကို စိတ်ပေါက်ပေါက်နှင့် ရင်ခွင်ထဲ ကျုံးပွေ့ပြီး မလွှတ်ပဲ ထားချင်လာသည်။

"ကိုယ့်အတွက် ဖွဲ့က နည်းနည်းမှ စဉ်းစားမပေးတော့ဘူးလား"

"ဖွဲ့မျက်နှာလေးကို မြင်ချင်လို့ ဟိုးအဝေးကြီးက ကိုယ်လိုက်လာရတာ"

"အဲဒါကြောင့် ယူ့ကို ဖွဲ့ပြောတယ် မဟုတ်လား၊ ဖွဲ့ နောက်ကို လိုက်မလာပါနဲ့ဆို ယူက ဖွဲ့စကားနားထောင်လို့လား"

သရက ဖွဲ့ကို စိတ်မရှည်သလို ကြည့်သလို ဖွဲ့ကလည်း သရကို ဒေါသနှင့်ပြန်တုံ့ပြန်၍ နှစ်ယောက်စလုံး စိတ်ထဲမကြည်မလင် ဖြစ်ကုန်သည်။

"နေစမ်းပါဦး၊ ကိုယ် ဖွဲ့စကားကို ဘယ်လောက်အထိ လိုက်နားထောင်နေရမှာလဲ"

"ဖွဲ့ကိုက မှားတာပါ၊ အစကတည်းက ယူ့ကို ဖုန်းမဆက်သင့်ဘူး"

တကယ်တော့ သရပြောတာ မလွန်သလို ဖွဲ့ပြောနေသည့် စကားတွေထဲမှာလည်း လွန်တာတစ်ခုမှ မပါပါ။ သရက ချစ်သူနားမှာ နေချင်သည်။ ဖွဲ့က မာမီအလစ်မှာ ထွက်ရသူဖြစ်၍ မာမီစိတ်ပူနေမှာတွေးပြီး စိုးရိမ်နေသည်။ ပြဿနာက ဒါပဲဖြစ်သည်။

"ဖွဲ့ပြန်ချင်ပြန်တော့၊ ကိုယ် ဒီမှာနေဦးမယ်"

သရအသံက အေးတိအေးစက်။

ဖွဲ့မျက်နှာကို မကြည့်ဘဲ ပင်လယ်ပြင်ကိုသာ စူးစိုက်ကြည့်နေမယ့် သရရင်ထဲ ဘာတွေဖြစ်နေလဲဆိုတာ ဖွဲ့သိသည်။

"ယူ ဖွဲ့ကို စိတ်ကောက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့အမေးကို သရမဖြေတော့ ဖွဲ့ကို သူစိတ်ကောက်တာ ပိုသေချာသွားသည်။ ချစ်သူတွေသာ ဖြစ်ခဲ့ကြသည်။ သရဘက်က ဖွဲ့ကို အခုလို စိတ်ကောက်ပြီး မခေါ်မပြောလုပ်တာ ဒါပထမဆုံးဖြစ်၍ သူ့ကို စိတ်ပြေလာအောင် ဖွဲ့လည်း မချော့တတ်။ သရကသာ ဖွဲ့စိတ်ဆိုး စိတ်ကောက်တိုင်း နည်းအမျိုးမျိုးနှင့် ဖွဲ့ စိတ်ပြေအောင် ချော့မော့တတ် သူဖြစ်၍ ဖွဲ့၏ စိတ်ကောက်ခြင်းမှာလည်း ကြာရှည်မခံ။ ချက်ချင်း ပြန်အဆင်ပြေသွားတတ်တာချည်း ဖြစ်သည်။

"သရ"

ဖွဲ့က ချစ်သူအမည်ကို ခေါ်ကြည့်သည်။

သရက မလှုပ်။ မျက်လုံးအစုံကိုပင် မှိတ်ပစ်လိုက်တော့ ဖွဲ့ပို စိတ်ညစ်သွားသည်။

"ယောကျ်ားဖြစ်ပြီး ယူ ဖွဲ့ကို စိတ်မကောက်နဲ့နော် ဖွဲ့ မချော့တတ်ဘူး"

"မင်းကို ဘယ်သူက ချော့ခိုင်းနေလို့လဲ"

"သရနော်၊ ဖွဲ့ကို မင်းလို့မပြောနဲ့"

အရေးထဲ ဖွဲ့က သူမကို သရက မင်းလို့ပြောတာကို ဆတ်ဆတ်ခါ နာနေ၍ ဖွဲ့ကို စိတ်ဆိုး ဒေါသဖြစ်နေသည့်ကြားက သရ ပြုံးချင်ချင် ဖြစ်လာသည်။

"မင်းလို့ မပြောလို့ ကိုယ်က ဘယ်လိုပြောရမှာလဲ"

"ဖွဲ့လို့ ပြောရမှာ ယူ မသိဘူးလား"

"မသိဘူး"

"ယူ ဖွဲ့ကို ဒေါသဖြစ်အောင် လာဆွမနေနဲ့နော်"

"မင်းကိုယ့်ကို ဒေါသဖြစ်အောင် အမြဲလုပ်နေကျတော့ မပြောတော့ဘူးလား"





ဖွဲ့မကြိုက်သည့် မင်းဆိုသည့် စကားကို ထပ်သုံးလိုက်တော့ ဖွဲ့က သရကို မျက်လုံးဝိုင်းကြီးတွေနှင့် မခံချင်သလို စူးစိုက်ကြည့်သည်။

"ယူ ဖွဲ့ကို မင်းလို့ပြောပြန်ပြီလား"

"မပြောစေချင်ရင် ဖွဲ့လည်း ကိုယ့်ကို သရလို့မခေါ်နဲ့၊ ယူလို့ မပြောနဲ့ ကိုယ့်ကို ကိုလို့ပဲ ခေါ်၊ ကိုလို့ပဲပြော ဒါဆို ဖွဲ့မကြိုက်တာ ကိုယ်လည်း မပြောတော့ဘူး"

"သြော်… အခုမှ ယူက ဖွဲ့ကို ကလဲ့စားချေပြနေတယ်ပေါ့လေ ဟုတ်လား"

"ကလဲ့စားချေနေတာ မဟုတ်ဘူး။ ဟိုလူနောက် ပါသွားမှာ နိုးလို့ ပြောသင့်ပြောထိုက်တာ ပြောနေတာ"

"တော်ပြီ… တော်ပြီ၊ ယူနဲ့ စကားဆက်ပြောလို့ ရမှာမဟုတ်ဘူး ဖွဲ့ပြန်မယ်"

"ဖွဲ့စိတ်နဲ့ ဖွဲ့ကိုယ်ချည်း လုပ်လို့မရဘူး ဖွဲ့"

သရစကားကြောင့် ဖွဲ့ရင်ထဲ ပိုခံပြင်းသွားကာ သရမျက်နှာကို ဒေါသဖြင့် လင်းလက်နေသော မျက်ဝန်းအစုံဖြင့် စူးစိုက်ကြည့်ပစ်လိုက်သည်။

"နေစမ်းပါဦး ဖွဲ့က ဖွဲ့စိတ်နဲ့ ဖွဲ့ကိုယ် မလုပ်လို့ ဘယ်သူ့စိတ်နဲ့ ဘယ်သူ့ကိုယ် လုပ်နေရဦးမှာလဲ"

"ကိုယ့်စိတ်နဲ့ ကိုယ့်ကိုလုပ်ရမှာ"

"ဘာပြောတယ်"

"ဖွဲ့ကို ချစ်တယ်လို့ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"သရ… ယူနော်"

"ဖွဲ့ကို လွှတ်"

ရုန်းဖယ်ရုန်း ကြိုးစားပေမယ့် အင်အားခြင်းကမမျှ။ ဖွဲ့အလိုလိုက် ဖွဲ့အကြိုက် အမြဲနေလာခဲ့သည့် သရက သူမဟုတ်တော့သလို ဖွဲ့စကားကို ဘာတစ်ခုမှ နားမဝင်။ အင်နှင့်အားနှင့် အရှိန်ပြင်းပြင်း ပေါက်ကွဲချင်နေသော အချစ်စိတ်ရိုင်းတွေက တစ်ချိန်လုံး ဖွဲ့ကို မထိရမကိုင်ရ မချစ်ရဆိုသည့် စည်းကမ်းတွေကို မေ့ပစ်လိုက်သည်။

"ယူ့ကို ဖွဲ့မုန်းလိုက်မယ်နော်"

"လွှတ်ဆို"

"အို"

ရေလှိုင်းတွေက သောင်စပ်ကို ကျော်ကာ ဆောင်နှင့် အရှိန်ပြင်းစွာ အဝင်တိုက်မိပြီး နောက်မှာအစိတ်စိတ် အမွှာအမွှာ ဖြစ်သွားသလို ထိန်းချုပ်ထားခဲ့ရသမျှ အချစ်စိတ်တို့ကို လွှတ်လပ်သည့် နေရာမှာ လွှတ်လပ်စွာ ရင်ဖွင့်ပေါက်ကွဲမိသူ ရင်ခွင်ထဲ ဖွဲ့ ဘာစကားမှ ဆိုခွင့်မရ။ ရင်ထဲမှာ လှိုင်းထန်နေသလို သူဖြစ်ချင်တိုင်း ဖြစ်နေသည့် သရကို ဒေါသနှင့်သတ်ပစ်ချင်နေသည်။

"ဖွဲ့"

"ဖယ်… လွှတ်"

"ယူ့ကို ဖွဲ့ သိပ်မုန်းတယ်သိလား"

"ဖွဲ့"

"ဖွဲ့ရှေ့က ဖယ်နော်၊ ပြောမရရင် ဖွဲ့နဲ့ယူ အပြတ်ပဲ"

"ဖွဲ့… ဖွဲ့"

သရ ဘယ်လိုခေါ်ခေါ် ဖွဲ့က သရကို လုံးဝ လှည့်မကြည့်ဘဲ





နေရာက ပြေးထွက်သွား၍ သရ ဘာဆက်လုပ်ရမှန်း မသိဘဲ ဖွဲ့နောက် ပြေးလိုက်သွားမိသည်။

"ကိုယ်တောင်းပန်ပါတယ် ဖွဲ့ရယ်၊ ကိုယ် ဖွဲ့ကို သိပ်ချစ်လို့ အခုလို ဖြစ်သွားတာပါ"

"ကိုယ်နဲ့ဖွဲ့က ချစ်သူတွေပါ ဖွဲ့၊ ကိုယ့်ချစ်သူကိုချစ်လို့ နမ်းတာ၊ ဖက်တာ ကိုယ့်အတွက် သိပ်ကြီးလေးတဲ့ အပြစ်ဖြစ်နေလို့လား"

ဖွဲ့က သူမသဘော ဆန္ဒမပါဘဲ သရ သဘောတစ်ခုတည်းနှင့် သူမ တစ်ကိုယ်လုံး သရရင်ခွင်ထဲ ဆွဲနှစ်ပြီး ပယ်ပယ်နယ်နယ် အနမ်းခံသိုက်ရသည့်အပေါ်မှာ ရှက်ခြင်း၊ နာကြည်းခြင်း၊ ခံပြင်းဒေါသဖြစ်ခြင်းတို့ဖြင့် ဆတ်ဆတ်ခါ နာနေသလို သရဘက်ကလည်း ဖွဲ့ကို ချစ်လွန်းသို့ ဖွဲ့အလိုချည်း အမြဲလိုက်လာခဲ့ရသည့် သူ့ရင်ထဲက အချစ်စိတ်တွေကို မျိုသိပ်ချုပ်တည်းရပါများ၍ ရင်ဖွင့်ပေါက်ကွဲခြင်းအပေါ်မှာ ဖွဲ့ဘက်က ခါးခါးသီးသီး တုံ့ပြန်လာသည့်အပေါ်မှာ မခံမရပ်နိုင်ဖြစ်လျက် နာကျင်နေသော နှလုံးသားဖြင့် ဖြေရှင်းချက် ထုတ်နေသည်။

သရကြောင့် ဖွဲ့နှလုံးသားအစုံ နာကျင်နေသလို ဖွဲ့အမုန်း ဖွဲ့တုံ့ပြန်မှုကြောင့်လည်း သရရင်တွေ မခံမရပ်နိုင်အောင် ခံစားနာကျင်နေသည်။

"ယူ့ရည်းစား ဖြစ်တာနဲ့ပဲ ဖွဲ့က ယူလက်ထဲက အရုပ်လေးတစ်ရုပ် ဖြစ်ရမှာလား သရ"

"ယူ့ကို ဖွဲ့ မုန်းတယ်၊ ဖွဲ့နောက်ကို ယူဆက်လိုက်မလာနဲ့"

"လိုက်ရမှာပဲ၊ ဖွဲ့က ကိုယ့်ချစ်သူ၊ ကိုယ်လိုချင်တာ ဖွဲ့အချစ်၊ ဖွဲ့အမုန်း မဟုတ်ဘူး"

"ယူ နေခဲ့လို့ ပြောနေတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"မနေဘူးကွာ မနေဘူး"

"ဖွဲ့ဘယ်သွားသွား ကိုယ်လိုက်မယ်၊ ဖွဲ့မာမီကိုလည်း ကိုယ်ရဲ့ ဖွဲ့ချစ်သူတွေဆိုတဲ့ အကြောင်း ဖွင့်ပြောပြီး ဖွဲ့ကို လက်ထပ်ခွင့်တောင်း မယ်"

သဲပြင်ပေါ်မှာ ဖွဲ့နှင့်သရ ဒေါသတွေအပြိုင် ပေါက်ကွဲနေသည်။ ဖွဲ့က ရှုတ်အတင်း ရှေ့က သွားနေသလို ဖွဲ့နားမှာ သရက အတူ လိုက်လာရင်း သူဖြစ်ချင်တာတွေ တတွတ်တွတ် ပြောနေ၍ ဖွဲ့ခြေ ကိုရပ်ပြီး သရနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"ဖွဲ့"

"ယူ ဖွဲ့နာမည်ကို မခေါ်နဲ့"

"ဒါဖြင့် ကိုယ်က ဘာဆက်လုပ်ရမှာလဲ"

"ယူ့ဘာသာ ဘာလုပ်လုပ်၊ အခုကစပြီး ယူ့ကို ဖွဲ့ မုန်းလိုက်ပြီ နောက်ဘယ်တော့မှ ဖွဲ့နဲ့ လာမပတ်သက်ပါနဲ့"

"ဖွဲ့ကို ကိုယ်တောင်းပန်ပါတယ် ဖွဲ့ရယ်၊ ကိုယ်မှားသွားတယ်"

"မပြောနဲ့ မကြားချင်ဘူး"

ဖွဲ့က သူ့ကို နာနာကြည်းကြည်း အော်သည်။ ပြီးတော့ မျက်ရည် ပေါက်ပေါက်ကျသည်။ ကိုယ့်ချစ်သူကို ချစ်လွန်း၍ စိတ်မထိန်းနိုင်ဘဲ နမ်းမိသည့်အပြစ်က ဤမျှကြီးလေး ပြင်းထန်လိမ့်မည် မထင်ခဲ့။ အခုတော့ ချစ်သူရည်းစားထားပြီး ချစ်သူအဖက်အနမ်းကို မခံမရပ်နိုင် ပေါက်ကွဲနေသူကို သရချစ်မြတ်နိုးစွာ ရူးစိုက်ကြည့် တစ်ခါတည်း နိုးပြေးချင်စိတ် ပေါက်လာသည်။

"မငိုနဲ့လေ ဖွဲ့၊ ကိုယ်က ဖွဲ့ကိုသိပ်ချစ်လွန်းလို့ စိတ်မထိန်းနိုင် ဘဲ အခုလို…"





"ယူ့ကို မုန်းတယ်"

"ဖွဲ့"

"ယူနေခဲ့လို့ ပြောနေတယ်နော်"

"ဖွဲ့က ကိုယ့်ကို မမုန်းတော့ဘူးဆိုမှ"

"ဒီလောက်ဖြစ်နေတဲ့လူ"

"ကဲဟယ်"

"ဟာ… ဟိတ်"

"ဖွဲ့… နေဦးလေ"

ဖွဲ့က သရအလစ်အငိုက်မှာ သူမနောက် ရှုတ်လိုက်လာသည့် သူ့ကို ရင်ဘတ်က တအားဆောင့်တွန်းထားခဲ့ပြီး သရ ယိုင်သွားချိန်မှာ ဖွဲ့က သူ့နားက တအားပြေးထွက်သွားသည်။

သရ ရှုတ်အတင်း ပြေးလိုက်သွား၍ ရပါသည်။ သို့သော် ချစ်သူကို နောက်ထပ်စိတ်အနှောင့်အယှက် မဖြစ်စေလိုတော့၍ ဖွဲ့ နောက်ကို သူ ထပ်လိုက်မသွားတော့ပါ။ နေရာမှာ ရပ်ကျန်ရစ်ရင်း ချစ်သူအချောအလှ၏ ဒေါသထနေသော ချစ်စရာမျက်နှာလှလှလေးကို အတွေးနှင့် ပြန်မြင်ယောင်ရင်း ဖြူဖွေးသော သဲသောင်ပေါ်မှာ သူ့ကိုယ် ကြီးကို ဆန့်ဆန့်ကြီး လှဲချလိုက်ပြီး ပြာလဲ့ကြည်စင်နေသော မိုးကောင်း ကင်ကြီးကို ငေးကြည့်နေလိုက်သည်။

ဖွဲ့ရယ်။

ဒီလိုပုံနဲ့ ဖွဲ့နဲ့ကိုယ် ဘယ်လိုရှေ့ခရီး ဆက်ကြမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

ဘယ်လိုတွေးတွေး ဖွဲ့ မကျေနပ်။

ဘာအကြောင်းပဲပြပြ ဖွဲ့မုန်းတာက မုန်းတာပဲ ဖြစ်သည်။ ဒီလို တွေဖြစ်လာမှာစိုး၍ ဖွဲ့ကိုယ်ဖွဲ့ မပြတ်ထိန်းသိမ်း စောင့်ရှောက်ခဲ့သည်။ ဖွဲ့စကားကို လိုက်လျောနာခံမည့် ချစ်သူကို ရွေးခဲ့သည်။ ဖွဲ့စကားကို လိုက်လျောနာခံမည့် ချစ်သူကို ရွေးခဲ့သည်။ အခု ဖွဲ့ရွေးခဲ့သည့် ချစ်သူက ဖွဲ့ခွင့်မလွှတ်ချင်အောင် မုန်းသောအပြုအမူကို ပြုခဲ့သည်။

အို... ဖွဲ့ ဘယ်တော့မှ သရကို ခွင့်မလွှတ်၊ အတွေ့မခံဖို့လည်း တစ်ခါတည်း ဆုံးဖြတ်သည်။ မာမီနှင့် မမနွဲ့ရှေ့မှာ ဟန်မပျက်နေနေ ပေမယ့် စိတ်တစ်ပိုင်းက သရ လိုက်လာမှာတွေးပြီး ကြောက်နေသည်။ သူလိုက်လာလျှင် ဖွဲ့ဘာမှ ရှင်းပြလို့ရတော့မည် မဟုတ်။ သရက မာမီတို့ကို သူနှင့်ဖွဲ့အကြောင်း ထုတ်ပြောမှာ သေချာသည်။

သရရန်ကို ကြောက်တာနှင့် ရန်ကုန်ကို ချက်ချင်းပြန်ပြေးချင် လာသည်။ သရမျက်နှာကို မကြည့်ချင် မမြင်ချင်။ သူ့မျက်နှာကို ကြည့်ရမြင်ရမှာ ဖွဲ့ မုန်းသည်။ ဖွဲ့မျက်နှာ ဖွဲ့လည်း မှန်ထဲကြာကြာ မကြည့်ရဲ။ သရကြောင့် ရှက်နေသည်။

ပြောတော့ဖြင့် ဖွဲ့ကို ချစ်လို့တဲ့။





ဟွန်း...။

ဖွဲ့က တွေးတိုင်း မကျေနပ်။

အစတုန်းကတော့ ဖွဲ့ပြောသမျှ နားထောင်၍ ဖွဲ့ချမှတ်ထားသည့် စည်းကမ်းကို လိုက်နာသော ချစ်သူအဖြစ် သရကို ဖွဲ့ကိုယ်တိုင် အမှတ်ပြည့်ပေးခဲ့သမျှ အခုမှ နောင်တရနေသည်။

သရက ဖွဲ့ကို တကယ်ချစ်တာမဟုတ်။

သူ့ကိုယ်သူချစ်၍ သူ့အတွက် သူ့ချစ်ခြင်းဟု အခုမှ ဖွဲ့ နားလည် လာသည်။ ဖွဲ့ကို တကယ်ချစ်လျှင် ဖွဲ့ဖြစ်ချင်သည့် စိတ်ဆန္ဒကို လေးစားပေးရမည်။ အခုတော့ သူ့စိတ်သူ့သဘော တစ်ခုတည်းကိုသာ လေးစားပေး၍ သရကို ဖွဲ့မုန်းသည်။

"သမီးဖွဲ့"

"ရှင်... မာမီ"

"ငြိမ်လှချည်လား သမီးရဲ့ ဘယ်မှလျှောက်မသွားတော့ဘူး လား"

မာမီက သူ့သမီး ငြိမ်နေတာကြည့်ပြီး ခပ်ပြုံးပြုံးမေးသည်။ အကြောင်းတစ်မျိုးမဟုတ်တစ်မျိုးနှင့် အပြင်ထွက်နေရမှ ကျေနပ်တတ် သည့်ဖွဲ့ ငြိမ်နေတာ မြင်ရ၍ ဒီနေရာမှာ ဖွဲ့မပျော်တော့ဟု သိလိုက် သည်။

"ဖွဲ့ ဘယ်မှမသွားချင်တော့ပါဘူး မာမီရယ်"

"ကြည့်ရတာ မာမီ့သမီးလေး ပျင်းနေပြီထင်တယ် ဟုတ်လား"

ဖွဲ့အဖြေက ဒေါ်သီရိထင်ထားသည့် အဖြေဖြစ်နေ၍ နွဲ့က သား သမီးနှစ်ယောက်ကိုကြည့်ပြီး ပြုံးသည်။

"ပျင်းမနေနဲ့တော့ ဖွဲ့ရေ၊ မနက်ဖြန် မမနွဲ့တို့ ရန်ကုန်ကိုပြန်



www.burmeseclassic.com

www.burmeseclassic.com



ကြတော့မှာ ပစ္စည်းတွေအားလုံး သိမ်းပြီးပြီ”

“ဟေး… ဒါမှ ဖွဲ့မာမီကွ”

ကလေးတစ်ယောက်လို ဖွဲ့ကထအော်တော့ မာမီနှင့် မမနွဲ့က ဖွဲ့ကိုကြည့်ပြီး ရယ်ကြသည်။

“တွေ့လား မာမီ၊ ဖွဲ့က ရန်ကုန်သိပ်မပြန်ချင်ရှာဘူး”

“အံ့မယ်… ဖွဲ့ကိုတော့ ပြောနေတယ်။ မမနွဲ့လည်း ကိုဇော်နှင့် ဖိုးသားတို့ကို လွမ်းပြီး ပြန်ချင်နေတာပဲ မဟုတ်လား”

ဖွဲ့စကားအဆုံးမှာ နွဲ့က ရယ်သည်။ ပါးစပ်က ဖွင့်မပြောပေမယ့် လူကြီးရှက်တော့ ရယ်သည်ဆိုသည့် စကားမှန်နေ၍ ဖွဲ့မျက်နှာလေး ပြုံးနေသည်။ ဖွဲ့ကိုယ်တိုင်လည်း ရန်ကုန်ပြန်ချင်တာနှင့် အတော်ဖြစ်သွား၍ ပစ္စည်းတွေ ချက်ချင်းကောက်သိမ်းသည်။ သရနှင့်လည်း နောက်ထပ်တစ်ခါ ထပ်မဆုံချင်တော့တာနှင့် အတော်ဖြစ်သွားသည်။

“ပစ္စည်းတွေ အကုန်သိမ်းမနေနဲ့ဦးနော် ဖွဲ့ ဒီည ဒင်နာစားဖို့ ကိုခွန်းဆက်က မမနွဲ့တို့ကို ဖိတ်ထားတာ ရှိသေးတယ်”

“ဖွဲ့တို့က ဘယ်ကို သွားစားရမှာလဲ”

“သူတည်းတဲ့ ဟိုတယ်မှာပေါ့”

ဖွဲ့က ခွန်းဆက်ပိုင်သည့် ဟိုတယ်ဟု မထင်။ သူတည်းနေသည့် ဟိုတယ်မှာ ဖွဲ့တို့ကို ထမင်းဖိတ်ကျွေးသည်ဟု ထင်နေသည်။

“လှလှလေးပြင်နော်ဖွဲ့၊ ဒါမှ မာမီသမီးလေး ဘယ်လောက် ချော၊ ဘယ်လောက်လှတယ်ဆိုတာ မာမီ ဂုဏ်ယူလို့ရမှာ”

မာမီကိုယ်တိုင် ဖွဲ့နားမှာထိုင်ပြီး အလှဆုံးပြင်ဆင်နေတော့ ဖွဲ့ မငြင်းနိုင်။ မာမီကျေနပ်အောင် သူမကိုယ်သူမ အလှဆုံးပြင်ပေးလိုက် သည်။





“ရော့… သမီး ဒါလေးဝတ်၊ ဒီဂါဝန်လေးနဲ့ မာမီသမီးက သိပ်လှတာ”

ဖွဲ့လက်ထဲ နို့နှစ်ရောင် ဂါဝန်လေး ရောက်လာသည်။ ဖွဲ့မဝတ်ချင်ပါဟုပြော၍ ရမည်မဟုတ်သည့်အတူ စိတ်မပါပေမယ့် မိခင် စိတ်ချမ်းသာအောင် မာမီယူပေးသည့် ဂါဝန်လေးကို ဝတ်လိုက်တော့ ဖွဲ့အလှက သူ့မြင်ကွင်းထဲမှာ ထင်းရှင်းစွာ ဝင်းလက်တောက်ပသွား၏။

“ကြည့်ပါဦးနွဲ့ရယ်၊ သမီးညီမလေး မလှဘူးလား”

“သိပ်လှလွန်းလို့ စိတ်သဘောထား ပြည့်ဝပြီး ဖွဲ့ကိုချစ်လည်း ချစ်၊ ဖွဲ့အလိုကို လိုက်မယ့်ယောကျ်ားနဲ့ တွေ့ပါစေလို့ နွဲ့တော့အမြဲ ဆုတောင်းနေတာ”

“မမနွဲ့နော်၊ ဖွဲ့ယောကျ်ား မယူချင်ပါဘူးဆို ဒါပဲပြောနေတယ်”

ဖွဲ့နှုတ်ခမ်းစူတော့ နွဲ့က ရယ်သည်။

“အခုမယူလည်း နောက်တော့ ယူရမှာပဲ ဖွဲ့”

“ဖွဲ့တို့က အပျိုကြီးလုပ်မှာ”

“ကလေးအမေ အပျိုတွေဆိုတာမျိုးလား”

“မမနွဲ့နော်”

“နွဲ့ကလည်းကွယ်၊ ဖွဲ့မကြိုက်တာကို မပြောစမ်းပါနဲ့…”

မာမီက နွဲ့ကို ဝင်ဟန့်သည်။

“နွဲ့က မာမီ့သမီး မကြိုက်တာကို ပြောနေတာ မဟုတ်ဘူး။ မာမီ့သမီးကို ကြိုက်တဲ့လူတွေများလို့ မမှားသင့်တာ မမှားရအောင် ပြောနေတာ”

“ကဲ… တော်ပါကွယ်၊ တော်ကြာ သွားကာနီး လာကာနီးမှ ဖွဲ့ စိတ်ဆိုးနေပါမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ မောင်ခွန်းဆက် လာပြီ"

တကယ်လည်း ကားပေါ်က ဆင်းလာသည့် ခွန်းဆက်ကို မြင် လိုက်ရ၍ သားအမိသုံးယောက် တစ်ယောက်တစ်ပေါက် ပြောနေရာ ကိုယ်စီကိုယ်ရှိန့်သပ်လိုက်ကြသည်။

"ရောက်လာပြီလား မောင်ခွန်းဆက်"

"ဟုတ်ကဲ့ အန်တီ"

ဒေါ်သီရိနှင့် ခွန်းဆက် အပြန်အလှန် နှုတ်ဆက်နေပေမယ့် ခွန်းဆက် အကြည့်တွေက ဒေါ်သီရိထံမှာ မရှိ။ နို့နှစ်ရောင်ဂါဝန်ဖွာ လေးနှင့် လှချင်တိုင်းလှနေသော ဖွဲ့ထံမှ မျက်လုံး မခွာနိုင် ဖြစ်နေ သည့်အတွက် လူကြီးကူခွဲ့မပျက်အောင် မနည်းထိန်းနေရသည်။

"ညစာအတွက်ဆိုရင် ဒီအချိန်က နည်းနည်းစောသေးတယ် မောင်ခွန်းဆက်"

"ဟုတ်ကဲ့၊ ကျွန်တော် စောထွက်လာတာ အန်တီ၊ ဒါမှ ညဘက် ကမ်းခြေအလှကို အန်တီတို့လည်း ကြည့်လို့ရမှာဆိုတော့ လေ"

"မောင်ခွန်းဆက် အစီအစဉ်လည်း ကောင်းပါတယ်၊ သမီးတို့ အဆင်သင့်ဖြစ်ရင် သွားကြမယ်"

"ဟုတ်ကဲ့ မာမီ"

နွဲ့နှင့်ဖွဲ့ရောက်လာတော့ အားလုံး ကားပေါ်တက်ကြသည်။

"ဖွဲ့လေးက ရှေ့မှာပဲထိုင်လိုက် မာမီနဲ့ မမနွဲ့က နောက်မှာ ထိုင်လိုက်မယ်"

"ဟုတ်"

ဖွဲ့ဒါပဲပြောပြီး ကားပေါ်တက်လိုက်သည်။ စိတ်က လူမှာမရှိ





ညစာစားပွဲမှာ သရန့်တွေ့နေမှဖြင့်ဟုတွေးပြီး စိတ်ပူနေသည်။ အစ ကတည်းက ဖွဲ့ကို သရက ဦးခွန်းဆက်နှင့် သဝန်တိုမနာလို ဖြစ်နေတာ ဆိုတော့ ဒီပုံနှင့်ဖွဲ့ကို ဦးခွန်းဆက်နှင့်အတူ တွေ့လျှင် နောက်ထပ် ပြဿနာရှာမှာ သေချာသည်။ သရကို ဖုန်းဆက်မိတာ အခုမှ နောင်တ ကြီးရင်း ရနေသည်။ ဦးခွန်းဆက်နှင့် မာမီတို့ရှေ့မှာ ဖွဲ့ဘာတစ်ခုမှ မဖြစ်ချင်။ သရနှင့် ဝေးနိုင်သမျှ ဝေးအောင် ရှောင်နေချင်သည်။

"ငြိမ်လှချည်လား ဖွဲ့"

"ရှင်"

"သြော်… ဒီနေ့ ဖွဲ့တစ်ယောက် ထူးထူးခြားခြား ငြိမ်နေလို့ ကိုယ်က မေးတာပါ"

ဖွဲ့အဖြစ်ကို တခြားသူတွေပါ ရိပ်မိကုန်သည့်အတွက် ဖွဲ့ကိုယ်ဖွဲ့ သိပ်ပြာမလုံ ဖြစ်သွားသည်။ ဦးခွန်းဆက်လိုလူက ဖွဲ့ကို ဒီလိုပြောနေ ရင် ဖွဲ့မူပျက်နေတာ မာမီနှင့်မမနွဲ့ ရိပ်မိကုန်ပြီလားဟု တွေးပူမိပေမယ့် မာမီနဲ့မမနွဲ့က သူတို့ဘာသာ စကားပြောနေတာနှင့် ဖွဲ့ကို ဂရုမစိုက် ကြ၍ တော်သေးသည်။

"ဘာမှမဟုတ်ပါဘူး ဒီလိုပဲ တစ်ခါတလေကျတော့ ငြိမ်ငြိမ် လေးနေရတာ ကြိုက်လို့ပါ"

"ကိုယ်တော့ သိပ်မထင်ပါဘူး"

"ဘာကိုလဲ"

"ဖွဲ့စိတ်ညစ်နေတယ်ထင်လို့"

ဦးခွန်းဆက် ဖွဲ့ကိုမှန်းတာ မှန်လွန်း၍ ဖွဲ့ဘာမှမပြောဘဲ သဘော ကျစွာ ရယ်လိုက်သည်။ ဒီလိုကျတော့လည်း ဦးခွန်းဆက်ဆိုတဲ့ လူကြီး က မဆိုးပါဘူး။ ဖွဲ့ ဘာဖြစ်နေလဲဆိုတာကို အတိအကျ ခန့်မှန်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် ဖွဲ့မျက်နှာလေး ပြုံးနေသည်။

သရသာ ဦးခွန်းဆက်လို ဖွဲ့ဘာဖြစ်နေလဲဆိုတာ အတိအကျ ခန့်မှန်းနိုင်ရင် သိပ်ကောင်းမှာပဲ။ အခုတော့ ဖွဲ့စိတ်ထဲ ဘာဖြစ်လို့ ဖြစ်မှန်းမသိ။ သူဖြစ်ချင်တာတွေချည်း ဖွတ်ဖြစ်နေတော့ ဖွဲ့စိတ်ဆင်း ရသလို သူလည်း စိတ်ညစ်ရသည်။

"ကဲ… ရောက်ပြီ"

ဟိုတယ်ရှေ့မှာ ကားရပ်လိုက်တော့ ဖွဲ့ကို ကားတံခါးကို ဟိုတယ် စောင့်တွေက အပြေးအလွှား လာဖွင့်ပေးပြီး ဦးခွန်းဆက် ကားပေါ် ဆင်းတာနှင့် သူ့ကားကို အလုပ်သမားတစ်ယောက်က လာမောင်း သွားသည်။

"ကြွပါခင်ဗျာ"

ဖွဲ့တို့ကို ဟိုတယ်မန်နေဂျာကိုယ်တိုင် လာကြိုပြီး ရှေ့ကဦးဆော ခေါ်သွားရုံသာမက မာမီနှင့်မမန္တဲ့ကို မန်နေဂျာလုပ်သူက ဟိုတယ်နှ ပတ်သက်သည့် အကြောင်းအရာတချို့ကို ဂရုတစိုက် အရေးတယ ရှင်းလင်းပြသွား၍ ဖွဲ့နှင့်ဦးခွန်းဆက်က မာမီတို့နောက်မှာ ကျန် သည်။

"ဖွဲ့"

"ဟင်"

"ကိုယ်မေးတာ မဖြေသေးဘူးနော်"

"ဘာကိုလဲဟင်"

"ဖွဲ့စိတ်ညစ်နေတဲ့အကြောင်း"

တည့်တည့်ပြောမှ ရိပ်မိသည့် ဖွဲ့ကအခုမှ သူမအဖြစ်ကို သတိ ပြီး ရယ်သည်။ ဦးမင်းဆက်က ချစ်စရာကောင်းသည့် ဖွဲ့မျက်နှာ





နှက်လုံးလက်လက်တွေနှင့်ကြည့်ပြီး ပြုံးနေသည့်အတွက် အဖြစ်မှန်ကို နှင့် မပြောချင်တိုင်း ဖွဲ့မျက်နှာက ပြုံးနေသည်။

"ဘာမှမဟုတ်ပါဘူး"

"ကိုယ်တော့ မယုံဘူး"

ဖွဲ့မျက်နှာကို ကြည့်နေသည့် ဦးခွန်းဆက်မျက်နှာက ခပ်ပြုံးပြုံး။ သူ့အပြုံးက ဖွဲ့ညာနေတာကို သူသိနေပါသည်ဆိုသည့် အဓိပ္ပာယ်ဖြစ်၍ ဘာဖြစ်လို့ သူ့ကျမှ ဖွဲ့ရင်ထဲကို ထွင်းဖောက်မြင်ရတာလဲဟု တွေးနေမိသည်။

"ဖွဲ့မပြောလည်း ကိုယ်သိပါတယ်"

"ဘာသိတာလဲ"

"ဖွဲ့ရဲ့ ဟိုတစ်ယောက် ဒီကိုရောက်နေလို့ မဟုတ်လား"

ဖွဲ့က ဖွဲ့ကောင်လေးလို့သုံးတာ မကြိုက်မှန်းသိ၍ ခွန်းဆက်က ဲ့ရည်းစားနာမည်ကိုလည်း မခေါ်။ ဖွဲ့ကောင်လေးဟုလည်း မသုံး ဲ့ရဲ့ ဟိုတစ်ယောက်ဆိုသည့် စကားအသစ်ကိုသုံးပြီး ပြောလိုက်ပေ ယ့် သူရည်ညွှန်းသည့်လူက သရဆိုတာ ဖွဲ့ချက်ချင်း နားလည်သည်။

"ဦးခွန်းဆက် ဘယ်လိုသိလဲ"

ဖွဲ့ မလိမ်ညာချင်၍ သူမ သိချင်တာကို ပြန်မေးလိုက်တော့ သူက ဖွဲ့မျက်နှာကို တစ်ချက်စိုက်ကြည့်ပြီး အကြည့်လွှဲသွားသည်။

"ဒီလိုပဲ သိတာ"

"ဖွဲ့မယုံပါဘူး၊ ဦးခွန်းဆက်ဆီကို သရလာတာ မဟုတ်လား"

သရစိတ်ကို မယုံ၍ ဖွဲ့မေးလိုက်ပေမယ့် အဖြေက ဖွဲ့ ထင်သလို ဟုတ်။

"သူ တကယ်ရောက်လာရင် ကောင်းတာပေါ့ ဒါမှဖွဲ့လို မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



လှလေးတစ်ယောက်ရဲ့ ချစ်သူဖြစ်ခွင့်ရတဲ့သူကို ကိုယ်မြင်ဖူးသွားမှာ”

“ဒါဆို သရ မလာဘူးလားဟင်”

“ဖွဲ့ကို လာမယ်ပြောလို့လား”

“ဟင့်အင်း”

ဖွဲ့ ခေါင်းခါလိုက်တော့ ခွန်းဆက်မျက်နှာမှာ အပြုံးတစ်... လက်ခနဲ ပြေးသွားသည်။ ဖွဲ့ သူ့ကိုစပြီး အကူအညီတောင်းထ... ကတည်းက ဖွဲ့ချစ်သူဆိုသည့်တစ်ယောက် သူ့ဆီရောက်လာမှာ မဟု... ဟု ခွန်းဆက် သိထားသည်၊ နားလည်း လည်သည်။

ဘယ်ယောက်ျားမှ ကိုယ့်ချစ်သူနဲ့ တခြားယောက်ျားတစ်ယော... နီးစပ်ပတ်သက်နေတာကို ခွင့်မပြု။ ဖွဲ့လို အချောအလှ စုဝေးနေသည်... ချစ်စရာ မိန်းမလှလေးနားမှာ တခြားယောက်ျားတစ်ယောက် ရှိနေ... ပိုဆိုးသည်။

“ဖွဲ့တို့ ဘယ်ကိုသွားနေတာလဲ ဦးခွန်းဆက်”

“ရောက်တော့ တွေ့မှာပေါ့”

ဖွဲ့မေးတာကို သူမဖြေတော့ ဖွဲ့က သူ့မျက်နှာကို အကဲခတ်သ... တစ်ချက်လှမ်းကြည့်သည်။ ဖွဲ့တို့ကို ဦးဆောင်ခေါ်သွားသည့် ဟိုတယ်... မန်နေဂျာ အတွင်းပိုင်းကို ခေါ်ယူသွားခြင်းမဟုတ်။ ဟိုတယ်ကိုဖြတ်... သဲသောင်ပေါ်မှာ တံငါလှေကြီးတစ်စင်းမှာ ရောင်စုံမီးအလှနှင့် ရှုမ... နိုင်အောင် မီးဒီဇိုင်းဆင်ထားသည့် သဲသောင်ပြင်ပေါ်က လှေကြီး... တစ်စင်းရှိရာ ခေါ်သွားခြင်းဖြစ်၍ ဖွဲ့အံ့သြသွားသည်။

“ဘယ်လိုလဲ ဖွဲ့… ကိုယ်စီစဉ်တာ သဘောကျရဲ့လား”

“ဖွဲ့ သိပ်ကြိုက်တာပဲ၊ အရမ်းလည်း ကဗျာဆန်သလို ပြင်ဆ... ထားတာကလည်း လက်ရာမြောက်ပြီး အရမ်းလှတာပဲ”





“ဟုတ်ပါရဲ့ကွယ်၊ အန်တီဖြင့် တစ်ခါမှ ဒီလိုနေရာမှာ ညစာ ...စားမစားဖူးဘူး”

ဖွဲ့က သဘောကျနေသလို ဒေါ်သီရိတို့ သားအမိကလည်း ...ခွန်းဆက် အစီအစဉ်ကို တအံ့တသြ ချီးကျူးနေကြသည်။ ဖွဲ့က သူမ ...စိတ်ဝင်စားသည့်နေရာမှာ သဘောကျစွာထိုင်ရင်း တခမ်းတနား ပြင် ...ဆင်ထားသမျှကို တစ်ခုခြင်း အသေးစိတ်လိုက်ကြည့်ပြီး ပျော်နေသည်။

စားပွဲပေါ်မှာ နှင်းဆီပန်းနှင့် ဖယောင်းတိုင်တွေ အလှဆင်ထားပုံ ...သည်းပုံ၊ မီးပုံးနှင့် တခြားရောင်စုံ မီးပုံးတွေက လေအနှင်မှာ တလွင့် ...လွင့် ပျော်နေသည့် ရောင်စုံမီးလုံးအလှတွေကအစ ကြည့်မဝ ရှုမဝ။

“ဖွဲ့”

“ရှင်”

“ပျော်လားဟင်”

“ပျော်တာပေါ့၊ ဦးခွန်းဆက်က ဖွဲ့ပျော်အောင် တမင်လုပ်ထား ...တာ မဟုတ်လား”

“ဖွဲ့ ဘယ်လိုသိလဲ”

“ဒီလိုပဲ သိတာ”

“ကိုယ်ပြောတဲ့ စကားကို လိုက်ပြောတာ ကျေပြီနော်”

ဖွဲ့ရယ်တော့ သူပါအတူ လိုက်ရယ်ပုံက လှိုက်လှဲခြင်းတွေနှင့် ...နွေးနွေးထွေးထွေး ဦးခွန်းဆက်ပြောသလို ညစာမစားခင် ကမ်းခြေ ...အလှကို တစ်ဝကြီး ကြည့်ခွင့်ရသလို ဖွဲ့တို့တစ်ခါမှ မစားဖူးသည့် ...ဟင်းချက်လက်ရာနှင့် ပင်လယ်စာတွေကို အရသာရှိရှိ လှလှပပ ခင်း ...ကျင်းပြင်ဆင်ပေးပုံက ဖွဲ့စိတ်ထဲ စွဲသွားသည်။ စားပွဲထိုးက ကျွမ်းကျင် ...သလို လိမ္မာပါးနပ်လွန်း၍ ဘာတစ်ခုမှ စိတ်အနှောင့်အယှက် ဖြစ်စရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ စားစရာတွေ တစ်ခုပြီးတစ်ခု တစ်မျိုးပြီးတစ်မျိုး ခင်းကျင်းပြ ဆင်ပေးသွားသလို ခွန်းဆက်ကလည်း ဟင်းပွဲအမည်နှင့် ဘယ် စားသောက်ရမည်ဆိုတာကိုပါ တစ်ခါထဲ စကားပြောရင်း ရှင်းပြသွား သည်။

"ဟင်းတွေက သိပ်အရသာရှိတာပဲနော်၊ ဖွဲ့သာ ဒီလိုနေ့တိုင် စားနေရရင် ဝတုတ်မလေး ဖြစ်သွားမယ် ထင်တယ်"

"ဝတော့ ဘာဖြစ်လဲ၊ ဖွဲ့ကြိုက်တယ်ဆိုရင် ကိုယ်နေ့တိုင် ဝယ်ကျွေးနိုင်ပါတယ်"

"တကယ်"

"တကယ်ပေါ့"

"မာမီ ကြားတယ်နော်၊ ဦးခွန်းဆက်က ဖွဲ့စားချင်ရင် နေ့တိုင် ဝယ်ကျွေးမယ်တဲ့၊ မနက်ဖြန်ကစပြီး ဖွဲ့ မာမီတို့နဲ့ ထမင်းအတူ မစာ တော့ဘူး။ ဦးခွန်းဆက်နဲ့ပဲ ဒီမှာ ညတိုင်း လာစားမယ်"

ဖွဲ့စကားအဆုံးမှာ အားလုံးသဘောကျစွာ ရယ်သည်။ ဖွဲ့ ခွန်းဆက်ကို တမင်စနောက်၍ ပြောခြင်းဖြစ်ပေမယ့် ခွန်းဆက်ကတော့ ဖွဲ့ကို သူမလို စနောက်ပြီးပြောခြင်း မဟုတ်ပါ။ ရင်ထဲက ဖုံးဖိမ အောင် ဖွဲ့အပေါ်မှာ အမြတ်တနိုးသော ချစ်ခြင်းတို့ဖြင့် ဖွဲ့ကို သူ အလိုလိုက်ချင်စိတ်ဖြင့် အမှန်တကယ် ပြောနေခြင်းဖြစ်သည်။

ဖွဲ့တို့ ရယ်ရယ်မောမော ပျော်မဆုံးဖြစ်နေချိန်မှာ ထိုမြင်ကွင်း တစ်နေရာက စူးစိုက်ကြည့်နေသူက ဒါလီဖြစ်သည်။ အနားမှာ အ ကြီးဧည့်သည်တွေ ရှိနေသည်။ စိတ်ဝင်စားစရာ စကားတွေ ပြော တိုင်ပင်နေကြသည်။ စိတ်နောက်ကိုယ်ပါ ဖြစ်ချင်ရာဖြစ် ထသွား အောင် ဒါလီက သွေးမဆူ။ စကားပြောမပျက်၊ ဣန္ဒြေတစ်ချက်မပျက်





ဘဲ ခွန်းဆက်လုပ်သမျှ စူးလက်တောက်ပသော မျက်ဝန်းထက်ထက်တွေ နှင့် တစ်ခုမကျန် လိုက်ကြည့်မှတ်သားနေသည်။

မိန်းမသားပီပီ ဒါလီ့ရင်ထဲမှာ ခွန်းဆက်လုပ်ပုံကို အခံရခက်နေ သည်။ ဘယ်တုန်းကမှ ဒါလီ့မှာ ဒီလိုအခွင့်အရေးမရခဲ့။ ခွန်းဆက် ဘက်ကလည်း ဒါလီ့အပေါ် ဘယ်တုန်းကမှ အခုလို ပုံစံမျိုး မဖန်တီးခဲ့။ ဘယ်လိုလူကများ ခွန်းဆက်လိုလူကို စိတ်ကူးတွေ ယဉ်ချင်လာအောင် ဖန်တီးလိုက်သလဲဆိုတာ သိချင်လာသည်။

ဒါလီ ကံကောင်းချင်တော့ မန်နေဂျာကိုယ်တိုင် ဒါလီ့နား ရောက် လာသည့်အတွက် ဟန်မပျက် ခွန်းဆက်ဟိုတယ် မန်နေဂျာ ဦးမြတ် မောင်ကို လှမ်းခေါ်လိုက်သည်။

"ဘာလိုချင်လို့လဲ မဒါလီ"

"ဟိုဟာ ခွန်းဆက်လားလို့"

"ဟုတ်ပါတယ်"

"ဘယ်က ဧည့်သည်တွေလဲ ဦးမြတ်"

"ကျွန်တော် မသိပါဘူး၊ ဘော့စ်ရဲ့ အထူးဧည့်သည်လို့ ပြော ပါတယ်"

"သင့်ခ်ယူး ဦးမြတ်"

ဦးမြတ်မောင် ထွက်သွားတော့ ဒါလီ့ရင်ထဲ မီးလိုပူပြင်းသွား သည်။ ခွန်းဆက်ရဲ့ အထူးဧည့်သည်ကို ဘယ်လိုမှ စိတ်မဝင်စားဘဲ နေလို့မရ။ ဟိုတယ်ထဲ စရောက်ကတည်းက ဘော့စ်ရောက်နေသည်။ ဧည့်သည်တွေကို ဧည့်ခံနေသည်ဆိုတာ ဒါလီ ကြားခဲ့ရသည်။

ဒီလိုကိစ္စတွေ အမြဲကြုံနေကြဆိုတော့ ထူးပြီး စိတ်မဝင်စားခဲ့။ အခု ဒါလီစိတ်ဝင်စားနေသည့် အကြောင်းက အချစ်လှေလိုနေရေးကို



www.burmeseclassic.com

www.burmeseclassic.com



ရွှေးပြီး ညှော်ခံရသော ညှော်သည်က ဘယ်လိုညှော်သည်လဲဆိုတာ စိတ်ဝင်စားခြင်းဖြစ်သည်။ ဒါလီသိချင်သော အဖြေကို အချိန်အကြာကြီး မစောင့်လိုက်ရပါ။

ခွန်းဆက်နှင့်အတူ အလှမ်လှပ၍ အပြစ်ကင်းစင်သော မျက်နှာလေးနှင့် ချစ်စရာကောင်းသော မိန်းမလှလေးတစ်ယောက်ကို အတူ ရယ်ရယ်မောမော မြင်လိုက်ရသည့်အချိန် ဒါလီ့ရင်ထဲ နေဆယ်စင်း အပြိုင် ထွန်းလင်းသွားသလို ပူလောင်သွားသည်။

လှလိုက်တာ။

ဒါလီကိုယ်တိုင် မိန်းမသားချင်း အသိအမှတ် မပြုဘဲ မနေနိုင်အောင် ခွန်းဆက်နှင့်အတူ ရှိနေသော ဖွဲ့အလှ ဖွဲ့၏ နုငယ်မှု၊ ဖွဲ့၏ အပြစ်ကင်းစင်မှု အားလုံးကို အသေအချာ မြင်တွေ့ခွင့်ရပြီးချိန်မှာ ခွန်းဆက်ကို လက်လွှတ်ဆုံးရှုံးရမှာတွေးပြီး ကြောက်လာသည်။

စိုးရိမ်လာသည်။ ခွန်းဆက်က ဒါလီကို မမြင်။ မိန်းမလှလေး မျက်နှာကို မျက်လုံးလက်လက်တွေနှင့် တစိမ့်စိမ့်ကြည့်ပြီး ကြည်နူးရင်ခုန်နေသည်။

သူမ ဘယ်သူလဲ။

ဒါလီ မသိ။ ဒါလီတို့ အသိုင်းအဝိုင်းထဲက မဟုတ်တာတော့ သေချာသည်။ ခွန်းဆက်နားမှာ ရှိနေသည့်သူအားလုံးကို ဒါလီသိသည်။ အခုမိန်းကလေးကိုတော့ ဒါလီမသိ။ သေချာသည်က ခွန်းဆက်လို အရယ်အပြုံးနည်းသော လူတစ်ယောက်ကို ပြုံးရယ်နေအောင် စွမ်းဆောင်နိုင်သည့် စွမ်းအားတစ်ရပ် ထိုမိန်းကလေးတွင် ရှိနေခြင်းဖြစ်သည့်အတွက် ဒါလီရင်မောစွာ သက်ပြင်းချလိုက်သည်။



## အခန်း (၉)

"ဆက်"

"သြော်… ဒါလီ"

အပြုံးလှလှနှင့် သူ့နား ရောက်လာသည့် ဒါလီကို ခွန်းဆက် ထိုက်လှဲသော အပြုံးနှင့် တုံ့ပြန်နှုတ်ဆက်လိုက်၏။ ဒါလီက သူမ ထုံးစံအတိုင်း မိုးပြာရောင်ဝတ်စုံလှလှနှင့် တင့်တယ်စွာ ကျက်သရေရှိရှိ လှနေသည်။ အရပ်အမြင့်က ခွန်းဆက်နှင့်အတူတူ မြင့်မြင့်မားမား။ ကိုယ်ဟန်က ထွားထွားပေမယ့် ဒါလီလှတာကို သူဝန်ခံပါသည်။ သို့သော် သူမအလှက ပါးလျှသွယ်နွဲ့သော အလှမဟုတ်။

ကျွန်းမာသန်စွမ်းသော၊ ရဲရင့်ထက်မြက်သော အလှပိုင်ရှင်အဖြစ် ဒါလီက နာမည်ကြီးသည်။ လူအများ စိတ်ဝင်စားခံရသော မိန်းမလည်း ဖြစ်သည်။

"ဘယ်လိုလဲ ဆက်၊ ဒါလီ့ကို ရုတ်တရက် တွေ့လိုက်ရလို့ အံ့သြနေလား"

ဒါလီ ပြုံးလိုက်တိုင်း ချိုင့်ဝင်သွားသည့် ပါးချိုင့်လေးတွေက ဒါလီအလှကိုကူပြီး အားဖြည့်လိုက်ပေမယ့် ခွန်းဆက်ကိုယ်တိုင်ဆို



www.burmeseclassic.com

www.burmeseclassic.com



အလုပိုင်ရှင်အပေါ်မှာ ဘာခံစားချက်မှ မရှိတာဆန်းသည်။

"ကိုယ်တို့ မတွေ့ဖြစ်ကြတာ တော်တော်ကြာပြီဆိုတော့ အခုလို ဒါလီနဲ့ပြန်တွေ့ရတာ ကိုယ်အံ့ဩတာထက် ဝမ်းသာမိတာက ပိုပါ တယ်ဗျာ"

"တကယ်ရော ဝမ်းသာတာမှ ဟုတ်ရဲ့လား ဆက်"

ဒါလီက အလှဆုံးပြုံးပြီး သူ့ကိုကြည့်သည်။ ရွှန်းလက်သော ဒါလီအကြည့်က ခွန်းဆက်ရင်ကို လှုပ်ခပ်အောင် မစွမ်းဆောင်နိုင်တာ ကလည်း တဆိတ် ဝမ်းနည်းစရာ ဖြစ်သည်။ ခွန်းဆက်အတွက် အကောင်းဆုံး အိမ်ထောင်ဘက်အဖြစ် ရွေးချယ်သင့်ဆုံး မိန်းမဖြစ်ပေ မယ့် ဒါလီကို လက်ထပ်ချင်စိတ်မဖြစ်။ ဒါလီက ခွန်းဆက်နှင့် မျက်နှာ ချင်းဆိုင်မှာထိုင်ပြီး ခွန်းဆက်မျက်နှာကို ပြုံးကြည့်သည်။

"ကိုယ့်အတွက် ဒါလီက အကောင်းဆုံးသူငယ်ချင်းပါ ဒါလီ"

ခွန်းဆက်မျက်နှာကို ဒါလီစိုက်ကြည့်နေပေမယ့် ဒီတစ်ခါ ဘာ စကားမှ မပြောတော့ပါ။ ခွန်းဆက်အတွက် ဒါလီဆိုတာ သူငယ်ချင်း အဆင့်ထက် နည်းနည်းမှမပိုနိုင်သော မိန်းမအဖြစ် သူ့ဘက်က တရား ဝင်ကြေညာထားတာ ဘယ်နှကြိမ်ရှိပြီလဲ။ ဒါလီကိုယ်တိုင် ခွန်းဆက် အပေါ်မှာ တစ်ဖက်သတ် ချစ်နေမိတာဆိုတော့ ခွန်းဆက် ဘာပြောပြော အပေါ်ယံမျက်နှာကို အစွမ်းကုန် ပြုံးထားရပေမယ့် ရင်ထဲကတော့ မိန်းမသားပီပီ နာချင်နေသည်။

ဒါပေမယ့် ဒါလီကိုယ်တိုင် ခွန်းဆက်အနားမှာ နေနေရတာကို ပျော်နေတော့ခက်သည်။ လူကြီးမိဘတွေကလည်း ဒါလီနှင့်ခွန်းဆက် ကို နှစ်ဘက်စလုံးက သဘောတူပေမယ့် ခွန်းဆက်ကိုယ်တိုင် ဒါလီကို ဘယ်တုန်းကမှ မရိုးမသား မဆက်ဆံခဲ့ဖူးတာလည်း ဒါလီ သိသည်။





ခွန်းဆက်က ဒါလီကို မချစ်။ တခြားချစ်ရမယ့်သူ ခွန်းဆက်မှာ ရှိခဲ့၍လည်း ဒါလီဘက်က ဖြေသာခဲ့သည်။ အခုတော့ ဒါလီ ရင်တွေ လောင်စရာဖြစ်စေမည့် အလွန်လှပ နုငယ်သော ချစ်စရာ မိန်းမလှ လေးနှင့် ခွန်းဆက်ကို အတူယှဉ်တွဲပြီး တွေ့လိုက်ရချိန်မှာ ဒါလီ့ရင်ထဲ ဒူးကဲ့စွာ နာကျင်ဖို့ ဖြစ်လာ၏။

"ညက ခွန်းဆက်တို့ကို တွေ့လိုက်ပါတယ်"

"ကိုယ်တို့ကို ဟုတ်လား"

ခွန်းဆက်က ဒါလီ့စကား အသုံးအနှုန်းကို နားမလည်သလို ပြန်မေးရင်း ဒါလီ့မျက်နှာကို ကြည့်တော့ ဒါလီ ညင်သာစွာ ရယ်လိုက် သည်။ လောကကြီးက ရယ်စရာကောင်းသည်ဟု ထင်၍ပါ။ အလွန် တော်၍ အလွန်ထက်မြက်သော မိန်းမတစ်ယောက်။ နက်ရှိုင်းသော နလုံးသားပိုင်ရှင်။ လှပ၍ သုံးမကုန်နိုင်သော ချမ်းသာကြွယ်ဝမှုတွေ ရှိနေပါလျက် ကိုယ်ချစ်တဲ့သူကိုမှ ရအောင်မယူနိုင်သည့် မိန်းမသား ဘဝက အချစ်မရှိတော့ ဘာအဓိပ္ပာယ်မှ မရှိတော့သလိုပါပဲလား။

"ဆက်နဲ့ ဆက်ကောင်မလေးကို ပြောတာ"

"ကိုယ့်ကောင်မလေးဆိုတာ"

"Love Boat အချစ်လှေပေါ်က ဆက်နဲ့အတူရှိနေတဲ့ ကောင်မ လေးလေ"

"ဩော်… ဖွဲ့ကို ပြောတာထင်တယ်"

အခုမှ ဒါလီ့စကားကို နားလည်သွားသလို ခွန်းဆက်မျက်နှာမှာ အပြုံးရိပ်က ထင်းခနဲ ပေါ်လာသည်။ ထိုအပြုံးက ချစ်စနိုးအပြုံး။ [illegible]နုပ်နှစ်သိမ့် ပြုံးနေသည်။

"သူ့နာမည်က ဖွဲ့၊ ကိုယ့်သူငယ်ချင်း မင်းဘွဲ့ညီမလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"သေချာလို့လား"

"ဒါလီ ပြောတာ ကိုယ်နားမလည်ဘူး"

"ဆက်သူငယ်ချင်းရဲ့ ညီမလေးဆိုတာ သေချာရဲ့လားလို့ မေးတာ"

ဒါလီမျက်နှာပြုံးနေတာ ကြည့်ပြီး သူရယ်လိုက်သည်။

"ကိုယ့်သူငယ်ချင်းရဲ့ ညီမလေးဆိုတာတော့ သေချာပါတယ်"

"ဒါဆို ဆက်ရဲ့ညီမလေးပေါ့"

"အခုချိန်ထိတော့ ဟုတ်တယ်"

"ဘာလဲ နောက်ဆိုရင် မသေချာဘူးလို့ ပြောတာလားဆက်"

"အင်း"

သူခေါင်းညိတ်ပြီး တိုးသဲ့စွာ ရယ်သည်။ ဖွဲ့နဲ့ပတ်သက်ပြီး သူ့ရင်ထဲမှာ ခံစားချက်တွေ အများကြီးရှိနေတာကို ဒါလီ့ကို သူ ဖွင့်မပြောချင်ပါ။

အမှန်အတိုင်း ဝန်ခံရရင် ဖွဲ့ကို သူချစ်နေပါပြီ။ ဘယ်လောက် ချစ်သည်။ ဘယ်လောက်မြတ်နိုးနေမိပြီဆိုတာကိုတော့ ခွန်းဆက် ရင် ထဲမှာပဲ သိမ်းထားချင်သည်။

"ကောင်မလေးက တော်တော်ငယ်သေးတာပဲ"

"ဖွဲ့ ဂါ"

ဖွဲ့ကို ဒါလီက ကောင်မလေးလို့ခေါ်တာကို မကြိုက်။ ဖွဲ့ နာမည်ကို ဒါလီသိအောင် ထပ်ပြောလိုက်တော့ ဒါလီက ခွန်းဆက် သဘောထားကို နားလည်စွာ ညင်သာစွာ ရယ်သည်။

"ဖွဲ့ကို ဒါလီက ကောင်မလေးလို့ခေါ်တာ ဆက်မကြိုက်ဘူး ထင်တယ်"





"သူ့မှာ နာမည်ရှိတာပဲ ဒါလီ"

အခုမှ ဖွဲ့ဝင်ရှုလည်နေပြီပဲ ခွန်းဆက်တွေးမိသည်။ ဖွဲ့က သရက်ကို ဒွဲကောင်လေးလို့ ခွန်းဆက်ပြောတာကို မကြိုက်။ သဘောမကျသည့် အကြောင်း ခွန်းဆက်ကို ပွင့်လင်းစွာ ပြောခဲ့တုန်းက ဖွဲ့ကိုစချင်တာနှင့် ဖွဲ့မကြိုက်သည့် စကားကိုပဲ တမင်ရွေးပြော ဖြစ်ခဲ့မိသမျှ အခု သူ့ အလှည့်ပြန်ဖြစ်နေ၏။

"ဆက်ပုံစံက ဖွဲ့နဲ့ပတ်သက်ရင် ဆတ်ဆတ်ထိမခံပါပဲလား"

"ထင်လို့ပါ"

"ဒါလီက မြင်နေတာဆက်၊ ဆက်ကောင်မလေးက ငယ်လွန်း တယ်"

"ငယ်ရင်ချီဆိုတာရှိသားပဲ ဒါလီ"

"ဒါလီတော့ ဆက်ကို အရှုံးပေးလိုက်ပါပြီ"

"ကိုယ် ဒါလီကို ဘယ်တုန်းကမှ အနိုင်မယူခဲ့ပါဘူး ဒါလီ"

ထိုစကားက အမှန်ဖြစ်သည်။ ဘယ်တုန်းကမှ ဒါလီကို သူ အနိုင်ယူခဲ့ခြင်းမရှိ။ ဒါလီနဲ့ ဆက်စပ်ပတ်သက်လာသမျှ ကာလပတ်လုံး အားလုံး ဒါလီအလိုလိုက်။ ဒါလီအကြိုက် ဆောင်ခဲ့တာချည်း ဖြစ် သည်။ ဒါကို ဒါလီလည်း သိသည်။

"ဒါလီ သိပါတယ်၊ ဆက်ကိုလည်း အဲဒီအတွက် ဒါလီ အမြဲကျေးဇူးတင်နေပါတယ်"

"ကိုယ်လည်း ဒါလီကို အမြဲကျေးဇူးတင်နေတာပါ ဒါလီ"

"ဘာကိုလဲ"

"ကိုယ့်အပေါ် ဒါလီလောက် နားလည်ပေးနိုင်တဲ့သူ မရှိဘူး၊ ဒါလီသာ ကိုယ်ဘာဖြစ်ချင်တယ်၊ ဘာတွေဖြစ်နေတယ်ဆိုတာ အသိ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပါ ဒါလီ"

"အခုအချိန်ထိတော့ ဆက်ပြောတာ ဖြစ်နိုင်ပါတယ်"

"ဒါလီ ကိုယ့်ကို မုန်းသွားပြီလား"

"ဒါလီ ဆက်ကို အဲဒီလိုပြောမိလို့လား"

နူးညံ့သိမ်မွေ့သော ဒါလီအကြည့်တွေက ရှန်းဆက်စွာ လင်းလက်နေပေမယ့် ခွန်းဆက်ရင်ကို ဘာကြောင့်လှုပ်နိုးနိုင်စွမ်း မရှိကြသည်မသိ။

"ကိုယ့်ကို ခွင့်လွှတ်ပါ ဒါလီ"

"ဒါလီက ဘာကိုခွင့်လွှတ်ရမှာလဲ ဆက်"

ဒါလီ မျက်နှာလှလှလေးကို ခွန်းဆက်စိုက်ကြည့်လိုက်သည်။ သူ့ကို တုံ့ပြန်ကြည့်နေသည့် ဒါလီကလည်း အကြည့်ကိုမလွှဲ။ ဒါလီ ရင်ထဲမှာ သူနဲ့ပတ်သက်ပြီး ဘာတွေရှိနေလဲဆိုတာ ခွန်းဆက်သိသည်နားလည်းလည်သည်။

"ဒါလီ"

"ပြောပါ ဆက်"

"ကိုယ် အမှန်တိုင်း ဝန်ခံရရင် ဖွဲ့ကို စိတ်ဝင်စားတယ်"

"ဖွဲ့ကို ချစ်မိသွားတာ မဟုတ်ဘူးလား ဆက်"

သူ့ရင်ထဲကို ထွင်းဖောက်တွေ့မြင်ထားပြီးသားဖြစ်သော ဒါလီစကားအဆုံးမှာ သူပြုံးပြီး ခေါင်းညိတ်ဝန်ခံလိုက်သည်။

"ဒါလီကို ကိုယ်ဘယ်တော့မှ ညာလို့မရဘူးဆိုတာ ကိုယ်သိတယ်၊ ဘာဖြစ်လို့ ကိုယ့်စိတ်တွေကို ဒီလောက်အထိ ဒါလီ သိနေရတာလဲ ဒါလီ"

သူ ဒါလီမျက်ဝန်းထဲကို စူးစိုက်ကြည့်ပြီးမေးတော့ ဒါလီက





ယ်သည်။

"ဆက်က ဟန်ဆောင်မကောင်းလို့နေမှာပေါ့"

"ဟန်ဆောင်မကောင်းလို့ ဟုတ်လား"

ဒီတစ်ခါ ခေါင်းညိတ်သူက ဒါလီ။

"ဟုတ်တယ်၊ ဆက်ဘာဖြစ်နေနေ ဆက်မျက်နှာမှာ အမြဲပေါ်နေတယ်၊ လူဘစ်ယောက်ကို ချစ်ရင်ချစ်တဲ့အတိုင်း မုန်းရင်မုန်းတဲ့အတိုင်း ဆက်မျက်နှာမှာ အဲဒီခံစားချက်က ထင်နေတတ်တာ ဆက်မှသိဘဲ"

"ကိုယ့်ပုံစံက အဲဒီလောက်အထိ အသိရလွယ်လွန်းနေလား ဒါလီ"

ဒါလီက ခွန်းဆက်မျက်နှာကို တစ်ချက်စူးစိုက်ကြည့်ပြီး ချက်ချင်းအကြည့်လွှဲသွားသည်။

"ဒါလီဘာသာ စိတ်ထင်တာလည်း ဖြစ်ရင်ဖြစ်နေမှာပါ ဆက်"

ထိုစကားကို ဒါလီက စဉ်းစဉ်းစားစားဟန်ဖြင့် တည်ငြိမ်းနက်စွာ ဆိုလိုက်ခြင်းဖြစ်သည်။ အမှန်တော့ ခွန်းဆက်က သူမပြောသလို အသိရခက်လွန်းသူတော့ဖြင့် မဟုတ်ပါ။ ဒါလီကိုယ်တိုင်က ဆက်ကိုချစ်သည့်စိတ်၊ မြတ်နိုးသည့်စိတ်ဖြင့် ဆက်နားမှာ ဟိုးကလေးဝထဲက အတူနေ၊ အတူသွား၊ အတူစားလာခဲ့ရင်းက သူ့အလိုလိုသိစိတ်ဖြင့် ခွန်းဆက်ရင်ထဲက စိတ်ခံစားချက်မှန်သမျှကို ထိုးထွင်းမြင်နေခြင်းဟု ဆိုလျှင်လည်း မမှား။

"ဒါလီ စိတ်ထင်တာ မဟုတ်ဘူး၊ ဒါလီ ကိုယ်ဖြစ်နေတာတွေအားလုံး ဒါလီပြောတဲ့အတိုင်း အမြဲမှန်နေတာချည်းပဲ"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို မလှောင်ပါနဲ့ဒါလီ"

"ဒါလီက ဆက်ကို ဘာလို့လှောင်ရမှာလဲ ဆက်"

"ဖွဲ့မှာ ချစ်သူရှိတယ် ဒါလီ"

"ဆက်စိတ်ညစ်နေတာ အဲဒါလား"

"ဟင့်အင်း... ကိုယ်စိတ်မညစ်ပါဘူး၊ ဒါဖြစ်တတ်တဲ့ သဘာဝပဲ ဖွဲ့ကို ကိုယ်နားလည်ပါတယ်"

အခုမှ မြင်တွေ့သိကျွမ်း ခင်မင်ရတဲ့ ဖွဲ့အပေါ်မှာ ဆက်ဒီလော နားလည်နေရင် ဒါလီကိုကျတော့ ဘာကြောင့် ဖွဲ့ကိုနားလည်ပေးသ နားလည်မပေးနိုင်ခဲ့ရတာလည်း ဆက်ရယ်။

"ကိုယ်ဖွဲ့ကို ချစ်တယ် ဒါလီ"

"ဒါလီ သိတယ် ဆက်"

သူမ ခေါင်းညိတ်ဝန်ခံလိုက်သည်။ တကယ်လည်း ခွန်းဆက် ဒါလီသိထား နားလည်ထားသည့် ယောကျ်ားတစ်ယောက်ရဲ့ အ တည်ငြိမ်အေးစက်ခဲ့သည့် အကြည့်၊ အပြောတွေဟာ ဖွဲ့နဲ့တွေ့သည့် အချိန်မှာ ဒါလီမယုံနိုင်အောင် ဒါလီမျက်ဝန်းရှေ့မှာ ပြောင်းလဲခဲ့တာ ဒါလီ ကိုယ်တွေ့ကြုံခဲ့ရသူပါ။

ဖွဲ့ကိုကြည့်သည့် ခွန်းဆက်အကြည့်တွေက ဘာနဲ့မှမတူ။ ချစ်ခြင်း မြတ်နိုးခြင်းတွေနှင့် သိမ်မွေ့နူးညံ့စွာ ရွှန်းလက်နေခဲ့သည်။ နှစ်သက် ကြည်ဖြူစွာ နွေးထွေးကြင်နာမှုတွေ ပြည့်လျှမ်းနေသော ချစ်စရာ အပြုံးက ဖွဲ့တစ်ယောက်တည်းအတွက် သီးခြားဖြစ်တည်စေသည့် အပြုံးဟု ဒါလီ နားလည်သည်။

"ကိုယ် ဘာဆက်လုပ်ရမလဲ ဒါလီ"

"ဖွဲ့ကို တကယ်ချစ်ရင် ဖွဲ့ကို ဆက်ရင်ထဲက အချစ်တွေကို





ပွင့်ပြောလိုက်ပေါ့"

"ဖွဲ့က လက်ခံမှာမဟုတ်ဘူး"

"သူ့ရည်းစားကြောင့်လား"

"ဟုတ်တယ်"

တည်ငြိမ်သော ခွန်းဆက်မျက်နှာကို ဒါလီငေးခဲ့ စူးစိုက်ကြည့် လိုက်မိသည်။ ကိုယ်အင်မတန် ချစ်တဲ့ ယောကျ်ားတစ်ယောက် နှုတ်ဖျား က ကိုယ်မဟုတ်တဲ့ တခြားမိန်းမတစ်ယောက်ကို ချစ်ကြောင်း၊ မြတ်နိုး ကြောင်း ကိုယ့်မျက်စိရှေ့မှာ မြင်တွေ့ကြားနာနေရတာ ဘယ်လောက် င်နာစရာ ကောင်းလိုက်ပါသလဲ။

"ဘာပဲပြောပြော ကိုယ့်နှလုံးသားကို ပထမဆုံး လှုပ်ရှားစေနိုင်တဲ့ သူက ဖွဲ့ပဲ ဒါလီ၊ ဖွဲ့ကို ကိုယ်ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ ကိုယ်ကတော့ ဖွဲ့ကို အမြဲချစ်နေမှာ သေချာတယ်"

"ဒါလို့လိုပေါ့"

"ဘယ်လို"

"ဘာမှမဟုတ်ဘူး၊ ဆက်ကို ဒါလီက စတာ"

"ဒါလီရယ်"

စိတ်သက်သာရာ ရသွားဟန်ဖြင့် ပြုံးသွားသည့် ခွန်းဆက်ကို ကြည့်ပြီး ဒါလီရင်နာစွာ ပြုံးလိုက်သည်။ ကံတရားဆိုတာ ဒါပဲထင်ရဲ့။ ကိုယ့်အသက်လောက် ချစ်နေမြတ်နိုးနေပေမယ့် ကိုယ်ချစ်တဲ့ ချစ်သူက ကိုယ့်ကိုပြန်ချစ်လာတာ မဟုတ်။ ချစ်တိုင်းလည်း မညားဆိုတာ ဒါလီ လုံးသား အသိမှာလာငြိတော့ ဒါလီ ခွန်းဆက်မျက်နှာချောချောကို ခဲပွာယ်မဲ့ ငေးနေဖြစ်သည်။

ဒါလီကို ခွန်းဆက် မချစ်ပေမယ့် ခွန်းဆက်နှလုံးသားက ဖွဲ့ကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်သည့် အချစ်တစ်ခုတော့ ရှိနေသည်။ ချစ်တတ်သူချင်း ခံစားရသည့် နှလုံးသား ခံစားချက်အတိမ်အနက်ကို ဒါလီ ခံစားနားလည်သလို ခွန်းဆက်ဘက်ကလည်း ဒါလီ့အပေါ် စာနာနားလည်ပေးခဲ့မည်ဆိုလျှင် အဘယ်မျှ ပျော်စရာ ကောင်းမည်နည်း။

''ကိုယ့်အကြောင်းတွေချည်း ပြောနေရလို့ ဒါလီ ပျင်းနေပြီ ထင်တယ်၊ ဒါလီအကြောင်းလည်း ကိုယ့်ကိုပြောဦးလေ''

''ဒါလီက ဘာပြောရမှာလဲ''

''ဒါလီ စိတ်ထဲရှိတာပြော''

''စိတ်ထဲရှိတာ ဟုတ်လား''

ခွန်းဆက်စကားကို သံယောင်လိုက်၍ ရေရွတ်ရင်း ဒါလီ ရယ်လိုက်သည်။ အမှန်တရားတိုင်းဟာ ပျော်စရာ မကောင်းနိုင်ဘူးဆိုတာ ခွန်းဆက် မသိဘူးထင်ရဲ့။

''ဒါလီမှာ ပြောစရာ မရှိပါဘူး ဆက်ရယ်၊ တစ်နေ့တစ်နေ့ ဒါလီလုပ်ရမယ့် အလုပ်တွေ၊ သွားရမယ့် ခရီးတွေနဲ့ကို လူရောစိတ်ရော မအားနိုင်ပါဘူး''

ရင်ထဲက ခံစားချက် အစစ်အမှန်ကို ဖုံးကွယ်ပြီး ပြောလိုက်သည့် စကားမှာ ခွန်းဆက်က ဒါလီကို စိုက်ကြည့်သည်။ ဒါလီက ခွန်းဆက်ကို မကြည့်။ သူမရှေ့ ချထားသည့် အအေးပိုက်လေးကို တစ်ချက် ငုံ့သောက်ရင်း ပိုက်လေးကို လှည့်မွှေ ဆော့ကစားနေသည်။

''အချစ်ကို ဒါလီ ဘယ်လိုထင်လဲဟင်''

ခွန်းဆက်အသံက တိုးတိတ်ညင်သာစွာ ထွက်ပေါ်လာ၍ ဒါလီ အကြည့်တွေက ခွန်းဆက်ထံ ဖျတ်ခနဲ ရောက်လာ၏။

''အချစ်ကို အချစ်လို့ပဲ ဒါလီထင်တယ်''





''ရှင်းတယ်''

နှစ်ယောက်အတူ ရယ်မိကြသည်။

''ကိုယ် ဒါလီ့ကို သဘောကျတာ အဲဒါတွေပဲ၊ ဒါလီက ခြမ်းမြစိတ်ရှင်းတယ်၊ ကိုယ်လုပ်ရမယ့် အလုပ်ကိုပဲ စိတ်ဝင်စားတယ်၊ ကွေ့ဝေတာ မရှိဘူး၊ တွန့်ဆုတ်တာ မရှိဘူး၊ ဆုံးဖြတ်ချက် ချပြီးရင် ဒါလီဆုံးဖြတ် ထားတဲ့အတိုင်း မဖြစ်ဖြစ်အောင် လုပ်တတ်တယ်''

''ဆက်စကားတွေ ဒါလီ့ကို ချီးကျူးတာလား၊ ဒါလီ့ကို နှလုံးသား မရှိဘူး ခံစားချက်မရှိဘူးလို့ ပြောနေတာလား''

''နှစ်ခုစလုံးလည်း ဖြစ်နိုင်တာပဲ ဒါလီ''

''ဆက်က သိပ်ရယ်ရတယ်''

''ဘာဖြစ်လို့လဲ''

''ဒါလီက ဆက်ထင်သလောက် တော်နေတတ်နေတာ မဟုတ်ဘူးဆိုတာ ဆက်သိစေချင်လို့ပါ''

''ဒါလီဆိုလိုတာက…''

''ရှင်းရှင်းလေးပါ ဆက်၊ ဒါလီက အလုပ်ကို အလုပ်နဲ့တူအောင် လုပ်တတ်တာ မှန်တယ်၊ ဒါလီ မငြင်းဘူး ဒါပေမယ့် ဆက်ပြောသလို ဒါလီက နှလုံးသားမရှိတဲ့သူ မဟုတ်သလို ခံစားချက်မဲ့သူလည်း မဟုတ်ဘူးဆက်၊ ဒါလီ့မှာလည်း ဒါလီ့ချစ်သူဆိုတာ ရှိတာပဲ''

''ဒါလီမှာ ချစ်သူရှိတယ် ဟုတ်လား၊ ကိုယ်လည်း တစ်ခါမှ မကြားဖူးခဲ့ပါလား ဒါလီ''

ထိုစကားကို ခွန်းဆက် တအံ့တသြပြောခြင်း ဖြစ်သည်။ ဒါလီနှင့် အဘိုလူကြီးချင်း သဘောတူထားတာ ဒါလီသိသလို ခွန်းဆက်လည်း



www.burmeseclassic.com

www.burmeseclassic.com



သိသည်။ အတူတူ တွဲသွားတွဲလာ ရှိပေမယ့် ဒါလီမှာ ချစ်သူ ရည်းစားရှိနေခြင်းကို ခွန်းဆက်မသိ။ ဒါလီကလည်း မပြော။ ပြောခွင့် မရအောင် ခွန်းဆက်ဘက်က မမေးဖြစ်ခဲ့တာလည်း ပါမည်ထင်သည်။

"သိပ်အံ့ဩသွားလား ဆက်"

"ကိုယ့်ဘက်က လိုတာပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကိုယ် ဒါလီ့ကို တစ်ခါမှ မမေးဖြစ်ခဲ့ဘူး၊ တကယ်ဆို အရင်ကတည်းက ဒီအကြောင်းတွေ ကိုယ်သိခဲ့ရမှာ"

"အခုလည်း နောက်မကျသေးပါဘူး ဆက်"

"ဒါလီ့ချစ်သူအကြောင်း ဒါလီ့မိဘတွေသိလား"

"ဟင့်အင်း..."

ဒါလီ ခေါင်းခါလိုက်တော့ ခွန်းဆက်အကြည့်တွေက ဒါလီ့ မျက်နှာမှာ စူးနစ်စွာ ရောက်လာ၏။

"ဘာဖြစ်လို့ ဒါလီမိဘတွေကို ဖွင့်မပြောခဲ့တာလဲ ဒါလီ၊ ဒါလီ့ ချစ်သူက ဒါလီမိဘတွေ သဘောတူ လက်မခံနိုင်တဲ့သူမျိုး ဖြစ်နေလို့ လား"

"နိုး"

"ဒါဖြင့် ဘာဖြစ်လို့..."

"မလိုအပ်ဘူး ထင်လို့ပါ"

"ဘာကို မလိုအပ်တာလဲ ဒါလီ၊ ဒါလီ့ချစ်သူကို ဒါလီ မချစ် တော့လို့လား"

အချစ်အကြောင်း အခုမှ အသည်းအသန် စိတ်ဝင်စားနေသည့် ခွန်းဆက်မျက်နှာကို ဒါလီတစ်ခါမှ မမြင်ဖူးသလို ငေးကြည့်နေမိသည်။ ခွန်းဆက်ဆိုတာ အရင်တုန်းကလို အချစ်ကို စိတ်မဝင်စားသည့် ကောင်လေးတစ်ယောက် မဟုတ်တော့ပါလား။ သူကိုယ်တိုင် ချစ်တတ် ခံစားတတ်လာမှ အချစ်ကို ခံစားတတ်၊ နားလည်တတ်လာသည့် ချစ်သူကို ဒါလီကြည့်ပြီး ပြုံးလိုက်သည်။



"အရင်တုန်းက ဆက်ကိုယ်တိုင် အချစ်အကြောင်းကို စိတ်မဝင် စားခဲ့ဘူးနော် အခုမှ ဘာလို့ ဒါလီအချစ်ကို စိတ်ဝင်စားနေရတာလဲ"

"အချစ်ဆိုတာကို ကိုယ်ကိုယ်တိုင် ခံစားတတ်လာလို့ပေါ့ ဒါလီ"

"ဒီအတိုင်းဆို ဖွဲ့ကို ကျေးဇူးတင်ရမယ် ထင်တယ်၊ ဆက်ကို ချစ်တတ် ခံစားတတ်လာအောင် သင်ပေးလို့လေ"

"အင်း... ကိုယ်လည်း အဲဒီလို ပြောရမယ်ထင်တယ်"

"ဆက် ဘယ်နေ့ပြန်မလဲ"

"ဒါလီရော"

"ဟိုမှာ အလုပ်ကိစ္စတွေ ရှိသေးတာဆိုတာ ဒီမှာကြာကြာနေ ရမှာ မဟုတ်ဘူးဆက်၊ ဒီရက်အတွင်းပဲ ပြန်ဖြစ်မယ်ထင်တယ်၊ ရက် ကော့ အတိအကျ မသတ်မှတ်ရသေးဘူး"

"ဒါလီ မပြန်ခင် ကိုယ်တို့ထပ်တွေ့ကြသေးတာပေါ့ ဒါလီ၊ ဒါလီ့ဆီ ဖုန်းဆက်လိုက်မယ်"

ဒါလီ ခေါင်းညိတ်လိုက်သည်။

ဒါ့အပြင်မရှိ။

အနီးဆုံး အနေအထားမှာ အတူရှိနေပါလျက် အဝေးကြီးဝေးနေ သည့် ချစ်သူ့မျက်နှာကို တစ်ချက်ကြည့်လိုက်ပြီး သူမ ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

သရ ဘယ်လိုကြိုးစားပေမယ့် လူက အိပ်လို့မရတာနှင့် အိပ်ရာ
က ဝုန်းခနဲ ခုန်ထပြီး သူတစ်ယောက်တည်း သဲသောင်ဖွေးဖွေးပေါ်မှာ
ပက်လက်လှန်ပြီး မိုးကောင်းကင်ကြီးကို ငေးကြည့်နေမိသည်။ မရေ
မတွက်နိုင်အောင် များပြားသည့် ကြယ်တွေထဲမှာ ဖွဲ့မျက်နှာလှလှ
လေးကို လိုက်ရှာကြည့်သည်။

ချစ်စရာကောင်းအောင် ရယ်မောနေသည့် ဖွဲ့။ သူ့ကို စိတ်ဆိုး
စိတ်ကောက်နေသည့် ဖွဲ့။ သရစိတ်ဆိုးချိန်မှာ ပြန်ချော့တတ်သောဖွဲ့။
ဘယ်နေရာကြည့်ကြည့် ဖွဲ့ပုံရိပ်တွေချည်း ဖြစ်နေပေမယ့် ဖွဲ့က သူ
နားမှာမရှိ။ ဖွဲ့က သူ့အပေါ် ရက်စက်လွန်းသည်။ သူမ ရန်ကုန်ပြန်
သွားတာကို သူမသိလိုက်။ ဖွဲ့ တည်းနေသည့် ဘန်ဂလိုကို လိုက်သွား
မှ ဖွဲ့တို့မိသားစု ပြန်သွားမှန်း သိလိုက်ရသည်။ သူဘာမှမတတ်နိုင်

ဖွဲ့ကို ဘာတစ်ခုမှ ပြောခွင့်မရဘဲ တစ်ယောက်တည်း ဖွဲ့ကို
သတိရစိတ်လွမ်းစိတ်၊ တမ်းတစိတ်တွေနှင့် လုံးထွေးကျန်ခဲ့သည်။
ဖွဲ့နှင့် ချစ်သူစဖြစ်ကတည်းက ဖွဲ့အလိုကိုသာ လိုက်ခဲ့သည်။ ဖွဲ့
စိတ်ကြိုက်နေခဲ့သည်။ ဖွဲ့စိတ်ဆိုးအောင် သူတစ်ခါမှ မလုပ်ခဲ့။ အခုတော့
ဖွဲ့ကို ချစ်သည့်စိတ်၊ ဖွဲ့ကို တခြားသူတစ်ယောက် လုယူသွားမှာကို





နိုးရိမ်စိတ်တွေနှင့် ဖွဲ့မကြိုက်သည့် အလုပ်တွေ သူလုပ်မိသည်။ ချစ်စိတ်
ဖြင့် ဖွဲ့ကို နမ်းမိ၍ ဖွဲ့က သူ့ကို မုန်းသွားသည်။

လမ်းခွဲစကားဆိုသွားသည်။

သူမသိအောင် ဖွဲ့ ရန်ကုန်ကို ပြန်သွားသည်။ ဖွဲ့ကျေနပ်အောင်
သရဘက်က ဘာတစ်ခုမှ ဖြေရှင်းခွင့် မရလိုက်။ လေယာဉ်မရှိ၍
ချက်ချင်း ဖွဲ့နောက်ကို သရ လိုက်မသွားနိုင်၍ ငပလီလိုနေရာမှာ
သူတစ်ယောက်တည်း အဖော်မဲ့ သောင်တင်ကျန်ရစ်ခဲ့သည့် အဖြစ်ကို
ဖွဲ့ ခံစားနားလည်မှာ မဟုတ်။ သရကိုပဲ စိတ်ဆိုးဒေါသတွေနှင့် အမုန်းကြီး
မုန်းနေပေလိမ့်မည်။

ဖွဲ့ရယ်။ ချစ်ရသူအမည်ကို တမ်းတမ်းတတ သူခေါ်လိုက်မိ
သည်။ ဖွဲ့ကို သူသိပ်ချစ်သည်။ ဘယ်လောက်ချစ်သည်။ မြတ်နိုး
သည်ဆိုတာကို သူပဲ သိသည်။ နားလည်သည်။ ဖွဲ့က သရရင်ထဲက
ချစ်စိတ်နှင့် အချစ်၏ခံစားချက်ကို တိကျသေချာစွာ နားလည်သူမဟုတ်။
တစ်ညလုံး ဖွဲ့အကြောင်းတွေပဲ သူတွေးနေမိသဖြင့် မိုးလင်းကာနီးမှ မှေး
ခနဲ အိပ်ပျော်သွားသည်။ လေယာဉ်ချိန်နီးမှ သူနိုးသည်။ ရန်ကုန်ကို
ပြန်ရောက်တာနှင့် ဘာတစ်ခုမှ သူ မလုပ်နိုင်။ အဝတ်အိတ်ကို ပစ်ချ
ပြီး ဖွဲ့အိမ်ကို ချက်ချင်းထွက်ခဲ့သည်။

"ဟဲ့… သား ဘယ်ကိုသွားမလို့လဲ"

မာမီက သူ့သားရောက်ရောက်ချင်း အပြင်ပြန်ထွက်တာကို
သဘောမကျသလို လှမ်းတားပေမယ့် သူလှည့်မကြည့်နိုင်။

"ဒီနားခဏလေး မာမီ"

ဒါပဲ သူပြောခဲ့သည်။

နောက်ပိုင်းမှာ မာမီဘာတွေပြောကျန်ခဲ့မည်ဆိုတာကို သူမသိခဲ့



www.burmeseclassic.com

www.burmeseclassic.com



စရာပင်မလို။ တစ်ဦးတည်းသော သားလေးအတွက် အမြဲရင်ပူနေသည့် မိခင်စိတ်ကို သူနားလည်သည်။ သဘောပေါက်သည်။ ဖွဲ့အိမ်ရှေ့ကို သူရောက်သွားတော့မှ ဖွဲ့ကို နောက်ထပ်စိတ်ဆိုးဒေါသဖြစ်အောင် မလုပ်ချင်၍ အိမ်ထဲတစ်ခါတည်း ဝင်တွေ့ချင်သည့်စိတ်ကို ချုပ်တည်းလိုက်သည်။ ပြီးမှ ဖွဲ့ဖုန်းကို လှမ်းဆက်သည်။ ထုံးစံအတိုင်း ဖွဲ့က သူ့ဖုန်းကို မကိုင်။

ကြာတော့ သူစိတ်မရှည်တော့။ ဖြစ်ချင်ရာဖြစ်ဆိုသည့်စိတ်နှင့် ဖွဲ့အိမ်ရှေ့အရောက်မှာ ဖွင့်ထားသည့် ခြံတံခါးအတိုင်း သူ့ကားကို မောင်းဝင်ခဲ့သည်။ ခြံထဲမှာ ပန်းပင်တွေကို ရေလောင်းနေသည့် ဖွဲ့ကို တွေ့လိုက်ရ၍ သရ ရင်ခုန်သံတွေ မြန်သွားသည်။ ကားကိုခြံဝင်းနှင့် မလှမ်းမကမ်းမှာ ရပ်လိုက်သည့် အချိန်အထိ ဖွဲ့က သူ့ကို မမြင်သေး။ ကျောခိုင်းအနေအထားနှင့် ပါးစပ်ကလေး တလှုပ်လှုပ် သီချင်းဆိုလျက် ပန်းပင်တွေကို ရေလောင်းနေပုံက ချစ်စရာ။ အိမ်ကြီးက တိတ်နေသည်။

တခြားလူရိပ်လူရောင်လည်း မမြင်ရ၍ သရ ဖွဲ့နားကို လျှောက်သွားသည်။

"ဖွဲ့"

"ဟင်… သရ"

ရုတ်တရက်ကြီး သရကို အနီးကပ်မြင်လိုက်ရတော့ ဖွဲ့ လန့်သွား ပုံလေးကိုကြည့်ပြီး ရင်ထဲချစ်စိတ်တွေ ပြည့်သိပ်သွားသည်။

"ယူ… ဘယ်လိုလုပ်ပြီး ဖွဲ့အိမ်ကို ရောက်လာတာလဲဟင် မာမီတို့ မြင်သွားရင် ဒုက္ခပဲ"

ဖွဲ့က ပြောပြောဆို အိမ်ရှိရာဘက် အလန့်တကြားလေး လှည့်





ကြည့်လိုက်ပေမယ့် သရကတော့ ဖြစ်လာသမျှ ရင်ဆိုင်မည်ဆိုသည့် စိတ်ဖြင့် ရောက်လာသူဖြစ်၍ ဘာကိုမှမကြောက်။ ဘာတစ်ခုမှ အခြယ်အသမရှိ၊ လှချင်တိုင်းလှနေသော ဖွဲ့မျက်နှာလှလှလေးကိုသာ မျက်တောင်မခတ် စူးစိုက်ကြည့်ရင်း ဖွဲ့ကိုယ်လေးကို သူ့ရင်ခွင်ထဲ သိမ်းကျုံးပွေ့ဖက်ထားချင်စိတ် ဖြစ်လာ၏။

"ဖွဲ့"

"ယူပြန်တော့နော်၊ အိမ်မှာ မာမီတို့ရှိတယ်"

"ကိုယ့်ကို ဖွဲ့ဘာလို့ တစ်ယောက်တည်း ထားခဲ့တာလဲ ပြော"

"သြော်… ယူလုပ်ပုံကရော ကောင်းလို့လား"

"ကောင်းတယ်"

"ဟင်"

ဖွဲ့ရင်ထဲက ဒေါသကို လာခွနေသူမျက်နှာကို ဖွဲ့စိတ်ဆိုးစွာ ကြည့်လိုက်သည်။

"ယူကို ဖွဲ့မုန်းတယ်လို့ ပြောပြီးပြီနော် ဖွဲ့နဲ့လာမပတ်သက်ပါနဲ့"

"ချစ်သူကို ချစ်လို့နမ်းတာ အပြစ်လား"

"အို… ဘာလို့ ဒီအချိန်မှာ ဒီစကားတွေ လာပြောနေရတာလဲ သရ"

"ဖွဲ့အမုန်းကို ကိုယ်မခံနိုင်လို့"

"အစကတည်းက ဖွဲ့အမုန်းကို မခံနိုင်ရင် ဘာလို့ ဖွဲ့မကြိုက်တာကို ယူလုပ်လဲ"

"ဖွဲ့ကို သိပ်ချစ်လွန်းလို့ ပြောပြီးပြီ မဟုတ်လား"

"ယူပြန်နော်၊ ဖွဲ့ယူ့ကို ဒီထက်ပို မမုန်းချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ကိုယ့်ကို ဖွဲ့ချစ်တယ်ဆိုမှ ပြန်မယ်''

''ကြည့်စမ်း… ယူနော်''

''တကယ် ယူရမှာလား''

ဖွဲ့မျက်နှာလေးကို မျက်တောင်မခတ် စူးစိုက်ကြည့်နေသည့် သရမျက်နှာကို ဖွဲ့ဒေါသဖြစ်ဖြစ်နှင့် တုံ့ပြန်စူးစိုက်ကြည့်လိုက် ပစ်လိုက်သည်။

''သိပ်ချစ်တယ် ဖွဲ့ရယ်''

''ဖွဲ့မရှိရင် ကိုယ်မနေနိုင်ဘူး''

''အပိုတွေ ပြောမနေပါနဲ့ ဖွဲ့အိမ်က အခုပြန်ပါ''

''ပြန်ရင် အရင်လို ချစ်မှာလား''

''စိတ်ကူးယဉ်မနေနဲ့''

''ဒါဆို ကိုယ်လည်း မပြန်ဘူး''

''ရှင်နော် ပြန်ဆိုတာ မကြားဘူးလား''

''ကြားတယ်''

''ကြားရင် ပြန်တော့''

''ပြန်မယ်… ဖွဲ့စကားကို ကိုယ့်နားထောင်ပြီးရင် ဖွဲ့က ကိုယ့် ချစ်သူပဲနော်''

သရဲက လူလည်ကျပြီး ဖွဲ့ကိုအိမ်အထိ လိုက်လာကာ ပြဿနာ ရှာနေတာကို မုန်းပေမယ့် မတတ်နိုင်။ အိမ်ထဲမှာ မာမီနှင့် မမနွဲ့တို့ မိသားစုတွေ ရှိနေသည်။ အိမ်အပြင် ထွက်လာလို့ သရကိုတွေ့လျှင် ဘာတွေဖြစ်လာမည်မသိ။

''ဖွဲ့''

''ဟော… ဟိုမှာ မမနွဲ့ ဆင်းလာနေပြီ၊ ရှင်ပြန်တော့လေ''





''ချစ်တယ်ပြောမှ''

အို… အရေးထဲမှာ ဖွဲ့ကိုဒေါသမဖြစ်ဖြစ်အောင် လာဆွနေသည်။

''ဧည့်သည်ရောက်နေတာလား ဖွဲ့၊ အိမ်ထဲကို ခေါ်လေ''

''သူငယ်ချင်းပါ မမနွဲ့၊ သူအခုပြန်တော့မှာပါ''

မမနွဲ့က ဖွဲ့နှင့်သရကို အကဲခတ်သလို လှမ်းကြည့်နေ၍ ဖွဲ့ မျက်နှာကို ခပ်တည်တည်လေးလုပ်ပြီး ပန်းပင်တွေကို ဟန်မပျက် ရေဆက်လောင်းနေလိုက်သည်။

''ဒီတစ်ခါပဲနော်၊ နောက်တစ်ခါ ဖွဲ့မကြိုက်တာ လုပ်လို့ကတော့ ဘာကြီးဖြစ်ဖြစ် ယူ့ကို ဖွဲ့လုံးဝဂရုမစိုက်ဘူး''

''ဖွဲ့ အသည်းမာတာ ကိုယ်သိပါတယ်''

''ကိုယ်ပြန်မယ်''

''ဖွဲ့… ဟိုမှာ မမနွဲ့ ဒီကိုလျှောက်လာနေပြီ၊ ကိုယ်နှုတ်ဆက်မှ ကောင်းမယ်ထင်တယ်''

''အခုမှ နှုတ်ဆက်ရတော့မှာပေါ့ ယူ့ကို ဖွဲ့မုန်းတယ် သိလား''

''ခုနတုန်းကတော့ ချစ်တယ်ဆို''

''ယူ့ကို ဘယ်သူပြောလဲ''

''ဖွဲ့မကြိုက်တာ ကိုယ်မလုပ်တော့ဘူးလို့ ကတိပေးပြီးပြီလေ''

''မောင်လေးက ဖွဲ့သူငယ်ချင်းလား''

''ဟုတ်ကဲ့ မမ''

တိုးတိုးကျိတ်ကျိတ် ရန်ဖြစ်စကားများနေသူ နှစ်ယောက်နား ရောက်လာသည့် နွဲ့ကြောင့် သရက ဖွဲ့အစ်မပီပီ ချောမောလှပသည့် နွဲ့ကို ခင်မင်နှစ်လိုစွာ ပြုံးလျက် သိမ်မွေ့ယဉ်ကျေးစွာ နှုတ်ဆက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မမက ဖွဲ့အစ်မ နွဲ့ပါ"

"ဟုတ်ကဲ့ ကျွန်တော်က သရပါ မမနွဲ့"

ဖွဲ့က မိတ်ဆက်ပေးခြင်းမဟုတ်။ သူတို့ဘာသာ အပေးအယူ တည့်ပြီး မိတ်ဆက်စကား ဆိုနေကြတာကို ဖွဲ့ ယန်းပင်ရေလောင်းရင်း စိတ်ရှုပ်သည့် အမူအယာနှင့် ကြည့်နေ၏။

"သရ ယူပြန်မှာဆို ပြန်တော့လေ"

"အို... အိမ်အထိတောင် ရောက်လာပြီးမှ အအေးလေး ဘာလေး သောက်ပြီးမှ ပြန်မှပေါ့"

"သူမှာ တခြားသွားစရာ ကိစ္စရှိပါတယ်ဆိုမှ မမနွဲ့ကလဲ"

"နွဲ့ရေ... ဒီမှာ သမီးဖုန်းလာနေတယ်"

"ဟော... ဟိုမှာ မာမီထွက်လာပြီ... လာ... သရ မင်းတို့ မမတို့ မာမီနဲ့ မိတ်ဆက်ပေးမယ်"

"မမနွဲ့"

ဖွဲ့က လှမ်းခေါ်ပေမယ့် နွဲ့က ဖွဲ့ကို လှည့်မကြည့်။ ဖွဲ့ထံသို့ ဘယ်တုန်းကမှ ယောကျ်ားလေး သူငယ်ချင်း မလာဘူးတာကို အခု အလာထူးနေတာကို စိတ်ဝင်စားနေ၏။

"ဒီကလေးက ဘယ်သူလဲ နွဲ့"

"ဖွဲ့သူငယ်ချင်းတဲ့ မာမီ"

"ဖွဲ့သူငယ်ချင်း ဟုတ်လား"

"ဟုတ်ပါတယ် အန်တီ"

မာမီအသံက တအံ့တသြ။ ဘယ်တုန်းကမှ ဖွဲ့မှာ ယောကျ်ားလေး သူငယ်ချင်းမရှိ။ ရှိသည်လို့လည်း မကြားဖူး။ အခုအိမ်အထိ လိုက်





လာသည်ဆိုတော့ သရတစ်ကိုယ်လုံး သိမ်းကျုံးကြည့်ပြီ အထူးအဆန်း ဖြစ်နေ၏။

"ကျွန်တော့်နာမည် သရပါ အန်တီ"

"သရ"

"အန်တီလည်း တစ်ခါမှ မကြားဖူးပါလားကွယ်"

"ဖွဲ့ကလည်း အန်တီကို တစ်ခါမှ မပြောဖူးဘူး"

"သူနဲ့သူငယ်ချင်းဖြစ်တာ မကြာသေးလို့ပါ မာမီရဲ့"

မာမီနှင့်သရကြားကို ဝင်ဖြေရှင်းနေရသူက ဖွဲ့။ စိတ်ထဲကတော့ အိမ်အထိ လိုက်လာပြီး ပြဿနာရှာနေသည့် သရကို ထုရိုက်ချင်နေသည်။ သူ့ကို ဘယ်သူကမှ မဖိတ်ခေါ်ပဲ ဖွဲ့အိမ်ကို လိုက်လာတာကို ...နေမိသည်။

"သြော်... သြော်... ဟုတ်ပြီ မာမီနားလည်ပြီလား... သား အိမ်ထဲမှာ ထိုင်ဦး..."

"ဟုတ်ကဲ့ အန်တီ"

"သမီး ရေစိုအဝတ်တွေ သွားလဲလိုက်ဦး ပြီးမှ ဒီကိုပြန်လာခဲ့"

"ဟုတ်"

စိတ်မပါပေမယ့် ဖွဲ့တစ်ကိုယ်လုံး ရေတွေစိုနေ၍ သရတို့နားမှာ ...ကက်ရပ်နေလို့ မဖြစ်သည့်အတူ ဖွဲ့အခန်းရှိရာ အပေါ်ထပ်သို့ တက် သည်။ စိတ်ထဲကတော့ သရနှင့်ကျန်ခဲ့သည့် မာမီနှင့်မမနွဲ့တို့ကို ...မချ။ သရနှင့် ဖွဲ့ချစ်သူတွေဆိုတာကို မာမီတို့သိအောင် သရ ...ာက်ပြောမှာကိုတွေးပြီး ကြောက်နေသည်။

သရဆိုတာကလည်း ယုံကြည်လို့ရတာ မဟုတ်။ ရေစိုအဝတ် ...လဲပြီး အောက်ထပ်ကို ကမန်းကတန်း ဖွဲ့ပြန်ပြေးလာတော့ သရက



www.burmeseclassic.com

www.burmeseclassic.com



မာမီနှင့်မမန္တဲ့တို့ မေးသမျှ အင်တာဗျူးတော်တော်များများကို ဖြေဆိုပြီး နေပြီ ဖြစ်သည်။

"ဟော သမီးလာပြီ၊ အေးအေးဆေးဆေး စကားပြောကြဦး ဟုတ်လား အန်တီ ဘုရားပန်း သွားလဲလိုက်ဦးမယ်"

"ဟုတ်ကဲ့ အန်တီ"

"ယူ မပြန်သေးဘူးလား သရ"

မာမီ ဖွဲ့တို့နားက ထွက်သွားသည်နှင့် သရကို ရန်စွာမိသူက ဖွဲ့။ အခုချိန်ထိ ဖွဲ့အိမ်က မပြန်သေးသော သရကို ဒေါသတွေ လိုက် ထွက်နေပေမယ့် သရကတော့ ဖွဲ့ဒေါသကို မမှုသလို ဖွဲ့မျက်နှာကို မျက်ဝန်းလက်လက်တွေနှင့် ရွှန်းရွှန်းစက်စက်ကြီး စူးစိုက်ကြည့်ပြီး ပြုံးသည်။

"ဖွဲ့ မာမီပြောသွားတာ မကြားဘူးလား၊ ဖွဲ့နဲ့ အေးအေးဆေးဆေး စကားပြောကြဦးတဲ့"

"အဲဒါ မာမီက ယူ့အကြောင်းမသိလို့ ပြောနေတာ"

"ကိုယ့်အကြောင်း ဖွဲ့မာမီသိအောင် ပြောလိုက်ရမလား ဖွဲ့"

"သရနော်…"

နှစ်ယောက်တည်းရှိတုန်း သရနှင့်ကျွတ် ရန်ဖြစ်နေသည့် ဖွဲ့အဖြစ် ကို မာမီတို့မသိ။ ဖွဲ့ကတော့ အိမ်ပေါ်အထိတက်ပြီး သူ့ကိုယ်သူ ဖွဲ့ ရည်းစား၊ ဖွဲ့ချစ်သူပါဆိုပြီး မထ္တာပ်တိုင်တက်ပြချင်နေသည့် သရကိုသာ စိတ်ဆိုးဒေါသ ဖြစ်နေသည်။

"ကိုယ်တကယ်ပြောတာ ဖွဲ့၊ ကိုယ်ဖွဲ့ကို မခွဲနိုင်တော့ဘူး"

"မခွဲနိုင်ရင် သေလိုက်"

"ကိုယ်တကယ်သေမှ ဖွဲ့မငိုနဲ့နော်"





"စိတ်ချ ဘယ်တော့မှ မငိုဘူး"

"ကဲ… ပြန်ပါ"

"ခဏလေးဖြစ်ဖြစ် နေလို့မရတော့ဘူးလား ဖွဲ့ရယ်"

ဈေးဆစ်သလို ပြောနေသည့် သရမျက်နှာပေါ်က အပျော်ကို ...င်နေရ၍ သရ ဘယ်လောက်ပျော်နေမှန်း ဖွဲ့သိလိုက်သည်။

"မာမီတို့ကို ယူဘာတွေလျှောက်ပြောထားသေးလဲ သရ၊ တော် ...ာ မာမီတို့မေးလာရင် ဖွဲ့မပြောတတ်မှာစိုးလို့"

"ဘာမှတော့ မပြောပါဘူး၊ ဖွဲ့နဲ့သူငယ်ချင်းပါဆိုတာလောက်ပဲ ...ပြောတာပါ၊ တစ်ခုတော့ ကိုယ်အံ့သြသွားတယ် သိလား၊ ဖွဲ့မှာ အခုချိန် ... ယောကျ်ားလေးမိတ်ဆွေ မရှိဘူးဆိုတာလေ"

"အဲဒါ အရင်ကပါ၊ အခုယောကျ်ားလေး မိတ်ဆွေရှိလို့ အိမ်ပေါ် ...တောင် ရောက်နေပြီပဲ"

"ကိုယ်က ဖွဲ့ရဲ့ တစ်ဦးတည်းသော အချစ်ဦးပေါ့ ဟုတ်လား" ပြုံးပျော်ကျေနပ်နေသည့် သရကို ဖွဲ့မျက်စောင်းထိုးလိုက်တော့ ...ရက ရယ်သည်။

"အို… ဘာလို့ အသံအကျယ်ကြီးနဲ့ ရယ်ရတာလဲ"

"ပျော်လို့"

"ကဲ… ပြန်ပါတော့ ဒီထက်အချိန်ကြာနေလို့ ဖွဲ့တို့ကို မာမီ ...က တစ်မျိုးထင်နေပါမယ်"

သရက မပြန်ချင်။ ဖြစ်နိုင်ရင် ဖွဲ့နားမှာသာ အတူရှိနေချင်သူ ...၍ သရကို ဖွဲ့က ရွတ်အတင်း အိမ်ပြန်နိုင်းနေခြင်း ဖြစ်သည်။ ...အိမ်က ပြန်တာနှင့် မာမီတို့က ဖွဲ့ကို သရအကြောင်း မေးတော့မှာကို ...သိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဖွဲ့ကို သိပ်ချစ်တယ်၊ သိပ်မြတ်နိုးတယ်ဆိုတာ ဘယ်တော့မှ မမေ့နဲ့နော် ဖွဲ့"

"အင်းပါ"

"ကိုယ်ပြန်တော့မယ်"

"ဘိုင့်ဘိုင်"

"ဘိုင့်"

သရကားလေး ခြံထဲက ပြန်ထွက်သွားသည်နှင့် မမနွဲ့က ဖွဲ့နား ရောက်လာသည်။

"ကောင်လေးက လူချောလေးပဲ၊ ကြည့်ရတာ ဖွဲ့ကို မေတ္တာ နေပုံရတယ်"

"မမနွဲ့က သရကို သဘောကျလို့လား"

မမနွဲ့ သဘောထားကို သိချင်၍ ဖွဲ့မေးလိုက်ခြင်းဖြစ်သည်။

"မမနွဲ့ကတော့ သရနဲ့ဆိုလည်း ဖွဲ့ကို သဘောတူပါတယ် ဒါပေမယ့် ကာယကံရှင်ဖြစ်တဲ့ ဖွဲ့သဘောထားက ပိုအရေးကြီးတာ မဟုတ်လား၊ ဘယ်သူတွေနဲ့ ဘယ်လောက် သဘောတူတူ ဖွဲ့သဘော တူကြည်ဖြူမှ ဖြစ်တာမျိုးပါကွယ်"

ဒီလိုဆို ပြန်တော့လည်း မမနွဲ့ သဘောထားက နူးညံ့သိမ်မွေ့ နေ၍ မမနွဲ့ကိုယ်လေးကို ဖွဲ့လှမ်းဖက်လိုက်သည်။

"ဒီလိုဆိုတော့လည်း ဖွဲ့ကို မမနွဲ့က ချစ်သားပဲ"

"အမလေး... ဘယ်လိုပြောလိုက်တာလဲ ဖွဲ့ရယ်၊ မမနွဲ့တို့မှာ ချစ်စရာဆိုလို့ ဒီညီမလေးတစ်ယောက်တည်း ရှိတာ မချစ်ဘဲ နေပါ့မလား"

မမနွဲ့က ဖွဲ့ကိုယ်လေးကို ပြန်ဖက်ရင်း ဖွဲ့မျက်နှာကို ကြင်နာစွာ ...ပါ"





ကြည့်ရင်း ဆိုလိုက်တော့ ဖွဲ့ကျေနပ်စွာ ရယ်လိုက်သည်။

"ဖွဲ့လည်း မမကို ချစ်တယ်"

"ဟွန်းနော် ကောင်မလေး၊ ဒီနေ့မှ အစ်မကို ကပ်ချွဲနေလိုက်တာ ပြောပါဦး... မမနွဲ့ကို ဘာပူဆာမလို့တုန်း"

ဖွဲ့အကြောင်းသိနေသည့် မမနွဲ့က ဖွဲ့ရင်ထဲကို လှမ်းမြင်ရသလို ...လိုက်တော့ ဖွဲ့ပြုံးလိုက်သည်။

"ဟိုဟာပါ..."

"ဘယ်ဟာလဲ ဖွဲ့"

"ဟို... အန်တီမာရီသား ဖေယျာထင်ကျော်ဆိုတာ ဖွဲ့တို့အိမ်ကို ...တ်ဖြန့် လာမှာဆို"

"ဟုတ်တယ်လေ၊ သူလာတာ ဘာဖြစ်လို့လဲ ဖွဲ့ရဲ့ ဘယ်သူမှ ...ကို ဖေယျာထင်ကျော်ကို ဇွတ်အတင်း ယူရမယ်လို့ မပြောပါဘူး။ ...ပဲ အသိမိတ်ဆွေ ဖြစ်ရုံပါ"

"တကယ်လား မမ"

"တကယ်ပေါ့ ဖွဲ့ရဲ့၊ မမညီမက အဲဒီကိစ္စကြောင့် စိတ်ညစ် ...တာလား"

"စိတ်ညစ်တာ မဟုတ်ပါဘူး အဲဒီလူနဲ့ မတွေ့ချင်တာပါ"

"ဘာဖြစ်လို့လဲ ဖွဲ့ရယ်"

...နွဲ့က ညီမအချောအလှကို အထူးအဆန်းလို ကြည့်ပြီး သူသိချင် ...ကို မေးတော့ ဖွဲ့လည်း သေချာရေရာစွာ မဖြေတတ်။

"ဖွဲ့လည်း မသိပါဘူး၊ တော်ကြာ ဖွဲ့ကို သူ့အမေပြောထားတဲ့ ...းတွေနဲ့ မျက်လုံးကြီးပြူးပြီး ဇွတ်အတင်း လိုက်ကြည့်နေမှာ စိုး...

www.burmeseclassic.com



"ဓာတ်ပုံထဲမှာတော့ သူ့ရုပ်က တည်တည်ခန့်ခန့်ပါကွယ် ဖွဲ့ ပြောသလောက် ဆိုးမယ်မထင်ပါဘူး"

"သြော်… ဒါနဲ့ သရမိဘတွေကို ဖွဲ့သိလား"

"ဟင့်အင်း… မသိပါဘူး၊ ဘာဖြစ်လို့လဲ မမနွဲ့"

"ကောင်လေးမိဘတွေက နာမည်ကြီးသူဌေးတွေလေ ဦးသီဟ ဆိုတာ သရဒယ်ဒီလို့ ပြောတယ်"

"သရက ဦးသီဟသား ဟုတ်လား မမ"

"ဖွဲ့အခုမှသိတာ မမဖြင့် အံ့သြလွန်းလို့"

ဖွဲ့ခေါင်းထဲ ချာချာလည်သွားသလို ထင်လိုက်မိသည်။ ဘယ်လို လုပ်ပြီး သရက ဦးသီဟရဲ့သား ဖြစ်နေရတာလဲ။ မမနွဲ့စကားကို ဖွဲ့ ကိုယ်တိုင် မယုံချင်။ ဦးသီဟဆိုတာ နာမည်ကြီးသူဌေး။ သူ့မှာ အလွန်ဆိုးသည့် သားတစ်ယောက်ရှိသည်။ ထိုသားဘယ်သူဘယ်ဝါ ဆိုတာ ဖွဲ့မသိ။ မသိခဲ့၍လည်း သရကိုပင် ဖွဲ့ကပြန်ပြီး ဦးသီဟ၏ သားလူဆိုးအကြောင်း ပြန်ပြောမိသေးသည်။

အဲဒီတုန်းက သရက ဖွဲ့ကိုကြည့်ပြီး တစ်ချိန်လုံး ရယ်နေတာ အခုမှ ဖွဲ့ပြန်အမှတ်ရလာတော့ ဖွဲ့ သရကို ပိုဒေါသဖြစ်လာသည်။ တကယ်တော့ သရဆိုတာ ဦးသီဟရဲ့ သားပါလား။ ဘာဖြစ်လို့ ဒီ ကိစ္စကို ဖွဲ့မသိရတာလဲ။ သရကရော ဖွဲ့ဒီလောက် ထုံအညံ့ဖျင်းနေ တာကို သိရက်နဲ့ ဘာဖြစ်လို့ သူဟာ ဦးသီဟသားဆိုတာ ဖွဲ့သိ အောင် ဖွင့်မပြောခဲ့တာလဲ။

လူလိမ်၊ လူညာ။ ဖွဲ့ကို လိမ်တဲ့ညာတဲ့လူ။

အို… ဖွဲ့ကိုယ်တိုင်ကိုက သရဘယ်သူဆိုတာ မသိအောင် ညံ့ကို ညံ့လွန်းတာပါ။





မမနွဲ့နားက ဖွဲ့ထွက်လာခဲ့သည်။ ရင်ထဲမှာတော့ ခံစားချက် မျိုးစုံဖြင့် တင်းကျပ်လျက် သရကို မကျေနပ်သည့်စိတ်ဖြင့် ပေါက်ကွဲ အော်ဟစ်ပစ်ချင်နေသည်။ အိပ်ရာထဲမှာ လူးလိမ့်ရင်း သရအကြောင်း စဉ်းစားနေသည်။ သရ ဖွဲ့ကိုချစ်သည်။ ဖွဲ့အလိုကိုလိုက်သည်။ ဘယ် တုန်းက ဖွဲ့စိတ်ညစ်အောင် မလုပ်သော ဖွဲ့ချစ်သူ။ ဖွဲ့ကရော။

ဖွဲ့ကိုဖွဲ့ ပြန်မေးကြည့်သည်။

သရကို ဖွဲ့တကယ် ချစ်ခဲ့တာလား။ ဖွဲ့အလိုကိုလိုက်ပြီး ဖွဲ့ အကြိုက်ဆောင်ခဲ့၍ ဖွဲ့သဘောကျ ကျေနပ်ခဲ့တာလား။ ဖွဲ့လည်း သေချာမသိ။ သိချင်စိတ်မရှိတော့တာလည်း ဖြစ်မည်။

အို… တော်ပြီ… တော်ပြီ။

သရကို ဖွဲ့မုန်းပစ်တာပဲ ကောင်းသည်။ ဒါမှ နောက်ထပ် ဖွဲ့ကို ဘာမှလိမ်ညာလို့ မရတော့မှာဟု တွေးသလို ဖွဲ့ကိုယ်တိုင် ဒီလောက် တုံးအနေတာကိုလည်း ဒေါသဖြစ်သည်။ ဖွဲ့အခံရခက်သလို သရကို ပြန်အခံရခက်စေချင်သည့်စိတ် ဖွဲ့မှာ ဖြစ်လာသည်။

ဒါကို လူတစ်ယောက် အလိမ်အညာခံရရင် ဘယ်လောက်အခံ ရခက်စေလဲဆိုတာ သရ နားလည်စေရမည့် အတွေးကို ကိုယ့်ဘာသာ အတည်ပြုပြီး ကိုယ့်ဘာသာပဲ လက်တွေ့အကောင်အထည်ဖော်ရန် ကြိုးစားသည်။

ဖွဲ့အကြံအစည်ကို လက်တွေ့အကောင်အထည် ဖော်ပေးမည့် သူကလည်း ဖွဲ့နားမှာ အသင့်ရှိသည်။ ထိုသူက တခြားသူမဟုတ်။ ဧယျထင်ကျော်ဆိုသည့်လူ။

ဒီတစ်ခါ ဖွဲ့အလှည့်ပဲ သရ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ပန်းရောင်စုံတွေကြားထဲ လျှောက်နေရ၍ သင်းပျံ့လှိုင်အီသော
ပန်းရနံ့တို့နှင့် လှပစွာ ပွင့်ဝဲနေသော လိပ်ပြာရောင်စုံလေးများကို
နေတွေ့နေရ၏။ ဖွဲ့အာရုံက ပန်းတွေဆီမှာ ရှိပေမယ့် ဧယျထင်ကျော်
ဆိုသည့် လူ၏အာရုံက ဖွဲ့ကဲ့သို့ ပန်းတွေထံမှာမရှိ။ သူ့နားက
လှသည့် ဖွဲ့ကိုသာ သဘောကျသလိုလို သဘောမကျသလိုလို
ရှုပ်ထွေးသည့်မှု ဟန်အပြည့်နှင့် ဖွဲ့မျက်နှာကို မကြာခဏ အကြည့်
လုပ်ရင်း ပါလာသည်။

မာမီတို့က ထုံးစံအတိုင်း ဧယျထင်ကျော်အိမ်ကို ရောက်
သည်နှင့် ကျေးမွေးဧည့်ခံ စကားပြောဆိုပြီး ဖွဲ့ကို ဧည့်သည်ကို
ဉယျာဉ်ထဲ လိုက်ပြလိုက်ပါဦးဆိုတာနှင့် ဖွဲ့လည်း ဧယျထင်ကျော်
အတူ ခြံထဲ ရောက်နေခြင်း ဖြစ်သည်။

ဉပမိရပ်က မဆိုး။ စကားပြောတာလည်း ယောကျ်ားပီသ
ခန့်ညားသည်။ အနေအထိုင် အပြောအဆိုက ကောင်းသည်။ ဒါပေမဲ့
သူ့ပုံစံက တစ်မျိုးဖြစ်သည်။ ဘယ်လိုတစ်မျိုးမှန်းတော့ ဖွဲ့လည်း
သေချာမသိ။





"ဖွဲ့ကို ကိုယ်တစ်ခု မေးလို့ရမလား"

ပထမဆုံး သူ့ထံမှ ထွက်လာသော စကားဖြစ်သည်။ စကား
ပြောသည်ဆိုပေမယ့် သူက ဖွဲ့ကို ကြည့်ပြောခြင်း မဟုတ်။ သူ့ဘာသာ
ပန်းတွေကို ဟိုဒီကြည့်ပြောခြင်းဖြစ်၍ ဧယျထင်ကျော်မျက်နှာကို ဖွဲ့
ကြည့်လိုက်သည်။

"ဖွဲ့ကို ဘာမေးချင်တာလဲ"

"ဖွဲ့က သိပ်လှလို့ပါ"

ဖွဲ့လှတာကို သိပါသည်။ ယောကျ်ားတိုင်းက ဖွဲ့အလှကို နည်း
မျိုးစုံ။ ပုံသဏ္ဍာန်အမျိုးမျိုးနှင့် စာဖွဲ့ကြ၍ ထိုကိစ္စက ဖွဲ့အတွက်
အသစ်အဆန်းတော့မဟုတ်။

"ကိုယ်ပြောချင်တာက သိပ်လှတဲ့ ဖွဲ့မှာ ချစ်သူတွေ ဘာတွေ
ရှိနေမှာကို ပြောတာပါ"

"ဖွဲ့မှာ ချစ်သူရှိလားဟင်"

အခုမှ လိုရင်းရောက်၍ ဖွဲ့ ဧယျထင်ကျော် မျက်နှာကိုကြည့်ပြီး
ပြုံးလိုက်သည်။

"ရှင့်မှာရော"

"ဗျာ..."

"ကိုဧယျထင်ကျော်မှာရော ချစ်သူရည်းစား မရှိဘူးလားလို့
မေးတာ"

ရုပ်ကလည်းမဆိုး။ တတ်ထားသည့် အင်ဂျင်နီယာဘွဲ့နှင့် ချမ်း
သာပြည့်စုံကြွယ်ဝသော တစ်ဦးတည်းသောသားကို မိန်းကလေးတိုင်း
သဘောကျမှာကိုသိ၍ သူမ မေးလိုက်ခြင်း ဖြစ်သည်။

"အမှန်အတိုင်း ဝန်ခံရရင် ကိုယ့်မှာ အရင်က ရည်းစားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်”

“အရင်က ရှိတယ်ဆိုတော့ အခုမရှိဘူးဆိုတဲ့ သဘောလား”

“ဟုတ်တယ် အခုလောလောဆယ် ချစ်သူရည်းစား မရှိဘူး ဒါကြောင့် ဖွဲ့ကို လာတွေ့တာ”

“သြော်...”

“ဖွဲ့ကရော”

“အင်း... ဖွဲ့မှာလည်း ရည်းစားတစ်ယောက် ရှိတယ်”

“အခုလား”

“အင်း...”

“အဟင်း... ဟင်း... ဟင်း”

ပြောပြီး ဖွဲ့ရယ်လိုက်သည်။

“ဒါပေမယ့် နောက်နေ့ကစပြီး အဲဒီတစ်ယောက်ကို ဖွဲ့ မေ့ပစ်လိုက်တော့မှာပါ”

“ဘာဖြစ်လို့လဲ... ကိုယ့်ကြောင့်လား”

ဇေယျာထင်ကျော် အမေးစကားအဆုံးမှာ ဖွဲ့က အသံထွက် ရယ်လိုက်၍ သူမျက်နှာကြီး နီရဲသွားကာ ဖွဲ့ကို မကျေနပ်သလို တစ်ချက် လှမ်းကြည့်သည်။

“ကိုယ်ပြောတဲ့အထဲမှာ ရယ်စရာမပါပါဘူး ဖွဲ့”

“ဖွဲ့က ရှင့်ကို ရယ်တာမဟုတ်ဘူး၊ ဖွဲ့အဖြစ်ကို ဖွဲ့သဘောကျပြီး ရယ်တာပါ”

ဒီတော့မှ သူ့မျက်နှာ ပြန်တည်သွားသည်။

“ဖွဲ့ချစ်သူအကြောင်း ပြောလို့ရမလား”

“ရပါတယ်၊ ဖွဲ့ချစ်သူက လူလိမ်လေ၊ ဖွဲ့ကို သူလိမ်ညာထားတာကို မုန်းလို့ သူ့ကို ဖွဲ့ မေ့ပစ်မှာ”





“သူ့ကို ဖွဲ့မချစ်ဘူးလား”

“ချစ်တယ်လို့တော့ ထင်တာပဲ”

“ဖွဲ့စကားက မရေရာလိုက်တာ”

သူ့အသံက စိတ်ပျက်သံ။ သဘောမကျဟန် အကြည့်တစ်ချက် ဖွဲ့ထံ စူးခနဲ ရောက်လာတာကို ဖွဲ့က ဂရုမစိုက်။

“ဟုတ်တယ် ကိုဇေယျာစကားကို ဖွဲ့ဝန်ခံပါတယ်။ တချို့ ကိစ္စတွေက ကာယကံရှင်ကိုယ်တိုင် ကိုယ့်ကိုကိုယ် ဘာဖြစ်ချင်လို့ ဖြစ်ချင်မှန်းမသိ ဖြစ်နေတတ်တာတွေက အများကြီးပဲ”

“အဲဒီလို လူတွေထဲမှာ ကိုယ်မပါဘူး ဖွဲ့”

“ဟုတ်လား၊ ကြားရတာ ဝမ်းသာပါတယ်ရှင်”

ထိုစကားကို ဖွဲ့ ရွဲ့ပြောနေခြင်းမဟုတ်။ အမှန်တကယ် တည်ငြိမ်လေးနက်စွာ ထောက်ခံပြောနေခြင်းဖြစ်၍ ဇေယျာထင်ကျော် မျက်နှာက ပြန်ကြည်လာသည်။

“အခုချိန်ထိ ကိုယ်ဘာလိုချင်တယ်၊ ဘာဖြစ်ချင်တယ်ဆိုတာ သိလည်း သိတယ်၊ သိတဲ့အတိုင်းလည်း ကိုယ်ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တတ်တာ ကိုယ့်အကျင့်ပဲ”

“ရှင်ရော ရှင့်ရည်းစားနဲ့ ဘာလို့ လမ်းခွဲလိုက်တာလဲ။ ရှင်က ရှင်ဖြစ်ချင်တာ ရှင်လိုချင်တာကို သိတယ်ဆိုလို့ပါ”

“သိလို့ လမ်းခွဲလိုက်ရတာပါ။ ညိုက လိုချင်တာ ဖြစ်ချင်တာတွေ သိပ်များလွန်းတယ်၊ တစ်နည်းပြောရရင် သူ့အတ္တကိုပဲ ရှေ့တန်းတင်လွန်းတော့ ရေရှည်မှာ အဆင်မပြေဘူး၊ ဒါကြောင့် လမ်းခွဲလိုက်တာ”



www.burmeseclassic.com

www.burmeseclassic.com



"ညီ့ကို ရှင်မချစ်ဖူးလား"

"ချစ်ခဲ့တယ်၊ အရင်ကပြောတာ အခုတော့ သူလည်း အ အိမ်ထောင်နဲ့သူ ဖြစ်သွားသလို ကိုယ့်ရင်ထဲမှာလည်း သူ့နဲ့ပတ်သက်ပြီး ဘာမှမကျန်ရစ်ဘူး"

ဖွဲ့ပခုံးတွန့်လိုက်တာကို သူက စူးစိုက်ကြည့်ပြီးမှ အကြည့်လွှဲ သွားသည်။

"မေမေက ဖွဲ့ကို ချွေးမသိပ်တော်ချင်နေတာ ဖွဲ့သိပါတယ်နော်"

"သိပါတယ်"

"ဖွဲ့သဘောကရော"

"ကိုဇေယျာထင်ကျော်ကို ဖွဲ့ခင်ပါတယ်"

"အိမ်ထောင်ဘက် တစ်ယောက်အဖြစ် စဉ်းစားပေးပါဆိုရင် ကိုယ့်စကားကို ဖွဲ့လက်ခံမလား"

"ဖွဲ့ ငြင်းမှာပါ"

ပြတ်သားစွာ ဖြေဆိုလိုက်သည့် ဖွဲ့အဖြေအဆုံးမှာ သူက ဖွဲ့ တစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်ပြီး သက်ပြင်းချသည်။

"ကိုယ်လည်း ဖွဲ့ဆီက ဒီလိုအဖြေမျိုးပဲ ရလိမ့်မယ်လို့ ကြိုတင် မျှော်လင့်ပြီးသားပါ။ ဘာဖြစ်လို့လဲဆိုတော့ ဖွဲ့က သိပ်လှလွန်းတယ် မဟုတ်လား"

"ဖွဲ့ကလှလို့ ရှင့်ကိုမစဉ်းစားတာ မဟုတ်ပါဘူး ကိုဇေယျာ ထင်ကျော်"

"ဒါဖြင့် ဘာဖြစ်လို့ ကိုယ့်ကိုလက်မခံချင်ရတာလဲ"

"ဒါက ရှင်းပါတယ်၊ ရှင်ကိုယ်တိုင် ရှင်မေမေ သဘောကျ ကျေနပ်အောင် ဖွဲ့ကို လာကြည့်တယ်၊ ဖွဲ့ကလည်း ဖွဲ့မာမီ ကျေနပ် အောင် ရှင်နဲ့တွေ့ပြီး လက်ခံစကားပြောတယ်။ ရှင်ရော ဖွဲ့ရော တစ်ယောက်အပေါ် တစ်ယောက် ဘာခံစားချက်မှ မရှိဘူး၊ စိတ်လည်း မဝင်စားဘူး ဟုတ်တယ် မဟုတ်လား"

"ဖွဲ့ဘက်ဆိုရင်တော့ မှန်မှာပါ"

"ဘယ်လို"

"ကိုယ်က ယောကျ်ားပဲ ဖွဲ့လိုမိန်းမလှလေး တစ်ယောက်ကို စိတ်မဝင်စားဘူးဆိုရင် ရူးလို့ပဲဖြစ်မယ် ဖွဲ့ကို ကိုယ်စိတ်ဝင်စားတယ်"

"ကိုယ့်မာမီကြောင့်လည်း မဟုတ်ဘူး ဖွဲ့ကိုယ်တိုင်က သိပ် လှပြီး သိပ်ချစ်စရာကောင်းနေလို့ပါ"

"ဖွဲ့အလှကို ချီးကျူးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဖွဲ့ အိမ်ထောင်ဘက်က ကိုဇေယျာထင်ကျော် မဟုတ်ဘူးဆိုတာ ဖွဲ့ သိတယ်"

"သေချာလို့လား ဖွဲ့"

"ဖွဲ့စိတ်ထဲ ခံစားရတဲ့အတိုင်း ပြောတာပါ ကိုဇေယျာထင်ကျော်"

ပြောပြီး ဖွဲ့ရယ်လိုက်တော့ သူကလှပသည့် ဖွဲ့မျက်နှာလေးကို ငေးကြည့်နေ၏။

"ကိုယ်ဖွဲ့ကို ခင်ပါတယ်"

"ဖွဲ့ရောပဲ"

သူက ခေါင်းညိတ်ပြီး ပြုံးသည်။

"ဖွဲ့ပြောသလို ပြန်ပြောရရင် ကိုယ်ရဲ့ အိမ်ထောင်ဘက် ကိုယ့် ချစ်သူ ဖြစ်ရမယ့် မိန်းကလေးက ကိုယ့်ရဲ့စံနဲ့ဆိုရင် ဖွဲ့လောက် ချော လွန်းလှလွန်းတဲ့သူမျိုး မဖြစ်ရဘူးလို့ ကိုယ်ကိုယ်တိုင် သတ်မှတ်ထား တာပါ"







www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ရှင်က ဒီလိုသတ်မှတ်ရတာလဲ ချောတဲ့လှတဲ့ မိန်းကလေးကို ရှင်က သဘောမကျလို့လား"

ထူးဆန်းသည့် အယူအဆနှင့် ထူးဆန်းသည့် အတွေးအခေါ်နှ လူကိုကြည့်ပြီး ဖွဲ့မျက်ခုံးလေး ပင့်သွားပုံက လှသည်။ ချစ်စရာ ကောင်းသည်။ ဒါကိုဇေယျာထင်ကျော် သိပါသည်။ ခံလည်းခံစား တတ်သည်။

"ကိုယ်လည်း လူထဲက လူတစ်ယောက်ပဲ ဖွဲ့ရယ်၊ ချောတာ လှတာကို ကြိုက်ပါတယ်"

"ဒါနဲ့များရှင်..."

"ဒါပေမယ့် ကိုယ့်ကိုယ်တိုင်ကိုက သတ်မှတ်ဆုံးဖြတ်ထားပြီး သား ဖြစ်နေတာလည်း ပါပါတယ်"

"ရှင့်စိတ်က တစ်မျိုးပဲနော်"

"အဲဒီလိုပြောလည်း ရပါတယ်၊ ကိုယ်ကိုယ်တိုင်က အဲဒီလို ဖြ နေတာဆိုတော့"

"ရှင်ဖြစ်စေချင်တဲ့အတိုင်း ဖြစ်ပါစေလို့ ဖွဲ့ဆုတောင်းပါတယ်"

"ဖွဲ့တောင်းတဲ့ဆု ပြည့်မှာပါ"

မထင်မှတ်ပဲ ဇေယျာထင်ကျော်နှင့် ဖွဲ့အဆင်ပြေ အဖွဲ့ကျသွား သည်။ လူကြီးတွေ စီစဉ်သည့်အတိုင်း ဖြစ်မလာပေမယ့် တစ်ယောက် ကိုတစ်ယောက် မိတ်ဆွေသူငယ်ချင်းအဖြစ် သွားခွင့်ရတာကို နှစ်ယောက် စလုံး ကျေနပ်စွာ လက်ခံလိုက်ကြသည်။

"မာမီတို့ကတော့ ဖွဲ့တို့ကို အဆင်ပြေနေပြီလို့ ထင်ကြမှာပဲ"

"တကယ်လည်း အဆင်ပြေနေတာပဲ၊ လူကြီးတွေ ပြောတဲ့ အတိုင်း မဖြစ်တာကလွဲလို့ပေါ့"





"အဲဒါတော့ ဟုတ်တယ်"

နှစ်ယောက်အတူ လွတ်လပ်ပေါ့ပါးစွာ ရယ်မိကြသည်။ မာမီတို့ ကျေနပ်လောက်အောင်နေပြီးမှ ဇေယျာထင်ကျော် ပြန်သွားသည်။

"ဘယ်လိုလဲ ဖွဲ့၊ မောင်ဇေယျာထင်ကျော်ကို သဘောကျရဲ့ လား"

"ကျပါတယ်၊ သူက လူကောင်းပါ"

"မောင်ဇေယျာထင်ကလည်း သမီးကို သဘောကျပုံပဲ ဒီအတိုင်း ဆို မာမီတို့လူကြီးတွေ တိုင်ပင်ပြီး မင်္ဂလာကိစ္စကို အမြန်ဆုံးစီစဉ်မှ ထင်တယ်"

"ဖြည်းဖြည်းပေါ့ မာမီရဲ့၊ ဖွဲ့တို့က အခုမှတစ်ယောက်ကို တစ်ယောက် မြင်ဖူးတာ အချိန်တော့ ပေးဦးမှပေါ့"

"ဖွဲ့ပြောတာ မဆိုးပါဘူး မာမီ၊ သူတို့နှစ်ယောက် တစ်ယောက် အကြောင်းတစ်ယောက် လေ့လာပြီးမှ မင်္ဂလာကိစ္စ စီစဉ်တာ ပိုကောင်း ပါတယ်"

မမနွဲ့က ဖွဲ့ဘက်က ဝင်ထောက်ခံလိုက်၍ မာမီကလည်း သက်ခံသဘောတူလိုက်သည်။ ညဦးပိုင်းမှာ ဇေယျာထင်ကျော် မေမေ နှင့်ဆက်၍ မာမီတို့ ဘာတွေ ပြောဆိုတိုင်ပင်ကြမှန်းမသိ။ ဖွဲ့ကတော့ သရဖုန်းကို လုံးဝမကိုင်ဘဲ ဒီအတိုင်း ပစ်ထားလိုက်သည်။

သရကို ဖွဲ့တုံ့ပြန်ပုံက ထိရောက်ပါသည်။ ဖွဲ့ကို ဘယ်နှကြိမ် ဖုန်းဆက်ဆက်။ ဖုန်းကိုင်မည့်သူ မရှိရုံမက ဖုန်းကို စက်ပိတ်လိုက်တော့ သရ ဘယ်လိုမှ ငြိမ်နေလို့မရ ဖြစ်သွားသည်။

ဖွဲ့ ဘာဖြစ်တာလဲ။ သူ့ကိုစိတ်ကောက်တယ်ဆိုရင်တော့ ဘာကို စိတ်ဆိုးစိတ်ကောက်မှန်း သရလည်း မသိ။ သူမကို အိမ်အထိလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးပြေအောင် တောင်းပန်ချော့မော့တုန်းက အားလုံး အဆင်ပြေ
ပြီးမှ ဖွဲ့ သူ့ကို ထပ်စိတ်ကောက်တာဆိုရင်တော့ ဖွဲ့ကို သူထပ်ချော့
ရှိသည်။

ကို့ကိုအခုထိ ခွင့်မလွှတ်နိုင်သေးဘူးလား ဖွဲ့ရယ်။

ကိုယ်ဖွဲ့ကို ချစ်တယ်။

ညကတစ်ညလုံး အိပ်မပျော်ပေမယ့် မနက်အစောကြီး အိပ်ရာ ထကာ ဖွဲ့အိမ်အရှေ့ ရောက်သွားသူက သရ။ သူရောက်သွားတော့ ဖွဲ့ပင် အိပ်ရာက နိုးသေးပုံ မရ။ သူ့လက်ထဲ အသင့်ယူလာသည် ရဲရဲတောက်နေသည့် နှင်းဆီပန်းလှလှကြီးကို အလှဆုံး ဖဲပြားတွေနှင့် ထုပ်ပိုးပေးလိုက်သည့်အတိုင်း ဖွဲ့တို့ခြံတံခါးဝ ညှပ်ထားပြီး ဖွဲ့ဆီ ဖုန်းနှင့်မက်ဆေ့ချ် လှမ်းပို့လိုက်သည်။

ချစ်တဲ့ဖွဲ့

ကိုယ့်ကို စိတ်ဆိုးစိတ်ကောက်နေရင် ပြေပါလို့

ကိုယ်ပန်းပေးပြီး ဖွဲ့ကို တောင်းပန်ပါတယ် အချစ်

ရယ်။

ကျေနပ်ပါနော်။

ဖွဲ့ကိုချစ်တဲ့ ကို

စာပို့ပြီး ဖုန်းခေါ်ကြည့်သည်။ မရ။ ဖွဲ့က သူမဖုန်းကို ပိတ်ထား ပစ်သည့်အတွက် ဖွဲ့အိပ်ရာက နိုးမည့်အချိန်ကို ဖွဲ့တို့အိမ်ရှေ့ မလှမ်း မကမ်း တစ်နေရာက ကားရပ်ပြီး စိတ်ရှည်လက်ရှည် စောင့်နေလိုက် သည်။

ဖွဲ့ကို သူလှမ်းလှပြီ။ ဖွဲ့နှင့်တွေ့လျှင် သူမ မျက်နှာလှလှလေးကို





မြတ်နိုးစွာ တစ်ဝကြီးကြည့်ရန် ဆုံးဖြတ်ထားသည်။ သေချာတွေး ကြည့်တော့ ဖွဲ့မှာ ဘာအပြစ်မှမရှိ။ သူမ ချမှတ်ပေးထားသည့် အချစ် စည်းကမ်းတွေကို ကိုယ့်သဘောနှင့်ကိုယ် ချိုးဖောက်မိသည့် သူ့မှာသာ အပြစ်ရှိမှန်း သရသိသည်။

ခက်တာက ဖွဲ့နားမှာ သရလိုပဲ သူမကို ချစ်မြတ်နိုးနေသည့် ခြားယောကျ်ားတစ်ယောက် ဖွဲ့နှင့်အတူ ရှိနေတာကို သူခွင့်မလွှတ် ခံစားနားလည်မပေးနိုင်။ ဖွဲ့ကို သူကလွဲပြီး တခြားသူစေ့စေ့ကြည့် တာကိုပင် မခံနိုင်သည့်လူက ဖွဲ့နား၊ တခြားကောင်တစ်ကောင် ရှိနေ မှာ အသည်းနှလုံးတွေ ပူလောင်ကုန်သည်။

အမှားတွေ အမှန်တွေ ခွဲခြား မနေနိုင်တော့။ ချစ်သူကို ဆုံးရှုံး ကို စိုးရိမ်နေတာပဲ သိသည်။ တစ်ချိန်လုံး ထိန်းချုပ်စောင့်စည်း သည့် အချစ်စိတ်တွေက မမျှော်လင့်ဘဲ ပေါက်ကွဲကုန်သည်။ ဖွဲ့က ကို မုန်းစကားဆိုတော့ သရရင်ထဲ မုန်တိုင်းတစ်ခု အရှိန်ပြင်းပြင်း ရောက်သွားသလို ဖွဲ့ရှိရာ အပြေးရောက်သွားသည်။

ဖွဲ့မာမီနှင့် အစ်မတို့၏ မေးသမျှ အင်တာဗျူးဖြေရင်း သူဘယ်သူ ယ်ဝါသားဆိုတာကိုပါ အမှန်အတိုင်း ဝန်ခံဖြစ်သွားသည်။ ဖွဲ့က ့ကိုချစ်တာပဲသိသည်။ တခြားဘာမှမသိ။ သူ့မိဘတွေအကြောင်း ဘယ်သူဘယ်ဝါ သားပါဆိုတာမျိုး ဖွဲ့ကိုပြောပြဖို့ ကြိုးစားပေမယ့် တစိတ်မဝင်စားတာနှင့် တခြားအကြောင်းအရာတွေဆီကိုပဲ ရောက် ာက်သွားတာနှင့် မပြောဖြစ်။

သူစောင့်နေတုန်း ဖွဲ့တို့ခြံရှေ့ကို ကားတစ်စီး လာရပ်တာ မြင် ိုက်ရသည်။

"တီ"



www.burmeseclassic.com

www.burmeseclassic.com



ကားဟွန်းသံအဆုံးမှာ ခြံစောင့်နှင့်တူသည့် လူတစ်ယောက် ပြေးထွက်လာပြီး ခြံတံခါးကို ဖွင့်အပေးမှာ သူထားခဲ့သည့် ပန်းစည်းကြီး က ခြံစောင့်လက်ထဲ ရောက်သွားသည်။

"ဘယ်ကပန်းတွေလဲ ဦးဘ"

"ကျွန်တော်လည်း မသိဘူး ဆရာလေး"

"ကျွန်တော့်ကိုပေး"

"ဟုတ်ကဲ့"

မင်းဘွဲ့က ဦးဘလက်ထဲက ပန်းစည်းလှလှကြီးကိုယူပြီး သေချာ ကြည့်လိုက်သည်။

ချစ်တဲ့ဖွဲ့အတွက် သရ။

ကဒ်ပြားဖြူဖြူပေါ်က စာလုံးနက်နက်တွေကို ကြည့်ပြီး သူ့ကား ကို နေရာက ဝေါခနဲမောင်းထွက်ခဲ့သည်။ သူ့အမြင်မှာ ကလေးဟု ထင်ထားခဲ့သည့် ညီမအငယ်ဆုံးဖွဲ့က ချစ်သူရည်းစားတွေ ဘာတွေ နဲ့ပါလားဟု တွေးပြီး မင်းဘွဲ့ခေါင်းထဲမှာ စဉ်းစားစရာတွေ ပြည့် သွား၏။ ဖွဲ့ကို ဒီအတိုင်း လွှတ်ထား၍မဖြစ်။ သူမ မတော်တရော် တွေနဲ့ တွေ့သွားလျှင် မိသားစုအားလုံး စိတ်ညစ်ကြရမည်။ စိတ်ဆင်းရဲ ကြရမည်။

မာမီပြောသလို ဖွဲ့အတွက် ကြင်ယာလောင်းကို အစ်ကိုကြီးဖြစ် သည့် မင်းဘွဲ့ကိုယ်တိုင် ရှာဖွေရွေးချယ်ပေးရတော့မည် ထင်သည်။

"ဟော… သားကြီးလာတယ်၊ ချွေးမလေးနဲ့ မြေးတွေရော မပါဘူးလား သား"

"မပါဘူး မာမီ၊ ကျွန်တော်တစ်ယောက်တည်းပဲ"

"ဟဲ့… ဒီပန်းတွေ ဘာလုပ်ဖို့လဲ သား"





ကားပေါ်က ဆင်းလာသည့် သားဖြစ်သူလက်ထဲ လှပသော ပန်းတွေကို တွေ့လိုက်ရ၍ မာမီက စိတ်ဝင်စားသလို လှမ်းမေးသည်။

"မာမို့သမီးအတွက် ခြံတံခါးမှာ လာထားသွားတာ"

"ဖွဲ့ကိုပေးတာ ဟုတ်လားသား"

"သိချင်ရင် မာမီဘာသာ ကြည့်လိုက်တော့"

သရပေးသည့် ပန်းလက်ဆောင်က ဖွဲ့ထံ မရောက်။ ဖွဲ့အစ်ကို မင်းဘွဲ့လက်ထဲကတစ်ဆင့် ဖွဲ့မာမီလက်ထဲ ရောက်သွားသည်။ ဒေါ် ရွှေဘီက ပန်းစည်းနှင့်အတူ ပါလာသည့် စာကိုသေချာဖတ်ပြီး မျက်ခုံး တွန့်သည်။

"သရဆိုပါလား သားရဲ့"

"မာမီက သိလို့လား"

မင်းဘွဲ့က နီးရာဆိုဖာတစ်လုံးမှာ ဝင်ထိုင်ရင်း မိခင်ဖြစ်သူကို သိချင်တာ မေးလိုက်တော့ ဒေါ်ရွှေဘီက ခေါင်းညိတ်သည်။

"ဟိုတစ်နေ့ အိမ်ကိုလာတဲ့ ကောင်လေးပဲ သားရယ်၊ မာမီ သိတာပေါ့ သူ့အဖေက ဦးသီဟလေ"

"ဦးသီဟ သားဆိုတာလား မာမီ"

"ဟုတ်တယ်သား သရက ဦးသီဟသားတဲ့"

မင်းဘွဲ့ ငြိမ်ကျသွားသည်။

ဦးသီဟဆိုတာ နာမည်ကြီးစီးပွားရေး လုပ်ငန်းရှင်ဆိုတာ လူတိုင်း သိသည်။ ပိုက်ဆံသာရမည်ဆိုလျှင် ဘာမဆိုလုပ်ရဲသည့် လူအဖြစ် ကောင်းသော သတင်းဖြင့် ကျော်ကြားသူလည်း ဖြစ်သည်။ ထိုထက် ဆိုးသည်က ဦးသီဟသားဆိုတာ ဖြစ်သည်။

လူဆိုးလေးဟု လူသိများသော ဦးသီဟသားနှင့် သူတို့ညီမ



www.burmeseclassic.com

www.burmeseclassic.com



အထွေးဆုံးလေးနှင့် ကြုံဖန်ပြီး လာပတ်သက်တာကို အံ့သြမယုံနိုင် ဖြစ်နေ၏။

"ဦးသီဟသားကို ကျွန်တော်တော့ မမြင်ဖူးဘူး မာမီ။ ဒါပေမယ့် အဲဒီကောင်လေးက လူဆိုးလေးဆိုတာကိုတော့ လူတိုင်းသိတယ်"

"ဘယ်လိုသား သရက လူဆိုးလေး ဟုတ်လား"

"အဲဒီလို ကြားတာပဲ မာမီ၊ ဦးသီဟသားဆိုတော့ သူ့အဖေလို ဖြစ်ချင်လည်း ဖြစ်နေမှာပေါ့"

"အိုကွယ်... အဲဒီလိုကလေးမျိုးနဲ့တော့ မာမီ့သမီးလေးကို မာမီ သဘောမတူနိုင်ပါဘူး၊ ကြုံပါဦး သားကြီးရယ်"

သရဆိုတာ ဦးသီဟသားဆိုကတည်းက ဒေါ်ရှုဘီတို့ သိပ်သဘော မကျ။ အခုလို သရကိုယ်တိုင်က လူဆိုးလေးပါဆိုတော့ ဒေါ်ရှုဘီ လန့်သွားကာ သမီးဖွဲ့အတွက်ပါ စိုးရိမ်သွားသည်။

"ဒီလိုကိစ္စဆိုတာ ခေါင်းအေးအေးထားပြီး သေချာစဉ်းစားရမှာ မျိုး မာမီ၊ ကျွန်တော်တို့ဘက်က ဝုန်းဒိုင်းကြုံလိုက်မှ မာမီ့သမီး အဲဒီ ကောင်လေးနောက် လိုက်ပြေးသွားမှ ခက်နေမယ်"

"အခု မာမီတို့ ဘာလုပ်ကြမလဲသား"

ဒေါ်ရှုဘီကို မျက်စိမျက်နှာပျက်သွားကာ သားဖြစ်သူကို အားကိုး တကြီး မေးလိုက်သည်။ တစ်ပြိုင်နက်တည်းမှာပင် သရနှင့်ဖွဲ့ ဘယ်အချိန်က ချစ်သူရည်းစားတွေ ဖြစ်ခဲ့ကြပါလိမ့်ဟု တွေးမိလျက် သား ဖြစ်သွားသည့် ကောင်လေးပုံစံက သိပ်တော့မလွယ်။

ရုပ်ချောတာ၊ ပိုက်ဆံချမ်းသာတာ တစ်ခုတည်းကို ထည့်မတွက် နေ၍ မဖြစ်။ စာရိတ္တပိုင်းက သုံးမရလျှင် ဘဝတစ်ခု ဆုံးရှုံးသွားရုံ သာမက ဖွဲ့ဘဝလေးကိုပါ ဆွဲနစ်သွားမှာတွေးပြီး ကြောက်လာသည်။





"မာမီက ဣန္ဒြေမပျက်နေပါ၊ သူတို့ကိစ္စကိုလည်း ဘာတစ်ခုမှ မပြောနဲ့ဦး"

"မပြောလို့ဖြစ်မလား သားရဲ့ တော်ကြာ"

"မာမီစိုးရိမ်နေတာကို ကျွန်တော်သိပါတယ်၊ ဖွဲ့အတွက် ကျွန်တော်တို့ဘက်က အကောင်းဆုံးဖြစ်အောင် အကွက်ချ စီစဉ်စရာ ရှိတာ စီစဉ်ပြီးမှ သရနဲ့ ဖွဲ့ကိစ္စကို သေချာလုပ်ရင် ပိုကောင်းမလားလို့"

"သားကောင်းသလိုသာ စီစဉ်ပါကွယ်၊ မာမီတော့ ကောင်လေး လူဆိုးလေးဆိုတာနဲ့ကို လန့်နေပြီ"

"မာမီ"

"ဖွဲ့လာရင် ဘာမှမပြောနဲ့ဦးနော် မာမီ၊ ဒီပန်းစည်းကြီးကို ဘာသာ ဘာလုပ်လုပ် ပေးလိုက်"

သားအမိနှစ်ယောက် ပြောနေတုန်း အိမ်ရှေ့ ဧည့်ခန်းထဲ ဖွဲ့ ဝင်လာသည်။

"ဟယ်... ပန်းတွေက ဘယ်သူ့အတွက်လဲဟင် လှလိုက်တာ ရယ် ကိုကိုကြီး ယူလာတာလားဟင် ကိုကိုကြီး"

"ခြံတံခါးမှာတွေ့လို့ ယူလာတာ"

မိန်းကလေးပီပီ ပန်းလှလှမြင်တော့ မနေနိုင်။ စားပွဲပေါ် ချထား သည့် ပန်းစည်းကြီးရှိရာ ပြေးသွားပြီး အမြတ်တနိုး ရင်ခွင်ထဲ ဆွဲပွေ့၍ စိတ်ထင်ရာ လျှောက်မေးရင်း ကိုကိုကြီးထံက အဖြေစကားအဆုံးမှာ အပြုံးမျက်နှာလေး တန့်ခနဲ တည်သွားသည်။

"သရဆိုတာ ဘယ်သူလဲဖွဲ့"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



သရနှာမည်ကို ကိုကိုကြီး နူတ်ဖျားက ကြားလိုက်ရ၍ ထ သွားပြီးမှ မာမီမျက်နှာကို အားကိုးသလို တစ်ချက်လှမ်းကြည့်လို မိသူက ဖွဲ့။

"ဟို… အဲဒါက ဖွဲ့သူငယ်ချင်းပါ ကိုကိုကြီး"

"ပန်းပို့ပေးတာ အဲဒီကောင်လေးပဲ"

"ဟုတ်"

သရပို့ပေးသည့် ပန်းစည်းဆိုမှ ပန်းတွေကြားက ကဒ်ပြားဖြ လေးရှိရာ ဖွဲ့အကြည့်က အခုမှ ရောက်သွားသည်။ အဖြူရောင်ပေါ် အနက်ရောင်စာလုံးတွေက ထင်းရှင်းစွာ ပီပီသသကြီးပေါ်လျက် လိုက်ရသည့် စာတမ်းကြောင့် ဖွဲ့မျက်နှာလေး ကွက်ခနဲ သိသာ ပျက်သွား၏။

ချစ်တဲ့ဖွဲ့အတွက် သရ ဆိုပါလား။

ဒါကို ကိုကိုကြီး တွေ့ပြီးပြီပေါ့။ လက်ထဲမှာ အားရဝမ်း ပိုက်ပွေ့ထားမိသည့် ပန်းစည်းကြီးကို စားပွဲပေါ် အသာပြန်ချထားရ မလိုလို။ ရင်ခွင်ထဲမှာပဲ ဒီအတိုင်း ဆက်ပွေ့ထားရတော့မလိုလို ဖြ သည့် ဖွဲ့အခက်အခဲကို ဝင်ဖြေရှင်းပေးသူက မာမီ။

"ပန်းတွေက လှကလှနဲ့ ပန်းအိုးမှာ အလှထိုးချင်ထိုး၊ ဘု မှာ ကပ်ချင်ကပ် သမီးကြိုက်တာလုပ်ဖွဲ့"

"သွား… သွား… ရေချိုးခန်းထဲယူပြီး ရေစိမ်ထားလိုက်"

"ဟုတ်"

ပန်းစည်းကြီးကို ပွေ့ ခေါင်းတစ်ချက်ညိတ်ပြီး မာမီနှင့်ကိုကို နားက ပြေးထွက်လာခဲ့ရပေမယ့် ဖွဲ့ကိုယ်တိုင် နောက်ကျောမလုံ ဘယ်အချိန်ကတည်းက သရကိုယ်တိုင် ဒီပန်းတွေလာပို့သွားမှ





သိရသော်လည်း ပန်းတွေနဲ့အတူ ထည့်ပေးလိုက်သည့် ကဒ်ပြားဖြူဖြူ သေးပေါ်က စာကြောင်းကတော့ ဖွဲ့နှင့်သရ ဘာလဲဆိုတာ သူ့အလိုလို ဟပြပြီးသား ဖြစ်နေ၍ သရကို ပို့ဒေါသဖြစ်လာသည်။ အိမ်ကိုရောက် ဘင်လာပြီး မာမီတို့မမနွဲ့တို့နှင့် ပြဿနာရှာသွားလို့ မပြီးသေး။ အိမ်ရှေ့ ခြံတံခါးဝမှာ သူ့သဘောနှင့် ပန်းစည်းကြီး လာထားသွား ဘကို ကိုကိုကြီးနှင့် မာမီမြင်တွေ့သွားသည့် စာတမ်းကို ဘယ်လို ရှင်းရမှန်း မသိ။

မာမီနှင့်ကိုကိုကြီးက ဖွဲ့ကို ဘာမှမပြောကြသေးသော်လည်း ကိုယ်တိုင် ကျူးလွန်ထားသည့် အပြစ်ကြောင့် မာမီနှင့်ကိုကိုကြီးကို ကနှာပူမိသည်။ ဒီနေ့မှ ကိုကိုကြီးက ဘာကိစ္စနှင့် အိမ်ကိုအစော ပြီး ရောက်လာမှန်းမသိ။

"ဖွဲ့ရေ… သမီး"

"ရှင်… မာမီ"

အတွေးမဆုံးသေး။ မာမီခေါ်သံကြောင့် ဖွဲ့ကမန်းကတန်း အိမ်ရှေ့ ည့်ခန်းကို ပြန်ပြေးရတော့ ကိုကိုကြီးနှင့်မာမီက ထမင်းစားခန်းထဲ ရောက်နေသည်။

"သမီးကျောင်းသွားရင် ကိုကိုကြီး ကားနဲ့လိုက်သွား၊ အဲဒီကို ကိုကြီးက အလုပ်ကိစ္စနှင့် သွားစရာရှိလို့ သမီးကိုပါ တစ်ခါတည်း င်ပို့ပေးလိမ့်မယ်"

"ဟုတ်ကဲ့ မာမီ"

"ကဲ… ကဲ စားစရာရှိတာစား၊ အပုရေ ညည်းမမအတွက် ခါင်မုန့်မီးကင်လေး လုပ်ပေးလိုက်ပါဦးဟေ့"

"ဟုတ်ကဲ့ပါ မမကြီး"



www.burmeseclassic.com

www.burmeseclassic.com



မာမီက အပုကို ဖွဲ့အတွက် စားစရာလုပ်ခိုင်းပြီး ကိုကိုကြီးနှ စကားဆက်ပြောနေသည်။

“သားကြီးသူငယ်ချင်း မောင်ခွန်းဆက်ကို မာမီတို့လည်း ထ ဖိတ်ကျွေးရမယ့် တာဝန်ရှိတယ်၊ ဟိုမှာတုန်းက သူက မာမီတို့ သေချာဂရုစိုက်ပေးခဲ့တဲ့ ကျေးဇူးက ရှိသေးတယ် သားရဲ့”

“မာမီတို့သဘောပါ၊ ခွန်းဆက်ကို ကျွန်တော်ကိုယ်တိုင် ခေါ် လိုက်ပါ့မယ်”

မာမီပြောမှ ကိုကိုကြီးသူငယ်ချင်း ဦးခွန်းဆက်ကို ဖွဲ့သတိ သွားသည်။ ပေလီက ပြန်လာပြီးကတည်းက ဦးခွန်းဆက်ဆိုသ လူကြီးကို ဖွဲ့မေ့နေသည်။ သတိကိုမရ။

“ဖွဲ့ပြီးရင် ကိုကိုကြီးတို့ သွားကြမယ်”

“ဟုတ်”

ကိုကိုကြီးနဲ့ သွားရမှာဆိုတော့ အရင်လို အချိန်ဆွဲမနေရဲ။ ရေ အလှပြင်ထားပြီးသားဖြစ်၍ အဝတ်အစား ကမန်းကတန်းလဲပြီး ကို ကြီးကားနဲ့ လိုက်ခဲ့သည်။ ခြံထဲက ကားထွက်လိုက်သည်နှင့် ဖွဲ့ ခြံနှင့် ခပ်လှမ်းလှမ်းမှာ ရပ်ထားသည့် သရနှင့် သူ့ကားကို တွေ့လို ရ၍ မျက်နှာကို တစ်ဖက်သို့ လွှဲပစ်လိုက်သည်။ သို့သော် သရ ဘာမှမဖြစ်သလို ဖွဲ့တို့ကားနောက် ခပ်ဖြည်းဖြည်း လိုက်လာနေတာ မြင်လိုက်ရတော့ ဖွဲ့နှုတ်ခမ်းလေးကို သွားဖြင့် ဖိကိုက်ပစ်လိုက်သည်



## အခန်း(၁၂)

“ခုနလူက ဘယ်သူလဲဖွဲ့”

“ဘယ်သူဖြစ်ဖြစ် ယူ့အပူ မဟုတ်ဘူး”

“ဖွဲ့”

သရက ဖွဲ့မျက်နှာကို စေ့စေ့ကြည့်ပြီး ဖွဲ့ပြောသည့် စကားကို ခံနိုင်သလို ဖွဲ့ရှေ့က ပိတ်ရပ်ပစ်လိုက်၍ ဖွဲ့ရင်ထဲက မျိုသိပ်ထားသော ဒေါသအစိုင်အခဲကို အရှိန်မြှင့်လာရိုက်သလို ဖြစ်သွားသည်။

“ယူ ဒါဘာလုပ်တာလဲ သရ”

“ဖွဲ့လုပ်တာကို ကိုယ့်ကို အရင်ပြောဦး”

ဖွဲ့လေသံက မာသလို သရလေသံကလည်း ထန်သည်။ ဖွဲ့က သရမျက်နှာကို စူးစိုက်ကြည့်နေသလို သရက ဖွဲ့ကို စူးစိုက်ကြည့်နေပုံက ဖွဲ့တစ်ကိုယ်လုံးကို ထွင်းဖောက်မတတ် ဖြစ်သည်။

“ယူ့ကို ဖွဲ့မုန်းတယ်သရ”

“အကြောင်းအရင်းက ဘာလဲပြော”



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောရမှာလဲ၊ ယူ့ကိုယ်ယူ မသိဘူးလား"

"မသိဘူး"

သရအသံတ ကျွတ်ဆတ်သည်။

ပုံစံက မိုက်ကန်းကန်းမို့ ဦးသီဟသားပုံစံဆိုတာ ဒါမျိုးနေမှာဟု အခုမှ ဖွဲ့တွေးဖြစ်သည်။

"ဟွန်း… ပုံစံကိုက လူမိုက်စတိုင်လ်နဲ့"

"ဖွဲ့ရှေ့က အခုဖယ်စမ်း"

ဖွဲ့တကယ် စိတ်ဆိုးနေတာကို သိပေမယ့် သူမလျှော့ဘဲ ဖွတ် အတင်းခံနေရင် ဒီထက်ပိုပြီး ပြဿနာဖြစ်လာမှာသိ၍ သရ သက်ပြင်း ချပြီး ဖွဲ့ရှေ့က ဖယ်လိုက်သည်။ သရ ဖယ်လိုက်တာနှင့် ဖွဲ့က သူ့ကို တစ်ချက်လှည့်မကြည့်ဘဲ သူ့ကိုထားပြီး ထွက်သွားသည်။

"ဖွဲ့"

သူဖွဲ့နာမည်ကိုခေါ်ရင်း ဖွဲ့နောက်က လိုက်ခဲ့သည်။

"ကိုယ့်ကို ဘာလို့ဒီလောက် စိတ်ဆိုးစိတ်ကောက်နေတာလဲကွာ ဖွဲ့ စိတ်ကောက်ရင် ကိုယ်မနေတတ်ဘူးဆိုတာ သိရက်နဲ့"

"ပြော… ဖွဲ့စိတ်ဆိုးပြေအောင် ကိုယ်ဘာတွေ လုပ်ပေးရမလဲ"

"ရေထဲခုန်ချလိုက်"

"တကယ်လား"

ဖွဲ့က သူမေးတာကို မဖြေဘဲ သရရှေ့က ဘောက်ဆတ်ဘောက် ဆတ်နှင့် ဆက်လျှောက်သွား၍ သူဖွဲ့နောက်က လိုက်ခဲ့သည်။

"အလကား… လူလိမ်၊ လူညာ"

"ဘာပြောတယ်ဖွဲ့"

"ဖွဲ့ကို ယူ လိမ်ညာတာကိုပြောတာ"





"ကိုယ် ဖွဲ့ကို ဘာညာလို့လဲ"

လှမ်းနေသည့် ဖွဲ့ခြေအစုံရပ်သွားပြီ၊ သရမျက်နှာကို ခပ်စိမ်းစိမ်း ကြည့်သည်။ ဒီလိုအကြည့်မျိုး ဖွဲ့ထံမှ တစ်ခါမှ အကြည့်မခံခဲ့ရဘူး၍ သရရင်ထဲ ထိတ်ခနဲဖြစ်သွားကာ ဖွဲ့မျက်နှာလေးကို စိုးရိမ်စိတ်နှင့် တုံ့ပြန်စူးစိုက်ကြည့်လိုက်သည်။

"ဦးသီဟသားဆိုတာ ဘယ်သူလဲ"

"ဖွဲ့"

သူ ဖွဲ့အမည်ကို အလန့်တကြား ခေါ်လိုက်သည်။

"ဖွဲ့ကိုယ့်ကို မုန်းနေတာ အဲဒီကိစ္စလား"

"ဟုတ်တယ်"

ဖွဲ့ကိုယ်တိုင် ခေါင်းညိတ်ဝန်ခံလိုက်၍ သူသက်ပြင်းချလိုက် သည်။ ဖွဲ့စိတ်ဆိုးမည်ဆိုလည်း ဆိုးချင်စရာပါ။ အဖြစ်က တခြားသူ အပြစ်မဟုတ်။ သူ့အပြစ်ဆိုတာ သရသိသည်။

"ကိုယ် ဖွဲ့ကို တောင်းပန်ပါတယ်ကွာ၊ ဖွဲ့ထင်သလို ကိုယ်ဖွဲ့ကို တမင်လိမ်ညာဟန်ဆောင်ခဲ့တာ မဟုတ်ပါဘူး၊ ဖွဲ့ကလွဲပြီး အားလုံးက ကိုယ်ဘယ်သူလဲဆိုတာ မသိတဲ့လူ မရှိသလောက်ပဲဆိုတော့"

"သြော်… အပြစ်က ဖွဲ့အပြစ်ပေါ့လေ ဟုတ်လား"

"ဟာ… မဟုတ်ဘူး"

စံပြင်းဒေါသနှင့် ဆတ်ဆတ်ထိမခံသလို ဖွဲ့အော်တော့ သရဖွဲ့ မျက်နှာလေးကို ချစ်စနိုးစိုက်ကြည့်သည်။ ထိုအကြည့်ကိုပဲ ဖွဲ့က မခံနိုင်။ သူမကို တမင်အခံရခက်အောင် လှောင်ပြောင်သည့် အကြည့်ဟု ထင်ပြီး သရကိုထားပြီး နေရာက ချာခနဲ လှည့်ထွက်ခဲ့သည်။

"ဖွဲ့… နေဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



သူတားပေမယ့် ဖွဲ့က မရပါ။ သွားမြဲသွားနေ၍ သူဖွဲ့နား မခွာပဲ အတူကပ်လိုက်ခဲ့သည်။

"ကိုယ်ဖွဲ့ကို အပြစ်တင်နေတာ မဟုတ်ပါဘူးကွာ၊ ဖွဲ့က သိ ရှိးသားတာ ပတ်ဝန်းကျင်ကို စိတ်မဝင်စားတတ်တာကြောင့် ကိုယ် ဘယ်သူဆိုတာ ဖွဲ့ကမသိလိုက်တာပါ"

"ဖွဲ့မသိလည်း သိအောင်ပြောရမှာက ယူ့တာဝန်မဟုတ်လား"

"ကိုယ်ပြောဖို့ ကြိုးစားခဲ့ပါတယ် ဖွဲ့ရယ်၊ ဖွဲ့က ကိုယ့်မိသား အကြောင်း ကိုယ့်ဘဝအကြောင်း ပြောမယ်ကြံတိုင်း ဘယ်တုန်းက စိတ်ဝင်တစား ရှိခဲ့လို့လဲ"

ဒီတစ်ခါတော့ ဖွဲ့နည်းနည်းငြိမ်သွားသည်။ သရပြောမည်ဆို လည်း ပြောစရာပေါ့။ ဖွဲ့က သရနဲ့ပတ်သက်ပြီး ဘာကိုမှစူးစမ်း လေ့လာမေးမြန်း စပ်စုတာမျိုး မရှိခဲ့သလို သရကပြောမည်ကြံတိုင်း ဖွဲ့က စိတ်မဝင်စားတာနဲ့ တခြားစကားလမ်းကြောင်း ပြောင်းလွှဲသွား တတ်တာ အခုမှပြန်စဉ်းစားမိလာပေမယ့် သရကိုတော့ ခွင့်မလွှတ်

"ပြောသင့်ပြောထိုက်တာကို မပြောတာကိုက ယူ့ဘက်က မှား သွားတာပဲ သရ"

"ကိုယ်ဦးသီဟသား ဖြစ်တာနဲ့ ဖွဲ့ကကိုယ့်ကို မုန်းပစ်ချင်နေ တာလား"

"ဟုတ်တယ်၊ မုန်းချင်တယ် လူဆိုးလူမိုက်လို့ အပြောခံရတဲ့ သူနဲ့လည်း ချစ်သူရည်းစား မဖြစ်ချင်ဘူး"

"ကိုယ်ဘယ်လောက်လိမ္မာတယ်ဆိုတာ ဖွဲ့သိပါတယ်"

"ယူမဆိုင်တာတွေ လျှောက်မပြောနဲ့နော်"

သရက ဖွဲ့စကားကို နားထောင်ပြီး ဖွဲ့ကိုချစ်သည့်စိတ်ဖြင့် ဖွဲ့





ချမှတ်ထားသည့် အချစ်စည်းကမ်းအားလုံး အတိအကျ လိုက်နာခဲ့တာ ကို ရည်ရွယ်ပြောမှန်းသိ၍ ဖွဲ့အော်ပစ်လိုက်ခြင်း ဖြစ်သည်။

"ဆိုင်တာတွေပဲ ပြောနေတာဖွဲ့"

"ကိုယ် ဖွဲ့ပြောသလို လူဆိုးလူမိုက်တစ်ယောက်ဆိုရင် ဖွဲ့ ဘာစည်းကမ်းထုတ်ထုတ် တစ်ခုမှ လိမ္မာပြနေနိုင်မှာ မဟုတ်ဘူး"

"အို… အဲဒီလို ဖွဲ့ကိုလာလုပ်လို့ကတော့ ဖွဲ့နားမှာလည်း ယူ ဘယ်ရှိနေနိုင်ပါမလဲ"

"ကိုယ်လိမ္မာလို့ ဖွဲ့နားရှိနေတာ ဝန်ခံပြီမဟုတ်လား"

"အို… အခုချိန်ကစပြီး ဖွဲ့ကို ယူမေ့လိုက်တော့ ဖွဲ့လည်း ယူ့ကိုမေ့လိုက်ပြီ"

"ဖွဲ့"

"ယူ ဒါဘာလုပ်တာလဲ ဖွဲ့လက်ကိုလွှတ်"

ရုတ်တရက် ဖွဲ့လက်တစ်ဖက်ကို တင်းကြပ်စွာ ဆုပ်ကိုင်လာ သည့် သရကြောင့် ဖွဲ့စိတ်ဆိုးဒေါသဖြစ်စွာ သရလက်ထဲက သူမလက် ကို ဆောင့်ရုန်းပစ်ပေမယ့် သရကမလွှတ်။

"ယူနော် ဖွဲ့ကို ဒီလိုဗလအားကိုးနဲ့ အနိုင်မကျင့်နဲ့နော်"

"လွှတ်ဆို လွှတ်နော်"

"မလွှတ်ဘူး"

"ဟင်"

သရမျက်နှာကို ဖွဲ့အလန့်တကြား မော့ကြည့်လိုက်တော့ ဖွဲ့ မျက်နှာလှလှလေးကို စူးစိုက်ကြည့်နေသည့် သရမျက်ဝန်းများနှင့်ဆုံ သည်။

"ကိုယ်ဖွဲ့ကို ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



“မကြားချင်ဘူး မပြောနဲ့”

“ကောင်းပြီ အခုမပြောနဲ့ဆို မပြောဘူး ကားပေါ်ရောက်မှ ပြောမယ်”

“သရ… ယူ့ဘာဖြစ်နေတာလဲ”

“ရူးနေတာ”

“အို”

အင်အားခြင်းကမမျှ။

ဘယ်လိုပင် ရုန်းဖယ်ရန် ကြိုးစားသော်လည်း မအောင်မြင်။ သရ ဆွဲခေါ်ရာနောက်သို့ ဖွဲ့ကိုယ်လေး ပါမှန်းမသိ ပါသွားရတာကို သရကို မုန်းမိသည်။

“လူဆိုး၊ လွှမိုက် ဖွဲ့လက်ကို အခုလွှတ်ဆို”

“ဖွဲ့ကိုယ့်ကို အဲဒီလိုမပြောနဲ့နော်”

“ပြောမယ်… ပြောမယ် အဲဒီထက်မကကို ယူ့ကို ပြောမယ် သိလား”

သရက ဖွဲ့ကို ဘာမှထပ်မပြော။ ရပ်ထားသည့် သူ့ကားနား ရောက်တာနှင့် ဖွဲ့ကိုယ်လေးကို ကားပေါ်တွန်းတင်ပြီး ကားတံခါးကို ဝုန်းခနဲ ဆွဲပိတ်ပစ်လိုက်သည်။ ဖွဲ့ကားပေါ်က ဆင်းပြေးဖို့ ကြိုးစား ပေမယ့်မရ။ သူက ကားတံခါးနားမှာ ပိတ်ရပ်ပြီး ဖွဲ့မျက်နှာကို စူးစူး နစ်နစ် စိုက်ကြည့်ပြီး သူပြောချင်တာ ပြောသည်။

“ဖွဲ့ကိုယ့်ကားပေါ်က ဆင်းပြေးတာနဲ့ ကိုယ်လည်း ဖြစ်ချင်ရာ ဖြစ် ဖွဲ့ကို ဖွတ်အတင်းလိုက်ပြီး ဖမ်းရမှာပဲ… မယုံရင် ဖွဲ့ စမ်းကြည့်”

“သရ”

“ပြော”





“ယူ့ကို ပိုမုန်းတယ်သိလား”

သရက ဖွဲ့ကိုဘာမှထပ်မပြော။ ပြောရင်ပြောသည့်အတိုင်း လုပ် တော့မည့် သရပုံစံကိုကြည့်ပြီး ဖွဲ့စကားပေါ်မှာပဲ ငြိမ်နေလိုက်ရသည်။ အခုတောင် ပတ်ဝန်းကျင်က လူတွေက ဖွဲ့နှင့်သရကို စိတ်ဝင်စား ကြည့်၊ စူးစမ်းသည့် အကြည့်တွေနှင့် ကြည့်နေကြပြီဆိုတော့ မိန်းမ သားဖြစ်သည့် ဖွဲ့က ယောကျ်ားလေးဖြစ်သည့် သရနှင့် ပြိုင်မမိုက်ရဲ။

ဖွဲ့ရင်ထဲက ဒေါသအစိုင်အခဲကို ဘယ်လိုဖောက်ခွဲရမှန်းမသိ ဖြစ်နေချိန်မှာ သရက သူ့ကားကို နေရာက ခပ်ကြမ်းကြမ်း မောင်း ထွက်လိုက်၍ ဖွဲ့နှုတ်ခမ်းအစုံကို တင်းတင်းစေ့ပြီး သရဘက်ကို လှည့် လိုက်သည်။

“ယူ့ဘာဖြစ်လို့ နာမည်ဆိုးနဲ့နာမည်ကြီးနေလဲဆိုတာ ဖွဲ့ အခု သိပြီ သိလား”

“နောက်ဆို ဒီထက်ပိုသိရဦးမှာ”

“ဘာပြောတယ်”

“ဖွဲ့ကို ချစ်တယ်လို့ပြောတာ”

“ဒါဖွဲ့ကို ချစ်ပြနေတာပေါ့ဟုတ်လား”

နာနာကြည်းကြည်းလေသံနှင့် သရမျက်နှာကို စိမ်းစိမ်းစူးစူး စိုက်ကြည့်ပြီး အခံရခက်စွာ ပြောနေသည့် ဖွဲ့ဒေါသကို သိပေမယ့် သရက ဂရုမစိုက်။ ဖွဲ့ကို သူအလျှော့ပေးလို့ မဖြစ်တာ သူပဲသိသည်။

ဖွဲ့လောက် ဘယ်မိန်းကလေးကိုမှ သူမချစ်ဘူး။ ဖွဲ့က သူအချစ်ဆုံး မိန်းမ။ ဘာအတွက်နှင့်မှ သူ့ဘက်က ဖွဲ့ကို ဆုံးရှုံးမှုမပေးနိုင်။ ဦးသီဟ သားဖြစ်ရတာနဲ့ သရကို ချစ်သူအဖြစ်က ပြတ်စဲချင်နေသည့် ဖွဲ့စိတ်ကို နားမလည်နိုင်။ အစကတည်းက ဖွဲ့ဆိုတာ သူတွေ့ဖူးသည့် မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



မျိုးမဟုတ်တော့ သူ့မှာ တခြားပြောစရာမရှိ။ ဖွဲ့က သူ့အပေါ်မှာ အရိုးသားဆုံး ချစ်ခဲ့တာ သူသိသည်။

သရကိုယ်တိုင်လည်း ဖွဲ့အပေါ်မှာ ဘယ်လိုအခွင့်အရေးမှမယူဘဲ အမြတ်နိုးဆုံး၊ အသန့်ရှင်းဆုံး၊ အရိုးသားဆုံး ချစ်ပြခဲ့တာကို သူ့ကိုယ်သူကလွဲပြီး တခြားဘယ်သူမှ သိနိုင်မှာမဟုတ်။ ဖွဲ့ကိုယ်တိုင် သရအချစ်ကို နားလည်နိုင်၍ အခုလို ဖြစ်လာခဲ့ရတာကိုလည်း သူသိသည်။

"ကိုယ့်ကို ခွင့်လွှတ်ပါဖွဲ့"

"ဖွဲ့က ဘာကိုခွင့်လွှတ်ရမှာလဲ၊ ယူ့ကို ဖွဲ့အထင်ကြီးခဲ့သမျှ အလကားပဲသိလား"

"ကားကိုအခုရပ်၊ ယူ့မျက်နှာကို ဖွဲ့မကြည့်ချင်ဘူး၊ ယူ့အသံကိုလည်း မကြားချင်ဘူး"

"ဖွဲ့နဲ့ဆန့်ကျင်ဘက် ကိုယ်ကတော့ ဖွဲ့အသံကိုလည်း ကြားချင်တယ်၊ ဖွဲ့မျက်နှာလေးကိုလည်း ကြည့်နေချင်တယ်"

"ကိုယ်ဖွဲ့ကို လက်ထပ်ပါရစေ"

"ယူပြောတိုင်း လိုက်လုပ်ရအောင် ဖွဲ့က မရူးသေးဘူး"

"ကိုယ်ကတော့ ရူးနေပြီ"

စကားအကောင်း ပြောလို့ရတော့မှာ မဟုတ်ဟု ဖွဲ့သိလိုက်သည့် အချိန်မှာ တရိပ်ရိပ်ပြေးနေသည့်ကားက ခြံဝန်းကျယ်ကြီးတစ်ခုရှေ့မှာ ရပ်သွားတာ မြင်လိုက်ရ၍ ဖွဲ့မျက်ဝန်း ဝိုင်းသွားသည်။

"တီ"

"သရ… ယူဘာတွေလျှောက်လုပ်နေတာလဲ ဟင်"

ကြောက်ရိပ်ဝိုင်းသော မျက်ဝန်းအစုံဖြင့် သူ့ကိုအထိတ်တလန့်ကြည့်လာသည့် ဖွဲ့ကိုကြည့်ပြီး သူသက်ပြင်းချလိုက်သည်။ ဖွဲ့ဘာကို





ကြောက်နေလဲဆိုတာ သူသိပါသည်။

"ကိုယ်ဖွဲ့နဲ့ အေးအေးဆေးဆေး စကားပြောရုံပါ"

"အို… စကားပြောတာပဲ တခြားနေရာသွားပါလား"

"ရှူး… ဟိုမှာ အဘကျော် လာနေပြီ"

ခြံတံခါးကို လူကြီးတစ်ယောက်က လာဖွင့်နေ၍ ဖွဲ့ ကူခြွေမျက်လိုက်ရပေမယ့် တိတ်ဆိတ်ငြိမ်သက်နေသော နှစ်ထပ်အိမ်လှလှကြီးကြည့်ရ ဖွဲ့ရင်တွေ တဒိတ်ဒိတ် ဖြစ်နေသည်။

"လူလေးပါလား"

"ဒေါ်ကြီးဖြူရော အဘကျော်"

"ရှိပါ့ဗျာ သူ့ အိမ်လေးထဲမှာ ထမင်းဟင်းချက်နေလေရဲ့"

ခြံထဲမှာ အဘိုးကြီးအဘွားကြီး နှစ်ယောက်ရှိနေ၍ ဖွဲ့စိတ်သက်သာရာ နည်းနည်းတော့ ရသွားသည်။ ဒါကို သရလည်း သိသည်။ သဘောပေါက်နားလည်သည်။ ခြံကြီးထဲကို ကားကိုဖြည်းဖြည်းချင်း မောင်းဝင်လိုက်တော့ အဘကျော်က ခြံတံခါးပိတ်ပြီး သူတို့ကားနောက်က လိုက်လာသည်။

"ဟဲ့… အဘွားကြီး"

"တော်"

"တော်လုပ်မနေနဲ့. ဒီမှာ လူလေးတို့လာတယ်၊ အပြင်ထွက်ခဲ့ဟ"

"လာပါပြီတော်… လာပါပြီ"

ခြံထောင့်က သစ်သားအိမ်လေးရှေ့မှာ ရပ်ပြီး အော်နေသည့် အဘကျော်အသံအဆုံးမှာ အသက်ခြောက်ဆယ်ကျော်အရွယ် အဘွားတစ်ယောက် ထွက်လာပြီး ဖွဲ့တို့ရှိရာ လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းမကြား ဘာမကြား လူလေးရယ် လာမယ် ဖုန်းကြိုဆက်တာ မဟုတ်ဘူး"

အဘွားကြီးက သရကိုပြောရင်း သရနားမှာ အတူရှိနေသ ဖွဲ့ကို အကဲခတ်သလို တစ်ချက်လှမ်းကြည့်သည်။

"ဒါကျွန်တော့်ချစ်သူလေ ဖွဲ့တဲ့ မလှဘူးလား"

"လှပါတယ်တော့် ဘိုမရုပ်လေးကျနေတာပဲ"

"သရ"

ဖွဲ့က သရအမည်ကို ဟန့်တားသလို လှမ်းခေါ်လိုက်ပေမ သရက ဂရုမစိုက်။ ဖွဲ့မျက်နှာကိုပြုံးပြီး ကြည့်နေသည်။

"ကျွန်တော်တို့ ဒီဘက်ကိုလမ်းကြုံလို့ ဝင်လာတာပါ‥ ဘာ လုပ်ပေးစရာ မလိုပါဘူး"

"ဘယ်နှယ့် ရောက်လာမှတော့ လက်ဖက်သုပ်လေး၊ ရေ လေးတော့ လုပ်ပေးပါရစေကွယ်၊ ဒီလောက်တော့ အဘွားတို့ တ နိုင်ပါတယ်"

"လာကြလူလေးတို့ အိမ်ထဲမှာ အေးအေးဆေးဆေး အ ကြ၊ အဘတို့ အပြင်မှာရှိနေမယ် လိုတာရှိရင် လှမ်းခေါ်လိုက်"

"အဘွားကြီး လက်ဖက်သုပ်မှာဆို သွားလေ"

"ဟုတ်ကဲ့ပါတော့်"

အဘကျောက်ဆိုသည့် အဘိုးကြီးပြောမှ ဖွဲ့ကို စိတ်ဝင်တ ကြည့်နေသည့် အဘွားကြီးက ဖွဲ့တို့နားက သူ့အိမ်လေးရှိရာသို့ သုတ်သုတ်လေး ပြန်ထွက်သွားသည်။ ဖွဲ့ကတော့ သရနှင့်အတူ တ ဆိတ်နေသည့် အိမ်ကြီးထဲ လိုက်ဝင်လိုစိတ်မရှိ၍ သရမျက်နှာ မျက်ခုံးစိမ်းလေးတွန့်ပြီး အလိုမကျစွာ ကြည့်လိုက်သည်။





"လာလေ ဖွဲ့"

"မလာဘူး"

"ဖွဲ့မလာရင် ကိုယ်တကယ် ပွေ့ခေါ်မှာနော်"

ဖွဲ့မျက်နှာနားကို သူ့မျက်နှာချောချောနှင့် နီးကပ်စွာ တိုးဝှေ့ပြော ဆာသူကြောင့် ဖွဲ့ပါးလေးတွေ ရဲခနဲ ဖြစ်သွားကာ သရကို ဒေါသ နှင့်ကြည့်လိုက်သည်။

"ယူဘယ်လိုဖြစ်နေတာလဲ"

"ချစ်နေတာ"

"ဖွဲ့ပြန်မယ်"

"ဖွဲ့"

"ဖွဲ့လက်ကိုလွှတ်"

သူမလက်ကို တင်းကျပ်စွာ ဆုတ်ကိုင်လာသည့် သရလက်တွေ ကို ဖွတ်အတင်း ရုန်းဖယ်ပစ်တော့ သရက ဖွဲ့လက်ကလေးနှစ်ဖက် လုံးကို သူ့လက်ထဲမှာ ဆုပ်ကိုင်ဖမ်းချုပ်ပြီး ဒေါသဖြစ်နေသည့် ဖွဲ့ မျက်နှာလှလှလေးကိုကြည့်ပြီး ရယ်သည်။

"ကိုယ်အခုချိန်ထိ ဖွဲ့ချမှတ်ပေးထားတဲ့ အချစ်စည်းကမ်းတွေ တစ်ခုမှ မဖောက်သေးဖူးနော်၊ ဖွဲ့အစကတည်းက ဖွဲ့ချစ်သူဖြစ်ရင် ဖွဲ့လက်ကလေးကိုကိုင်လို့ ရတယ်ဆိုတာ ဖွဲ့စည်းကမ်းထဲမှာ ပါပြီး သား"

"အခုယူက ဖွဲ့ချစ်သူ မဟုတ်တော့ဘူး"

"ဘာဖြစ်လို့လဲ ဦးသီဟသား ဖြစ်နေလို့လား"

"မဟုတ်ဘူး ယူ့ကိုမုန်းလို့"

"မရဘူး ကိုယ်ထုတ်ထားတဲ့ ဖွဲ့အတွက် အချစ်စည်းကမ်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ချစ်ပြီးရင် မုန်းလို့မရဘူးဆိုတာပါတယ်''

''ယူမဟုတ်တာတွေ မပြောနဲ့နော်''

ဖွဲ့က မခံမရပ်နိုင်သလို အော်တော့ သူက ဖွဲ့လက်လေး
ဆုတ်ညှစ်ပြီး ခပ်သဲ့သဲ့ရယ်သည်။ ပြီးတော့ ရှေ့သို့စိမ်းရောင်ဝတ်စုံ
ဖြူရောင်နုဖတ်နေသည့် ဖွဲ့မျက်နှာ လေးကို ကြည့်မဝသလို ကြည့်ရင်း
ဖွဲ့ပါးနားကပ်ပြီး နှစ်ယောက်ကြားရုံ တိုးတိုးလေး ပြောလိုက်သည်

''ချစ်တယ်''

''တူ··· တူ··· တူ''

ဖွဲ့ သရတစ်ခုခု ပြန်ပြောမလို့ ပါးစပ်ပြင်နေတုန်း သူ့မဖုန်းအသံ
မြည်လာ၍ သရလက်ထဲက သူမလက်လေးကို ခပ်မြန်မြန် ရုန်းလိုက်
သည်။

''ဟိုမှာ ဖွဲ့ဖုန်းလာနေပြီ''

''ကိုယ်ယူပေးမယ်''

ဖွဲ့ဖုန်းကို သရကိုယ်တိုင် ယူပေး၍ နံပါတ်ကိုကြည့်လိုက်တော့
မာမီ့ဖုန်းဖြစ်နေ၍ ဖွဲ့ လန့်သွားသည်။

''မာမီဆက်နေတာပဲ''

''ပြောလိုက်လေ''

''ဟဲလို''

''သမီးလား မာမီဖုန်းခေါ်နေတာကြာပြီ ဘာလို့ ဖုန်းမကိုင်တာ
လဲ သမီးရဲ့''

မာမီထံမှ အပြစ်တင်စကားကြောင့် မာမီ့ဖုန်းသံကို မကြားနိုင်
အောင် ဖွဲ့ကို ဒေါသဖြစ်အောင် လုပ်ခဲ့သည့် သရကို မကျေမနပ်
လှမ်းကြည့်လိုက်တော့ သရက ဖွဲ့ကို မျက်လုံးတစ်ဖက် မှိတ်ပြသည်။





ရင်လိုဆိုရင်တော့ သရအခုလိုပုံကို ဖွဲ့ရယ်မိမှာပါ။ အခုတော့ မျက်နှာ
ားခပ်တည်တည်နှင့် သူ့ကိုကျောခိုင်းပြီး မာမီနှင့်ဖုန်းဆက်ပြောနေ
ိုက်သည်။

''မာမီ ဖုန်းခေါ်တာ ဖွဲ့မကြားလိုက်လို့ပါ မာမီ၊ ဖွဲ့ကို ဘာ
ပြောချင်လို့လဲဟင်''

''သမီး ကိုကိုကြီး သမီးကို လာကြိုမယ်ပြောလို့ ရောက်ပြီလား
ိချင်လို့ပါကွယ်''

''ရှင်··· ကိုကိုကြီး လာကြိုတယ် ဟုတ်လားမာမီ''

ကိုကိုကြီး လာကြိုမည်ဆို၍ ဖွဲ့ ရင်ထိတ်သွားကာ သရဘက်ကို
ခမြန်မြန် လှည့်ကြည့်လိုက်သည်။ ဘယ်တုန်းကမှ ကိုကိုကြီးက
ကျောင်းကို လာဖူးတာ မဟုတ်။ သူ့အလုပ်ကိစ္စနှင့် ဖွဲ့ကျောင်းကို
ိုက်ပို့တာတောင် အံ့တောင်ဩလွန်လှပြီဟု ဆိုရမည့်အထဲ အခု ဖွဲ့
ခ်အပြန်ကို သူလမ်းကြုံလို့ ဝင်ကြိုဦးမည်ထင်သည်။

''ဟုတ်တယ်၊ သမီးကိုကိုကြီးကိုယ်တိုင် မာမီ့ကို ဖုန်းဆက်တာ၊
မီမှာချင်တာ မာမီသောက်ရမဲ့ အားဆေးလေး -ကုန်နေလို့ သမီး
ိုကိုကြီးကိုပြောပြီး ဝယ်လာခဲ့စမ်းပါကွယ်''

''ဟုတ်ကဲ့ မာမီ၊ ကိုကိုကြီးအခု မရောက်သေးဘူး မာမီ···
ိုကိုကြီးလာရင် မာမီမှာတဲ့ဆေး ဖွဲ့ဝယ်လာခဲ့ပါမယ်''

''အေး···အေး သားကြီးဖုန်းကို လှမ်းခေါ်တာ စက်ပိတ်ထား
ယ်ဆိုလို့ ဒါပဲနော် သမီး''

''ဟုတ်ကဲ့ မာမီ''

လက်ထဲက ဖုန်းပိတ်ပြီး သရဘက်ကို ကြည့်လိုက်သည်။

''ဖွဲ့ကိုကိုကြီးဆိုတာ ခုနက ဖွဲ့ကို ကျောင်းလိုက်ပို့တဲ့ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြီးလား''

''ဟုတ်တယ်''

''ကိုယ့်မှာ တခြားသူလားဆိုပြီး စိတ်ပူလိုက်ရတာ ဖွဲ့အစ်ကို ကြီးကို''

ပြုံးနေသည့် သရဲမျက်နှာကို ဖွဲ့ခပ်တည်တည်လေး ကြည့်လိုက်သည်။

''ပြန်ကြမယ် သရဲ''

''ကိုယ်လည်း ဖွဲ့ကိုဘာမှ မပြောရသေးပါလား''

''ဒီထက်ပိုပြီး ဘာပြောချင်သေးလို့လဲ ယူမလိုက်ချင်နေခဲ့ ဖွဲ့ ဘာသာပြန်မယ်''

''ဟေး... နေဦးလေ၊ အခု ဖွဲ့ကိုယ့်ကို အရင်လိုချစ်သေးရဲ့လား ဆိုတာ ပြောဦး''

သရဲ ကားပေါ်ပြန်တက်ရန် ခြေလှမ်းပြင်နေသည့် ဖွဲ့လက်မော ကိုဆွဲပြီး သူသိချင်တာကို အသည်းအသန် မေးနေသည့် သရဲမျက်နှာ ဖွဲ့ပြန်ကြည့်လိုက်သည်။ တုံ့ပြန်ကြည့်နေသည့် သရဲအကြည့်တွေ အရင်လို နူးညံ့သိမ်မွေ့ခြင်းတွေနှင့် လင်းလက်တောက်ပနေတာ မြင် ရတော့ ဖွဲ့ ရင်မောသွားသည်။

တကယ်တော့ သရဲဆိုတာ ဖွဲ့အပေါ်မှာ ဘာအခွင့်အရေးမှ မယူ ဘဲ ဖွဲ့သဘောအတိုင်း ဖွဲ့ပြောသည့် စကားကို နားထောင်ခဲ့သည့် ချစ်သူပါ။ သူ့ဘာသာ ဦးသီဟသားဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဖွဲ့အပေါ် မှာတော့ ချစ်သူကောင်းတစ်ယောက် ဖြစ်ခဲ့တာကို ဖွဲ့ဝန်ခံသည်။ သရဲ ကို လူတွေက လူဆိုးလူမိုက်တစ်ယောက်လို ပြောနေကြပေမယ့် ဖွဲ့နှင့် အတူရှိနေခိုက်မှာ သရဲဆိုတာ လူလိမ္မာ၊ လူယဉ်ကျေးလေး ဖြစ်နေ





ာတော့ သေချာသည်။

''ကိုယ့်ကို တစ်ခုခု ပြောဦးလေ ဖွဲ့''

သူ့ကိုကြည့်ပြီး ငြိမ်နေသည့် ဖွဲ့ကို အားမလိုအားမရ ဖြစ်နေဟန် ဖြင့် သရဲက မေးလာတော့ ဖွဲ့ သက်ပြင်းရှိုက်လိုက်သည်။

''ဖွဲ့ ဘာပြောရမှာလဲ''

''ကိုကို့ချစ်တယ်လို့ပြော''

''ဟွန်း... ယူလုပ်ပုံတွေက ချစ်စရာတော်တော် ကောင်းတာ ကိုး''

ဖွဲ့စကားအဆုံးမှာ သူက ဖွဲ့မျက်နှာလှလှလေးကို စူးစိုက်ကြည့် ပြီး ချစ်စနိုးရယ်သည်။

''ကိုယ်က ဖွဲ့ကိုချစ်တာကိုး၊ ဖွဲ့က ကိုယ့်ကိုမချစ်ဖူး မုန်းတယ် ဆိုတာချည်း ပြောနေတော့ ကိုယ့်ရင်ထဲ ဘယ်လောက်ခံစားရလဲဆိုတာ ဖွဲ့ပဲ စဉ်းစားကြည့်''

''တော်ပါ... နောက်တစ်ခါ ဒါမျိုးထပ်လုပ်လို့ကတော့ ဖွဲ့ မျက်နှာကို ဒီတစ်ပတ် နောက်ထပ်မြင်ရမယ် မထင်နဲ့''

''ဟုတ်ကဲ့၊ နောက်မမိုက်တော့ပါဘူး ခင်ဗျာ''

ကျေနပ်နှစ်သိမ့်စွာ ပြုံးနေသည့် သရဲမျက်နှာကို ဖွဲ့က မျက် စောင်းထိုးလိုက်တော့ ကမ္ဘာပေါ်မှာ အပျော်ဆုံးလူက သရဲဖြစ်သွား သည်။

''ချစ်တယ်နော် ဖွဲ့''

''မုန်းနေတာ''

''ဟာကွာ''

''ကဲ... ကားပေါ်တက်ပါတော့၊ ကျောင်းမှာ ကိုကိုကြီးစောင့်



www.burmeseclassic.com

www.burmeseclassic.com



နေမှာ ဖွဲ့ကြောက်တယ်''

''ဖွဲ့ကိုကိုကြီးဆူရင် ကိုယ့်ဆီပြေးခဲ့''

''ဒါမျိုးကျတော့ တော်တော်တတ်''

''ကိုယ်က ဖွဲ့ကိုချစ်တာကိုး''

''ဘယ်သူကရော ယူ့ကိုမချစ်လို့လဲ''

''ဖွဲ့ပဲ ခုနက ကိုယ့်ကိုမုန်းတယ်ဆို''

''ယူက မုန်းအောင်လုပ်တာကိုး''

''ကောင်းပြီ၊ အခုချိန်ကစပြီး ဖွဲ့ချစ်အောင်ပဲ နေတော့မယ်''

''ဒီတစ်ခါ ကတိမတည်လို့ကတော့ အပြတ်ပဲ''

''ကဲ… မောင်းတော့''

''ဟုတ်ကဲ့မမ''

ဖွဲ့အမိန့်အတိုင်း ကားကိုနေရာက မောင်းထွက်ပြီးမှ အာကျော
ကို သတိရပေမယ့် မတတ်နိုင်တော့။ ခြံထဲရောက်နေသည့် အ
ကျောက်ကို လက်ပြနှုတ်ဆက်ထားခဲ့သည်။ သရစိတ်ထဲမှာတော့
နှင့်အဆင်ပြေသွား၍ အပျော်ကြီးပျော်နေသည်။

ကားကိုပင် ဖြောင့်ဖြောင့်မမောင်းနိုင်။ ဖွဲ့မျက်နှာကိုချည်း
ကြည့်နေ၍ ဖွဲ့က နှုတ်ခမ်းရူသည်။

''ဘယ်လိုဖြစ်နေတာလဲ၊ ကားကို သေချာကြည့်မောင်းတာ
မဟုတ်ဘူး''

''ကားကို သေချာကြည့်မောင်းစေချင်ရင် ကိုယ့်ကိုချစ်တယ်လို့
ပြော မပြောရင်တော့ ဒီအတိုင်း…''

''ကဲ… ကဲ ချစ်တယ်''

''ဟေး''





''သရ ရှေ့မှာ ကား… ကား''

''ဟာ''

''ကျွီး''

''အမယ်လေး''

''ဝုန်း''

ဖွဲ့ထံမှ အလန့်တကြား အော်ဟစ်သံအဆုံးမှာ အရှိန်ပြင်းပြင်း
ဒီခိုက်မိသံနှင့်အတူ ဖွဲ့ကမ္ဘာကြီးတစ်ခုလုံး အမှောင်တကာ အမှောင်
းချောက်ကမ်းပါးအတွင်းသို့ ထိုးကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

''သမီး… သမီးလေး ဖွဲ့''

''ဖွဲ့''

''ညီမလေး''

အသံတွေက ဖွဲ့နားထဲ အဆက်မပြတ် တိုးဝင်လာလို့ ေ
ဝါးဝါး အသိတရားတို့ ပြတ်ပြတ်ထင်းထင်း ရှိလာချိန်မှာ ပထမ
ဖွဲ့နှုတ်ဖျားက သူ့အလိုလို ထွက်လာတာက သရဆိုသည့် အမည်

''သ…ရ''

''သမီးလေး…သမီး''

မာမီ့အသံက မရိုတင်ကဲ။

ဖွဲ့မျက်ဝန်းအစုံကို ဖြည်းဖြည်းချင်း အဖွင့်မှာ မျက်ရည်တို့ ေ
စွန်းထင်နေသည့် မာမီ၏ သောကမျက်လုံးကို အရင်စမြင်ရသည်

''သမီး''

''မာမီ့ သမီးလေး သတိရပြီနော်''

''မာမီ''





ဖွဲ့အသံက ခြောက်သွေ့လျက်။ ကိုယ့်အသံကို ပြန်မမှတ်မိနိုင်အောင် တခြားတစ်နေရာက ပြန်လွင့်လာသလို ထင်ရ၏။

''သမီး… မာမီ့သမီးလေးရယ်''

မာမီက ဖွဲ့လက်လေးကို သူ့ပါးမှာကပ်လျက် တသိမ့်သိမ့်ရှိုက်ငိုနေတာကြည့်ပြီး မမန္တ့က မာမီကို မပြတ်သတိပေးစကား ဆိုနေသည်။

''ညီမလေး… ဘာမှမဖြစ်တော့ဘူး မာမီ၊ ဆရာဝန်ကြီးကိုယ်တိုင်က စိတ်ချရပါပြီလို့ ပြောသွားတာပဲ မငိုနဲ့နော် မာမီ''

''အေးပါ သမီးရယ်၊ မာမီဝမ်းသာလို့ ကျမိတဲ့ မျက်ရည်ပါကွယ်''

ဒေါ်ရှုအီမျက်ရည်တွေကို လက်ထဲက ပဝါနှင့်ကမန်းကတန်းသုတ်ပြီး သူ့ကိုယ်သူ အငိုတိတ်အောင် ကြိုးစားနေချိန်မှာ ဖွဲ့က သူမရောက်နေသည့် ဆေးရုံ၊ ဆေးနံ့ကို ရှုရှိုက်ရင်း သရနှင့်သူမတို့ စီးလာသည့် ကားနှင့် လမ်း၏ တခြားဘက်မှ အရှိန်ပြင်းစွာ ကွေ့လာသော ကားကြီးတစ်စီးနှင့် ကွေ့ရှောင်လို့ မလွတ်ဘဲ ဝင်တိုက်မိပုံကို ပြန်သတိရကာ သရကို ပြင်းပြင်းပြပြ သတိရသွား၏။

''သရရော မာမီ၊ သရ ဘာဖြစ်သွားသေးလဲဟင်''

သူမကိုယ်သူမ ဘာဖြစ်လို့ဖြစ်မှန်းမသိ။ ကားမောင်းသည့် နေရာဘက်ကို ဝင်တိုက်မိသော မြင်ကွင်းကိုပြန်သတိရပြီး သရ ဘာဖြစ်သွားပြီလဲဆိုတာကို စိုးရိမ်စိတ်ပူစွာ မေးလာသူလေးကြောင့် အားလုံးသက်ပြင်းကိုယ်စီ ချလိုက်ချိန်မှာ ဖွဲ့ရှိနေသည့် လူမမာခန်းထဲကို ဝင်လာသူက ဖွဲ့အစ်ကိုကြီးမင်းဘွဲ့ ဖြစ်သည်။

''ကိုကိုကြီး ဒီမှာ ဖွဲ့သတိရလာပြီ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

နွဲ့စကားကြောင့် ကိုမင်းဘွဲ့ ဖွဲ့နားကို ခပ်သွက်သွက်လျှောက်လာပြီး ဖွဲ့မျက်နှာလေးကို ငုံ့ကြည့်သည်။

"ဖွဲ့… ညီမလေး"

"ကိုကိုကြီး"

"အားလုံးကို မှတ်မိတယ်နော် ညီမလေး"

"ဟုတ်ကဲ့ ကိုကိုကြီး"

ဖွဲ့က ခေါင်းညိတ်လိုက်မှ ကိုမင်းဘွဲ့မျက်နှာ ကြည်လင်သွားသည်။

"သရရောဟင်၊ သရ ဘာဖြစ်သွားလဲ ကိုကိုကြီး"

ဖွဲ့က သူမ သိချင်တာကို အစ်ကိုဖြစ်သူကို မေးလိုက်တော့ ကိုမင်းဘွဲ့က နွဲ့နှင့်သူ့မာမီဒေါ်မမကို တစ်ချက်လှမ်းကြည့်သည်။ ဘယ်သူမှ မင်းဘွဲ့ကိုမကြည့်ဘဲ အကြည့်လွှဲထား၍ သရအကြောင်း ပြောရမည့်သူက ကိုမင်းဘွဲ့သာဖြစ်ကြောင်း သူကောင်းစွာ နားလည်သဘောပေါက်လိုက်သည်။

"သရရှိပါတယ် ညီမလေး"

အတည်ငြိမ်ဆုံး ကြိုးစား၍ မင်းဘွဲ့ပြောလိုက်ရပေမယ့် ရင်ထဲ… တော့ မကောင်းလှပါ။ သရဆိုသည့် ချာတိတ်လေးက အခြေအ… မကောင်း။ ဒဏ်ရာအပြင်းအထန် ရသွား၍ သတိပြန်မရသေးသည်… သတိပြန်ရလာသည့်တိုင် သရအခြေအနေက သူ့ကိုယ်ပေါ်က ဒဏ်… တွေကို အကြိမ်ကြိမ် ခွဲစိတ်မှုတွေ လုပ်ရဦးမည်ဟု သိထားသည်။

"သူဘာဖြစ်သွားသေးလဲဟင် ကိုကိုကြီး"

"ဒဏ်ရာနည်းနည်းပြင်းလို့ အခုထိတော့ သတိမရသေးဘူး"





"ဟင်…"

သရ ဒဏ်ရာပြင်းသည်ဆို၍ ဖွဲ့မျက်နှာလေး သိသာစွာ ပျက်သွားကာ ငြိမ်သွားတာကြည့်ပြီး မင်းဘွဲ့တို့လည်း ဘာဆက်ပြောရမှန်းမသိ။

"အခု ညီမလေး အခြေအနေကရော ဘယ်လိုလဲ ခေါင်းမူးသေးလားဟင်"

"ဟင့်အင်း"

"ဟော့… ဟိုမှာ တာဝန်ကျဆရာဝန်ကြီး လာနေပြီ၊ ညီမလေး ဖြစ်တာတွေ ဆရာကြီးကို ပြောပြလိုက်နော်"

"ဟုတ်"

ဆရာဝန်ကြီးနှင့် အဖွဲ့ရောက်လာပြီး ဖွဲ့ကို လိုအပ်တာတွေ စစ်ဆေးမေးမြန်းပြီး ပြန်ထွက်သွားတော့ ကိုမင်းဘွဲ့ပါ ဆရာဝန်ကြီး နောက်သို့လိုက်သွားသည်။

"ညီမလေး အခြေအနေသိချင်လို့ပါ ဆရာကြီး"

"အားလုံး အဆင်ပြေပါတယ် ကျွန်တော်တို့ ဖြည်းဖြည်းချင်းကြိုးစားကြည့်ကြတာပေါ့ဗျာ ဟုတ်လား"

"ကျေးဇူးတင်ပါတယ် ဆရာကြီး"

မင်းဘွဲ့နေရာမှာ ရပ်ကျန် ရစ်တုန်း သူ့နားကို လူတစ်ယောက် ထွက်လာသည်။

"မင်းဘွဲ့"

"ခွန်းဆက်ပါလား…၊ လာ… သူငယ်ချင်း"

အချစ်ဆုံးသူငယ်ချင်း ခွန်းဆက်ကို တွေ့လိုက်ရ၍ မင်းဘွဲ့ ပြုံးသာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းအိမ်ကို ရောက်ခဲ့တယ်၊ ဖွဲ့ ကားအက်စီဒင့် ဖြစ်တယ်ဆို လို့ ဆေးရုံကိုမေးပြီး လိုက်လာတာ အခု ဖွဲ့အခြေအနေ ဘယ်လိုလဲ မင်းဘွဲ့"

"စိတ်တော့ချရပါပြီ"

မင်းဘွဲ့အဖြေက သိပ်တော့ အားမရှိ။

"ဖွဲ့ ခြေထောက်တွေ လှုပ်လို့မရတော့ဘူး ခွန်းဆက်"

"ဟင်"

အခုမှ ခွန်းဆက်ကိုယ်တိုင်လည်း လန့်သွားကာ မင်းဘွဲ့မျက်နှာ ကို ကြည့်လိုက်သည်။ အခုမှ မင်းဘွဲ့မျက်နှာ ဘာလို့မကောင်းလဲ ဆိုတာ သူသဘောပေါက် နားလည်သွားကာ မင်းဘွဲ့ပခုံးကို ဖက် လိုက်သည်။

"သူ ဒီလိုဖြစ်တာ ဖွဲ့သိပြီးပြီလား မင်းဘွဲ့"

"မသိသေးဘူး ခွန်းဆက်၊ ငါတို့လည်း ဘယ်လိုဖွင့်ပြောရမှန်း မသိသေးဘူး၊ ပြီးတော့ ဖွဲ့က ခုနလေးကမှ သတိပြန်ရလာတာကွ"

မင်းဘွဲ့အသံက တုန်နေသည်။

အချစ်ဆုံးညီမ အထွေးဆုံးလေး ဒုက္ခိတဖြစ်မှာကိုတွေးပြီး ဖွဲ့ အနာဂတ်ကို မစဉ်းစားရဲအောင် ဖြစ်နေတာလည်းပါသည်။

"ဆရာဝန်ကြီးက ဘာပြောလဲ"

"ဆရာဝန်ကြီးကတော့ ဖြည်းဖြည်းချင်း ပြန်ကောင်းလာမယ်လို့ တော့ ပြောတာပဲ။ အချိန်ဘယ်လောက် ကြာမယ်ဆိုတာတော့ အတိ အကျ မပြောဘူး"

"အားမငယ်ပါနဲ့ကွာ၊ ဒီမှာ ကုလို့မရရင် ဘန်ကောက်ထွက် ကြတာပေါ့၊ အရေးကြီးတာက ဖွဲ့ စိတ်ဓာတ်မကျဖို့ပဲ"





"ဒီကိစ္စ သူသိရင် တော်တော်တုန်လှုပ်သွားမှာ သေချာတယ် ခွန်းဆက်၊ မာမီနဲ့ ဒက်ကတော့ ဖွဲ့အကြောင်းကြားပြီးကတည်းက တစ်ချိန် လုံး ငိုချည်းနေကြတာပဲ တွေ့တယ်။ ငါ့ညီမလေး ဘဝဆုံးပြီ ထင် တယ်"

ယောကျ်ားကြီးဖြစ်သည့် မင်းဘွဲ့ကိုယ်တိုင် မခံစားနိုင်သည့် ကိစ္စဆိုတော့ မိန်းမသားဖြစ်သည့် ဖွဲ့မာမီနှင့် သူ့မမနဲ့တို့ ငိုနေကြ သည်မှာလည်း အပြစ်တော့မဆိုသာ။ ကာယကံရှင်ဖြစ်သည့် ဖွဲ့ ကိုယ်တိုင် ဘယ်လိုခံစားရမည်ဆိုတာကိုတော့ ခွန်းဆက်ကိုယ်တိုင် မတွေးရဲ။ အလွန်သွက်လက် ထက်မြက်သော ဖွဲ့လိုမိန်းမလှလေး ကိုယ်တိုင် သူမခြေထောက်တွေ လှုပ်လို့မရဘူးဆိုတာ သိရင် ဘာတွေ ဖြစ်လာဦးမည်မသိ။

"ဘေးလူဖြစ်တဲ့ မင်းတို့ကိုယ်တိုင် စိတ်ဓာတ်ကျပြနေရင် ကာ ယကံရှင်ဖြစ်တဲ့ ဖွဲ့ဆိုတယ်လိုနေမလဲ မင်းဘွဲ့၊ ဆရာဝန်ကြီးကိုယ်တိုင်က ဖြည်းဖြည်းချင်း ပြန်ကောင်းသွားမယ်လို့ ပြောထားတယ် မဟုတ်လား"

"ဖွဲ့ရှေ့မှာ မင်းတို့အားလုံး ဣန္ဒြေမပျက်နေပြနိုင်မှ ဖြစ်မှာနော် မင်းဘွဲ့။ ဒါမှ ဖွဲ့စိတ်ဓာတ်မကျမှာ"

"အေးပါ ငါသိပါတယ် ညီမလေးအတွက် ငွေဘယ်လောက် ကုန်ကုန် ဆေးကုဖို့ ဆုံးဖြတ်ထားပြီးသားပါ"

"သရဲအခြေအနေကရော မင်းဘွဲ့"

"ဆိုးတယ် အခုထိ သတိမရသေးဘူး"

"ဖွဲ့သိလား"

"သတိမရဘူးဆိုတာလောက်တော့ ပြောထားတယ်"

"စိတ်မကောင်းစရာကွာ"



www.burmeseclassic.com

www.burmeseclassic.com



ခွန်းဆက် တကယ်လည်း စိတ်မကောင်း။ သူအမြတ်တနိုး ချစ်မိသော ချစ်ရသူအကြောင်း ကြားရသည်မှာ ဘာတစ်ခုမှ စိတ်ချမ်းသာစရာမရှိ။ သူတို့ ဖွဲ့နားကို ရောက်သွားတော့ ဖွဲ့ငိုနေတာ တွေ့လိုက်ရ၍ အားလုံးမျက်နှာပျက်ကုန်သည်။

"ဖွဲ့ မငိုနဲ့လေ"

"ဖွဲ့ ခြေထောက်တွေ လှုပ်လို့မရတော့ဘူး ကိုကိုကြီး"

ဖွဲ့က အစ်ကိုဖြစ်သူ မျက်နှာကို မျက်ရည်တွေနှင့်ကြည့်ပြီး ကလေးတစ်ယောက်တိုင်သလို အားကိုးတကြီး ပြောလာတော့ မင်းဘွဲ့ စိတ်ထိခိုက်သလို ခွန်းဆက်ကိုယ်တိုင် ဖွဲ့အတွက် နှလုံးသားတွေ နာကျင်သွားသည်။

"ဒါက ခဏပါ ညီမလေးရယ်၊ နောက်တော့ ပြန်ကောင်းသွားမှာပါလို့ ဆရာဝန်ကြီးကိုယ်တိုင်က ကိုကိုကြီးကို ပြောလိုက်ပြီးသားပါ"

"ဟုတ်တယ် ဖွဲ့၊ ကိုယ်တို့ အခုပဲ ဆရာဝန်ကြီးနဲ့ စကားပြောလာတာ၊ ဖွဲ့ခြေထောက်တွေ လုံးဝပြန်ကောင်းလာမှာလို့ ဆရာဝန်ကြီးက ပြောလိုက်တယ်"

ခွန်းဆက်က မင်းဘွဲ့ဘက် ဝင်ပြောလိုက်၍ တသိမ့်သိမ့် ရှိုက်ငိုနေသည့် ဖွဲ့အကြည့်လေးတွေက ခွန်းဆက်ရှိရာ ရောက်လာ၏။

"ဦးခွန်းဆက် တကယ်ပြောတာလားဟင်"

"တကယ်ပေါ့၊ ဖွဲ့ဒီမှာ တခြားရောဂါဝေဒနာတွေ သက်သာတဲ့ အထိအောင် နေပြီးရင် ကိုယ်နဲ့မင်းဘွဲ့ ဖွဲ့ကို ဘန်ကောက်ကို ခေါ်သွားပြီး ဟိုမှာဆေးဆက်ကုဖို့ တိုင်ပင်ပြီးပြီ"

"ဟုတ်တယ် ညီမလေး ညီမလေးသာ နေကောင်းအောင်နေ





ညီမလေး နေကောင်းပြီဆိုတာနဲ့ ဘန်ကောက်ကို ကိုကိုကြီးတို့ ချက်ချင်း သွားကြမယ်"

"ကျေးဇူးတင်ပါတယ် ကိုကိုကြီး"

"ကဲ... ညီမလေး အိပ်ပျော်အောင် အိပ်လိုက် ကိုကိုကြီးတို့ အားလုံး ညီမလေးနားမှာ ရှိနေမယ် ဟုတ်လား"

"ဟုတ်"

အခုမှ ဖွဲ့မျက်နှာလေး ပြန်ကြည်လာကာ အငိုလည်း ရပ်သွားသည်။ သိပ်မကြာလိုက်။ ဆေးအရှိန်ဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားသည့် ဖွဲ့ကိုကြည့်ပြီး အားလုံးသက်ပြင်းကိုယ်စီ ချလိုက်ကြသည်။ အခြေအနေက ဘန်ကောက်သွားပြီး ဆေးကုသလျှင် ပိုအဆင်ပြေသည်ဟု ယုံကြည်ကြသည့်အတိုင်း ဖွဲ့ကိုဆေးကုသပေးသည့် ဆရာဝန်ကြီးနှင့် တိုင်ပင်ဆွေးနွေးကြသည်။ လိုအပ်သည့် အကူအညီတွေ တောင်းခံကြသည်။

အားလုံး အဆင်ပြေအောင် စီစဉ်ပြီးသည့် အချိန်အထိ သရက်ဆေးရုံမှာ သတိလစ်နေဆဲ။ မင်းဘွဲ့ ဦးဆောင်ပြီး ဖွဲ့ခြေထောက်ကို ဆေးကုသရန် ဘန်ကောက်ကို မိသားစုအားလုံး ရောက်ခဲ့သည်။ တိကျသည့် စစ်ဆေးမှုတွေ အထပ်ထပ်လုပ်ပြီးမှ ရလာသည့် အဖြေက စိတ်ခုတည်းဖြစ်သည်။

"ဒါမျိုးက ပြောရခက်ပါတယ်။ ရုတ်တရက် အက်စီးဒင့်ဖြစ်မှု ခြေထောက်နှစ်ဖက်စလုံး လှုပ်ရှားလို့မရ ဖြစ်သွားတာဆိုတော့ ကြာကြာလွန်ပြီး ရှော့ခ်ရတာမျိုးလို့ ဆိုရမှာပါ"

"အကြောင်းတိုက်ဆိုင်သွားတာမျိုးရှိရင် ရုတ်တရက် ပြန်ကောင်းနိုင်သလို ဖြည်းဖြည်းချင်း အချိန်ယူလေ့ကျင့်မှု လုပ်သွားမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ညွှန်ကြားတဲ့ ဆေးကုသမှုနဲ့ ဆေးဝါးတွေကို အချိန်မှန် သောက်ပေးရင်လည်း ထိရောက်တဲ့ ဆေးကုသမှု ဖြစ်လာမှာပါ"

"လိုအပ်တဲ့ ညွှန်ကြားချက် အတိအကျကို ကျွန်တော်ကိုယ်တိုင် ဆေးစာအုပ်ထဲမှာ ရေးပေးလိုက်ပါမယ်"

"သင့်ခ်ယူးပါ ဒေါက်တာ"

မင်းဘွဲ့နှင့်အတူ ပါလာသည့် ခွန်းဆက်က သူတို့မိသား အတွက် ဘာတစ်ခုမှ လိုအပ်တာ မရှိအောင် အထူးဂရုစိုက်၍ အား က ခွန်းဆက်ကို ကျေးဇူးအထပ်ထပ် တင်နေကြသည်။

"ဘာမှအားမငယ်နဲ့နော် ဖွဲ့၊ ဖွဲ့နားမှာ ကိုယ်တစ်ယောက်ထဲ ရှိတယ်၊ ဖွဲ့ ဘာလုပ်ချင်လဲ၊ ဘယ်သွားချင်လဲဆိုတာ ကိုယ့်ကိုပြော ကိုယ်အားလုံး လုပ်ပေးမယ်"

အရင်လို အခြေအနေနဲ့ဆိုရင် ဦးခွန်းဆက် စကားအားလုံး ဖွဲ့အတွက် ပျော်ရွှင်စရာ၊ စိတ်ကျေနပ်စရာတွေချည်း ဖြစ်မှာပါ။ အ တော့ ဖွဲ့ကို ဘယ်သူတွေ ဘာပြောပြော ကိုယ့်အဖြစ် ကိုယ်ဝမ်းနည်း ကြေကွဲနေရတာနှင့် အချိန်ပြည့် ကျိတ်မျက်ရည်ကျနေတာနှင့် ဘာတစ် မှ ပျော်စရာဖြစ်မလာခဲ့ပါ။

ဖွဲ့ကို အားလုံးက အရိပ်တကြည့်ကြည့် ပြုစုစောင့်ရှောက်နေ ဒုက္ခိတဘဝဖြစ်ရသော ဖွဲ့အဖြစ်ကို ဖွဲ့ပိုပြီး စိတ်အားငယ်ရလေ ဖြစ်နေ ခွန်းဆက်ထံမှ အားပေးစကားက ဖွဲ့ကို ဝမ်းမသာနိုင်ပဲ ဝမ်းနည်း ကြေကွဲလျက် ပါးပြင်ပေါ် မျက်ရည်တွေ သူ့အလိုလို စီးကျဖို့ ဖြစ် လာသည်။

"မငိုရဘူးလေ ဖွဲ့၊ ကိုယ်က ဖွဲ့စိတ်ချမ်းသာအောင် ပြောနေတာ"

"ဖွဲ့စိတ်ချမ်းသာအောင် ဟုတ်လား ဦးခွန်းဆက်"





မျက်ရည်တွေကြားက ငိုရှိုက်သံ ပလုံးပထွေးနှင့် သူ့ကိုတုန်တုန် ရီလေး ပြန်မေးလာသည့် ဖွဲ့မျက်နှာလှလှလေးက ခွန်းဆက်ရင်ကို ည်းစွာ ထိခိုက်နာကျင်သွားစေသည့်အဖြစ်ကို ဘယ်သူမှ မသိပါ။

"ကိုယ်ပြောတာက…"

"တော်ပါတော့ ဦးခွန်းဆက်ရယ်"

"ဖွဲ့လို ဒုက္ခိတဘဝမှာ ဘယ်အရာကမှ ဖွဲ့ကို စိတ်ချမ်းသာ အောင် လုပ်မပေးနိုင်တော့ပါဘူး"

"မဟုတ်ဘူးလေ ဖွဲ့၊ ဆရာဝန်ကြီးကိုယ်တိုင် ဖွဲ့ခြေထောက်တွေ ကောင်းလာမယ်လို့ ပြောတာ ဖွဲ့ကိုယ်တိုင် ကြားတယ်မဟုတ်လား"

ခွန်းဆက်စကားအဆုံးမှာ ဖွဲ့နာကြည်းစွာ ပြုံးလိုက်သည်။

"ဖွဲ့ခြေထောက်တွေ ပြန်ကောင်းသွားမယ်ဆိုတာက ဟုတ်ပါ တယ်။ ဒါပေမယ့် ဘယ်အချိန်မှာ ပြန်ကောင်းမယ်ဆိုတာ သူတို့လည်း တိအကျ မပြောနိုင်တာ ဦးခွန်းဆက် ကြားမှာပါ"

"ဒါပေမယ့် တစ်သက်လုံး ဒုက္ခိတဖြစ်သွားမှာမှ မဟုတ်ဘဲ ရယ်။ သူတို့ပြောသလို ဆေးမှန်မှန်သောက် လေ့ကျင့်ခန်းမှန်မှန် လုပ်ရင် ဖွဲ့ခြေထောက်လေးတွေ ပြန်ကောင်းသွားမယ်လို့ ကိုယ်ယုံ တယ်"

"အို… ဘာပဲဖြစ်ဖြစ် ဖွဲ့ဒီလိုဖြစ်ရတာကို မုန်းတယ်၊ ဝမ်းနည်း တယ်သိလား"

"အိ… အဟင့်… ဟင့်"

"ဖွဲ့ရယ်"

ဖွဲ့ဘယ်လိုမှ ရင်ထဲက ခံစားချက်ကို ထိန်းချုပ်နိုင်စွမ်း မရှိတော့ ည့်အဆုံးမှာ ကလေးတစ်ယောက်လို အသံထွက်၍ ဝမ်းနည်းကြေ



www.burmeseclassic.com

www.burmeseclassic.com



ကွဲစွာ လှိုက်လှိုက်လှဲလှဲ ငိုချပစ်လိုက်သည်။

ဖွဲ့သိတာက ဖွဲ့ဘဝ ဆုံးပြီဆိုတာပဲ ဖြစ်သည်။ စိတ်သွားတိုင်း ကိုယ်မပါနိုင်သည့် ဖွဲ့ဘဝကို ဒီလိုဖြစ်လာလိမ့်မယ်လို့ အိပ်မက်ထဲ မမက်ဖူးပါပဲနဲ့ ဖွဲ့အဖြစ်ကို မျှော်လင့်မထားတာတွေ ဖြစ်လာခဲ့သည်။ ဖွဲ့ဒီလိုဖြစ်အောင် လုပ်သည့် တရားခံကို ပြန်စဉ်းစားလိုက်တော့ သရ ဖြစ်နေသည်။

သူသာ ဖွဲ့ကို အဲဒီနေရာကို ခေါ်မသွားခဲ့ရင် ဖွဲ့လည်း အခုလို ဖြစ်စရာအကြောင်းမရှိ။ သရကိုယ်တိုင်လည်း အခုလို…

ဖွဲ့အတွေးက ထိုနေရာမှာ အဆုံးသတ်သွားကာ သရကို သနား စိတ်နှင့် ပိုတိုးရှိုက်ငိုမိသည်။

“မငိုပါနဲ့ ဖွဲ့ရယ်၊ ဖွဲ့အခုလို ငိုနေတာ ကိုယ်မကြည့်ရက်ဘူး”

ခွန်းဆက်က သူ့မျက်စိရှေ့မှာ ကြေကွဲဝမ်းနည်းစွာ တသိမ့်သိမ့် ရှိုက်ငိုနေသည့် ဖွဲ့ကိုကြည့်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေ သည်။ အနားမှာလည်း သူကလွဲပြီး တခြားဘယ်သူမှမရှိ။ မင်းဘွဲ့ထ သူ့မာမီနှင့်နွဲ့ကိုခေါ်ပြီး ဆေးရုံသွားနေသည်။ ဖွဲ့ကိုစောင့်ဖို့ ခွန်းဆက် ကိုထားခဲ့၍ သူကလည်း မင်းဘွဲ့အစီအစဉ်ကို လက်ခံသဘောတူခဲ့ သမျှ ဖွဲ့ငိုနေချိန်မှာ ဘာလုပ်ရမှန်းမသိ။ ဖွဲ့ကိုယ်လေးကို ချစ်စိတ်မြတ် နိုးစိတ်ဖြင့် ရင်ခွင်ထဲ သိမ်းကျုံးပွေ့ပြီး ဖွဲ့ပါးပြင်ပေါ်က မျက်ရည်တွေ ကို စင်ကြယ်သွားအောင် အနမ်းနဲ့ဖယ်ရှားပေးရအောင်ကလည်း ဖွဲ့ ဆိုတာ ခွန်းဆက်ချစ်သူ မဟုတ်တော့ ခက်သည်။

“ဖွဲ့ရယ်”

“ဖွဲ့အငိုတိတ်အောင် ကိုယ်ဘာလုပ်ပေးရမလဲဟင်”

ဖွဲ့က ငိုရှိုက်ရင်းက သူ့အမေးကို ခေါင်းခါသည်။





“ဘယ်သူမှ ဖွဲ့ဒုက္ခကို မကူညီနိုင်ပါဘူး ဦးခွန်းဆက်ရယ်၊ ငွေကြေးရှိသမျှ ပေးဆပ်ရမယ့် ဖွဲ့ဘဝပါ”

“မဟုတ်သေးပါဘူးကွာ၊ ဖွဲ့ရောဂါက ကုလို့ရတဲ့ ရောဂါပါ၊ ဘာမှ အားမငယ်ပါနဲ့ ဖွဲ့ရောဂါ ပျောက်တဲ့အထိ ဖွဲ့နားမှာ ကိုယ် နေမယ်ဆိုတာ ဖွဲ့ယုံစမ်းပါ”

“ဖွဲ့ရောဂါက တစ်သက်လုံး မပျောက်တော့ဘူးဆိုရင်ရော”

ဖွဲ့အမေးကို သူရုတ်တရက် ဘယ်လိုပြန်ဖြေရမှန်းမသိ ဖြစ်သွား တော့ ဖွဲ့က နာကြည်းစွာရယ်သည်။

“ဖွဲ့သိပါတယ်၊ ဖွဲ့သာ တစ်သက်လုံး ဒီလိုဖြစ်သွားရင် ဘယ်သူ ဖွဲ့နားမှာ နေချင်မှာမဟုတ်ပါဘူး။ ဖွဲ့လို ဒုက္ခိတတစ်ယောက်ကို…”

“တော်ပြီဖွဲ့၊ နောက်ထပ် ဘာမှဆက်မပြောနဲ့တော့”

ဖွဲ့ဆက်ပြောလာမည့် စကားတွေကို မခံနိုင်တော့သလို ခွန်းဆက် ဖြတ်ပစ်လိုက်တော့ ဖွဲ့က သူ့မျက်နှာကို မျက်ရည်ပေလူးနေသော မျက်ဝန်းအစုံဖြင့် တအံ့တသြ မော့ကြည့်သည်။

“ဦးခွန်းဆက်က ဖွဲ့ကို ဒေါသဖြစ်နေတာလား”

“ဟုတ်တယ်”

“ဟင်”

သူဖွဲ့မျက်နှာလေးကို မျက်တောင်မခတ် စူးနစ်စွာ စိုက်ကြည့်ပစ် လိုက်သည်။ ပြီးတော့ ဖွဲ့ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်ကာ ဖွဲ့လက် သေးနှစ်ဘက်ကို သူ့လက်နှစ်ဖက်နှင့် တင်းကြပ်စွာ ဆုပ်ကိုင်လိုက် တော့ ဖွဲ့က ခွန်းဆက်မျက်နှာကို မယုံနိုင်သလို ပြန်ကြည့်နေ၏။

“ဖွဲ့ကို ကိုယ့်ရင်ထဲမှာ ပြောစရာစကားတွေ အများကြီးရှိတယ် …ဒါပေမယ့် ကိုယ့်အနေနဲ့ကျတော့ ပြောဖို့ခက်နေလို့၊ ပြောလို့သင့်



www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုပြီး ချုပ်တည်းမျိုသိပ်ခဲ့ရတာတွေ ဖွဲ့သိရဲ့လား''

''ကိုယ် ဖွဲ့ကိုစတွေ့ကတည်းက ချစ်နေတာ ဖွဲ့''

''ရှင်''

''ဖွဲ့မှာ ချစ်သူရှိနေတာကတစ်ကြောင်း ကိုယ်တို့ချင်းတွေ့ပြ သိပ်မကြာသေးတာကတစ်ကြောင်း အကြောင်းကြောင့် ကိုယ့်အချ တွေကို ဖွဲ့သိအောင် မကြိုးစားခဲ့ဖူး။ ရင်ထဲမှာပဲ မျိုသိပ်ထားတော့မ လို့ ဆုံးဖြတ်ခဲ့တယ်''

ကြော့မိပြီဆိုမှတော့ ဘာတစ်ခုမှ ချွင်းချန်မထားချင်တော့။ ရင်ထဲ ရှိသည့်အပြင်း စိတ်ထဲခံစားရသည့်အတိုင်း သူ့ရင်ထဲက ဖွဲ့အပေ ထားရှိသည့် ချစ်ခြင်းမေတ္တာတွေကို ဖွဲ့သိအောင် ပြောပြတော့မည် ဆုံးဖြတ်လိုက်သည်။

''ကိုယ် ဖွဲ့ကို သိပ်ချစ်တယ် ဖွဲ့''

''အို... မဟုတ်တာ''

ဖွဲ့ထံမှ ငြင်းပယ်သံလေးနှင့်အတူ ဝမ်းနည်းကြေကွဲစွာ ငိုနေ သော မျက်ရည်တွေလည်း တန့်သွားကာ သူမ မျက်စိရှေ့က ကို ကြီးသူငယ်ချင်း ဦးခွန်းဆက်ဆိုတဲ့ လူချောကြီး၏ မျက်နှာကို ဘယ မှ ဆက်မကြည့်ရဲအောင် ဖြစ်သွားသည်။

''ဘာကိုမဟုတ်တာလဲ ဖွဲ့၊ ဖွဲ့အမြင်မှာ ကိုယ့်ဟာ အခွင့်အရေ သမားလို့ ထင်နေလို့လား''

''ဖွဲ့ပြောတာ အဲဒီလိုမဟုတ်ဘူး''

''ဒါဆို ဖွဲ့ဘာမှမပြောနဲ့၊ ကိုယ်ဖွဲ့ကိုချစ်တယ်၊ မြတ်နိုးတယ် ဘယ်သူတွေ ဘာအကြောင်းနဲ့ပဲ ဖွဲ့နားက ထွက်သွားသွား၊ ဖွဲ့နားမှာ တစ်သက်လုံး ရှိနေမယ့်သူက ကိုယ်ပဲဆိုတာ ဖွဲ့ခေါင်းထဲမှာရော





သည်းနှလုံးထဲမှာပါ စွဲနေအောင် မှတ်ထားပါ''

''ကိုယ့်ရှေ့မှာ ဖွဲ့မျက်ရည်ကျတိုင်း ကိုယ့်အသည်းနှလုံးတွေ ယ်လောက်နာကျင် ခံစားရလဲဆိုတာ ဖွဲ့သိရဲ့လား၊ ဖွဲ့ဘာကြီးဖြစ်နေ စ်နေ ဖွဲ့ကို ကိုယ်ချစ်တယ်''

''ဦးခွန်းဆက်''

ဖွဲ့ ဦးခွန်းဆက်အမည်ကို အလန့်တကြား ခေါ်လိုက်သည်။ လာကကြီးတစ်ခုလုံး ဘာတွေဘယ်လိုဖြစ်ကုန်ပြီနည်း။ ဘာကိုမှ ဖွဲ့ းလည်နိုင်တော့။ ဦးခွန်းဆက်လို လူတစ်ယောက်က ဖွဲ့အပေါ်မှာ ဤမျှနက်ရှိုင်းသော စိတ်ခံစားချက်တွေ ရှိနေလိမ့်မည်လို့လည်း မထင်ခဲ့။

''ခွန်းဆက်''

''သြော်... မင်းဘွဲ့ ပြန်လာပြီလား''

''အေး''

ရုတ်တရက် မင်းဘွဲ့ပြန်ရောက်လာ၍ အလိုက်သင့် နှုတ်ဆက် ကားဆိုလိုက်ရသော်လည်း ခွန်းဆက်ပုံစံက ဣန္ဒြေတစ်ချက်မပျက်။ မှာသာ သူမလက်လေးနှစ်ဖက်ကို အခုချိန်ထိ ဆုပ်ကိုင်ထားဆဲ စ်သည့် ဦးခွန်းဆက်လက်ထဲက သူမလက်လေးနှစ်ဖက်ကို အစ်ကို စ်သူ မမြင်အောင် ဖွတ်အတင်း ရုန်းဖယ်နေမိသည်။

ဒါကို မင်းဘွဲ့မြင်သည်။

အချစ်ဆုံးသူငယ်ချင်းနှင့် ဖွဲ့တို့ ပြောနေသည့် စကားတွေကိုလည်း အစအဆုံး ကြားပြီးပါပြီ။ အစကတည်းက ခွန်းဆက်လိုလူကို ယောက်ဖတော်ချင်နေသည့် မင်းဘွဲ့အတွက် သူကြားလိုက်ရသည့် ကားတွေအပေါ်မှာ ဘာတစ်ခုမှ အပြစ်မမြင်။ ဝမ်းပင်သာမိသည်။

''ငါမင်းကို ပြောစရာရှိတယ် မင်းဘွဲ့''



www.burmeseclassic.com

www.burmeseclassic.com



''မပြောနဲ့ ခွန်းဆက်၊ မင်းနဲ့ဖွဲ့ ပြောနေတဲ့စကားတွေအားလုံး ငါကြားပြီးပြီ''

''ဟင်''

''အို''

ဖွဲ့အစ်ကိုကြီးမျက်နှာကို မကြည့်ရဲအောင် စိတ်ရှုပ်သွားသည့် သူမကို ချစ်လှပါသည်။ မြတ်နိုးလှပါသည်ဆိုသည့် ဦးခွန်းဆက် နှုတ်ခမ်းများက ထွက်ပြေးချင်ပေမယ့် မပြေးနိုင်၍ ဘယ်သူ့အကြည့်ကိုမှ ရင်မဆိုင်ရဲတော့သလို မျက်လွှာချခေါင်းငုံ့နေမိ၏။

''မင်း ဖွဲ့ကိုတကယ် ချစ်တာလား ခွန်းဆက်''

''ငါက လိမ်ညာပြောနေတယ်လို့ မင်းက ထင်နေလို့လား မင်းဘွဲ့''

ဖွဲ့ရှေ့မှာ ဒူးထောက်ထိုင်နေရာကရပ်ပြီး မင်းဘွဲ့ကို မျက်နှာချင်းဆိုင်လိုက်သည့် ခွန်းဆက်မျက်နှာချောချောက တည်ငြိမ်လေးနက်နေ၍ မင်းဘွဲ့ သက်ပြင်းချလိုက်သည်။

''ငါ့ကိုတစ်မျိုးမထင်နဲ့ ခွန်းဆက်၊ ဖွဲ့အတွက် သေချာအောင် ငါမေးနေတာ''

''မင်းသဘောတူရင် ဖွဲ့ကို ငါအခုချက်ချင်း လက်ထပ်မယ် အဲဒါ ငါအဖြစ်ချင်ဆုံး ဆန္ဒပဲ''

''အို… မဟုတ်ဘူး၊ ဖွဲ့ ဦးခွန်းဆက်ကို လက်မထပ်ဘူးနော် ကိုကိုကြီး''

သူငယ်ချင်းနှစ်ယောက်၏ ဆွေးနွေးပွဲထဲ အလန့်တကြား ဝင်ပါလာရသူက ဖွဲ့။ အကြည့်နှစ်ခုက ဖွဲ့ထံသို့ ပြုံးရောက်လာသည်။

''ညီမလေးဖွဲ့က ဘာလို့ ခွန်းဆက်ကို လက်မထပ်ချင်ရတာလဲ ကိုကိုကြီး''





ခွန်းဆက်ကို ရှေ့ထားပြီး ပေါ်တင်ကြီးမေးနေသည့် အစ်ကိုဖြစ်သူကြောင့် ဖွဲ့မျက်နှာလေး ပြုတော့မည့် မိုးကဲ့သို့ ဖြစ်သွားသည်။

''ဖွဲ့ကို အခုဘာမှမမေးနဲ့ မင်းဘွဲ့၊ အခုလောလောဆယ် ဖွဲ့ စိတ်ရှုပ်စိတ်ညစ်နေတာ မင်းလည်း အသိပဲ၊ ငါဖွဲ့ကို ဖွင့်ပြောဖြစ်တယ်ဆိုတာကလည်း ဖွဲ့စိတ်ထဲမှာ သူ့ကိုယ်သူ ဒုက္ခိတတစ်ယောက် သူ့ကို ဘယ်သူကမှ ခေါ်ပြောဆက်ဆံမယ့်သူ မရှိတော့ဘူးလို့ထင်ပြီး ဝမ်းနည်းအားငယ်နေတာကို မကြည့်ရက်လို့ ဖွဲ့နားမှာ ငါရှိနေတယ်ဆိုတဲ့ အကြောင်း ဖွဲ့သိအောင် ပြောဖြစ်သွားတာ''

''ဘယ်သူရှိရှိ မရှိရှိ ဖွဲ့နားမှာ ငါရှိနေမယ် ငါပြောချင်တာ ဒါပဲ မင်းဘွဲ့''

''မင်းဘက်က မင်းသဘောထားကို ပြတ်ပြတ်သားသား ကြေညာနေပြီဆိုတော့ ငါကလည်း မင်းလိုပဲ ငါ့သဘောထားကို ကြေညာရမှာပေါ့''

ပြတ်သားတည်ငြိမ်သည့် အစ်ကိုဖြစ်သူ၏ စကားသံကြောင့် ဖွဲ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသလို ခွန်းဆက်ကိုယ်တိုင်ကလည်း သူငယ်ချင်းဖြစ်သူ မင်းဘွဲ့မျက်နှာကို တစ်ချက်လှမ်းကြည့်သည်။

''မင်းကို ဖွဲ့နဲ့ငါ သဘောတူတယ် ခွန်းဆက်''

''ကိုကိုကြီး''

ဖွဲ့အသံက အလန့်တကြား။

''သင့်ခံ့ယူး မင်းဘွဲ့''

ခွန်းဆက်အသံက ကျေးဇူးတင်သံဖြင့် သိမ်သိမ်မွေ့မွေ့။

''ဟင့်အင်း… ဟင့်အင်း ကိုကိုကြီးသဘောတူလည်း ဖွဲ့ သဘောမတူဘူး''



www.burmeseclassic.com

www.burmeseclassic.com



"အီး… ဟီး… ဟီး"

"ဖွဲ့"

ပြောပြောဆိုဆို ဖွဲ့က သူမမျက်နှာကို လက်ဖဝါးနှစ်ဖက်ဖြင့် အုပ်ကွယ်ပြီး ကလေးတစ်ယောက်လို ငိုချလိုက်၍ ဖွဲ့အမည်ကို စိုးရိမ်တကြီး ခွန်းဆက်ကိုယ်တိုင် လှမ်းခေါ်ပြီးမှ သူငယ်ချင်းမင်းဘွဲ့ရှိရာ လှမ်းကြည့်လိုက်တော့ မင်းဘွဲ့က သူတို့နားမှာ မရှိတော့မှ ခွန်းဆက် သက်ပြင်းချလိုက်သည်။

"မငိုပါနဲ့ ဖွဲ့ရယ်"

ခွန်းဆက်ပြောမှ ပိုတိုး၍ ငိုချလိုက်၍ ချစ်စရာကောင်းသည့် ဖွဲ့ကို ရှုးစိုက်ကြည့်ပြီး မချင့်မရဲ စိတ်နှင့်သူ့နှုတ်ခမ်းကို သွားဖြင့် အသာဖိကိုက်ပြီး ဖွဲ့ငိုနေတာကို မျက်တောင်မခတ် ကြည့်နေလိုက် သည်။

မင်းကို ကိုယ်သိပ်ချစ်နေပြီ ဖွဲ့။



## အခန်း(၁၄)

ဖွဲ့တို့ ရန်ကုန်ကို ပြန်ရောက်တော့ သရတို့မိသားစု နိုင်ငံခြားကို …းကုသရန် ထွက်သွားသည့် သတင်းကို ကြားလိုက်ရသည်။ သရ …ကြောင်းကို နောက်ထပ်ဘာဆိုဘာမှ မသိရတော့သော်လည်း ဦးခွန်း …က်ဆိုသည့်လူကြီး အကြောင်းကိုတော့ ဖွဲ့သိချင်ချင် မသိချင်ချင် …နေရသည်။

မာမီ အပါအဝင် အစ်ကိုကြီးကအစ မမနွဲ့အဆုံး အားလုံး …န်းဆက်လူတွေချည်းဖြစ်နေတော့ ပိုဆိုးသည်။ ဦးခွန်းဆက် ကိုယ် …င်ကလည်း ဖွဲ့ကိုသူဘယ်လောက် ချစ်ကြောင်း၊ မြတ်နိုးကြောင်း …သိအောင် သာမက တစ်အိမ်လုံးသိအောင် ကြေညာအပြီးမှာ သူ့ …ထဲက အချစ်တွေကို အရင်လို ဘာတစ်ခုမှ ထိန်းချုပ်ခြင်း မပြုတော့ပဲ …ရင်ထဲရှိသမျှ ဖွဲ့အတွက် အကြင်နာမေတ္တာတွေကို ထုနှင့်ထည်နှင့် …နှံချပေးမတတ် ဖြစ်နေပုံကလည်း သည်းသည်းလှုပ် ဖြစ်သည်။

"ဒီမှာ ဖွဲ့အတွက် ကိုယ်ဝယ်လာတာ ကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"အို… ဖွဲ့အတွက် ဘာမှဝယ်မလာပါနဲ့ဆို မကြည့်ဖူး သွား"

ဖွဲ့က သူမမျက်စိရှေ့ ရောက်လာသည့် အဝတ်အိတ်တွေ တွန်းထုတ်လိုက်ကာ မာမီက ဖွဲ့နားကို အပြေးရောက်လာသည်။

"ဖွဲ့ သမီးကိုကိုက သမီးစိတ်ချမ်းသာအောင် ပျော်အောင် … တာကို ဒီလိုမလုပ်ရဘူး၊ မာမီ…"

"ဖွဲ့ ဘယ်တော့မှ မပျော်ဘူး၊ ဘယ်တော့မှ စိတ်ချမ်းသာ… မဟုတ်ဘူးဆိုတာ ဦးခွန်းဆက် သိပါတယ် မာမီ"

ပြောရင်း ဖွဲ့အသံက ငိုသံပေါက်လာသလို မျက်ဝန်းအိမ်… ပြည့်တက်လာသည့် မျက်ရည်တွေကြောင့် ခွန်းဆက်ရော ဒေါ်မဒေ… ဖွဲ့ကိုကြည့်ပြီး စိတ်မချမ်းမသာ ဖြစ်ကုန်ကြသည်။

"ဖွဲ့ကို ခွင့်လွှတ်ပါ ဦးခွန်းဆက် ဖွဲ့ရိုင်းချင်လို့ မဟုတ်ပါဘူး ဖွဲ့ဘဝကို ဖွဲ့ဝမ်းနည်းလို့ ဘာဆိုဘာမှမကြည့်ချင် မမြင်ချင်တော့ဘူး ပါ"

"ဖွဲ့ သွားတော့မယ်"

"သမီး…"

"ဖွဲ့"

ဖွဲ့က သူမ ဗိုးလ်ချဲလ်လေးကို သူမဘာသာ ခလုပ်ပေးနှိပ်၍ ခွန်းဆက်နှင့် သူမမာမီနားက မောင်းထွက်သွား၍ ဒေါ်မမနှင့်ခွန်းဆက် နှစ်ယောက်စလုံးကိုယ်စီ သက်ပြင်းချလိုက်ကြသည်။ အထူးသဖြင့် ခွန်းဆက်ရင်ထဲမှာ ဖွဲ့အခုလို နာကျင်ခံစားနေရတာကို မကြည့်ရက်၊ မမြင်ရက်။ ဖွဲ့စိတ်ချမ်းသာအောင် တစ်ခုခုလုပ်ပေးချင်ပေမယ့် ဘယ် အရာကမှ ဖွဲ့ကိုစိတ်ချမ်းသာမှု မပေးနိုင်မှန်း သိရလေ ခွန်းဆက်ပိုပြီး ရင်နာရလေ စိတ်ထိခိုက်လေ ဖြစ်နေသည်။





"ကျွန်တော် အန်တီကို တစ်ခုလောက် တောင်းပန်ပါရစေ… ကျွန်တော်စကားပြောတာ ရိုင်းသွားရင် ခွင့်လွှတ်ပါ"

"ဘာများပြောချင်လို့ ဒီလောက်တောင် စကားခံနေရတာလဲ မောင်ခွန်းဆက်ရယ်"

"ဖွဲ့ကို ကျွန်တော်အမြန်ဆုံး လက်ထပ်ပါရစေ၊ လက်ထပ်ခွင့် ပြုပေးပါ အန်တီ"

ပြောသည့်သူက လှိုက်လှိုက်လှဲလှဲ၊ တည်ကြည်လေးနက်မှုတွေနှင့် ကိုယ့်သမီးလေးကို သည်းသည်းလှုပ် ချစ်ပြမြတ်နိုးပြနေတာ ဒေါ်ရွှေသီသိပေမယ့် ဖွဲ့အကြောင်းတွေးမိတော့ ခွန်းဆက်စကားကို လက်ခံ ခေါင်းညိတ်ချင်ပေမယ့် မလုပ်ရဲ။

ဖွဲ့ခံစားနေရတာ အားလုံးအသိဆိုတော့ ဖွဲ့ကို နောက်ထပ် စိတ် ထိခိုက်မှာမျိုး ထပ်မဖြစ်စေချင်သည်က သမီးအပေါ် ထားရှိသည့် မိခင်တစ်ယောက်၏ ဆန္ဒနှင့်မေတ္တာဖြစ်သည်။

"ဖြစ်နိုင်ရင် မောင်ခွန်းဆက် ပြောတာကို အန်တီကိုယ်တိုင် ချက်ချင်းလက်ခံသဘောတူပေးချင်ပါတယ်ကွယ်၊ ဒါပေမယ့် ဖွဲ့လေး ရင်ထဲဘယ်လောက် ထိခိုက်ခံစားနေရလဲဆိုတာက မောင်ခွန်းဆက် အမြင်ပဲ"

"ဖွဲ့အခုလို ခံစားနေရတာကို မကြည့်ရက်လို့ ကျွန်တော် ဖွဲ့ကို အမြန်ဆုံး လက်ထပ်ချင်တာပါ အန်တီ၊ ဖွဲ့ကို လက်ထပ်ပြီးရင် ဖွဲ့ စိတ်ထဲမှာ ရှိနေတဲ့ အားငယ်ဝမ်းနည်းမှုတွေ၊ နာကျင်ကြေကွဲမှုတွေ အားလုံးကို ကျွန်တော့်နည်း၊ ကျွန်တော့်ဟန်နှင့် ဖယ်ရှားပစ်ချင်တယ်"

"နောက်တစ်ခုက ဖွဲ့စိတ်ထဲ သူတစ်ယောက်တည်း အခုလို ခံစားနေရတယ်၊ နာကျင်နေရတယ်လို့ မထင်စေချင်ဘူး၊ ဖွဲ့နားမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့လို ခံစားတတ်တဲ့ ဖွဲ့လိုနာကျင်တတ်တဲ့ လူတစ်ယောက် ဖွဲ့နဲ့အတူ ရှိနေတယ်ဆိုတာ သူသိအောင် ကျွန်တော်ပြချင်တယ် အန်တီ''

''မောင်ခွန်းဆက် သဘောထားကို အန်တီနားလည်ပါတယ် ကွယ်၊ ဖွဲ့နဲ့ပတ်သက်ပြီး ဘယ်လိုလုပ်ရင် အကောင်းဆုံးဖြစ်မလဲဆိုတာ သားကြီးနဲ့အန်တီ တိုင်ပင်ပါ့မယ်''

ဒေါ်ရှုဘီတစ်ယောက်တည်း ဖွဲ့ကိစ္စကို မဆုံးဖြတ်ချင်။ ပေါ့စေလို့ လို့ ကြောင်ရုပ်ထိုးပြီးမှ ...အတွက် လေးနေတာမျိုးလည်း မဖြစ်ချင်။ ခွန်းဆက်လိုလူတစ်ယောက်ကို သမက်တော်ချင်နေကြသူတွေ ပိုင်းဝိုင်း လည်နေချိန်မှာ ခွန်းဆက်ကိုယ်တိုင် ဖွဲ့လို ဒုက္ခိတလေးကိုမှ အိမ်ထောင် လိုဖြစ်နေတာမျိုးပါ။

''ကျွန်တော်ကို ယုံပါအန်တီ၊ ကျွန်တော်ကြောင့် ဖွဲ့ဘယ်တော့မှ ဒုက္ခမရောက်စေရဘူးလို့ ကျွန်တော် ကတိပေးပါတယ်''

''ဒါတွေပြောနေဖို့ မလိုပါဘူး မောင်ခွန်းဆက်ရယ်၊ မင်းလို အခြေအနေ မင်းလိုအနေအထားနဲ့ ဖွဲ့ထက်အဆပေါင်းများစွာသာတဲ့ မိန်းကလေးတွေကို စိတ်ကြိုက်ရွေးယူနိုင်တယ်ဆိုတာ အန်တီသိပါတယ်၊ ဖွဲ့အပေါ်မှာ မောင်ခွန်းဆက် တကယ်မေတ္တာရှိနေလို့သာ အန်တီသမီး ဝေဒနာသည်မလေးကို မြတ်မြတ်နိုးနိုး ပိုင်ဆိုင်ခွင့်တောင်းနေတယ် ဆိုတာ အန်တီနားလည်ပါတယ်''

''ကျွန်တော့်မေတ္တာကို နားလည်ပေးတဲ့အတွက် ကျေးဇူးတင် ပါတယ်အန်တီ''

''အန်တီကသာ မောင်ခွန်းဆက်ကို ကျေးဇူးတင်ရမှာပါကွယ်၊ သြော် ... ဒါနဲ့ အရေးအကြီးဆုံးကိစ္စကို အန်တီမေးဖို့ မေ့နေတယ်၊ မင်းနဲ့သမီး လက်ထပ်မဲ့ကိစ္စကို မောင်ခွန်းဆက်မိဘတွေကို အသိပေး





ပြီးပြီလား''

''မာမီတို့က အိမ်ထောင်ရေးကိစ္စကို ကျွန်တော်သဘောကျ ဆုံးဖြတ်ခွင့် ပေးထားပြီးသားပါ အန်တီ''

ခွန်းဆက်အမှန်အတိုင်း ပြောလိုက်ပေမယ့် ဒေါ်ရှုဘီ စိတ်ထဲ ...မ်းမသာနိုင်။ သားကြီးပြောထားသည့် စကားကြောင့် ခွန်းဆက်မှာ ...ကြီးချင်းသဘောတူထားသည့် မိန်းကလေးရှိနေတာ ပြန်သတိရပြီး ...င်လေးသွားသည်။

''အန်တီကြားတာတော့ မောင်ခွန်းဆက်မှာ မိဘတွေ သဘော ...ူထားတဲ့ မိန်းကလေးရှိတယ်ဆို''

''ဖွဲ့နဲ့ လက်ထပ်တော့မယ်ဆိုတဲ့အကြောင်း ကျွန်တော်မိဘ ...တွေကိုရော ဒါလီ့ကိုပါ အသိပေးထားပြီးပါပြီ အန်တီ''

''ဒါလီဆိုတာ မင်းမိဘတွေ သဘောတူထားတဲ့ ကလေးမလား''

''ဟုတ်ပါတယ် သူနဲ့ကျွန်တော်က ငယ်သူငယ်ချင်းတွေပါ။ ...တစ်ယောက်အကြောင်းတစ်ယောက် သိပြီးသားမို့ ဘာမှထိန်ချန် ဖုံး ...ွယ်နေစရာလည်း အကြောင်းမရှိပါဘူး''

''မင်းတို့ချင်း နားလည်မှုရှိတယ်ဆိုရင် ပြီးတာပါပဲကွယ်၊ အန်တီ့ ...ဆက်က ဘာမှပြောစရာ မရှိပါဘူး''

တကယ်လည်း ဘာမှပြောစရာမရှိ။ ခွန်းဆက်လို လူမျိုးက ...ွဲ့အတွက် နောက်တစ်ယောက် မရှိနိုင်တာ ဒေါ်ရှုဘီအပါအဝင် အားလုံး ...သိသည်။ ခွန်းဆက်ပြန်သွားသည့်အထိ ဒေါ်ရှုဘီမှာ တွေးစရာအများ ...ကြီးနှင့် ကျန်ခဲ့သည်။

ဖွဲ့မှာ သရဆိုသည့် ချစ်သူကောင်လေးရှိသည်။ နိုင်ငံခြား ...ာ ဆေးသွားကုသည်ဆိုတာကလွဲပြီး တခြားဘာမှမသိ။ မင်းဘွဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် သရသတိမေ့နေတုန်းက လူနာသတင်း သွားမေးပေမယ့် သရမိခင်က မောက်မာရိုင်းပျစွာ သားကြီးမင်းဘွဲ့ကို ဒေါသတကြီး အော်ဟစ်ငိုယို မောင်းထုတ်ခဲ့သည့်အဖြစ်ကို နောက်မှနွဲ့ကို ပြောပြ၍ ဒေါ်ရွှေဘီ ရင်နာနာ သိခွင့်ရခဲ့ပေမယ့် ထိုအကြောင်း ဖွဲ့ကိုတော့ မပြော။

သားကြီးကလည်း နှုတ်လုံသည်။ သူတို့သားသရနဲ့ ဖွဲ့ကို သဘောမတူရုံမက သူ့သားကိုသတ်သူအဖြစ် ဖွဲ့ကိုပြင်းထန်စွာ အပြစ်တင်ထားပုံက တစ်ဖက်သတ်ဖြစ်သည်။ သို့သော် သားဇော်မှန်နေသည့် မိခင်အဖြစ်။ တစ်ဦးတည်းသော သားကိုလက်လွှတ်ဆုံးရှုံးရတော့မည့် အနေအထားမှာ သွေးရူးသွေးတမ်း ဖြစ်လောက်စရာမို့ မိခင်ချင်း စာနာစိတ်ဖြင့် ခွင့်လွှတ်နားလည်ပေးနိုင်ခဲ့သည်။

တစ်ခုပြောစရာရှိသည်က ယောက်ျားလေးရှင်ဘက်က ခါးခါးသီး လက်မခံနိုင်အောင် မုန်းတီးနေသည့် ယောက္ခမလောင်းလက်ထဲ ဒေါ်ရွှေဘီအချစ်ဆုံးသမီးကို ထည့်မပေးနိုင်ခြင်း ဖြစ်သည်။ သရအမေက သူ့သားနှင့်သမီး ဖွဲ့ကို သဘောမတူနိုင်သလို ဖွဲ့မာမီဖြစ်သည့် ဒေါ်ရွှေဘီကလည်း သူတို့လူဆိုးလူပေလေးနှင့် ဖွဲ့ကို အစကတည်းက သဘောတူကြည်ဖြူပေးခဲ့ဖူးသည် မဟုတ်ပါ။

ဦးသီဟသားဆိုတာနှင့် သဘောမတူရသည့်အထဲ သရဆိုတာကိုက နာမည်ဆိုးနှင့် ကျော်ကြားသူဖြစ်နေ၍ ဖွဲ့ကိုဒေါ်ရွှေဘီ သူငယ်ချင်း၏ သားဧယျုထင်ကျော်နှင့် လူကြီးချင်းသဘောတူခဲ့ခြင်း ဖြစ်သည်။ ဧယျုထင်ကျော်နှင့် လူငယ်ချင်း အဆင်ပြေပြေရှိနေတာ ဝမ်းသာနေတုန်း ဖြုန်းဆို သရနှင့်ဖွဲ့ ကားအက်စီဒင့် ဖြစ်ကြရခြင်း ဖြစ်သည်။

ဖွဲ့ဖြစ်ဖြစ်ချင်းတုန်းက ဧယျုထင်ကျော်ကိုယ်တိုင် ရန်ကုန်မှာ မရှိ။ ဖွဲ့အက်စီဒင့်ဖြစ်တာကိုလည်း မသိ။ အလုပ်ကိစ္စနှင့် စင်ကာပူမှာ





ရောက်နေ၍ ဒေါ်ရွှေဘီတို့ကလည်း ဖွဲ့ကိစ္စကို အသိပေးမနေတော့ပါ။ ကိုယ့်ကိစ္စကိုယ်အာရုံနှင့် ရှုပ်ပြီး ဖွဲ့အတွက် စိုးရိမ်သောက ဖြစ်နေရတာနှင့် ဘာဆိုဘာမှ သတိမရ။

သတိရလာပြန်တော့လည်း သားကြီးက ဖွဲ့တို့ကိစ္စကို ပြောမနေပါနှင့်ဆိုတာနှင့် ဒေါ်ရွှေဘီ နှုတ်ပိတ်နေခဲ့ရသည်။ ဒီကြားထဲ ဖွဲ့ကို ပြုစုဖြတ်နီးနေသည့် ခွန်းဆက်ကြောင့် ဒေါ်ရွှေဘီတို့မှာ ဝမ်းနည်းနေသည့်ကြားက ဝမ်းသာကြရပြန်သည်။ ခွန်းဆက်နှင့်သာ ဖွဲ့လက်ထပ်ခွင့်ရလျှင် ဖွဲ့လောက် ကံကောင်းသူ ကမ္ဘာမှာမရှိဟု ဆိုရမှာဖြစ်ပေမယ့် ဖွဲ့က တစ်ငိုငိုတစ်ရယ်ရယ်ဆိုတော့ ဘယ်သူမှ စိတ်မချမ်းသာ။ ဖွဲ့ ငယ်ရာမှာ မကြာခဏ ကျိတ်ငိုရင်း သမီးလေးဖွဲ့အတွက် ရင်ထုမနာ ဖြစ်နေမိသူက မိခင်ဖြစ်သည့် ဒေါ်ရွှေဘီဖြစ်သည်။

သမီးကိုယ်စား သူသာဖြစ်ပေးလိုက်ချင်သည်။ ဖွဲ့ရင်ထဲမှာ သရ ဆိုသည့်လူငယ်လေး ရှိနေတာကို ပြန်တွေးမိတိုင်း ဘာကြောင့် ဖွဲ့က ခွန်းဆက်လိုလူကို မေတ္တာမတုံ့ပြန်နိုင်သည်ကို ဒေါ်ရွှေဘီနားလည်သဘောပေါက်သည်။ လောကကြီးက ကိုယ်ဖြစ်ချင်တိုင်း ဖြစ်ကြရသည်မဟုတ်။ ခြေအလွဲလွဲ အချော်ချော် ဖြစ်တတ်သည်က သဘာဝဖြစ်၍ ချစ်နေသူကို မချစ်ပါနှင့်ဟု မတားနိုင်သလို။ မချစ်သည့် လူကိုပြန်ချစ်လိုက်ပါဟု မပြောနိုင်ကြ။

ခွန်းဆက်ကတော့ သူ့ဖြစ်ချင်တာ သူပြောစရာရှိတာကို ပြောသွားသည်။ ဒေါ်ရွှေဘီ ငြိမ်နေလို့ မဖြစ်တော့သည့်အတူ သားကြီးရှိရာ ခန်းလှမ်းဆက်ပြီး အကျိုးအကြောင်း ပြောရသည်။

"မာမီအထင်တော့ သမီးဖွဲ့ ရင်ထဲမှာ သူ့ချစ်သူကောင်လေးက လွဲပြီး တခြားဘယ်သူ့မှ အစားထိုးလို့မရဘူး ထင်တယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းဘွဲ့ကို အားလုံး ပြောအပြီး ဒေါ်ရှုဘီက သူ့ထင်မြင်ချက်ကို သားဖြစ်သူသိအောင် ဆက်ပြောလိုက်သည်။

"သရဆိုတဲ့ ကောင်လေးနဲ့ဖွဲ့ ဘယ်လို့မှ ဖြစ်မှာမဟုတ်ဘူး မာမီ"

"မာမီသိပါတယ်ကွယ်၊ သားကို ဘယ်လို ပြောဆိုဆက်ဆံလိုက်တယ်ဆိုတာ မာမီ့ကို နှဲ့ပြောပြပါတယ်"

"မာမီကိုယ်တိုင် ဒီကိစ္စကို သိပြီးပြီဆိုမှတော့ ဖွဲ့ကို ခွန်းဆက်နဲ့သာ မြန်မြန်လက်ထပ်ပေးလိုက်တော့ မာမီ၊ တော်ကြာ တစ်ရက်က နေ နှစ်ရက် ဖြစ်နေမယ်"

မင်းဘွဲ့ ပြောလည်းပြောစရာမို့ ခွန်းဆက်နှင့်ဖွဲ့ကို လက်ထပ်ပေးရန် တိုက်တွန်းနေသည့် သားဖြစ်သူစကားကို ငြိမ်ပြီးနားထောင်နေမိသည်။

"မာမီတို့ သဘောက ဟုတ်ပါပြီသားရယ်၊ ဖွဲ့သဘောက ရှိသေးတယ်မဟုတ်လား သားရဲ့"

"ဖွဲ့သဘောကို မေးနေလို့ကတော့ မာမီတို့ပဲ စိတ်ညစ်ရမှာ မာမီ"

"ဒါလည်း ဒါပေါ့သားရယ်၊ မာမီက ဖွဲ့ကိုစိတ်အတင်းအကျပ်စီမံတာမျိုး မဖြစ်စေချင်ဘူး"

"ဒါဆိုလည်း ခွန်းဆက်နဲ့ကျွန်တော် တိုင်ပင်ပါဦးမယ်၊ မာမီသာ ကိုယ့်ဘာသာ ကျန်းမာရေးကို ဂရုစိုက်ပါ..."

"အေးပါ သားကြီးရယ်၊ မင်းညီမလေးကိစ္စကို မင်းသာအဆင်ပြေအောင် ကြည့်စီစဉ်ပါတော့ကွယ်"

ဖွဲ့အတွက် သားအမိနှစ်ယောက် တိုင်ပင်ပြောဆိုနေချိန်မှာ ဖွဲ့





ကတော့ သူမဘဝကို သူမတွေးပြီး ရင်လေးနေသည်။ ဆရာဝန်တွေ ညွှန်ကြားသည့် ဆေးကိုသောက်သည်။ ကျန်းမာရေး လေ့ကျင့်ခန်း မှန်မှန်လုပ်လာခဲ့တာ အခုဆို သုံးလေးလရှိပါပြီ။ အခြေအနေက ဘာမှ ထူး။ မိသားစုအားလုံး ဖွဲ့အတွက် စိုးရိမ်စိတ်ပူနေကြသလို ဖွဲ့ကိုယ်တိုင်လည်း သူမတို့ မျှော်လင့်ထားသလို ခြေထောက်တွေ ပြန်မကောင်းလာခဲ့ရင်ဆိုသည့် အတွေးနှင့် နေ့တိုင်းကျိတ်ငိုနေရတာကို ဘယ်သူ နားလည်နိုင်မှာလဲ။ ဒီကြားထဲ ဦးခွန်းဆက်က တစ်မျိုး။

တစ်နေ့တစ်မျိုး မရိုးနိုင်သည့် ဖွဲ့ကြိုက်တတ်သည့် အစားအသောက်။ အသုံးအဆောင် ပစ္စည်းမျိုးစုံ ယူလာပေးနေသည်။ ဖွဲ့က လိုချင်ပါပဲဟု ပြောလည်းမရ။ သူလုပ်ချင်တာ လျှောက်လုပ်နေသည်။

"ကိုယ့်ရင်ထဲက အချစ်တွေကို ဖွဲ့နားလည် လက်ခံလာအောင် ကိုယ်ကိုယ်တိုင်လည်း ဘယ်လိုပြောရမှန်း မသိဘူးဖွဲ့၊ ပြီးတော့ ကိုယ့် အသက်အရွယ်က ဆယ်ကျော်သက်အရွယ် လူငယ်လေး မဟုတ်တော့ ဆိုးတယ် ဒီတော့ ဖွဲ့ကြိုက်ကြိုက် မကြိုက်ကြိုက် ကိုယ့်စိတ်ထဲမှာ ကိုယ့်နှလုံးသားထဲမှာ ဖွဲ့အမြဲရှိနေတယ်၊ ဖွဲ့အကြောင်းတွေပဲ အမြဲနေရာ ယူထားတယ်ဆိုတဲ့ အကြောင်းကို ကိုယ်ဝယ်လာတဲ့ ပစ္စည်းတွေက သက်သေခံနေတယ်လို့ပဲ သဘောထားပေးပါ ဖွဲ့ရယ်"

"ဖွဲ့ကို ဒါတွေဝယ်မပေးဘဲ တခြားနည်းနဲ့လည်း ချစ်လို့ရပါတယ် ဦးခွန်းဆက်"

"တခြားနည်း ဟုတ်လား"

သူက ဖွဲ့မျက်နှာလှလှလေးကို စူးစိုက်ကြည့်ငေးပြီး ဖွဲ့ပြောသလို လိုက်ရှေ့ရှုတ်နေတာကို ဖွဲ့မကျေနပ်၊ ဦးခွန်းဆက်ကို ဖွဲ့မမုန်းပါ။ ခင်မင် လိုဖွယ်ရာ ကောင်းသော လူတစ်ယောက်အဖြစ် ဦးခွန်းဆက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ခင်ပါသည်။ မိတ်ဆွေသူငယ်ချင်း တစ်ယောက်လိုလည်း သူမရင်ထဲက အကြောင်းအရာတချို့ကိုလည်း တိုင်ပင်ဆွေးနွေးချင်ပါသည်။ ထိုထက်တော့ မပိုချင်။

"ကိုယ့်သဘောအရဆိုရင် ကိုယ်က ဖွဲ့ကို အခုလို တစ်ယောက်တည်း စိတ်အားငယ်ပြီး ဝမ်းနည်းကြေကွဲနေတဲ့ ပုံစံမျိုးနဲ့ ဆက်မထားချင်တော့ဘူးဖွဲ့၊ ဖွဲ့ကို ကိုယ်မိုင်ပိုင် ကြင်နာချင်တယ်၊ ယုယချင်တယ် ဖွဲ့နဲ့ပတ်သက်တဲ့အရာတိုင်းကို ကိုယ်ကိုယ်တိုင်ပဲ ဆုံးဖြတ်ချင်တယ် ကိုယ့်ဘဝဟာ ဖွဲ့ဖြစ်သလို ဖွဲ့ရဲ့ဘဝဟာလည်း ကိုယ်ပဲဖြစ်နေရမယ်ဖွဲ့"

"အဲဒီလိုဖြစ်ဖို့ တစ်ခုတည်းသော နည်းလမ်းက ဖွဲ့ကိုယ့်ကို လက်ထပ်ဖို့ပဲ ကိုယ်ကို ဖွဲ့လက်ထပ်ပါ၊ လက်ထပ်ခွင့်ပြုပါလို့ ကိုယ် လှိုက်လှိုက်လှဲလှဲ တောင်းဆိုပါရစေ ဖွဲ့ရယ်"

"ဖွဲ့ ကိုယ့်ကို လက်ထပ်မယ် မဟုတ်လားဟင်"

"ဟင့်အင်း… ဖွဲ့မသိဘူး"

ဖွဲ့ ခေါင်းခါလိုက်သည်။

တကယ်လည်း ဖွဲ့ခေါင်းထဲမှာ အကြောင်းအရာတွေ အားလုံး ရှုပ်ထွေးနေသည်။ ဖွဲ့ကိုယ်ဖွဲ့ ဘာဖြစ်လို့ ဖြစ်နေမှန်းမသိ။ အ… အဖြစ်အပျက်တွေ အားလုံး ဖွဲ့အတွက် အိပ်မက်လို ဖြစ်နေသည်။ မြူးကြွသွက်လက်သော ဖွဲ့အမြဲရယ်မောနေတတ်သော ဖွဲ့။ လောက ကြီးပေါ်မှာ လူတွေအပေါ်မှာ အမြဲအကောင်း မြင်တတ်ခဲ့သည့် ဖွဲ့ ကမ္ဘာထဲမှာ ကြေကွဲဝမ်းနည်းစရာ နာကျင်ထိခိုက်စရာဆိုတာတွေ အလုံး အရင်းနဲ့ ဝင်ရောက်လာချိန်မှာ ဖွဲ့တစ်ယောက်တည်း ကူကယ်ရာ… ဖြစ်ခဲ့ရသည်။

ဒီဘဝရောက်အောင် တွန်းပို့ပေးခဲ့သည့် ကံကြမ္မာကလည်း ဖွဲ့…





…နှင့်သရကို တစ်ယောက်စီ တစ်ကမ္ဘာစီ တွန်းထုတ်ပစ်လိုက်သလို ဖွဲ့ကို သိပ်ချစ်ပါသည်။ မခွဲနိုင်ပါဆိုသည့် သရကိုယ်တိုင် ဖွဲ့နားမှာ …ရှိ။ ဖွဲ့ကိုယ်တိုင် စိတ်သွားတိုင်းကိုယ်မပါနိုင်သည့် ဘဝနှင့် မိသားစု၏ ချက်စိဒေါက်ထောက် ကြည့်ခံနေရသလို သရကိုယ်တိုင်ရော ဘာတွေ ဘယ်လိုဖြစ်နေပြီလဲ၊ လူ့လောကကြီးထဲမှာရော သရတစ်ယောက် ရှိမှ ရှိပါသေးရဲ့လား။

"သရကို သတိရနေတာလား သမီး"

"ဟုတ်တယ် မာမီ၊ သူလူ့လောကကြီးမှာ ရှိမှရှိသေးရဲ့လားလို့ ဖွဲ့ အမြဲတွေးနေမိတယ်"

မျက်ရည်တွေနှင့် ဖွဲ့ကိုကြည့်ပြီး ဒေါ်ရွှေဘီကိုယ်တိုင်လည်း စိတ် …ကောင်း။ သားသမီးချင်း စာနာစိတ်နှင့် ဆေးရုံမှာကတည်းက အခြေ အနေမကောင်းသည့် သရကျန်းမာရေးက ဖွဲ့စိတ်ပူမည်ဆိုလည်း ပူစရာ ဖြစ်နေတာ ဒေါ်ရွှေဘီသိသည်။

"အဲဒီကလေး သတင်းလည်း ဘာတစ်ခုမှ အသေအချာ မကြား …ဘူးကွယ်၊ တချို့က ပြောကြတာက ဘန်ကောက်ဆေးရုံမှာလို့၊ တခြား …တစ်နေရာမှာလိုလို ပြောသံတောင် ကြားနေရတယ် သေချာတော့ မာမီလည်း မသိဘူး…"

"သရကို မာမီမုန်းလားဟင်"

ဖွဲ့က သူသိချင်တာကို မေးရင်း မိခင်မျက်နှာကို အကဲခတ် သလို ကြည့်သည်။

"ဦးသီဟသား လူဆိုးလေးဆိုတော့ နည်းနည်းတော့ စိုးရိမ် …တာပေါ့ကွယ်၊ ဒါကလည်း မာမီသမီးလေး ဒုက္ခရောက်မှာ စိုးလို့ပါ …သူလိမ္မာနေရင်တော့ ပြောစရာမရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ဖွဲ့ သရကိုပဲ ချစ်တယ်မာမီ''

သူ့ရင်ထဲက ဆန္ဒကို ရဲရဲဝံ့ဝံ့စွာ ထုတ်ဖော်ပြောလာသည့် သမီး မျက်နှာလေးကို ဒေါ်မမစိတ်မချမ်းသာ၍ ကြည့်လိုက်သည်။ သမီး မာမီကိုယ်တိုင် သားကြီးကို ဘယ်လိုပြုမူဆက်ဆံ ပြောဆိုလွှတ်လိုက် သည်ဆိုတာကို ဖွဲ့ကိုပြန်ပြောရန် သင့်မသင့် စဉ်းစားနေခိုက်မှာ ဖွဲ့က ဒေါ်မမလက်တစ်ဖက်ကို သူမလက်လေးနှစ်ဖက်နှင့် အားကိုးတကြီး ဆုပ်ကိုင်လာသည်။

''မာမီ''

''ပြောလေ… သမီး။ မာမီကို သမီးဘာပြောချင်လို့လဲ''

''ဖွဲ့ ဦးခွန်းဆက်ကို လက်မထပ်ပါရစေနဲ့ မာမီရယ်နော်''

''မောင်ခွန်းဆက်က သမီးအပေါ် တကယ့်မေတ္တာစစ်နဲ့ ချစ်တာ ပါကွယ်''

''ဒါကို ဖွဲ့သိပါတယ် မာမီ၊ သူလိုလူတစ်ယောက်က ဖွဲ့ကို အလေးအနက် မေတ္တာထားပြီး ချစ်တာကိုလည်း ဖွဲ့သိပါတယ်''

''ဒါနဲ့များကွယ်…''

''ဖွဲ့ သရကို မေ့လို့မရဘူး မာမီ၊ သူဘာဖြစ်နေလဲ၊ ဘယ်လို အခြေအနေရှိလဲဆိုတာ ဘာတစ်ခုမှ မသိရဘဲ ဖွဲ့က အိမ်ထောင်ပြု မယ်ဆိုတာ ဖြစ်သင့်လို့လား မာမီရယ်၊ ပြီးတော့ ဖွဲ့ကျန်းမာရေးက မာမီသိတဲ့အတိုင်း ဘယ်အချိန်ပြန်ကောင်းလာမယ်ဆိုတာ ဘယ်သူမှ အတိအကျ မပြောနိုင်ဘူး။ ဒီလိုပုံနဲ့ ဖွဲ့ကို ဘယ်သူက ကြာရှည် သည်းခံနိုင်မှာလဲ''

''ဖွဲ့ကြောက်တယ် မာမီ''

''သမီးရယ်''





မိခင်ရင်ခွင်ထဲ အားကိုးတကြီး ခိုဝင်မှီတွယ်လာသည့် ဖွဲ့ကိုယ် လေးကို စိတ်မကောင်းစွာ ပွေ့ဖက်ထားမိသူက ဒေါ်ရှုဘီဖြစ်သည်။ ဖွဲ့တွေးသလို ဒေါ်ရှုဘီလည်း တွေးပါသည်။ မဆုံးနိုင်သော အတွေး တွေက အများကြီး ဖြစ်သည်။ ရှုပ်ထွေးပွေလီလှသော လောကမာယာ လှည့်အပြောင်းတွေကို ဒေါ်ရှုဘီကိုယ်တိုင် လိုက်မမီနိုင်၍ သမီးဖြစ် သူ ဖွဲ့ကြောက်လန့်မည်ဆိုလည်း ကြောက်လန့်စရာအဖြစ် စာနာမိ သည်။

''ဘာကိုမှ သိပ်အများကြီး မတွေးပါနဲ့လား သမီးရယ်၊ တချို့ အကြောင်းအရာတွေက ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ ကံဇာတာပါလာလို့ ဖြစ်ပျက်ရတာတွေလည်း ရှိပါတယ်ကွယ် မာမီ့ကိုချစ်ရင် မာမီပြောတဲ့ စကားကိုသာ နားထောင်ပါ၊ မာမီသမီးလေး ဘယ်တော့မှ ဆင်းရဲ ဒုက္ခမရောက်စေရဘူးလို့ မာမီအာမခံပါတယ် သမီးရယ်နော်''

''မာမီရယ်''

မိခင်ရင်ခွင်မှာ ကလေးငယ်တစ်ယောက်လို့ ဖွဲ့ငိုမိသည်။ ဖွဲ့ ဘဝက မျက်ရည်ကိုသာ အဖော်ပြုနေရသည့် ဘဝဖြစ်၍ မာမီပြောသမျှ ကိုသာ လက်ခံခေါင်းညိတ်ရုံမှ တခြားမရှိတော့ပြီဟု သိလိုက်သည့် အခါမှာ ဖွဲ့မျက်ရည်တွေက ပါးပြင်နှစ်ဖက်မှာ ရွှဲနစ်စိမ့်ဝင်သွားသည်။

ဖွဲ့ကို ခွင့်လွှတ်ပါ သရရယ်။ သရကို ဖွဲ့ချစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

"ဆက် ရှုးတော့ မရှုးသေးပါဘူးနော်"

"ဘာဖြစ်လို့လဲ ဒါလီ"

"သြော်··· မသန့်မစွမ်းဖြစ်နေတဲ့ မိန်းကလေးတစ်ယောက်ကို ဆက်က လက်ထပ်မယ်ဆိုလို့ပါ"

မှန်သော စကားဆိုပေမယ့် ဒါလီစကားက သူ့ကိုတမင် ကယ် နေမှန်း ရိနေမှန်းသိ၍ သူ့မျက်နှာက အပြုံးမပျက်။ ဖွဲ့နှင့်ပတ်သက် လူတိုင်းက ပြောချင်ဆိုချင်နေကြတာ ခွန်းဆက်သိသည်။ သူကိုယ်တိုင် ရင်ဆိုင်ရမည့် ကိစ္စဖြစ်သလို ဖွဲ့ရင်ဆိုင်ကြုံတွေ့ရမည့် အခက်အခဲ ဖွဲ့ရှေ့က မားမားရပ်ရင်ဆိုင်ဖို့ သူကိုယ်တိုင် ဆုံးဖြတ်ခဲ့ခြင်းအပေါ် အခုချိန်ထိ သူ့မှာနောင်တ မရှိပါ။

"ကိုယ်က ချစ်တာကိုးဒါလီ၊ ဖွဲ့ရင်ဆိုင်ရမယ့် အခက်အခဲ ပြဿ အားလုံး ဖွဲ့ကိုယ်စား ကိုယ်ပဲ ရင်ဆိုင်ဖြေရှင်းပေးမှဖြစ်မှာ"

ခွန်းဆက်ပုံစံက တည်တည်ငြိမ်ငြိမ်။ ဖွဲ့အကြောင်း ပြောနေသ





သူ့မျက်နှာမှာ လေးနက်ပြင်းပြသော ချစ်ခြင်းမေတ္တာကို အထင်းသား တွေ့မြင်နေရ၍ ခွန်းဆက်အချစ်ကို ဒါလီကိုယ်တိုင် အံ့ဩနားမလည် နိုင်သည့်အထိပါ။

"ကိုယ့်ဘဝမှာ ဖွဲ့ကို ချစ်မိသလို တခြားဘယ်မိန်းကလေးကိုမှ မချစ်မိသေးဘူး ဒါလီ၊ ဖွဲ့ဟာ ကိုယ့်ဘဝ၊ ကိုယ့်အချစ်ပဲ နောက်ဘယ် တော့မှလည်း ဒီလိုအချစ်မျိုး ရှိလာတော့မှာ မဟုတ်ဘူးဆိုတာ ကိုယ်သိ တယ်"

"ကိုယ် ဖွဲ့ကို ချစ်တယ်ဒါလီ"

"ခွန်းဆက်ဆိုတဲ့ ယောကျ်ားကို ဒီလောက်ချစ်တတ်လိမ့်လို့ ဒါလီ မထင်ခဲ့ဘူး"

"ဒါလီ ပြောသလို ကိုယ်ကိုယ်တိုင်လည်း မိန်းကလေး တစ် ယောက်ကို ဒီလောက်ချစ်ခဲ့မိလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့တာ လည်း အမှန်ပဲ ဒါလီ၊ ရှင်းရှင်းပြောရရင် ကိုယ့်ကိုကိုယ်တောင် ချစ်မှ ချစ်တတ်ပါတော့မလားလို့ ထင်ခဲ့မိတယ်"

ဒါလီက သူမဘဝမှာ တစ်ခါမှ မကြားဖူးသော စကားတွေကို လိုက်လှဲသောရင်၊ ပြင်းပြသော ခံစားချက်တွေနှင့် ဆိုနေသည့် သူမ အချစ်ဆုံး၊ အမြတ်နိုးရဆုံး ယောကျ်ားတစ်ယောက်၏ မျက်နှာကို အမျိုး အမည်ဖော်ပြရခက်သော ခံစားချက်မျိုးစုံ ပါဝင်သော အကြည့်ဖြင့် ရင်နာစွာ ငေးနေမိသည်။

အချစ်ဆိုသည့် စကားကို လူတွေအလွယ် ပြောနေကြပေမယ့် ထိုစကားနှစ်လုံး နောက်ကွယ်မှာ ရှိနေသော လူတို့၏ နှလုံးသား ခံစားချက်က ဆန်းပြားရှုပ်ထွေးမှုတွေ၊ အံ့ဩနားမလည်နိုင်စရာတွေနှင့် ပြည့်နေတတ်သည်ကို ဒါလီကိုယ်တိုင် ခွန်းဆက်ဆိုသည့် ယောကျ်ား



www.burmeseclassic.com

တစ်ယောက်ကို ချစ်မိမှ ခံစားနားလည်ခဲ့ရသည့် ခံစားချက်တွေပါ။

ခွန်းဆက်ဆိုသည့် ယောကျ်ားမှတစ်ပါး တခြားဘယ်ယောကျ်ားကိုမှ သူမနှင့်မသက်ဆိုင်သလို ခံစားချက်မဲ့နေလာခဲ့သည့် မိန်းမတစ်ယောက်အဖြစ် သူမဘဝကို ဒါလီရပ်တည်ခဲ့သည်။ ခွန်းဆက်အချစ်ကို တစ်နေ့ရှိုးနှင့် နှစ်တွေအကြာကြီး စောင့်မျှော်နေခဲ့ပေမယ့် ခွန်းဆက်ရင်ထဲက ချစ်မေတ္တာပန်းက ဒါလီအတွက် ပွင့်လန်းလာခြင်း မရှိခဲ့ပါ။

နားလည်မှုတွေ၊ အနစ်နာခံမှုတွေက တကယ့်လက်တွေ့ဘဝမှာ ခွန်းဆက်နှလုံးသားကို လှုပ်နိုးနိုင်စွမ်းမရှိ။ ခွန်းဆက်အပေါ် ဒါလီအချစ်တွေကို စုပုံသွန်ချခဲ့ပေမယ့် ခွန်းဆက်ရဲ့ချစ်မေတ္တာက ဒါလီထံမှာ ရောင်ပြန်ပင်မဟပ်ခဲ့။ ဒါလီ သူ့အပေါ်မှာ တစ်ဖက်သတ်ချစ်နေတာကို ခွန်းဆက်သိသလို နှစ်ဖက်မိဘတွေလည်း သိသည်။ သူတို့နှစ်ဦး၏ ပတ်ဝန်းကျင် အသိုင်းအဝိုင်းက ခွန်းဆက်နှင့် ဒါလီကို အလွန်လိုက်ဖက်တင့်တယ်သော ချစ်စရာချစ်သူစုံတွဲလှလှလေးအဖြစ် တိတ်တဆိတ် အသိအမှတ်ပြုခဲ့ကြသည်။

ဒါလီကိုယ်တိုင်လည်း တစ်နေ့ ခွန်းဆက် သူမချစ်သလို တုံ့ပြန်ချစ်လာမှာပါလို့ အမျှော်လင့်ကြီး မျှော်လင့်ရင်း နှစ်ဘက်မိဘတွေကိုယ်တိုင် ခွန်းဆက်နှင့် သူမတို့ကို လက်ထပ်နေရာ ချထားပေးမည့် ကိစ္စကို သဘောတူ ကြည်ဖြူခဲ့သည်။

ထိုကိစ္စကို ခွန်းဆက်ကိုယ်တိုင်လည်း မငြင်း။ လက်ခံသည်လည်း မဟုတ်။ လက်မခံသည်လည်း မဟုတ်။ ခွန်းဆက်နားမှာ ဒါလီကလွဲပြီး တခြားဘယ်မိန်းကလေးမှ ရှိမနေ၍ ဒါလီကျေနပ်ခဲ့သည်။

အခုလို ထင်မှတ်မထားတာတွေ ဖြစ်လာလိမ့်မည်ဟု မမျှော်လင့်ခဲ့။ ဘယ်မိန်းမကို စိတ်မဝင်စားခဲ့သည့် ခွန်းဆက်။ သူ့ကိုယ်သူ





ဆောင် ချစ်မှချစ်တတ်ပါတော့မလားဟု ဒါလီကို ဝန်ခံနေသည့်လူက ချစ်မယ့်ချစ်တတ်တော့လည်း ဘာကိုမှ ဂရုမစိုက်။ အချစ်တစ်ခုတည်းကိုသာ ရှေ့တန်းတင်ပြီး အချစ်မှအချစ် ဖြစ်နေပုံက ဒါလီရင်ကို ပြင်းစွာနှိပ်စက်နေ၏။

သူ့ကိုချစ်နေသည့် မိန်းမတစ်ယောက်ရှေ့မှာ တခြားသူမ မဟုတ်သည့် မိန်းမတစ်ယောက်ကိုချစ်ကြောင်း မြတ်နိုးကြောင်းတွေ ပြောနေသည့် ခွန်းဆက်မျက်နှာကို တစ်ခါမှ မမြင်ဖူးသူတစ်ယောက်လို ဒါလီကြည့်သည်။

အရာရာကို ဦးဆောင်နိုင်ခဲ့သည့် မိန်းမ။ အောင်နိုင်မှုဆိုတာကို အမြဲသရုပ်ဆောင်ထားခဲ့သည့် ဒါလီဆိုသည့် အမည်ဖြင့် သူမအသိုင်းအဝိုင်းမှာ နာမည်ကြီးနေသူက သူမချစ်သော၊ မြတ်နိုးသော ယောကျ်ားတစ်ယောက်ရှေ့မှာတော့ ဆုံးရှုံးမှုတွေချည်း ထပ်ဆင့်နေရသည့်အဖြစ်ကို ဘယ်လိုလူကများ စာနာနားလည်ပေးနိုင်မှာပါလိမ့်။

"ကိုယ်ဖွဲ့ကို မြင်မြင်ချင်း ကိုယ်အနှစ်နှစ်အလလက ပျောက်ဆုံးသွားတဲ့ အရာတစ်ခုကို ပြန်တွေ့လိုက်ရသလို ခံစားလိုက်ရတာလည်း သိပ်ကိုထူးဆန်းတယ်"

"နောက်ပြီး သူ့အကြောင်းမတွေးပဲနဲ့ ကိုယ့်ခေါင်းထဲ သူ့အလိုလို ရောက်လာတယ်။ ဒါလီ ဖွဲ့ဆိုတဲ့နာမည်ကို ကြားတာနဲ့တင် ကိုယ့်နှလုံးသားတစ်ခုလုံး..."

"တော်လောက်ပါပြီ ဆက်ရယ်၊ ဆက် ဖွဲ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ဆက်ပြောတဲ့ စကားနဲ့တင် လုံလောက်ပါပြီ"

"ဆောရီး ဒါလီ..."

အခုမှ ခွန်းဆက်မျက်နှာ အနေရခက်သွားဟန်ကိုကြည့်ပြီး ဒါလီ



www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်သည်။ ပြီးတော့ ကိုယ့်အဖြစ်ကိုယ် သဘောကျစွာ ခပ်တိုး တိုးရယ်ပစ်လိုက်သည်။

ဒါလီဆိုတဲ့ မိန်းမဟာ ဘယ်လောက်များ ရူးမိုက်လိုက်တဲ့ မိန်း လဲ။ ကိုယ့်ဘဝ၊ ကိုယ့်နှလုံးသားတစ်ခုလုံး ပုံပေးပြီး ချစ်နေတဲ့ ယောကျ်ားတစ်ယောက်ကို အင်မတန် တပ်မက်စွဲလန်းနေတဲ့ စိတ် တစ်ခုထဲနဲ့ အဲဒီယောကျ်ားက တခြားမိန်းမတစ်ယောက်အပေါ် ချ ပြနေတဲ့ အချစ်သရုပ်ပြခန်းကို ဘာမှမဖြစ်သလိုပုံနဲ့ ဘာကြောင့်များ အပြုံးမပျက် နားထောင်နေရတာပါလိမ့်။

အခု ဖွဲ့ကို ချစ်ပြနေသလိုမျိုး ဒါလီဆိုတဲ့ ဟော့ဒီမိန်းမ ခွန်းဆက်ဆိုတဲ့ ယောကျ်ားတစ်ယောက်ကို အရူးအမူး စွဲလန်းချစ်နေ တာကိုတော့ ဒါလီ သိပ်ချစ်တဲ့ ယောကျ်ားက နည်းနည်းမှ ကိုယ်ချ မစာနိုင်တော့ဘူးတဲ့လား။

"ဒါလီ"

"ပြောလေ ဆက်"

"ကိုယ့်စကားက ဒါလီအတွက် ရယ်စရာဖြစ်နေလား"

သူ့စကားကို ရယ်ရပါမည်လားဟု ဒေါသဖြစ်သွားသော ခွန်းဆ ကိုကြည့်ပြီး ဒါလီ့အပြုံးနှင့် ခေါင်းခါလိုက်သည်။

"ဒါလီ ရယ်တာ ဆက်ကိုမဟုတ်ဘူး၊ ဒါလီ့ကိုယ်ဒါလီ သဘော ကျလို့ပါ"

"ဒီမှာ… ဆက်"

"ပြောပါ"

ဒီတစ်ခါ ဒါလီမျက်နှာပေါ်မှာ အပြုံးတို့မရှိတော့ပါ။ ခွန်းဆ မျက်နှာကို တည်ငြိမ်လေးနက်သည့် အကြည့်၊ နာကျင်ကြေကွဲခြင်း





ပြည့်သိပ်နေသည့် အကြည့်ဖြင့် ခွန်းဆက်မျက်နှာကို ခပ်စိမ်းစိမ်း စူးစိုက်ကြည့်လိုက်သည်။ ပြီးမှ သူမရင်ထဲက မျိုသိပ်ချုပ်တည်း ရင် နာနာနှင့် တစ်ခွန်းခြင်း အေးစက်စွာ ပြောလိုက်သည်။

"ခွန်းဆက်ဆိုတဲ့ဘက်က ဖွဲ့ဆိုတဲ့မိန်းကလေးကို ဘယ်လိုချစ် ကြောင်း၊ ဘယ်လိုမြတ်နိုးကြောင်းတွေ ပြောနေတဲ့အချိန်မှာ၊ အဲဒီ ခွန်း ဆက်ဆိုတဲ့လူကို ခွန်းဆက်က ဖွဲ့ကိုသိပ်ချစ်ပြနေသလို ချစ်နေတဲ့ မိန်းမတစ်ယောက် အကြောင်းရော ဆက်မသိချင်ဘူးလား"

"ဒါလီ"

ခွန်းဆက်ထံမှ သူမအမည်ကို ဟန့်တားသလို ခေါ်လိုက်သံကို ဒါလီဂရုမစိုက်ဘဲ သူမပြောချင်တာကို ဆက်ပြောလိုက်သည်။

"သိပ်လည်း မကြောက်ပါနဲ့ဆက်၊ ဒါလီပြောမယ့် အမှန်တရား တွေကို ခွန်းဆက်နားထောင်ပြီးရင် ဒါလီ့ရင်ထဲမှာလည်း ဆက်နဲ့ ပတ်သက်ပြီးတာတွေ ဘယ်လိုဖြစ်နေတယ်ဆိုတာ ဆက်ကို သိစေချင် တာတစ်ခုတည်းပါ"

"ဆက်ဆိုတဲ့ ခွန်းဆက်ဆိုတဲ့ ယောကျ်ားတစ်ယောက်ကို ဒါလီ ဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ ဆက်သိလား"

"မပြောပါနဲ့တော့ ဒါလီရယ်"

"ပြောရမယ် ဆက်"

"ဆက်ကြောင့် ဒါလီနှလုံးသားမှာ နောက်ထပ်နာကျင်စရာ မရှိတော့ဘူး၊ ဒီထက်ပိုပြီး ကြေကွဲစရာမရှိဘူး"

ခွန်းဆက် တားနေသည့်ကြားက ဒါလီက သူပြောချင်သည့် စကားကို ဆက်ပြောသည်။

"ဒါလီဆိုတာ ဘယ်လိုမိန်းမလဲဆိုတာ ဆက်အသိဆုံးပါ၊ အရာ



www.burmeseclassic.com

www.burmeseclassic.com



ရာကို ရဲရင့်ပြတ်သားခဲ့တဲ့ မိန်းမ၊ မာန်မာနကြီးခဲ့တဲ့ မိန်းမက ဆက်ကို ချစ်တဲ့ အချစ်တစ်ခုတည်းနဲ့ အရူးတစ်ယောက်လို ရူးခဲ့တာ ဆက်သိစေချင်လို့"

"ကိုယ် တောင်းပန်ပါတယ် ဒါလီ၊ ဒါလီအပေါ်မှာ ကိုယ် မတရားဘူးဆိုတာလည်း သိပါတယ် ဒါပေမယ့် တစ်ခုတော့ ကိုယ် ဝန်ခံတယ်၊ အကယ်၍ ဖွဲ့သာ ကိုယ့်မျက်စိရှေ့မှာ ဒီလိုဖြစ်မသွားခဲ့ဘူးဆိုရင် ဖွဲ့ကို ကိုယ်ရင်ထဲက အချစ်တွေ ဘယ်တော့မှ ထုတ်ပြောပစ်မှာမဟုတ်ဘူး ဒါလီ"

"အဲဒီလိုပဲ ကိုယ်လက်ထပ်မယ့် မိန်းကလေးဟာလည်း ဖွဲ့ဖြစ်လာစရာ အကြောင်းမရှိဘူး..."

"ဒါလီကို ဟျားရည်နဲ့ဝမ်းချနေကာလား ဆက်"

"ကိုယ့်ကို ဒါလီကြိုက်သလို ထင်ပါ ကိုယ် ဒီထက်ပိုရှင်းမပြတတ်ဘူး"

ဒါလီတို့နှစ်ယောက် တစ်ယောက်မျက်လုံးကိုတစ်ယောက် စူးစူးနှစ်နှစ် ကြည့်လိုက်ကြသည်။ ဘယ်သူမှအကြည့်ကို မလွှဲ။ ဒါလီ မျက်နှာကို စိတ်မကောင်းသလို ကြည့်နေသည့် ခွန်းဆက်မျက်နှာပေါ်က ကြေကွဲရိပ်ကို မြင်လိုက်တော့မှ ဒါလီ့ရင်ထဲ အသိတရားတစ်ခု ဖျတ်ခနဲ ဝင်လာသည်။

ဒါလီချစ်တဲ့ ယောကျ်ားက ဒါလီကို ပြန်မချစ်တာနဲ့ပဲ အဲဒီလူကို နာကြည်းမုန်းတီးပစ်လိုက်ရတာဟာ တရားမျှတရဲ့လား။

ဒါလီက ခွန်းဆက်ကို သေလောက်အောင် ချစ်နေချိန်မှာ ခွန်းဆက်ကိုယ်တိုင် ဖွဲ့ကို သူ့ဘဝတစ်ခုလုံးကို ထိုးအပ်ပစ်ဖို့ ဝန်မလေးတဲ့အထိ တခြားတစ်ယောက်ကို ချစ်သွားမိတာ ခွန်းဆက်အပြစ်လား။



တကယ်တော့ အချစ်ဆိုတာ လုပ်ကြံဖန်တီးလို့မရတဲ့ အရာဆိုတာ ဒါလီကိုယ်တိုင် ခံစားနားလည်ထားခဲ့ပြီးသားပါ။ ဒါလီက မချစ်နိုင်ပေမယ့် ဒါလီကိုမှ ချစ်ခင်စွဲလန်းနေသည့် ယောကျ်ားတွေ ဒါလီနားမှာ အခုချိန်ထိ ရှိနေသေးတာကို ဒါလီမေ့နေခဲ့သည်။

ခွန်းဆက်ကို နှလုံးသားမရှိတဲ့လူလို့ ဒါလီစိတ်ထဲက ကျိတ်အပြစ်တင်နေချိန်မှာ ဒါလီအချစ်ကို မရနိုင်သည့် တခြားယောကျ်ားတွေကရော။ ဒါလီကို နှလုံးသားမရှိတဲ့ မိန်းမလို့ အပြစ်တင်နေကြမှာ သေချာသည်။

"ဒါလီ"

"ဟင်"

"ကိုယ့်ကို ရိုက်ပါ"

"ဘာဆိုင်လို့လဲ"

နွမ်းညှိုးသည့် မျက်ဝန်းအစုံဖြင့် အပြစ်ကင်းစင်နေသည့် ခွန်းဆက်မျက်နှာကိုကြည့်ပြီး ဒါလီရယ်လိုက်သည်။

ဆက်ရယ်။

ဘာလို့များ ဒီလောက်ချစ်စရာကောင်းအောင် ရိုးသားပြနေရတာလဲ။ ဒါလီချစ်တဲ့သူပျော်ရင် ဒါလီလည်း ကိုယ့်ချစ်သူပျော်သလို လိုက်ပျော်ပေးရမှာ မဟုတ်လား။

"ဆက်မှာ အပြစ်မရှိပါဘူး ဆက်ရယ်၊ တကယ်အပြစ်ရှိတာက ဒါလီပါ"

"ဒါလီမှာ ဘာအပြစ်မှ မရှိပါဘူးဟာ"

ဆက်ကိုချစ်မိတာက လွဲရင်ပေါ့ ဆက်ရယ်။

"ဆောရီးပဲဆက်၊ ဒါလီ ဆက်ကို စိတ်မကောင်းဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်လိုက်မိတယ်''

သွေးအေးစွာ တွေးနိုင်လာချိန်မှာ ဒါလီ ခွန်းဆက်ကို တောင်းပန်စကားဆိုတော့ ခွန်းဆက်က ဒါလီ့နှုတ်ခမ်းကို သူ့လက်နှင့်အသာလာထိသည်။

''ကိုယ့်ကို ခွင့်လွှတ်ပါ ဒါလီရယ် ကိုယ်လေ…''

''တော်ပြီ… အခုချိန်ကစပြီး ဒါလီ အရူးထတာတွေကို ဆက်မေ့လိုက်တော့ ဒါလီလည်း မေ့လိုက်ပြီ ဒါလီကိုသာ ဖွဲ့နဲ့မိတ်ဆက်ပေးတော့''

''ဒါလီရယ်''

ပြောမနာဆိုမနာ ငယ်ဘဝထဲက အတူကြီးပြင်းလာခဲ့ရသည့် ငယ်သူငယ်ချင်းမလေးအတွက် ခွန်းဆက်ရင်ထဲ မကောင်းပေမယ့် အချစ်ဆိုတာ ဘယ်သူ့ကိုမှ မျက်နှာမလိုက်။ သူချစ်ချင်သူကိုသာ ချစ်တတ်သည့် နှလုံးသား၏ အလိုဆန္ဒကို ဘယ်လိုလူသားမှ မလွန်ဆန်နိုင်သည့်အဖြစ်ကို အခုချိန်မှာ ခွန်းဆက်နားလည်သလို ဒါလီလည်း နားလည်သွားပြီဟု ထင်သည်။

မျက်ရည်တွေနှင့် ပြုံးနေသည့် ဒါလီကိုကြည့်ပြီး ခွန်းဆက်ကိုယ်တိုင်က ဒါလီ့နဖူးပြေပြေလေးကို ထိသည်ဆိုရုံ ဖွဖွရှိုက်နမ်းလိုက်သည့် အခိုက်မှာ ဒါလီပါးပြင်ပေါ် မျက်ရည်ပေါက်ကြီးတွေ ဝေါခနဲ ပြိုဆင်းသွားသည်။



## အခန်း (၁၆)

ဖွဲ့လက်ထဲ ရောက်လာသည့် သရဖုန်းနံပါတ်ကိုကြည့်ပြီး ဖွဲ့ရင်တွေ တဒိတ်ဒိတ် ခုန်နေသည်။ ခြောက်လတိတိ ဘာသတင်းမှ ကြားရသည့် သရ၏ သတင်းကို ဖွဲ့အချစ်ဆုံး သူငယ်ချင်း ဝင်ဒီ ဘတစ်ဆင့် ရခဲ့ခြင်း ဖြစ်သည်။ ဒါကလည်း ဝင်ဒီ တော်လို့မဟုတ်။ ဝင်ဒီဦးလေး အထူးကုဆရာဝန်ကြီးကတစ်ဆင့် မထင်မှတ်ဘဲ သရအကြောင်းကြားရ၍ ဝင်ဒီက သရနှင့်ဆက်သွယ်လို့ရသည့် ဖုန်းကို သိရမယ်ရ မှတ်ထားပေးခြင်း ဖြစ်သည်။

''သရ အခြေအနေက စိတ်ချရပြီဆိုပေမယ့် သူ့ခန္ဓာကိုယ်အစိတ်အပိုင်းတော်တော်များကို ခွဲစိတ်ထားရတာဆိုတော့ သူ့အိမ်မှာပဲ ဆရာဝန်၊ ဆရာမတွေထားပြီး ဆေးကုမှု လုပ်နေရတုန်းလို့ ပြောတယ်''

''နင်တို့အဖြစ်ကို ကြားရတာ စိတ်မကောင်းလွန်းလို့ ငါဟာ နှစ်ယောက်စလုံး အမြန်ဆုံး ကျန်းမာပါစေလို့ ဝင်ဒီ ဆုတောင်းပေးတယ် သူငယ်ချင်းရယ်''



www.burmeseclassic.com

www.burmeseclassic.com



ဝင်ဒီက ဖွဲ့တို့အဖြစ်ကို အစအဆုံး သိထားသည့် ဖွဲ့၏ တစ်ဦး တည်းသော သူငယ်ချင်းဖြစ်သည်။ တခြားဘယ်သူလာလာ ဖွဲ့ လုံးဝအတွေ့မခံပေမယ့် ဝင်ဒီနဲ့ကျတော့ ဖွဲ့က လက်ခံတွေ့ဆုံသည် သူ့ရင်ထဲက ခံစားချက်တွေကို ရင်ဖွင့်သည်၊ ငိုသည်။ ဝင်ဒီက ဖွဲ့ ကြည့်ပြီး စိတ်မကောင်း၊ သရအကြောင်း သိချင်သည်ဟု ပြောထာ သည့် စကားကြောင့် ဖွဲ့အတွက် သူသိတာလေးတွေပြောပြီး သရ ဆက်သွယ်လို့ရသည့် ဖုန်းနံပါတ်ကိုပေးခြင်း ဖြစ်သည်။

ဖွဲ့ကို သရ ဘယ်လောက်ချစ်လဲဆိုတာကို ဖွဲ့သိသည်။ နားလည် သည်။ ဖွဲ့ကိုယ်တိုင်လည်း သရကို ဘယ်လောက်ချစ်လဲဆိုတာ သ နှင့် တကယ်ဝေးရမှ သိလာသည်။ အခုအချိန်မှာ သရ ဘာတွေ ဖြစ်နေလဲ၊ ဘယ်လိုခံစားနေရလဲဆိုတာ ဖွဲ့သိချင်သည်။ သရနှင့် စကား ပြောချင်သည်။

သရကိုယ်တိုင်လည်း ဖွဲ့လိုဖြစ်နေမည်ဟု ထင်သည်။ ဖွဲ့အသံ မမျှော်လင့်ဘဲ သရကြားရရင် ဘယ်လောက်ပျော်သွားမလဲဟု တွေးရင်း ဝင်ဒီယူလာပေးသည့် ဖုန်းနံပါတ်ကို တစ်ခုချင်း နှိပ်လိုက်သည်။

"ဟဲလို"

တစ်ဖက်က ဖုန်းထူးသံကြောင့် ဖွဲ့ရင်ထဲ ဒိတ်ခနဲ ဖြစ်သွားသည်

"ဟဲလို"

"သရနဲ့ ပြောချင်လို့ပါရှင်"

ဖွဲ့အသံကြောင့် တစ်ဖက်က ငြိမ်သွားသည်။ ဖုန်းကိုင်သူက အမျိုးသမီးတစ်ယောက် ဖြစ်သည်။

"အခုပြောနေတာ ဘယ်သူလဲ"

"သရသူငယ်ချင်းပါ"





"နာမည်ကို ပြောပါဦး"

"ဖွဲ့ပါ"

"ဘာ…"

သူမကို စစ်ဆေးနေသည့် အမျိုးသမီးထံမှ ဖွဲ့အမည်ကို ကြား တာလား၊ မကြားတာလားမသိ။

"ခုနက နာမည်ကို ပြန်ပြောပါဦး"

"ဖွဲ့နာမည် ဖွဲ့ပါ အန်တီ"

"သြော်… ဘယ်သူများလဲလို့ သားဘဝကို အခုလိုဖြစ်အောင် လုပ်လိုက်တဲ့ မိန်းကလေးပဲ"

တစ်ဖက်က တင်းမာပြတ်သားသည့် အသံပိုင်ရှင်မှာ သရမာမီ ဟု သိလိုက်ရချိန်မှာ ဖွဲ့ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ သူမကို သရတို့ဘက်က ဒီလိုပုံစံမျိုးနှင့် တင်းမာခက်ထန်စွာ ဆက်ဆံလာလိမ့် မည်ဟု မထင်ခဲ့။ ဖွဲ့ အံ့သြနေချိန်မှာ သရမိခင်ဖြစ်သူထံမှ စကားသံ တင်းတင်းကို ဖွဲ့ဆက်ကြားလိုက်ရသည်။

"ဒီမှာ… ကလေးမ၊ နောက်ဘယ်တော့မှ အန်တီသားကို ဆက်သွယ်ပါနဲ့၊ မင်းလို မိန်းကလေးနဲ့လည်း သားကိုဘယ်တော့မှ သဘောတူမှာ မဟုတ်ဘူးဆိုတာ မြဲမြဲမှတ်ထား၊ ဒီအကြောင်း ကလေးမ အစ်ကိုကိုလည်း အပြတ်ပြောထားပြီးသား ဒီကြားထဲ ဆက်သွယ်လာ ရင်တော့ ကလေးမမိဘတွေကို ကိုယ့်သားသမီးကို နိုင်အောင်ထိန်းထား ပါ၊ သားရှင်ဘက်က လုံးဝသဘောမတူပါဘူးဆိုတာကို ထပ်ပြီး သတိ ပေးရလိမ့်မယ်"

"တီ"

ဖွဲ့ဘာမှ ပြောခွင့်မရလိုက်။



www.burmeseclassic.com

www.burmeseclassic.com



သရမာမီက သားသမီးချင်း မစာမနာ တင်းမာခက်ထန်စွာ သူ ပြောချင်တာပြောပြီး ဖုန်းချသွားချိန်မှာ ဖွဲ့အခန်းထဲ ဝင်လာသူက မာမီ။

"သမီးဖွဲ့"

"မာမီ"

"ဟဲ့… ဟဲ့ သမီးဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့ ဒီလောက်ငိုနေတာလဲ၊ မာမီ့ကို ပြောပါဦး သမီး ရယ်"

မိခင်ဖြစ်သူ ရင်ခွင်ထဲ ခေါင်းတိုးဝင်ပြီး ရှိုက်ကြီးတငင် ငို လိုက်သည့် ဖွဲ့ကိုကြည့်ပြီး ဒေါ်ရှုဘီလန့်သွားပြီး ဖွဲ့ကိုယ်လေးကို တင်းကျပ်စွာ ဖက်ထားရင်း သမီးဖြစ်သူ အခုလို ဝမ်းပမ်းတစ်နည်း ကြေကွဲစွာ ရှိုက်ငိုနေသည့် အကြောင်းအရင်းကို စဉ်းစားမရ ဖြစ်နေ

"သမီးဖွဲ့"

"ဟင့်အင်း… ဟင့်အင်း… ဖွဲ့ကို ဘာမှမမေးပါနဲ့ မာမီရယ် ဖွဲ့ ငိုပါရစေ… ဖွဲ့ကို ငိုခွင့်ပြုပါ မာမီရယ်"

"မဟုတ်သေးဘူးလေ သမီး၊ သမီးဘာလို့ငိုလဲဆိုတာ မာမီ လည်း ပြောဦးမှပေါ့၊ ဒါမှ မာမီ့သမီးလေး ဘာဖြစ်လို့ အခုလိုဖြစ် တယ်ဆိုတာ မာမီက သိမှာမဟုတ်လား"

ဒေါ်ရှုဘီက ဖွဲ့ဦးခေါင်းလေးကို ဖွဖွပုပ်၍ သူသိချင်တာ ချော့မော့နစ်သိမ့်ရင်း မေးသည်။ သမီးဖြစ်သူ မကြာခဏ ငိုတတ်တာ သိပေမယ့် အခုဖွဲ့ ငိုနေသည့်ပုံက အရင်ငိုနေကျ တွေ့မြင်နေကျ ငို နေသည့်ပုံစံနှင့် မတူ၍ ဒေါ်ရှုဘီ ဖွဲ့မျက်နှာလေးကို မော့ယူပြီး ပါးပြင် ပေါ်က မျက်ရည်တွေကို ဖယ်ရှားသည်။





"သမီးကို ခွင့်လွှတ်ပါ မာမီ"

"မာမီ သမီးက ဘာအပြစ်တွေ လုပ်ထားလို့ မာမီက ခွင့်လွှတ် ရမှာလဲကွယ်… မာမီသမီးလေး ဖွဲ့က မာမီအတွက် သမီးလိမ္မာ လေးပါ"

မိခင်ဖြစ်သူစကားကြောင့် ဖွဲ့ရင်ထဲ ပိုနာသွားသည်။ သရမာမီ နဲ့ ကိုကိုကြီးတို့ ဒီကိစ္စကို သိနေခဲ့ကြတာလဲ။ ဖွဲ့ ဘာဆိုဘာမှမသိ။ ဖွဲ့သိအောင်လည်း ဘယ်သူကမှ ဖွင့်မပြောခဲ့ကြတာ ဖွဲ့ကိုအပြစ်တင် ချင်လို့ မုန်းလို့မဟုတ်တာ သေချာသည်။ ဖွဲ့ ခံစားရမှာကို မကြည့် ရက်လို့။ ဖွဲ့ကိုသနားလို့ ဒီစကားတွေ ဖွဲ့မသိအောင် တမင်ထိန်ချန် ပေးထားခြင်းဟု အခုမှ ဖွဲ့နားလည်လာသည်။

ကာယကံရှင်ဖြစ်သည့် ဖွဲ့ကိုယ်တိုင် သရမာမီစကားကြောင့် ရင်ကွဲပက်လက် မခံချိမခံသာ နာကျင်အရှက်ရခဲ့လျှင် ကိုကိုကြီးမင်းဘွဲ့ လို ကိုယ့်ညီမလေးကို သားရှင်ဘက်က ရင့်သီးမောက်မာစွာ ရိုင်းရိုင်း ပျပျ ဆက်ဆံခဲ့သည့်အပေါ်မှာ ယောကျာ်းတစ်ယောက်အနေနဲ့ သမီး ရှင်တစ်ယောက်အနေနဲ့ ဘယ်လောက်များ ခံပြင်းခဲ့မှာပါလိမ့်။

ဘယ်လောက်ရှက်ရွံ့ ခါးသီးခဲ့မှာပါလိမ့်။

"သမီးဖွဲ့"

"ရှင်… မာမီ"

"သမီးမှာ မာမီကို တစ်ခုခု ပြောစရာရှိနေလားဟင်"

ဖွဲ့ မိခင်ဖြစ်သူ မျက်နှာကို မျက်ရည်တွေကြားက စိတ်ထိခိုက် စွာ ငေးငေးလေး ကြည့်လိုက်သည်။ တစ်ချိန်လုံး မာမီအပါအဝင် ကိုကိုကြီးမင်းဘွဲ့၊ မမန္တတို့က ဖွဲ့ကို ဦးခွန်းဆက်နှင့် လက်ထပ်စေချင် ခဲ့ကြသည်။ ဖိအားပေးတိုက်တွန်းခဲ့ကြသည်။ အဲဒီတုန်းက ဖွဲ့က



www.burmeseclassic.com

www.burmeseclassic.com



လက်မခံ ခါးခါးသီးသီး ငြင်းခဲ့သမျှ ဘာကြောင့် မာမီတို့ ဦးခွန်းဆက်နှင့် ဖွဲ့ကို လက်ထပ်စေချင်ရတာလဲဆိုသည့် အဖြေကို ဖွဲ့အခုမှ နားလည်လာခဲ့ရပါပြီ။

"မာမီ"

"ပြောလေ... သမီး"

မာမီအသံက နူးညံ့သိမ်မွေ့နေသည်။

ချစ်ခြင်းတို့ဖြင့် လှိုက်လှဲနွေးထွေးနေ၏။ သရတို့ဘက်က ဖွဲ့နှင့် သူ့သားကို လုံးဝသဘောမတူကြောင်း သရမာမီကိုယ်တိုင် ပြောခဲ့တာကို ကိုကိုကြီးမင်းဘွဲ့သိသလို မာမီလည်း သိနေခဲ့ပေမယ့် ဖွဲ့ကို ဘာမှ မပြောခဲ့သည့် မာမီ။

ဖွဲ့ကို စိတ်ချမ်းသာအောင် ထားခဲ့သည့် မိသားစုကို ဖွဲ့ကရော ဘာလို့ သူတို့စိတ်ချမ်းသာအောင် မထားနိုင်ရမှာလဲ။

"ဖွဲ့ ဦးခွန်းဆက်ကို လက်ထပ်ပါတော့မယ်လို့ ပြောချင်လို့ပါ"

"မာမီ့ဝမ်းသာလိုက်တာ သမီးရယ်၊ မာမီ့ဘဝမှာ မာမီအဖြစ်ချင်ဆုံး ဆန္ဒကို ဖြစ်ခွင့်ရအောင် ဖြည့်ဆည်းပေးတဲ့ မာမီ့သမီးလေးကို မာမီ သိပ်ကိုကျေးဇူးတင်ပါတယ်ကွယ်"

"ဖွဲ့ကသာ မာမီကို ကျေးဇူးတင်ရမှာပါ မာမီရယ်၊ ဖွဲ့ကို မာမီတို့ စိတ်ချမ်းသာအောင် ထားသလို ဖွဲ့ကြောင့်လည်း မာမီတို့ ဘယ်တော့မှ စိတ်မဆင်းရဲစေရဘူးလို့ ဖွဲ့ကတိပေးပါတယ်"

"ဖွဲ့ မာမီ့သမီးလေးရယ်"

သားအမိနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ပွေ့ဖက်မိကြသလို နှစ်ယောက်စလုံး ရင်မှာခံစားချက်ကိုယ်စီဖြင့် စီးကျလာသည့် မျက်ရည်တွေကို ဘယ်သူမှ မတားဆီးနိုင်ကြပါ။ ဖွဲ့





စိတ်ချမ်းသာ ပျော်ရွှင်တာ မြင်ရရင် ဖွဲ့ကျေနပ်ပါပြီ။ သရမာမီ ပြောခဲ့သည့် စကားတွေကို ဖွဲ့ဘယ်သူ့ကိုမှ ပြန်ပြောရန် စိတ်မကူး။ သူမဘဝ၏ နောက်ဆုံးအချိန်အထိ ဖွဲ့နှလုံးသားထဲမှာသာ သိုဝှက်သိမ်းဆည်းထားရန် ဆုံးဖြတ်ပြီးဖြစ်သည်။

မိသားစုက ဖွဲ့ကိုငဲ့ညှာသလို ဖွဲ့ကလည်း ဖွဲ့မိသားစုကို ငဲ့ညှာရမည်။ သရကိုချစ်သည့် အချစ်စိတ်တွေက ဦးခွန်းဆက်ကို လက်ထပ်တော့မည်ဟု ဆုံးဖြတ်ပြီးသည်နှင့်တစ်ပြိုင်နက် သရနှင့်ပတ်သက်သမျှ အားလုံးကို မေ့ကွယ်ဖျောက်ဖျက်ပစ်လိုက်သည်။ မာမီက ဖွဲ့ဦးခွန်းဆက်ကို လက်ထပ်ပါတော့မည်ဆိုသည့် မင်္ဂလာသတင်းကို မိသားစုကြားမှာ ပထမဆုံး ကြေညာသည်။ အားလုံးပျော်ကြသည်။ ရယ်သံတွေ ဆူညံသွားသည်။

ဖွဲ့ကို ချီးကျူးကြသည်။ ကျေးဇူးတင်ကြသည်။ ဖွဲ့လိမ္မာကြောင်း ပြောကြသည်။ အရင်ဆိုရင်တော့ ထိုစကားတွေကို ဖွဲ့နားလည်မှာ မဟုတ်။ ချီးကျူးကြသော ကျေးဇူးတင်ကြသော လိမ္မာကြသည်ဆိုသော မိသားစုစကားအောက်မှာ နက်ရှိုင်းသော အဓိပ္ပါယ် လေးနက်ကျယ်ပြန့်သော လူမှုအသိုင်းအဝိုင်းတစ်ခု၏ အရှက်နှင့်သိက္ခာတို့ ပါဝင်နေခြင်းကို အခုမှ ဖွဲ့သိလာသည်။ နားလည်လာခဲ့ရပါပြီ။

"ဖွဲ့"

"ရှင်"

"ကိုယ့်ရင်တွေ စမ်းကြည့်ပါဦး ဖွဲ့ရယ်"

"ဘာဖြစ်နေလို့လဲ"

"ရင်တွေသိပ်ခုန်နေလို့"

ဦးခွန်းဆက်မျက်နှာကိုကြည့်ပြီး ဖွဲ့မရည်ရွယ်ဘဲ မျက်လွှာချ



www.burmeseclassic.com

www.burmeseclassic.com



ရွယ်လိုက်မိတော့ သူကရယ်သည်။

“ကိုယ်တကယ် ပြောနေတာဖွဲ့၊ ကိုယ့်ဘဝမှာ ဒီနေ့အပျော်ဆုံးနေ့ပဲ”

“နောက်လည်း ဒီလိုအပျော်နေ့တွေပဲ အမြဲဖြစ်နိုင်ပါစေလို့ ဖွဲ့ဆုတောင်းပါတယ်”

“တောင်းတဲ့ဆုနဲ့ ပြည့်စေဗျာ”

ပြုံးနေသည့် ဦးခွန်းဆက်မျက်နှာကိုကြည့်ရင်း ဖွဲ့မျက်ဝန်းထဲ သရပုံရိပ်က ဖျတ်ခနဲ ရောက်လာတော့ ဖွဲ့ရင်ထဲ ကျင်ခနဲ ဖြစ်သွားသည်။

“ဖွဲ့ကိုချစ်တယ်”

သရအသံတိုးတိုးလေး ဘယ်နေရာက ဖွဲ့ထံရောက်လာတာလဲ။ ဖွဲ့ခေါင်းခါလိုက်သည်။ ဘာဖြစ်လို့ ဒါတွေကို သတိရနေရတာလဲ။ သရဆိုတာ ဦးခွန်းဆက်ကို လက်ထပ်တော့မယ်ဆိုကတည်းက ဖွဲ့နဲ့ ဘယ်လိုမှ သက်ဆိုင်ပတ်သက်ခြင်း မရှိတော့သည့် လူစိမ်းတစ်ယောက် ဖြစ်သွားပြီ မဟုတ်လား။

“ကိုယ်တို့ လက်ထပ်ပြီးရင် ဖွဲ့သွားချင်တဲ့ နေရာအနှံ့ကို လိုက်ပို့မယ်”

ဦးခွန်းဆက်အသံက ချစ်ခြင်း၊ ကြင်နာခြင်းတို့ ပြည့်လျှမ်းလျက်။ ဖွဲ့ကို သူ ဘယ်လောက်ချစ်လဲ၊ ဘယ်လောက်မြတ်နိုးလဲဆိုတာ သူ့အပြုအမူ အပြောအဆိုတွေက ဖော်ပြနေ၍ ဦးခွန်းဆက်လို လူတစ်ယောက်ရဲ့အချစ်ကို ရလိုက်သည့် ဖွဲ့ကိုယ်တိုင် ကျေးဇူးတင်ပါသည်။

“ဖွဲ့ ဘယ်မှမသွားချင်ပါဘူး”

“ဘာဖြစ်လို့လဲ”





သူက ဖွဲ့စကားကို နားမလည်စွာ မေးလာ၍ ဖွဲ့ သူ့မျက်နှာကို မကြည့်ပဲ သူသိချင်တာကို ဖြေလိုက်သည်။

“ဖွဲ့က လူကောင်းမှမဟုတ်ပဲ ဦးခွန်းဆက်ရယ်၊ ဒီလိုပုံနဲ့ ဘယ်လိုလုပ်သွားရမှာလဲ”

“ဖွဲ့နားမှာ ကိုယ်ရှိနေပြီလေ၊ ကိုယ်က ဖွဲ့ရဲ့ကိုယ်ရံတော်၊ သက်တော်စောင့်ပဲ ကိုယ်သွားတဲ့နေရာတိုင်း ဖွဲ့ကို ကိုယ်ကခေါ်သွားမှာ”

တက်ကြွလန်းဆန်းနေသည့် ဦးခွန်းဆက်ပုံစံက ဖွဲ့လမ်းမလျှောက်နိုင်သေးသည့်အပေါ်မှာ ဘာတစ်ခုမှ မခံစားရသလိုပါလား။

“ဖွဲ့ကို စိတ်မညစ်ဖူးလားဟင်”

သူမ သိချင်တာကို ဖွဲ့မေးလိုက်တော့ သူက ဖွဲ့မျက်နှာလှလှလေးကို မျက်လုံးလက်လက်တွေနှင့် ရူးစိုက်ကြည့်ပြီး ပြုံးသည်။

“အမှန်အတိုင်း ပြောရရင် ဖွဲ့ကို ကိုယ်က စိတ်ညစ်နေတာမဟုတ်ဘူး သိပ်ချစ်နေတာ”

“ဖွဲ့ကို ကိုယ်ချစ်တယ်”

“ဦးခွန်းဆက်ရယ်”

လူကြီးရှက်တော့ ရယ်ဆိုတာ ဒါလားမသိ။ ဖွဲ့ကို ချစ်ကြောင်းပြောပြီး ဦးခွန်းဆက်က သူ့စကားသူ သဘောကျသလို မျက်နှာနီနီနှင့်ရယ်နေ၍ ရယ်လိုက်မှ ပို၍ချစ်စရာကောင်းသွားသည့် ဦးခွန်းဆက်မျက်နှာချောချောကို ဖွဲ့လိုက်ငေးနေမိသည်။ သိပ်မကြာခင်မှာ၊ ဒီလူဟာဖွဲ့ရဲ့ အရှင်သခင်။ ဖွဲ့ရဲ့ အိမ်ထောင်ဘက်။ ဖွဲ့ရဲ့ ဘဝလက်တွဲဖော်ဖြစ်လာရတော့မှာပါလားဟု တွေးလိုက်မိတော့ ဖွဲ့ရင်ထဲ အမျိုးအမည်ဖော်ပြရခက်သော ဝေဒနာတစ်ခု အရှိန်ပြင်းပြင်း ဖြတ်ဆင်းသွားသည်။

တစ်ခုပေါ့ ဦးခွန်းဆက်ကို ဖွဲ့ကျေးဇူးတင်သည်။ ဖွဲ့ကိုချစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ပြောသွားပေမယ့် သူ့ကို ဖွဲ့ချစ်သလားလို့ တုံ့ပြန်မေးခြင်း မပြုသည့်အတွက်ပါ။ တကယ်မေးလာခဲ့ရင်လည်း ဦးခွန်းဆက် အဖြေ အတွက် ဖွဲ့မှာ အဖြေမရှိ။

ဖွဲ့ဆန္ဒအတိုင်း မင်္ဂလာပွဲကို အကျဉ်းချုံး၍ စီစဉ်ကြသည်။ တရားရုံးမှာ လက်မှတ်ထိုး။ မင်္ဂလာဆွမ်းကျွေးလောက်နှင့် ပြီးရတာကို သတို့သမီးကိုယ်တိုင် ကျေနပ်ပါသည်ဆိုတော့ တခြားဘယ်သူမှ ဘာ စကားမှမဆိုတော့။ တရားရုံးမှာ လက်မှတ်ထိုးသည့်နေ့က ဒါလီပါ လာသည်။

ဖွဲ့နှင့် မိတ်ဆက်ပေးတော့ ဒါလီ့ပုံစံက လှိုက်လှိုက်လှဲလှဲ။ ဖွဲ့အတွက်ဟုဆိုကာ စိန်လက်စွပ်တစ်ကွင်း လက်ဖွဲ့အဖြစ် ဖွဲ့လက်မှာ သူမကိုယ်တိုင် ဝတ်ပေးသည်။ ထိုလက်စွပ်က တခြားလက်စွပ်မဟုတ်။ ခွန်းဆက်နှင့်ဒါလီ စေ့စပ်ပွဲမှာ ခွန်းဆက်မာမီကိုယ်တိုင် ဒါလီကို ပေး ခဲ့သော လက်စွပ်ဖြစ်သည်။

"မင်္ဂလာဆွမ်းကျွေးတော့ မမဒါလီ လာနိုင်မှာ မဟုတ်ဘူးဖွဲ့။ ဒီနေ့ပဲ ဩဇီကို ပြန်မှာဆိုတော့ ညီမလေးတို့ကို တစ်ခါတည်း နှုတ်ဆက် ခဲ့တယ်နော်"

လှပသည့် မမဒါလီနှင့် ချောမောခန့်ညားသော ခွန်းဆက်တို့၏ အချစ်ဇာတ်လမ်းလေးကို ဖွဲ့မသိပေမယ့် သိပ်လှသည့် ဒါလီလို မိန်း ကလေးတစ်ယောက်လုံး သူ့နားမှာ ရှိနေပါလျက် ဖွဲ့လိုမိန်းကလေး ကိုမှ ဘဝလက်တွဲဖော်အဖြစ် ရဲရဲဝံ့ဝံ့ ရွေးချယ်လိုက်သော ဦးခွန်းဆက် ၏ သဘောထားကို ဖွဲ့နားမလည်နိုင်အောင် ဖြစ်နေသည်။

"ဦးခွန်းဆက်"

"ဟိုး··· ဒီလောက်နဲ့ တော်သင့်ပြီ ဖွဲ့"





"ရှင်··· ဦးခွန်းဆက် ဘာကိုပြောတာလဲဟင်"

"အဲဒီ ဦးခွန်းဆက်ဆိုတာကြီးကို ပြောတာ၊ အခုကိုယ်တို့က လက်ထပ်ပြီးသွားပြီ။ ဦးခွန်းဆက်ဆိုတာကြီးက လူကြားလို့ မကောင်း ပါဘူး။ ကိုယ့်ယောက်ျားကို တခြားနာမည်တစ်ခုခု ပြောင်းခေါ်ကြည့် ပါလား"

သူတောင်းဆိုတာ မလွန်၍ ဖွဲ့မျက်နှာနီနီနှင့် ရယ်နေတော့ သူက ဖွဲ့မျက်နှာလေးကို ချစ်စနိုးစူးစိုက်ကြည့်ပြီး ပြုံးနေသည်။

"ကိုကိုလို့ ခေါ်ရမှာလားဟင် ဦးခွန်းဆက်"

"ဟိတ်··· ဦးခွန်းဆက်ဆိုတာကြီးက ပါလာရတာလဲ"

"အင်း··· အဟင်း··· ဟင်း"

"ကိုကို"

"ဗျာ"

"အို··· ဘာလို့ လိုက်ထူးနေတာလဲ၊ ဖွဲ့က ကိုယ့်ဘာသာ ခေါ်ကြည့်နေတာကို···"

"ကိုယ်ကလည်း ကိုယ်ဘာသာ လိုက်ထူးကြည့်တာပါ"

သူပျော်နေတာကြည့်ပြီး ဖွဲ့ရင်ထဲက မောတာတွေ ငြိမ်းချမ်းသွား သလို ထင်မိသည်။

"ကိုလို့ပဲ ခေါ်မယ်ဆိုရင်ရော"

"ရတယ်၊ ကြိုက်သလိုခေါ် ဦးခွန်းဆက်လို့ မခေါ်ရင်ပြီးတာပဲ"

"ဒါဖြင့် ကိုလို့ပဲ ခေါ်တော့မယ်"

"ဖွဲ့သဘော"

"တစ်သက်လုံးလား"

"ဒါပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“ကျေးဇူးတင်ပါတယ်ကို”

“ဟော့… ဘာလို့ မျက်ရည်ကျရတာလဲ၊ မင်္ဂလာဦးမှာ မငို ကောင်းဘူး၊ ကလေးမျက်လုံး ပြူးတတ်တယ်ဆိုတာ ဖွဲ့မကြားဖူးဘူးလား”

“သွား… မဟုတ်တာတွေ လာပြောနေတယ်”

“ကဲ… ဒါဆို ဟုတ်တာတွေပဲ ပြောတော့မယ်”

“လာခဲ့”

“အို”

သတို့သမီးဝတ်စုံလှလှလေးနှင့် အလှကြီးလှနေသော ဖွဲ့ကိုကြည့်ရင်း စိတ်မထိန်းနိုင်တော့သလို ဖွဲ့ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲယူပြီး မျက်ရည်စတွေနှင့် သိပ်လှနေသည့် ဖွဲ့ပါးလေးကို ဖွဖွရှိုက်နမ်းလိုက်တော့ ဖွဲ့က ခွန်းဆက်ရင်ခွင်မှာ သူမကိုယ်လေးကို အသာမှီနွဲ့လိုက်သည်။

“သိပ်ချစ်တယ် ဖွဲ့ရယ်”

ဖွဲ့ရောပဲလို့ ဖွဲ့မပြောနိုင်ခဲ့ပါ။ သူကလည်း မမေး။

“ဖွဲ့”

“ရှင်”

“ကိုယ့်နားမှာပဲ တစ်သက်လုံး နေပါမယ်လို့ ကတိပေးနိုင်မလား ဟင်”

“ဖွဲ့က ကိုယ့်ဇနီးပါကိုရယ်၊ ဖွဲ့နှုတ်ဖျားက ကို့ကိုသိပ်ချစ်ပါတယ်လို့ အခုလောလောဆယ် ကိုစိတ်ချမ်းသာအောင် ပြောမပေးနိုင်ပေမယ့် ကို့အတွက် ဖွဲ့ဟာ အိမ်ထောင်ရှင်မကောင်း ဇနီးကောင်း ဖြစ်ရပါစေမယ်လို့ ဖွဲ့ကို့ကို ကတိပေးပါတယ် ကို”





“ဖွဲ့ဘဝမှာ ကိုကလွဲပြီး တခြားဘယ်သူမှ မရှိတော့ပါဘူး၊ ဖွဲ့ဘဝဟာ ကိုပါ၊ ကိုကသာ အခုချိန်ကစပြီး တစ်သက်လုံး ဖွဲ့နားမှာ နေပါလို့ ဖွဲ့က ပြောရမှာပါ”

“ကောင်းပြီ၊ ဖွဲ့ပြောသလို အခုရော နောင်ရော ဖွဲ့နားမှာနေမယ် ဟုတ်လား၊ အခုလောလောဆယ် ဖွဲ့ဆေးသောက်ရမယ် ကျန်းမာရေး လေ့ကျင့်ခန်းတွေ လုပ်ရမယ်…”

“ဟုတ်ကဲ့ပါကို”



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

အိပ်မက်တွေက တစ်ခုပြီးတစ်ခု။ ဆိုးတာတွေပါသလို ကောင်းတာတွေလည်း ပါသည်။ ပျော်စရာကြည်နူးစရာ တွေ့ရသည့် အိပ်မက်က လန့်နိုးလာချိန်မှာ သရ မျက်နှာချောချောက ကြည်လင်နေသော်လည်း ထိတ်လန့်ချောက်ချားစရာ အိပ်မက်ဆိုးက လန့်အနိုးမှာတော့ သရတစ်ကိုယ်လုံး ဇောချွေးတို့ စိုနစ်လျက်။ ငူးငူးဝါးဝါး အော်ဟစ်ရင်း နိုးလာတတ်မြဲ ဖြစ်သည်။

ကားအက်စီဒင့်ဖြစ်ပြီး နောက်မှာ ဒဏ်ရာအပြင်းအထန်ရသည့် သရကို ဘန်ကောက်ဆေးရုံကြီးမှာ အချိန်အတော်ကြာအောင် အထူးကုဆရာဝန်ကြီးတွေနှင့် တိုင်ပင်ကုသခဲ့ရသည်။ သရဒဏ်ရာက ပြင်းထန်သလို သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေသည့် သရကို သရမိဘနှစ်ပါးစလုံး စိုးရိမ်သောကကြီးစွာ သားဖြစ်သူနားက မခွာနိုင်အောင် ဖြစ်စေခဲ့သည်။

တစ်ဦးတည်းသော သား။ ရှိသမျှ စည်းစိမ်ချမ်းသာကို အမွေဆက်ခံမည့်သူအဖြစ် ငွေကိုသွန်ချသလို သားအသက်ရှင်သန်ရေးမှာ အသုံးပြုခဲ့ကြသည်။ ကံကောင်း၍ သရ ပြန်သတိရလာသည်။ သို့သော်





ဘာကိုမှ မမှတ်မိ။ ခန္ဓာကိုယ်မှာ ခွဲစိတ်ရတာတွေရှိသဖြင့် လူကလည်း ဆေးရုံခုတင်ထက်မှာ နှစ်လနီးပါးနေပြီးမှ ပြန်ဆင်းလာတော့ သရကို နလန်ပြန်ထအောင် အထူးကြပ်မတ်ကုသမှုတွေ ပြုခဲ့ရသည်။

ဒီနောက်ပိုင်းမှာ အသိတရား တချို့တဝက် သရပြန်သတိရလာသည်။ အလုံးစုံသိခြင်းတော့ မဟုတ်။ အရာရာ ဗိုးတစ်ဝါး ဖြစ်နေဆဲကာလမှာ သရမာမီ ဒေါ်အင်ကြင်းက သူ့သားကို ဘယ်သူနဲ့မှ အတွေ့မခံ။ ကျန်းမာရေး အခြေအနေ စိတ်ချရပြီဆိုမှ သရအချစ်ဆုံးသူငယ်ချင်းနှစ်ယောက်နှင့် ပေးတွေ့သည့်အထိ သရကျန်းမာရေးအတွက် စည်းကမ်းတင်းကျပ်မှုတွေ လုပ်ခဲ့သည်။

အခု သရ ကျန်းမာလာပါပြီ။ အရင် အသားအရေ စိုစိုပြည်ပြည်နှင့် အရင်သရပုံစံအတိုင်း ပြန်ဖြစ်လာပေမယ့် သရဆိုတာ အတိတ်မေ့လူသားတစ်ယောက် ဖြစ်နေသည်။ ကားအက်စီဒင့်ဖြစ်တုန်းက သူ့ခေါင်းကို ထိသွားသည်။ အချိန်အကြာကြီး သတိမေ့သွားပြီးမှ ပြန်သတိရလာတော့ သူ့ခေါင်းထဲမှာ ဘာဆိုဘာမှမရှိ။

ဒေါ်အင်ကြင်းက သူ့သားဘဝပျက်ပြီဟု ချုံးပွဲချငိုသည်။ ဆရာဝန်ကြီးက နောက်တော့ ဖြည်းဖြည်းချင်း ပြန်ကောင်းလာမှာပါဟု ဆိုပေမယ့် သူ့အဖြေက သေချာရေရာသည့် အထဲမှာမပါ။ သရ ဘယ်အချိန် သူ့ဘဝသူ ပြန်သတိရမည်ဆိုတာ ဘယ်သူမှ အတိအကျ မပြောနိုင်တော့ ဒီလိုဘဝမျိုးရောက်အောင် တွန်းပို့ခဲ့သော ဖွဲ့ဆိုသည့် မိန်းကလေးကို ဒေါ်အင်ကြင်း ခါးနေအောင် မုန်းသွားသည်။

မိန်းမတစ်ယောက်အတွက်နဲ့များ သားလေးရယ်။

ကိုယ့်သားသမီးအပြစ်ကို ဘယ်မိဘမှ မမြင်နိုင်ကြ။ အစွန်းလွန်သော အချစ်ဖြစ်၍လည်း ကိုယ့်သားသမီးသာ လူတော်လူကောင်း



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မြင်ပြီး တခြားသူအပေါ်မှာတော့ သားသမီးချင်း ကိုယ်ချင်းမစာနာနိုင်ခဲ့။ ကားအက်စီဒင့် ဖြစ်သည့်နေ့မှာ သရနှင့်အတူ ဒဏ်ရာပြင်းထန်စွာ ရသွားသည့် ဖွဲ့အပေါ်မှာ ဘာတစ်ခုမှ အကောင်းမမြင်။

ဒင်းကြောင့် ငါ့သား ဒီလိုဖြစ်ရတာဆိုသည့် တစ်ဖက်သတ်အတွေး။ တစ်ဖက်သတ်အမြင်နှင့် လူမမာသတင်း လာမေးသည့် ဖွဲ့အစ်ကိုကြီး ကိုမင်းဘွဲ့ကို ဒေါ်အင်ကြင်းက မောက်မာရင့်သီးစွာ ရိုင်းရိုင်းပျပျ ပြောဆိုပစ်ခဲ့သည်။ ထိုအတွက် ဒေါ်အင်ကြင်းမှာ နောင်တမရှိ။ တကယ်ဆို ဒီထက်မက ပိုပြောသင့်တာဆိုတာမျိုးသာ အမြဲတွေးဖြစ်ရတာကလည်း သရအခြေအနေက မြင်ရက်ကြည့်ရက်စရာ မရှိဖြစ်နေသည့်အချိန် ဖြစ်သည်။

ဖွဲ့ဆိုသည့် မိန်းကလေးကို မမြင်ဘူးပဲနဲ့ သားကိုဒုက္ခရောက်အောင် လုပ်သူအဖြစ် လုံးဝခွင့်မလွှတ်။ ဖွဲ့ဆိုသည့် မိန်းကလေးကိုယ်တိုင် ဖုန်းဆက်လာသည့်အချိန်မှာလည်း ထိုကလေးမကို ဒေါ်အင်ကြင်းအပြတ်ပြောခဲ့သည်။

ဒါမှ နောက်မဆက်သွယ်တော့မှာဟု ကိုယ်ပြောမိသမျှ စကားတိုင်းအားရကျေနပ်လျက် သားနားက မခွာ။ သရ ကျန်းမာရေးကလွဲပြီး ဘာဆိုဘာမှ စိတ်မဝင်စားနိုင်ဘဲ အနီးကပ်ပြုစု စောင့်ရှောက်မှုတွေကြောင့် သရ ပြန်ကျန်းမာလာသည်။ လူကောင်းပကတိ ဖြစ်လာသည်

အတိတ်ကိုတော့ ကောင်းစွာမသိ။ သူ့ဘာသာ သတိရလတတ်တာလေးတွေ ရှိနေချိန်မှာ ဒေါ်အင်ကြင်းကို ဟိုမေးဒီမေးမေး သူသိချင်တာလေးတွေကို အဖြေရှာသည်၊ စူးစမ်းသည် ဒေါ်အင်ကြင်း ဒါကိုသိ၍ ဖွဲ့နှင့်ပတ်သက်သမျှ ဘာတစ်ခုမှ သရ မမြင်မတွေ့အောင် ဖျက်ဆီးဖျောက်ဖျက်ပစ်သည်။





သရသူငယ်ချင်း တင်မောင်မောင် ပြောစကားအရ သရက ဖွဲ့ကို သိပ်ချစ်ကြောင်း ဒေါ်အင်ကြင်း သိခဲ့ရသည်။ သူကိုယ်တိုင် ဖွဲ့အမည်ကိုပင် ကြားချင်သူမဟုတ်၍ ဖွဲ့အကြောင်း ပြန်သတိရပြီး သူ့နားက သားဖြစ်သူ ပြန်ထွက်သွားမှာမျိုး အလိုမရှိ။ ဖွဲ့နဲ့ပတ်သက်ပြီး ဘာတစ်ခုမှ အသိမပေးပါနှင့် သတိရအောင် မလုပ်ပါနှင့်ဆိုတာမျိုး သားသူငယ်ချင်းတွေကိုလည်း သတိပေးထားသည်။

ဒေါ်အင်ကြင်းစကားကို အစက သရသူငယ်ချင်းတွေကိုယ်တိုင် သဘောမတူကြ။ သူတို့က ဆေးပညာရှုထောင့်ကရော။ လူမှုရေးရှုထောင့်ကပါ သရနှင့် ဖွဲ့ကို တွေ့ပေးချင်ကြသည်။ သူတို့ချင်း တွေ့ဆုံလိုက်မှ သရ မေ့နေသော ဘဝအစိတ်အပိုင်းတွေ အားလုံး ပြန်သတိရမည်ဟု ထင်နေသည်။

မျှော်လင့်နေကြသည်။ ပြီးတော့ ဖွဲ့ကိုယ်တိုင်လည်း ကားအက်စီဒင့်ဖြစ်ပြီး ခြေထောက်တွေ လှုပ်မရတော့တာကို သိထားကြသည့်အတွက် စိတ်မကောင်းကြ။ သရမိခင်ဘက်က ဖွဲ့နဲ့ပတ်သက်ပြီး ခါးခါးသီး ဖြစ်နေတော့ သူတို့လည်း ဇွတ်တိုးမပြောဖြစ်။ မိခင်ဖြစ်သူတစ်ယောက်၏ သောကကို စာနာနားလည်၍ ရေငုံနှုတ်ဆိတ်နေလိုက်ကြသည်။

ထိုအချိန်မှာ ဖွဲ့က လက်ထပ်သွားသည်။ စီးပွားရေးလောကမှာ အောင်မြင်ကျော်ကြားသော သူဌေးနှင့်ဖြစ်သည်။ သရနား ပြန်လာစရာ အကြောင်းမရှိ၍ ဒေါ်အင်ကြင်း ကျေနပ်သည်။ သားဖြစ်သူကိုလည်း စိတ်ချသွားသည်။ အရင်လို သားကျန်းမာရေးကို အကြောင်းပြုပြီး ဟိုမသွားရ ဒီမသွားရဆိုတာတွေ မချုပ်ချယ်တော့။ ဖွဲ့ကို ပြန်သတိရလာလည်း ကိစ္စမရှိ။ ဖွဲ့က တခြားသူတစ်ယောက် ရင်ခွင်ထဲ ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေပြီဆိုတော့ သရ သွားချင်လည်း သွားမရတော့။ တင်မောင်မောင်က သူငယ်ချင်းအတွက်ရော ဖွဲ့အတွက်ပါ စိတ်မကောင်းပေမယ့် မတတ်နိုင်။

သူတတ်နိုင်တာက ပျောက်ဆုံးသွားသည့် သရဘဝကို ပြန်လည်ရှာဖွေပေးသည့်အနေဖြင့် ဖွဲ့နှင့်သရ သွားခဲ့ဖူးသည့်နေရာ၊ ကားအက်စီဒင့်ဖြစ်သည့်နေရာအနီး သူကိုယ်တိုင် လိုက်ပို့သည်။

"မင်းဒီနေရာကို မှတ်မိလားသရ"

"ဟင့်အင်း၊ ဒီနေရာက ဘာဖြစ်လို့လဲ"

သရက ဘာမှမမှတ်မိ။

တင်မောင်မောင်ကို ခံစားချက်မဲ့မျက်နှာနှင့် ပြန်ကြည့်ပြီး မေးလိုက်၍ တင်မောင်မောင်က သရမျက်နှာကိုကြည့်ပြီး သက်ပြင်းရှိုက်သည်။ ပြီးတော့ သရသတိပြန်ရစေမည့် အဖြစ်အပျက်တွေကို သရကို ပြောပြသည်။

"ဖွဲ့ကို မင်းသိလား သရ"

"ဖွဲ့ဟုတ်လား"

"အေး… ဖွဲ့ကိုပြောတာ"

ဖွဲ့ကိုယ်တိုင် လက်ထပ်သွားပြီးဆိုတော့ သရမာမီ စိုးရိမ်သလို သရထံ ပြန်လာစရာ အကြောင်းမရှိတာ သေချာပြီဆိုမှ ဖွဲ့အမည်ကို တင်မောင်မောင်နှုတ်က ပထမဆုံး ထုတ်ဖော်ပြောရခြင်း ဖြစ်သည်။ သရမာမီက မလွှယ်။

သရနှင့်လည်း မတူ။ ပိုက်ဆံချမ်းသာသလောက် အတ္တကြီးသည်။ မောက်မာသည်။ ဘယ်သူ့ကိုမှ သူတို့နှင့်တူသည်၊ တန်သည်ဟု ထင်သူမဟုတ်။





သူတို့နှင့် တန်းတူရည်တူ ဂုဏ်သရေရှိသူ ငွေကြေးချမ်းသာသူ၊ ပညာတတ်သူ မဟုတ်လို့ကတော့ အားလုံးဆောရီးထဲက ဖြစ်သည်။ အထင်မြင်သေးစွာ ပြုမူပြောဆို ဆက်ဆံပုံက လုံးဝအထက်စီးက ဖြစ်သည်။ တင်မောင်မောင်ဆိုတာက သရသူငယ်ချင်းဆိုပေမယ့် သရအဖေဦးသီဟရဲ့သူငယ်ချင်း ဦးဇော်မောင်သားလည်းဖြစ် ဂုဏ်ရည်တူလူချမ်းသာလည်းဖြစ်၍ သရသူငယ်ချင်းအဖြစ် သရအိမ်ကို တံခါးမရှိ ဓါးမရှိ ဝင်ထွက်သွားလာခွင့်ရထားသူ ဖြစ်သည်။

တခြားသူငယ်ချင်းတွေက သရမာမီနှင့်တွေ့ပြီး နောက်ဘယ်သူမှ သရထံ မလာတော့။ တင်မောင်မောင်ကတော့ သရငယ်သူငယ်ချင်းဖြစ်၍ သရကိုချစ်လည်း ချစ်သည်။ သနားလည်း သနားသည်။ ဖွဲ့အကြောင်းပြောလျှင် သရကိုယ်တိုင် ဖွဲ့ကိုပြန်သတိရလာပြီး သူ့ဘဝမှာ ပျောက်ဆုံးနေသည့် အရာတွေကိုပါ ပြန်လည်ရှာဖွေတွေ့မည်ဟု ယုံကြည်နေသူဖြစ်သည်။

အခုလည်း သရက ဖွဲ့အမည်ကို ကြားတော့ မျက်ခုံးတွန့်သွားသည်။

"ဖွဲ့ဆိုတာ ဘယ်သူလဲ မောင်မောင်"

"ဖွဲ့က မင်းချစ်သူ၊ မင်းကောင်မလေး"

"ဖွဲ့က ငါ့ကောင်မလေး ဟုတ်လား"

"အေး"

"ဖွဲ့… ဖွဲ့"

သရနှုတ်ဖျားက ဖွဲ့အမည်ကို ရေရွတ်ရင်း သရမျက်နှာက တွေဆသွားသည်။

"မင်းနဲ့ဖွဲ့ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ခဲ့ကြတာ သရ၊



www.burmeseclassic.com

www.burmeseclassic.com



အရင်ကဆို မင်းဘဝမှ ဖွဲ့မရှိလို့ မဖြစ်ဘူးလို့ ငါ့ကို ခဏခဏ ပြောနေတာ ငါမှတ်မိတယ်''

''ဖွဲ့ကရော''

''ဖွဲ့လည်း မင်းလိုနေမှာပေါ့''

''သူက ငါ့ကိုချစ်လား''

''ချစ်တယ်''

ဖွဲ့အကြောင်းတွေ သရမေးသမျှ တင်မောင်မောင် စိတ်ရှည်လက်ရှည် ဖြေနေသည်။ ဖွဲ့ပုံစံလေးကိုပါ သရစိတ်ထဲပေါ်လာအောင် သေချာပြောပြသည်။

''ဖွဲ့က ငါ့ချစ်သူနော်''

''ဟုတ်ပါတယ်ဆို''

''ဒါဖြင့် သူက ဘာလို့ ငါ့ဆီမလာတာလဲ''

''အွန်း''

ရုတ်တရက် သရမေးတာကို တင်မောင်မောင် အဖြေရခက်သွားသည်။ ပြီးမှ ဖွဲ့ခြေထောက်တွေ လှုပ်လို့မရတာ ပြန်သတိရသွားပြီး သရ သိချင်တာကို ဖြေလိုက်သည်။

''ဖွဲ့ကိုယ်တိုင်လည်း မင်းလိုပဲ နေမကောင်းဘူး သရ၊ မင်းနဲ့ အတူ ကားအက်စီဒင့်ဖြစ်ပြီး... သူ့ခြေထောက်တွေ လှုပ်လို့မရတော့ ဘူး''

''အောက်ပိုင်းသေသွားတာလား''

''အဲဒီလို ပြောရင်လည်းရတယ်၊ လန့်ပြီးရှော့ခ်ရသွားတာ''

''ငါ ဖွဲ့နဲ့ တွေ့ချင်တယ် သရ၊ သူဘယ်မှာနေတာလဲ ငါ့ကို ဖွဲ့ဆီ လိုက်ပို့ပေးစမ်းပါ၊ သူ့ကိုတွေ့ရင် ငါ့ခေါင်းထဲ နေတာတွေ အားလုံး





ပြန်သတိရချင် ရလာမှာ''

သရအသံက တက်ကြွနေသည်။ သူ့ကိုသူ ယုံကြည်မှုအပြည့် ရှိနေတာကိုကြည့်ပြီး တင်မောင်မောင် ဘာပြောရမှန်းမသိ ဖြစ်နေသည်။ မင်းရဲ့ဖွဲ့ တခြားတစ်ယောက်နဲ့ လက်ထပ်သွားပြီလို့ ပြောလို့ရမလား။ ဒါမှမဟုတ် မင်းမာမီက ဖွဲ့ကို အသေအလဲ မုန်းနေလို့ သူ့ဖွဲ့ကို သူ့ သားနဲ့နောက်ဘယ်တော့မှ အဆက်အသွယ် မလုပ်ပါနဲ့လို့ အပြတ် ပြောလိုက်တာကို သရသိအောင် ဖွင့်ပြောလိုက်သင့်လား။

''ဟိတ်ကောင် မောင်မောင်''

''ဘာလဲသရ''

''ငါဖွဲ့ဆီကို သွားမယ်လို့ ပြောနေတာ မကြားဖူးလား''

''ကြားတယ်''

''ဒါဆို အခုသွားမယ်ကွာ၊ ကားကို မင်းမမောင်းနဲ့ ငါမောင်းမယ်''

သရစကားကြောင့် တင်မောင်မောင် လန့်သွားသည်။ သရက လုံးကောင်းပကတိ ဖြစ်သေးတာမဟုတ်။ ကားအက်စီဒင့် ဖြစ်ပြီးကတည်းက သရကို သူ့အိမ်က တစ်ခါမှ ကိုယ်တိုင်ကားမောင်းခွင့်ပေးမထားတာ ပြန်သတိရသွားသည်။

''မင်းသွားချင်တဲ့နေရာကို ငါလိုက်ပို့ပါမယ်၊ ကားကိုတော့ မင်းမမောင်းနဲ့ဦး ငါပဲမောင်းမယ် သရ''

''ဘာဖြစ်လို့ကွ ငါနေကောင်းနေပါပြီ''

သရက ဇွတ်တရွတ်။ မောင်မောင်အသာ ခေါင်းခါလိုက်သည်။

''မင်း ငါနဲ့အတူ ဖွဲ့ဆီကို နောက်ထပ်သွားချင်သေးတယ်ဆိုရင် ငါ့စကားနားထောင် သရ၊ ဒီတစ်ခါ မင်းတစ်ခုခု ထပ်ဖြစ်ရင် မင်းမာမီ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ငါ့ကိုသတ်မှာကွ သိလား''

''မာမီကိုက အစိုးရိမ်လွန်နေတာပါကွာ''

သရအသံက မကျေမချမ်း။ သူကိုယ်တိုင် ကားမောင်းခွင့်မရ၍ စိတ်တိုနေမှန်း တင်မောင်မောင်သိသည်။

''မင်းမာမီက မင်းကိုချစ်တာပါ သရ၊ မင်းကားအက်စီဒင့်ဖြစ်ပြီး ကတည်းက မင်းကို နောက်ထပ် ဘာတစ်ခုမှ အမှားမခံနိုင်တော့တာ မျိုးပါ''

''လာ… ကားပေါ်တက်၊ သွားကြမယ်''

''နေဦး… ဒီနေရာကို ငါရောက်ဖူးလားလို့ တစ်ချက်လောက် သေချာကြည့်လိုက်ဦးမယ်''

''ရတယ်၊ မင်းဘာသာ အေးအေးဆေးဆေးလုပ်၊ ငါစောင့်မယ်''

''ဖွဲ့''

သရနှုတ်ဖျားက ဖွဲ့အမည်ကို ခပ်တိုးတိုး ရေရွတ်ကြည့်သည်။ စိတ်ထဲမှာ ထိုအမည်နှင့် ရင်းနှီးနေသည်ဟု ထင်သည်။ ဖွဲ့ဆိုတာ သူ့ချစ်သူ။ သူ့သိပ်ချစ်ရတဲ့ အချစ်ဆုံးချစ်သူကို ဘာကြောင့်စဉ်းစား မရကြည့်လို့ မရတာလဲ။ ခေါင်းထဲမှာ ရိပ်ခနဲဖြစ်သွားပြီး ပိုးတစ်ခုလို ပုံရိပ်တွေ ဖြတ်ပြေးသွားသည်။

''အား… မူးလိုက်တာ''

''ဟိတ်ကောင်… သရ… လာ… လာ… ငါ့ကိုတွဲထား''

တင်မောင်မောင်က စိုးရိမ်တကြီး သရကို လာတွဲသည်။

''ကျွတ်… ကျွတ်''

''မင်းကားထဲမှာပဲ ငြိမ်ငြိမ်လေးနေလိုက် သရ''

သရကိုတွဲကာ တင်မောင်မောင် ကားပေါ်ရောက်သွားချိန်





မိန်းကလေးတစ်ယောက်၏ ရယ်သံနှင့် ပုံရိပ်တစ်ခု သူ့ခေါင်းထဲ ဖျတ်ခနဲရောက်လာသည်။

''ဖွဲ့… ဖွဲ့''

သူ့နှုတ်ဖျားက အလိုလို ဖွဲ့အမည်ကို ခေါ်လိုက်ပြီးမှ သူ့ကိုယ်သူ အံ့သြသွားသည်။

''မင်းဖွဲ့ကို သတိရပြီလား သရ''

တင်မောင်မောင်က သရမျက်နှာကိုကြည့်ပြီး စိတ်လှုပ်ရှားသလို မေးသည်။

''ဟင့်အင်း… ဖွဲ့ဆိုတဲ့ နာမည်ကို သူ့အလိုလို ငါ့နှုတ်က ခေါ်ဖြစ်သွားတာ''

''ဖွဲ့ဓာတ်ပုံ မင်းမှာရှိလား မောင်မောင်''

''ဖွဲ့က ငါ့ရည်းစားမှ မဟုတ်တာ၊ ဘယ်လိုလုပ်ရှိမှာလဲ၊ မင်းနဲ့ဖွဲ့က ချစ်သူတွေဆိုတော့ ဖွဲ့ဓာတ်ပုံက မင်းဆီမှာပဲ ရှိမှာပေါ့''

ပြောပြီးမှ သရမာမီကို တင်မောင်မောင် သတိရသွားသည်။

''နေဦးကွ၊ မင်းမာမီက ဖွဲ့ကိုကြည့်မရအောင် မုန်းနေတော့ ဖွဲ့ဓာတ်ပုံတွေ ဘာတွေကိုဖျောက်ဖျက်စီးချင် ဖျက်စီးပစ်မှာ''

''ဖွဲ့ကို မာမီက ဘာဖြစ်လို့ ဒီလောက်မုန်းနေရတာလဲ''

''မင်းအခုလို ဖြစ်ရတာ ဖွဲ့ကြောင့်လို့ မင်းမာမီက ခံယူထားတာကိုး၊ သူ့သားကို ဒီလိုဖြစ်အောင်လုပ်တဲ့ ဖွဲ့ကို မုန်းနေတာနေမှာပေါ့''

''မဆိုင်တာကွာ သူ့ဘာသာဖြစ်ချိန်တန်လို့ ဖြစ်ရတာပါ၊ ဖွဲ့ကြောင့် မဟုတ်ပါဘူး''

သရက ဖွဲ့ဘက်က သူ့အလိုလို ကာကွယ်စကားဆိုရင်း မျက်ခုံး



www.burmeseclassic.com

www.burmeseclassic.com



တွေကို တွန်းထားမိသည်။ မာမီသဘောထားကို သရ မကြိုက်
သူက အမေ၊ ကိုယ်က သားဆိုတော့လည်း ပြန်မပြောနေလို့လည်း

"မင်းကသာ ဘာမှမဆိုင်ဘူး ပြောနေ၊ မင်းမာမီကတော့ 
အကြောင်းဆို သူ့အိမ်ပေါ်မှာရော၊ မင်းရှေ့မှာရော မပြောရဘူး
ငါ့ကို အမိန့်ထုတ်ထားပြီးသား သရ"

"အခု ငါဖွဲ့အကြောင်း မင်းမာမီမသိအောင် မင်းကိုရိုးပြော
မင်းကိုသနားလို့"

"ငါ့ကို ဖွဲ့ဓာတ်ပုံရှာပေး"

"အေးပါ"

"အခု ငါ့ကို ဖွဲ့အိမ်ကို ပို့ပေး"

"နေဦး..."

"ဘာလဲ"

"မင်းဖွဲ့တို့ အိမ်ထဲကိုတော့ ဝင်လို့ ရဘူးနော်၊ ဖွဲ့တို့အိမ်
ကပဲ ကားကိုဖြတ်မောင်းရုံမောင်းမှာ ဒါတောင် ဖွဲ့တို့အိမ်ကို ဟိုတစ်
ကမှ သိထားလို့ မင်းကို ငါလိုက်ပြနိုင်တာ"

သရအတွက် လိုအပ်လာရင် ဖွဲ့အကြောင်းပြောပြီး ဖွဲ့အိမ်
လိုက်ပြမည်ဆိုသည့် ဆုံးဖြတ်ချက်ကြောင့် တင်မောင်မောင်ကိုယ်တိုင်
ဖွဲ့အိမ်ကို သူငယ်ချင်းအဆက်အသွယ်နှင့် ရှာထားခြင်းဖြစ်သည်။ သ
မာမီသဘောအတိုင်းဆို သရ ဖွဲ့အကြောင်း ဘာမှသိမည်မဟုတ်

ဖွဲ့အကြောင်း မသိမှတော့ သူမနေသော သူ့အကြောင်းလည်း
သတိရလာတော့မည်မထင်။

"မင်းကျေးဇူးကို ငါဘယ်တော့မှ မမေ့ပါဘူးမောင်မောင်"

"ငါတို့ကြားမှာ ဒါတွေပြောနေစရာ မလိုပါဘူး





နေရာမှာ ငါဖြစ်နေရင်လည်း မင်းလက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး
ဆိုတာ ငါသိပါတယ်"

မောင်မောင်ကို ကျေးဇူးတင်စွာကြည့်ပြီး သရပြုံးပြလိုက်သည်။
မောင်မောင်က သူကတိအတိုင်း ကားကို ဖွဲ့တို့အိမ်ရှိရာသို့ ဦးတည်
မောင်းနေရင်း ဖွဲ့နှင့်သရအကြောင်း စဉ်းစားလာသည်။ နှစ်ယောက်စလုံး
က သနားစရာ။

"မောင်မောင်"

"ဟင်"

"ငါ့ကိုလည်း ဖွဲ့တို့အိမ်က အရမ်းမုန်းတီးနာကြည်းနေမှာပဲနော်"

"မင်း မာမီလိုလား"

"ဒါပေါ့၊ သူတို့သမီးလေး ငါ့ကြောင့် ဒုက္ခိတဘ၀ ရောက်
သွားရတာ မဟုတ်လား"

သရအသံက ကြေကြေကွဲကွဲ။ ဖွဲ့ဆိုတာ သူသေချာစွာ မမှတ်
မိပေမယ့် ဖွဲ့အတွက် စိတ်ထိခိုက်နေသည့် ခံစားချက်ကို သရမျက်နှာမှာ
အထင်းသား တွေ့နေရ၏။

"မင်းမာမီတောင် ဒီလောက်ခံစားရရင် ဖွဲ့မာမီလည်း မင်းမာမီ
လိုပဲနေမှာပေါ့ကွာ၊ ဒါပေမယ့် မင်းတို့နှစ်ယောက်စလုံးက ကံတူအကျိုး
ပေးတွေပါ၊ ဖွဲ့နေမကောင်းသလို မင်းလည်း နေမှမကောင်းပဲ"

ဖွဲ့တို့အိမ်ရှေ့ ရောက်ပြီဟု မောင်မောင်ကပြောရင်း ဖွဲ့အိမ်ကို
သရကို လှမ်းပြသည်။ တိတ်ဆိတ်ငြိမ်သက်နေသည့် နှစ်ထပ်အိမ်လှလှ
ကြီးက တံခါးတွေ အကုန်ပိတ်ထားတာကလွဲပြီး မည်သည့်လူရိပ်
လူရောင်ကိုမှ မမြင်ရ။

"ဖွဲ့တို့ ဒီမှာနေတာ သေချာရဲ့လား မောင်မောင်"



www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ်ကွာ ဘာဖြစ်လို့လဲ"

"သြော်… ငါ့ကိုစိတ်နာပြီး တခြားကိုများ ပြောင်းသွားကြပြီလားလို့ပါ"

သရအသံက ကြေကွဲမှုတွေနဲ့ ဆွေးဆွေးမြည့်မြည့်။ မျက်လုံးထဲမှာ ခြေထောက်အောက်ပိုင်း သေနေသည့် ကောင်မလေးတစ်ယောက်ကို မြင်ပြီး သူ့ရင်တွေ ပူလာသည်။

ဖွဲ့ဆိုတဲ့ ကိုယ်ချစ်သူရယ်။

မင်းဒုက္ခရောက်နေတဲ့အချိန်မှာ မင်းနားရောက်မလာနိုင်တဲ့ မင်းချစ်သူကို စိတ်နာပြီး မုန်းနေပြီလား။

"အိမ်ပြန်ကြမလား သရ"

"အင်း"

သူခေါင်းညိတ်လိုက်သည်။ ဇေ့ပိတ်ထားသော ခြံဝန်းတံခါးကြီးကို ဘီးလိမ့်ရုံဖြတ်သွားသည့် ကားပေါ်က သေချာစူးစိုက်ကြည့်ရင်းနှင်းဆီအနီပွင့်တွေ အများကြီးပါသည့် ပန်းစည်းတစ်ခုက သရအာရုံမှာ လာငြိသည်။

သူ ဒီနေရာကို ဘယ်နှကြိမ်လာခဲ့ဖူးသလဲ၊ ဦးခေါင်းထဲ ချာချာလည်သွားကာ သရတစ်ကိုယ်လုံး ချွေးချွေးတွေ နစ်လာသည်။

"ဖွဲ့… ဖွဲ့"

"သရ သတိထားလေ"

"ငါ ဘာလို့ ဖွဲ့ကို မမှတ်မိရတာလဲ မောင်မောင်"

ပြုံတော့မည့် မိုးလိုအုံ့မှိုင်းနေသည့် သရမျက်နှာကိုကြည့်ပြီး မောင်မောင် သက်ပြင်းချလိုက်သည်။

"အားမငယ်ပါနဲ့ကွာ၊ နောက်တော့ အားလုံးကို မင်း ပြန်အမှတ်





ရလာမှာပါ"

မောင်မောင်ကို သရက ဘာမှမပြော။ မျက်ဝန်းအစုံကိုမှိတ်ပြီး ဦးခေါင်းကို ကားနောက်မှီမှာ မှီချပြီး ငြိမ်သက်သွားပေမယ့် မျက်ဝန်းမှာ စို့စွတ်လာသည့် မျက်ရည်စတွေကို မောင်မောင်ကိုယ်တိုင် မြင်ဖြစ်အောင် မြင်လိုက်ရ၍ သရလက်တစ်ဖက်ကို ကားမောင်းနေရင်းက သမ်းကိုင်ဆုပ်ညှစ်၍ အားပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

အပြင်မှာ… မိုးက ရွာနေသည်။ အစတုန်းက ခပ်ဖွဲဖွဲ။ နော
တော့ သည်းသည်းမည်းမည်း။ ခြံထဲမှာ ဦးဂျာက ပေါက်တူးတစ်လ
နှင့် ရေမြောင်းတွေကို ဖော်နေသည်။ ဘာအဆောင်းအကာမှ မပါသ
ဦးလှမျက်နှာက သူ့ဘက်ကို လှည့်လိုက်တော့ သူမြင်ရသည့် မျက်နှာ
ဦးလှမျက်နှာ မဟုတ်တော့။ တခြားသူတစ်ယောက်၏ မျက်နှာ ဖြစ်
သည်။

"ဦးခွန်းဆက်"

သရုနတ်ဖျားက နာမည်တစ်ခု သူ့အလိုလို ထွက်လာသည်
သူကြည့်နေဆဲ မိုးရေထဲမှာ ပျော်ရွှင်စွာ ရယ်မောနေသော မိန်းကလေ
တစ်ယောက် ရောက်လာပြီး သရုမျက်နှာကိုပြုံးပြီး ကြည့်နေသည်
ပြီးတော့ သရုကိုကျောခိုင်းပြီး မိုးရေတွေထဲ ရယ်မောပြေးဝင်သွား
ထိုမိန်းမလှလေးနောက်က သူအပြေးလိုက်သွားသည်။

"ဖွဲ့… ဖွဲ့"

ဖွဲ့အမည်ကို ဟစ်အော်ရင်း သူအိပ်ရာက နိုးလာတော့ သူ့အခ
လေး တိတ်ဆိတ်လျက်။ ညအိပ်မီးသီး၏ အလင်းရောင်မှတစ်





အမှောင်ထုက လွှမ်းခြုံထားတာ မြင်လိုက်ရသည်။

သူအိပ်မက် မက်နေတာပဲ။ ဘာကြောင့်မှန်းမသိ။ သရု ရင်ထဲမှာ ကြေကွဲဝမ်းနည်းမှုတွေ ကြီးစိုးလျက် အိပ်ရာထက်မှာ မလှုပ်မယှက် ငြိမ်ပြီး သူ့အိပ်မက်အကြောင်း ပြန်စဉ်းစားနေမိသည်။

ဖွဲ့။ သူ့အာရုံထဲမှာ စွဲငြိနေသည့် ဖွဲ့ရုပ်ပုံက မျက်ဝန်းထဲက မထွက်။ အိပ်ရာဘေးမှာ ရှိနေသည့် ဖွဲ့ဓာတ်ပုံကို ဆွဲယူလိုက်သည်။ ချစ်စရာကောင်းအောင် ရယ်မောနေသော ဖွဲ့က သူ့အိပ်မက်ထဲမှာ တွေ့ရသည့် မျက်နှာနှင့်တစ်ထပ်တည်း ဖြစ်သည်။

လှသည်၊ ချောသည်၊ ချစ်စရာကောင်းသည်။ ဖွဲ့ဓာတ်ပုံကို တင်မောင်မောင် ယူလာပေးခြင်း ဖြစ်သည်။ ဖွဲ့ကို အခုထိ သရု တွေ့ခွင့်မရသေး။ သူမတို့မိသားစု ခရီးထွက်သွားသည်ဟု သိရသည်။ ဘယ်ဟူ၍ အတိအကျ မသိရ။

"ဖွဲ့ရယ်"

ဖွဲ့ဓာတ်ပုံလေးကိုကြည့်ရင်း ဖွဲ့အမည်လေးကို မြတ်နိုးစွာ ဆိုညည်းမိသည်။ ဖွဲ့ကို သူချစ်သည်။ ဖွဲ့အကြောင်းတွေးတိုင်း ဖွဲ့အကြောင်း စဉ်းစားတိုင်း ဖွဲ့ရှိရာကို ပြေးသွားချင်သည်။ ဘာဖြစ်လို့ ဖွဲ့နှင့်သူ့ကို မာမီက သဘောမတူနိုင်ရတာပါလိမ့် ဖွဲ့ဓာတ်ပုံလေးကို ကြည့်နေဆဲ သရုခေါင်းထဲ လက်ခနဲ ဝင်လာသည့် မျက်နှာတစ်ခု။

ဦးခွန်းဆက်။

ထိုအမည်က သရုစဉ်းစားစရာမလိုဘဲ သူ့အလိုလို သူသိနေခဲ့သော အမည်အဖြစ် သရု အံ့သြနေသည်။ ဘယ်လိုကြည့်ကြည့် လူချောတစ်ယောက်မှန်း သိသာစေသည့် မျက်နှာချောချောကို သရုမေ့။

ဒီလူ ဘယ်သူလဲ။



www.burmeseclassic.com

www.burmeseclassic.com



သရ စဉ်းစားကြည့်ပေမယ့် အဖြေက မရ။ တစ်နည်းနည်းနှင့်တော့ သရနှင့် ပတ်သက်ခဲ့သည့် လူဖြစ်ရမည်ဟု တွေးနေမိပေမယ့် ပတ်သက်ခဲ့သည့် အကြောင်းအရာကို ဘာတစ်ခုမှ မမှတ်မိ။ တင်မောင်မောင်များ ဦးခွန်းဆက်ဆိုသည့် လူကိုသိနေမလားဟု စဉ်းစားမိသည်နှင့် ဖုန်း ချက်ချင်းထဆက်လိုက်သည်။ တင်မောင်မောင် ဖုန်းကကိုင်မည့်သူမရှိ။ အချိန်ကလည်း နှစ်နာရီခွဲ၊ သုံးနာရီဆိုတော့ တင်မောင်မောင် နှစ်ခြိုက်စွာ အိပ်ပျော်နေသည့် အချိန်မျိုးဖြစ်သည်။

ဖုန်းမကိုင်မချင်း ထပ်ထပ်ခေါ်နေမိသည်။ သူသိချင်သည့် အဖြေကို အခုသိရမှ သူနေလို့ရတော့မှာကို သူပဲသိသည်။

"ဟဲလို"

တင်မောင်မောင့်အသံက အိပ်ချင်မူးတူးသံ။

"ငါပါ… မောင်မောင်"

"အေး… ပြော"

"ဦးခွန်းဆက်ဆိုတာ ဘယ်သူလဲ"

"ဘာ…"

တင်မောင်မောင့်အသံက အလန့်တကြား။

"မင်း… မင်း ခုနက ဘာပြောလိုက်တယ် သရ"

"ဦးခွန်းဆက်ဆိုတဲ့လူ ဘယ်သူလဲဆို ငါသိချင်လို့ မောင်မောင်။ သူဘယ်သူလဲ၊ ငါနဲ့ဘယ်လို ပတ်သက်လဲ၊ အဲ့ဒီအဖြေကို ငါသိချင်တယ်"

"မင်းက သူနဲ့ဘယ်မှာတွေ့တာလဲ သရ"

အိပ်ချင်စိတ် လွင့်ပျယ်သွားသည့် တင်မောင်မောင်အသံထဲမှာ စိုးရိမ်သံ စွက်နေသလိုလို ဘာလိုလို။





"အိပ်မက်ထဲမှာ"

"ဟင်"

"သူ့ကို ငါအိပ်မက်မက်တာ မောင်မောင်"

"ဪ…"

သရက သူ့အိပ်မက်ကို တင်မောင်မောင်ကို ပြောပြသဖြင့် နားထောင်နေရသော်လည်း ဦးခွန်းဆက်ဆိုတာ ဖွဲ့နှင့်လက်ထပ်လိုက်သည့် ဖွဲ့ယောက်ျား၊ ဖွဲ့ခင်ပွန်းဆိုတာကို သရကို အသိပေးသင့် မသင့် စဉ်းစားမရဖြစ်နေသူက တင်မောင်မောင်။ အရင်က သူတို့ချင်း တွေ့ဖူးကြမည်ထင်သည်။ နောက်ဘာပြဿနာတွေ ဖြစ်ခဲ့ကြသလဲမသိ။ အိပ်မက်ထဲမှာ ဖွဲ့ယောက်ျားမျက်နှာကို မက်သည်ဆိုတော့ အကြောင်းအရာတစ်ခုခု ရှိချင်လည်း ရှိမည်။

"အဲဒါပဲ မောင်မောင်၊ အဲဒီလူဘယ်သူလဲ သိချင်လို့ မင်းကို ငါဖုန်းလှမ်းဆက်တာ"

"အေးပါ… မင်းပြောတာ ငါနားလည်ပါတယ်။ တကယ်တော့ အဲဒီဦးခွန်းဆက်ဆိုတဲ့လူက…"

"သား… ညကြီးအချိန်မတော် ဘယ်သူနဲ့ စကားပြောနေတာလဲ"

"မာမီ"

သရအခန်းထဲကို ရောက်လာသည့် ဒေါ်အင်ကြင်းက ပါးစပ်ကလည်း ပြော၊ လက်ကလည်း အခန်းမီးကို ဖွင့်ချလိုက်၍ သရအခန်းတစ်ခုလုံး လင်းထိန်သွားသည်။

"ငါနောက်မှ ဖုန်းထပ်ဆက်လိုက်မယ် သရ"

"အေး"



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်မောင်က အခြေအနေကို ရိပ်မိသလို ချက်ချင်းဖုန်းချသွားသည့်အတွက် သရလက်ထဲက ဖုန်းကို အိပ်ရာဘေးသို့ ပစ်ချလိုက်ချိန်မှာ ဒေါ်အင်ကြင်းအကြည့်က သရရင်ဘတ်ပေါ်က ဖွဲ့ဓာတ်ပုံရှိရာ စူးခနဲရောက်သွားသည်။

"ဒါဘယ်သူ့ပုံလဲသား"

ဓာတ်ပုံကို ကောက်ကြည့်ပြီး စိတ်ဝင်စားသလို မေးလာသည့် မိခင်ဖြစ်သူမျက်နှာကို သရ အကဲခတ်သလို ကြည့်လိုက်သည်။

ဖွဲ့ဓာတ်ပုံကိုကြည့်ပြီး ဖွဲ့ကို ဘယ်သူလဲလို့ မေးနေရအောင် မာမီကိုယ်တိုင် ဖွဲ့ဆိုတဲ့ သရချစ်သူကို မမြင်ဖူးခဲ့ဘူးလား။

"ရုပ်ကလေးကတော့ အချောစားလေးထဲကပါလား"

ဒေါ်အင်ကြင်း၏ မှတ်ချက်ချသံကြောင့် ဖွဲ့ကို မာမီ မမြင်ဖူးတာ ပို၍သေချာသွားသည်။

"သားခုနက ဖုန်းဆက်နေတာ ဒီကောင်မလေးနဲ့လား"

"မဟုတ်ဘူးမာမီ"

"မဟုတ်ဘူးလား၊ ဒါဖြင့် သူ့ဘေးက ဘယ်သူလဲ မာမီကို ပြောပါဦး"

သားဖြစ်သူမျက်နှာကို ချစ်စနိုးပြုံးကြည့်ရင်း မေးလာသည့် မာမီမျက်နှာကို သရသေချာပြန်ကြည့်လိုက်သည်။

"သူ့ကို မာမီတကယ် မသိဘူးလားမာမီ"

"ဘယ်လိုလုပ်သိမှာလဲ သား‌ရဲ့ ဓာတ်ပုံတောင် အခုမှ မြင်ဖူးတာ"

"သူ့နာမည် ဖွဲ့တဲ့ မာမီ"

"ဘာ..."





ဒေါ်အင်ကြင်း လက်ထဲက ဖွဲ့ဓာတ်ပုံလေး အလန့်တကြား လွတ်ကျသွားသည်။

"ဖွဲ့ဟာ သားချစ်သူဆိုတာ မာမီ ဘာလို့ သားကိုပြန်ပြောမပြခဲ့တာလဲ"

"သား ဒါတွေကို ဘယ်လိုသိတာလဲ မာမီကိုပြောစမ်း... သားအတိတ်ကို သားပြန်သတိရလာတာလား ဟုတ်လား သား"

"နည်းနည်းပါးပါးတော့ ပြန်မှတ်မိလာသလိုပဲ မာမီ၊ အတိအကျတော့ မဟုတ်ဘူး"

တုန်လှုပ်နေသည့် မိခင်ဖြစ်သူနှင့် ဆန့်ကျင်ဘက် သရပုံစံက တည်ငြိမ်အေးချမ်းသော အသွင်ကိုဆောင်နေ၍ ဒေါ်အင်ကြင်းကိုယ်တိုင် သူမကိုယ်သူမ တည်ငြိမ်အောင် ကြိုးစားပြီး သားဖြစ်သူကို ပြုံးပြလိုက်သည်။

"မာမီ"

"ပြော... သား"

"ဖွဲ့ကို ဘာဖြစ်လို့ ဒီလောက်မုန်းနေရတာလဲ"

သရက သွယ်ဝိုက်ခြင်းမပြု။ သူသိချင်တာကို မိခင်ဖြစ်သူကို တိုက်ရိုက်မေးလိုက်၍ ဒေါ်အင်ကြင်း တစ်ချက်ရယ်လိုက်သည်။

"ဒါကတော့ ရှင်းပါတယ် သားရယ်၊ မာမ့်သားလေးရဲ့ ဘဝတစ်ခုလုံး အဆိုးရွားဆုံး ပျက်စီးစေခဲ့တဲ့ အဲဒီမိန်းကလေးကို မာမီမုန်းတာ ဘာများဆန်းလို့လဲ၊ မာမ့်သားလေး အခုလိုဖြစ်ရတာ အဲဒီမိန်းကလေးကြောင့်ပဲသား"

"ဖွဲ့ကိုယ်တိုင်လည်း အောက်ပိုင်းသေသွားခဲ့တာ မာမီသိလားခင်"



www.burmeseclassic.com

www.burmeseclassic.com



"အို… သူ့ဘာသာ ဘာဖြစ်ဖြစ်၊ မာမီစိတ်မဝင်စားဘူး။ အမေ ကြီးတာက မာမီသားလေး ကျန်းမာရေးပဲ၊ မာမီ့မှာ ချစ်စရာမြတ်နိုးစရာ တွယ်တာစရာဆိုလို့ ဒီသားလေးတစ်ယောက်တည်း ရှိတာပါကွယ် မာမီ့သားကို ဒုက္ခရောက်အောင် လုပ်တဲ့သူတိုင်းဟာ မာမီရန်သူပဲ"

"ရန်သူကိုမုန်းတာ မာမီအပြစ်လား သား"

"ဖွဲ့က သားချစ်သူပါ မာမီ"

ဒေါ်အင်ကြင်းက မိခင်တစ်ယောက်ရဲ့အချစ်။ အမေတစ်ယောက် ရဲ့အတ္တကို ရှေ့တန်းတင် ပြောနေသည့်အချိန်မှာ သားဖြစ်သူကလည်း သူ့ရင်ထဲကအချစ် သူ့မေတ္တာကို မိခင်ဖြစ်သူကို ပြန်ပြောပြနေသည် အတွက် ဒေါ်အင်ကြင်းရင်ထဲ ခါးသီးနာကျင်သွားသည်။

"ဘာပဲဖြစ်ဖြစ် အဲဒီမိန်းကလေးကို မာမီတစ်သက် ဘယ်တော့မှ ခွင့်လွှတ်မှာ မဟုတ်ဘူးသား၊ သားကိုယ်တိုင်လည်း ဒီမိန်းကလေးနဲ့ ပတ်သက်တာတွေအားလုံး မေ့ပစ်လိုက်တော့"

"ဒီမိန်းကလေးဟာ မာမီ့သားကို အခုကတည်းက ဒီလောက် ဒုက္ခပေးနေတာ နောက်ဆိုဘယ်လောက်များ ဒုက္ခပေးနေမလဲ မသိဘူး"

"မာမီ မှားနေပြီ"

တစ်ယူသန်ဖြစ်နေသည့် မိခင်ဖြစ်သူ စိတ်ကိုဖြေသိမ့်မှု ပေးနိုင် အောင် သရ ကြိုးစားပေမယ့်မရ။

"မာမီ မမှားဘူးသား၊ သားနဲ့ပတ်သက်လာရင် မာမီလုပ်တာ မှန်သမျှ အားလုံးအမှန်တွေချည်းပဲ၊ မာမီ့သားကို မာမီ့လောက် ဘယ်သူမှ မချစ်နိုင်ဘူး ဘယ်သူမှလည်း မာမီမြင်သလို မြင်နိုင်မှာမဟုတ်ဘူး"

"ဘာတွေဖြစ်နေတာလဲ အင်ကြင်း"

"ကိုသီဟ…"





"ဒယ်ဒီ"

သရတို့ သားအမိနှစ်ယောက်ဆီ ရောက်လာသည့် ဦးသီဟက မိခင်ဖြစ် သူနှင့် သားဖြစ်သူမျက်နှာကို တစ်လှည့်စီကြည့်ပြီး အကဲခတ်သည်။

"သား ဒယ်ဒီ့ကို ပြောစရာရှိတယ်"

"ဖွဲ့ကို သားနဲ့သဘောတူပေးပါ"

"ဟဲ့… သား အဲဒီမိန်းကလေးကို မာမီဘယ်လောက်မုန်းတယ် ဆိုတာ သားသိရဲ့သားနဲ့"

"နေဦး… အင်ကြင်းသားကို ကိုယ်မေးဦးမယ်… သားအခု အားလုံးကို ပြန်သတိရပြီလား"

ဦးသီဟက သရမျက်နှာကို စူးစိုက်ကြည့်သည်။

"နည်းနည်းပါးပါးတော့ ပြန်သတိရလာပြီလို့ ထင်တာလဲ"

"ဒါဆို ဖွဲ့ကိစ္စကို သားဘယ်လိုသိတာလဲ"

"အိပ်မက်ထဲမှာတွေ့တဲ့ မိန်းကလေးပုံစံကို သူငယ်ချင်းတွေကို ပြောပြတော့ သူဟာ ကျွန်တော့်ချစ်သူဖွဲ့ဆိုတာ သိရတာပါ ဒယ်ဒီ"

"သားနဲ့ သားကောင်မလေး အခုထိ မတွေ့ရသေးဘူးပေါ့ ဟုတ်လား"

"ဟုတ်ကဲ့၊ ဖွဲ့တို့အိမ်ကိုတော့ ရောက်ပြီးပါပြီ။ ခြံစောင့်ကြီးက ခရီးထွက်သွားတယ်ပြောလို့ ဘယ်သူနဲ့မှ မတွေ့ခဲ့ရပါဘူး"

"အမယ်လေး… ကြည့်စမ်း သားက အဲဒီအိမ်ကိုတောင် ရောက် အောင်သွားတယ် ဟုတ်လား"

ဒေါ်အင်ကြင်းက ရင်ဘတ်ကိုဖိပြီး အလန့်တကြား ညည်းသည်။

"သူ့သမီးကို မာမီဒီလောက် မုန်းနေရင် သူတို့ဘက်ကလည်း သားကိုမုန်းမနေဘူးလို့ သားအာမခံနိုင်လားဟင်၊ နောက်ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ထပ်မသွားရဘူး… သားသွားရင် မာမီလည်း လိုက်မယ်”

“မင်းက ဘယ်ကိုလိုက်မှာတုန်း အင်ကြင်း”

“အို… ဘယ်ဖြစ်ဖြစ် သားကို တစ်ယောက်တည်း မလွှတ်ဘူး သားဘယ်သွားသွား သားနောက်ကို အင်ကြင်းလိုက်မယ်”

“မင်းလည်း ဒီသားအတွက်နဲ့ အရူးတစ်ပိုင်း ဖြစ်နေပြီ အင်ကြင်းရဲ… သားလည်း အိပ်တော့ နောက်မှဒီကိစ္စ ဒယ်ဒီတို့ ဆက်ဆွေးနွေးကြမယ်ဟုတ်လား”

“လာ… အင်ကြင်း သွားမယ်”

ဦးသီဟက ဒေါ်အင်ကြင်းကို သရအခန်းထဲက, ညင်သာစွာ ခေါ်ထုတ်သွားမှ သရသက်ပြင်းချလိုက်သည်။ တစ်ဦးတည်းသော သားနှင့် ပတ်သက်လာရင် မာမီပုံစံက အခုလိုအမြဲ ဖြစ်နေကြဆိုတာ သူပြန်သတိရလာသည်။ လက်ထဲက ဖွဲ့ဓာတ်ပုံလေးကို သူအကြာကြီး စူးစိုက်ကြည့်ရင်း ဖွဲ့နဲ့ပတ်သက်သမျှ ပြန်မှတ်မိပြီး သူပြန်စဉ်းစားသည်။ ပြန်တွေးကြည့်သည်။ ခေါင်းတွေမူးလာတာပဲ အဖက်တင်သည်။ ရိုးနိုး ရိပ်ရိပ် ပုံရိပ်တွေကလွဲပြီး ဘာတစ်ခုမှ တိတိကျကျ မသိ။

နောက်ဆုံး လက်ထဲက ဓာတ်ပုံလေး လွတ်ကျသွားကာ နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်သွားသည်။ အိပ်မက်ထဲမှာ လှိုင်းလုံးကြီးတွေ တစ်ခုပြီးတစ်ခု ကမ်းစပ်ကို ပြေးလာနေတာ မြင်ရသည်။ သူကြည့်နေသော သူ့နားမှာ လူတစ်ယောက် ရပ်နေ၏။ ဆံပင်ရှည်တွေကလေးနှင့် လှပ်နေသည်။ မျက်နှာကို ကြည့်လိုက်တော့ ဖွဲ့ဖြစ်နေ၏။

“ဖွဲ့”

ဖွဲ့အမည်ကို သူခေါ်လိုက်တော့ ဖွဲ့က သူ့ကိုတစ်ချက်လှည့်ကြည့်ပြီး နေရာက ထွက်သွားသည်။





“ဖွဲ့… နေဦးလေ”

“ဖွဲ့”

ဖွဲ့က သူ့နားက ပြေးထွက်သွား၍ ဖွဲ့နောက်ကို သူပြေးလိုက်သည်။ ဖွဲ့က သူ့ကိုလှည့်မကြည့်။ ရုတ်တရက် သူတို့နှစ်ယောက်ရှေ့ကို ကားတစ်စီး အရှိန်ပြင်းစွာ ပြေးဝင်လာတာ မြင်လိုက်ရ၍ သရ မျက်လုံးထဲ ပြာသွားသည်။

“ဖွဲ့… ဖွဲ့”

“သရ… ရှေ့မှာ… ကား…, ကား”

“ဟာ”

“ဝုန်း”

“ဖွဲ့”

သူအိပ်ရာက လန့်နိုးလာသည်။

သူတို့နှစ်ယောက်ကို ကားတိုက်သွားသည်။

“ဖွဲ့… ဖွဲ့”

ပျောက်ဆုံးနေသော အသိတရားတို့ ဝုန်းခနဲပွင့်သွားသည်။ သူ မေ့နေသော အတိတ်က အကြောင်းတွေ တစ်ခုပြီးတစ်ခု သရခေါင်းထဲ ရောက်လာသည်။ အားလုံးကို သူမှတ်မိပါပြီ။ အရင်က အကြောင်းတွေရော။ အခုအကြောင်းတွေရော အားလုံး သူဆက်စပ်တွေးမိလာသည်နှင့်တစ်ပြိုင်နက် သူအိပ်ရာက ဝုန်းခနဲ ခုန်ထလိုက်သည်။

မနက်လင်းနေပြီပဲ။

ရေချိုးခန်းထဲ ပြေးဝင်ပြီး ခေါင်းကစပြီး တစ်ကိုယ်လုံး ရွှဲရွဲစိုအောင် လောင်းချပစ်သည်။ အခုချိန်ကစပြီး စိတ်သစ်လူသစ်နှင့် ဘဝသစ်ကို ရဲဝံ့စွာ ရင်ဆိုင်မည်။



www.burmeseclassic.com

www.burmeseclassic.com



မာမီ သဘောတူတူ မတူတူ သူ့ကြောင့် ဒုက္ခတဖြစ်သွားသည့် ဖွဲ့ကို သူလက်ထပ်မည်။ အဝတ်လဲ လိုအပ်တာတွေယူ ကားသော့ ကိုဆွဲပြီး နေရာက ကားကိုခပ်ကြမ်းကြမ်း မောင်းအထွက်မှာ သရက် ဒေါ်အင်ကြင်း တွေ့သွားသည်။

"ကိုသီဟ လုပ်ပါဦး၊ သားတစ်ယောက်တည်း ဘယ်သူမှ မပါဘဲ ကားမောင်းပြီး ထွက်သွားတယ်"

ဒေါ်အင်ကြင်းအသံကြောင့် ဦးသီဟ သရက်ကားကို နောက်က လိုက်ကြည့်သည်။ သရက်ကားနောက်မီးလေးကိုသာ မြင်လိုက်ရပြီး သူ့ မျက်စိရှေ့မှာတင် သရက်ကားက ပျောက်သွားသည်။

"ရှင်ဘာလုပ်နေတာလဲ ကိုသီဟ။ သားနောက်ကို လိုက်လေ ဒုက္ခပါပဲ၊ သားက နေကောင်းသေးတာ မဟုတ်ဘူးရှင်"

သရမာမီက သူ့ထုံးစံအတိုင်း သည်းသည်းလှုပ် ပျာယာခတ်နေ ပေမယ့် ယောကျ်ားချင်းဖြစ်သည့် ဦးသီဟက ခေါင်းအေးသလို အေး လည်းအေးသည်။

"ထားလိုက်ပါ၊ မင်းသား နေကောင်းနေပါပြီ"

"ဘာရှင့်"

ဦးသီဟ စကားအဆုံးမှာ ဒေါ်အင်ကြင်း ဆက်ဆက်တုန်သွား သည်။

"စိတ်အေးအေးထား အင်ကြင်း၊ မင်းသားကိုချစ်သလို ကိုယ် လည်းချစ်တာပဲ၊ ဒါပေမယ့် အခု အင်ကြင်း လုပ်နေပုံတွေက သား ချစ်ရာမရောက်ပဲ နှစ်ရာရောက်နေမှာစိုးလို့ ကိုယ်ပြောနေတာ တစ် တလေ လွှတ်ထားလိုက်စမ်းပါ"

"နေရာတကာ မင်းလိုက်ချုပ်ချယ်နေလို့ သားက ပေါက်ကွဲ





ချင်နေတာ၊ သူက မိန်းကလေး မဟုတ်ဘူးကွ၊ ယောကျ်ား ··· ကိုယ် ပြောတာ မင်းနားလည်လား""

သားဖြစ်သူ သရက်ကို အစိုးရိမ်လွန်ပြီး သရသွားရာနောက် တကောက်ကောက်လိုက်ချင်နေသည့် အမေနှင့် သူ့ဘာသာ စိတ်လွတ်လပ်စွာ နေချင်သည့် သားကြားက ပြဿနာကို ဦးသီဟရိပ်မိ၍ သားအမိနှစ်ယောက်ကြား ဝင်ပြောဖြစ်သည်။ သားသဘောကို ဦးသီဟ နားလည်ပေမယ့် ဒေါ်အင်ကြင်းက နားမလည်။

နားလည်သည့်တိုင်လည်း လက်ခံချင်စိတ် မရှိ။ သူ့ရင်က လွယ်မွေးထားရသည့် သူ့အချစ်ဆုံးသားလေးကို ကားအက်စီဒင့်ဖြစ်ပြီး သေမင်းနှင့်စစ်ခင်း လုခဲ့ပြီးကတည်းက ဒေါ်အင်ကြင်းမှာ ဆိုက်ကို တစ်မျိုး ဝင်နေတာကို ဦးသီဟ သိသည်။

ဖျောင်းဖျနားချပေမယ့် မရ။

ဒေါ်အင်ကြင်းက သူ့သားမှသူ့သား ဖြစ်နေ၍ မတတ်သာသည့် အဆုံး ဒီအတိုင်း လက်ပိုက်ကြည့်နေခဲ့ရသည်။ အခုလည်း ဦးသီဟ စကားကို နားလည်သလိုလို နားမလည်သလိုလို ခဏတော့ ငြိမ်သွား သည်။ ပြီးတော့ သူ့ထုံးစံအတိုင်း ဝုန်းဒိုင်းထကျဲသည်။

"အို··· ရှင်ဘာပြောပြော အင်ကြင်းသားနောက်ကို အင်ကြင်း လိုက်သွားမယ် ကိုသီဟ၊ ရှင်မလိုက်ချင် နေခဲ့"

"သား ဘယ်ကိုသွားလဲဆိုတာ မင်းက သိလို့လား"

"သိသိမသိသိ၊ သွားမယ်ဆို သွားမှာပဲ"

သားဇောနှင့်ဒေါ်အင်ကြင်းက ဇွတ်တရွတ်။ ပြောမရဆိုမရ။ ဦးသီဟ သူမကို ဒီအတိုင်း ဆက်လွှတ်ထားလို့ မဖြစ်ဟု သိလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"လာစမ်းပါ… အချိန်တန်ရင် သားသူ့ဘာသာ ပြန်လာပါ့မယ်၊ မင်းအဲဒီလို ဖွတ်လုပ်နေရင် သားက ဘာမှမဖြစ်ဖူး မင်းအရူးဖြစ်သွားမယ် နားလည်လား"

"ရော့၊ ဒီဆေးသောက်ပြီး အိပ်ရာထဲမှာ ငြိမ်ငြိမ်လေးလှဲနေ… ဪ… နေဦး မင်းအတွက် ကိုယ်ကော်ဖီဖျော်ပေးမယ်"

ဦးသီဟကိုယ်တိုင် ဒေါ်အင်ကြင်းအတွက် ကော်ဖီနှင့်မုန့်လုပ်ပေးပြီး တယုတယ ကျွေးသည်။ ဆေးစောင့်တိုက်သည်။ သိပ်မကြာလိုက် ဒေါ်အင်ကြင်း နှစ်ခြိုက်စွာ အိပ်ပျော်သွားတာကြည့်ပြီးမှ ဦးသီဟ သက်ပြင်းချလိုက်သည်။

သားကိစ္စ ဖြစ်ပြီးကတည်းက ဦးသီဟ တော်တော်ပြောင်းလဲသွားသည်။ ဟိုတုန်းကတော့ ငွေမှငွေ။ ငွေရှိမှ လူရာဝင်မည်။ ငွေသာလျှင် ဒုတိယတန်ခိုးရှင်ဆိုသည့် မူဝါဒနှင့်ကိုက်ညီအောင် ငွေရမည်ဆိုလျှင် ဘနဖူးသိုက်တူးရန်ပင် ဝန်မလေးခဲ့သည့် ဦးသီဟစီးပွားရေးလောကမှာလည်း နာမည်ဆိုးနှင့် ကျော်ကြားသူ ဖြစ်လာခဲ့မယ့် ငွေမျက်နှာတစ်ခုကလွဲပြီး ဘာကိုမှ ဂရုမစိုက်ခဲ့။

သူ့မှာ ဒေါ်အင်ကြင်းလို လိုက်ဖက်ညီသည့် ဇနီးမယားရှိတာကို ဂုဏ်ယူသည်။ ကျေနပ်သည်။ ငွေရှိရင် လိုချင်တာရသည်။ အားလုံးက လေးစားအထင်ကြီးကြသည်။ နေရာပေး အလေးထားခံရသည့် ဘဝမှာ ပျော်ပျော်ကြီးနေရန် ငွေရှိမှဆိုသည့်မူနှင့် ဘဝကို နေထိုင်လာခဲ့ကြသူများ ပီပီ ငွေသားအရှင်။ ငွေသာဘုရင်ဟု မှတ်ယူနေကြဆဲ။

တစ်ဦးတည်းသော သားက ကားအက်စီဒင့် ဖြစ်သွားသည်။ ဆရာဝန်ကြီးတွေကို ငွေနှင့်သွန်ချသလို သားအသက်ကို လုသည်။ သေခြင်းတရားက ငွေပုံပေးရုံတစ်ခုတည်းနှင့်မရ။ ကံတရားဆိုတာနှင့်





သက်ဆိုင်လာသည်။

"ကျွန်တော်တို့ဘက်က အကောင်းဆုံးနဲ့ အတတ်နိုင်ဆုံး လုပ်သားပြီးပါပြီ၊ ကျွန်တာကတော့ ဒီကလေးရဲ့ ကုသိုလ်ကံကိုပဲ အားကိုးကြရမှာပါ"

ဆေးရုံခုတင်ထက်မှာ ဆေးပိုက်တွေ သွေးပိုက်တွေနှင့် သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေသည့်သားကိုကြည့်ပြီး ယောကျ်ားတန်မဲ့ မျက်ရည်ကျခဲ့သည်။ သားအသက်ရှင်မယ်ဆို ငွေဘယ်လောက်ပေးရပေးရဆိုပေမယ့် သူတို့ကို ငွေကလည်း မကယ်နိုင်တော့။ သားနားက လူတွေတစ်ယောက်ပြီးတစ်ယောက် သေဆုံးကြလေ။ သားလေးကို လက်လွှတ်ဆုံးရှုံးရမှာတွေးပြီး တုန်လှုပ်ချောက်ချားလေ ဖြစ်နေ၏။

သေခြင်းကို သူသိပေမယ့် အခုလို မျက်ဝါးထင်ထင် တွေ့ကြုံရင်ဆိုင်ရချိန်မှာ ဘယ်လိုမှ ဟန်မဆောင်နိုင်အောင် သည်းခြေပျက်ခဲ့ရသည်။ တခြားသူတွေ သေတုန်းက ခပ်ပြုံးပြုံးလိုက်ပို့။ ရယ်မောနှုတ်ဆက်ခဲ့သမျှ ကိုယ့်အလှည့်ကျတော့ မပြုံးနိုင်မရယ်နိုင်။

ကိုယ်လည်း တစ်နေ့သေရမှာ သိပေမယ့် ကိုယ့်ရင်ကဖြစ်သည့် သားကို လက်လွှတ်ဆုံးရှုံးရမှာက ကိုယ့်မျက်စိရှေ့တင်ဆိုတော့ ခံနိုင်ရည်မရှိ။ သားမသေဘဲ သူသေသွားလိုက်တာကမှ ပိုကောင်းဦးမည်ထင်ခဲ့သည်။

ဒေါ်အင်ကြင်းကတော့ အရူးတစ်ယောက်လို သားနားကမခွာ။ အိပ်လည်းမအိပ်။ မတတ်သာလို အိပ်ပျော်သွားလို့ ပြန်နိုးလာရင်လည်း သားမှသားဆိုတော့ သားအမိနှစ်ယောက်လုံးအတွက် စိတ်ပူရတာနှင့် လူက ပိန်ကျသွားသည်။

တရားဆိုတာ ရှိမှန်းတော့သိပေမယ့် အာရုံထဲမှာမငြိ။ အခုသား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့မှ လင်မယားနှစ်ယောက်စလုံး ဘုရားတရားမြဲသွားသည်။ တရားသဘောကို သေချာသိသွားသည်။ နားလည်သွားသည်။ ဦးသီဟဆိုတာ အရင်ဦးသီဟ မဟုတ်တော့။ သူ့အလိုလို ပြောင်းလဲသွားခြင်းဖြစ်သည်။

သူများဆီက ငွေကိုလည်း မတရားသဖြင့်နည်းဖြင့် မလိုချင်တော့။ သူတစ်ပါး စိတ်ဆင်းရဲပြီးမှ ရသည့်ငွေကလည်း ကိုယ်သဘော ကိုယ်နောက်ပါမလာနိုင်မှန်း သိခဲ့နားလည်ခဲ့ပြီးနောက်မှာ မိန်းမဖြစ်သူကို တရားချဖို့ ကြိုးစားသည်။ စည်းရုံးသည်။

ဒေါ်အင်ကြင်းက ဦးသီဟ ဘာပြောပြော နားမဝင်။ ခေါင်းခါသည်။ လက်မခံ။

"ကိုသီဟ အခုပြောနေတာတွေကို အင်ကြင်းသိပါတယ်၊ စီးပွားရှာနေတာကိုသီဟ၊ ငွေကိုငွေနဲ့တူအောင် ရှာရမယ်ဆိုတာကိုသီဟပဲ အင်ကြင်းကို ပြောခဲ့တာလေ… ကိုယ့်အတွက် အကျိုးအမြတ်မကျရင် ဘာလုပ်မှာလဲ"

"အင်ကြင်းကတော့ ကိုသီဟပြောသလို တရားနည်းလမ်းကျတာတွေ မကျတာတွေ စိတ်မဝင်စားဘူး၊ အခု အင်ကြင်းတို့က စီးပွားရေးသမားတွေ အမြတ်များများ ရအောင်ရှာရမှာပဲ ပြီးမှ ဘုရားတည်ကျောင်းဆောက်၊ ရေတွင်းရေကန်တူးပြီး ကုသိုလ်ပြန်လုပ်လိုက်ရင် ဘယ်အကုသိုလ် ဖြစ်စရာရှိလဲ"

"ငွေမည်းကို ငွေဖြူလုပ်သလိုပေါ့ ကိုသီဟရယ်… မကောင်းမှု အကုသိုလ်တွေကို ကုသိုလ်အဖြစ် ပြောင်းလိုက်လည်း ရပါတယ်။ အရေးကြီးတာက စိတ်ပါ… စိတ်က ဦးဆောင်ရင် ဘာမဆိုဖြစ်တာပဲ မဟုတ်လား"





ဒေါ်အင်ကြင်းကို ဦးသီဟ လက်မြှောက်အရှုံးပေးလိုက်သည်။ ဘာတစ်ခုမှ ပြောင်းလဲ၍ မရ။ သူ့အယူအဆနှင့် သူဟုတ်နေသူတာ သူပြောတာ အဟုတ်။ သူလုပ်တာ အမှန်ဟု အမြဲအထင်ရောက်နေသည့်မိန်းမ။ အခုလည်း သားစိတ်နှင့် ဘယ်အထိ မိုက်မဲဦးမည်မသိ။

သက်ပြင်းအသာရှိုက်ပြီး နှစ်ခြိုက်စွာအိပ်ပျော်နေသော ဒေါ်အင်ကြင်းကိုယ်ပေါ်က စောင်လေးကို ရင်ဘတ်နေရာအထိ အသာဆွဲခြုံပေးပြီး အိပ်ခန်းတံခါးကို အသာပိတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ဟော့… တွေ့လား၊ ဖွဲ့ခြေထောက်လေးတွေ သိသိသာသာ လှုပ်လို့ရလာပြီကွ… မြင်လား"

ခွန်းဆက်အသံက ကျေနပ်ပီတိတွေ ပိတ်ဖုံးနေသလို ဖွဲ့ကိုယ်တိုင်လည်း တဖြည်းဖြည်း တိုးတက်လာသည့် သူမကျန်းမာရေး အခြေအနေအောက်မှာ ရင်တထိတ်ထိတ် ခုန်နေသည်အထိ ဝမ်းသာပျော်ရွှင်နေပါသည်။

"ဟုတ်ပါရဲ့ကိုရယ်၊ ဖွဲ့ခြေချောင်းလေးတွေ ပြန်လှုပ်လာပြီနော်"

"နောက်ဆို လုံးဝအကောင်းပကတိ ပြန်ဖြစ်သွားစေရမယ်လို့ ကိုယ်ပြောတာ ဖွဲ့ယုံပြီလား"

"ယုံပါပြီကိုရယ်၊ ဖွဲ့ယုံပါပြီ"

ဖွဲ့အသံလေးတွေက ဝမ်းသာစိတ်နှင့် တုန်ယင်နေသလို သူမခြေထောက်လေးတွေကို စိတ်ဝင်တစားကြည့်ပြီး ပြုံးပျော်နေသည့် ခင်ပွန်း ဖြစ်သူ၏ မျက်နှာကို ကျေးဇူးတင်စွာ ကြည့်လိုက်မိသည်။

"ဒီတစ်ခါ ဆရာဝန်ကြီးဆီသွားရင် ဖွဲ့ခြေထောက်လေးတွေ ပြန်အလုပ်လုပ်ချင်လာပြီလို့ သေချာပြောရမယ်"





"ဟင်… ဖွဲ့ဘာလို့ ငိုနေတာလဲဟင်"

ခွန်းဆက်က ဝမ်းသာစိတ်နှင့် ဖွဲ့မျက်နှာလေးကို မော့အကြည့် တစ်ယောက်တည်း ကျိတ်မျက်ရည်ကျနေသော ဖွဲ့ကြောင့် ထိတ်လန့်သွားကာ ဖွဲ့ကိုယ်လေးကို သူ့ရင်ထဲ ဆွဲပွေ့လိုက်သည်။ ဒီတော့မှ ဖွဲ့က သူ့ရင်ခွင်မှာ မျက်နှာအပ်ပြီး ကိုယ်လေးသိမ့်သိမ့်တုန်သည်အထိ ရှိုက်ငိုချလိုက်၍ သူပိုလန့်သွားသည်။

"ဖွဲ့"

"ဟင့်အင်း… ဖွဲ့ ဘာမှမဖြစ်ပါဘူးကို၊ ဖွဲ့ငိုတာ ကို့ကို ကျေးဇူးတင်လို့ပါ"

"ကို့ကို ကျေးဇူးတင်လို့ ငိုတာဟုတ်လားဖွဲ့"

"ဟုတ်ပါတယ်"

မျက်ရည်တွေနှင့် သူ့ရင်ခွင်ထဲမှ ဖွဲ့အဖြေစကားကို နားထောင်ပြီး ခွန်းဆက် ဘယ်လိုမှ ဟန်ဆောင်၍ မရဘဲ ဖွဲ့ဖြစ်နေပုံကို သဘောကျစွာ ရယ်လိုက်သည်။

"ဖြစ်မှဖြစ်ရလေ ဖွဲ့ရယ်၊ ကိုယ့်ယောကျ်ားကို ကျေးဇူးတင်တာပဲ ငိုရတယ်ရှိသေးလား"

"ကို့ကိုသနားလို့ပါ"

"ကို့ကို… ဖွဲ့က…"

"အင်း"

ဖွဲ့က ခေါင်းညိတ်လိုက်တော့ သူအသည်းယားစွာ ဖွဲ့ပါးလေးကို ဖွဖွရှိုက်နမ်းတော့ ဖွဲ့က သူ့ရင်ခွင်ထဲ ဖွတ်တိုးဝင်သည်။ ခွန်းဆက်ကတော့ လူမမာဖနီးသည် လှလှလေးက သူ့လိုကျားကိုးစီးစား လေ့နိုင်သည့် ကိုယ်ခန္ဓာကြီးကြီးထွားထွား၊ အရပ်မြင့်မြင့်မားမားနှင့် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



သနားနေတာကို နားမလည်နိုင်အောင်ဖြစ်ပြီး ဖွဲ့ကိုသာချစ်ပြီးရင်း ထပ်ချစ်နေမိ၏။

"ပြောပါဦး... ဘာဖြစ်လို့ ဖွဲ့က ကိုယ့်ကို သနားနေရတာလဲ"

"သနားလို့ပေါ့"

ဖွဲ့အသံလေးက ခပ်တိုးတိုး။

သူ့ရင်ခွင်ထဲမှ ဖွဲ့ကိုယ်လေးကို အသာခွာပြီး ဖွဲ့မျက်နှာလှလှလေးကို လက်တစ်ဖက်နှင့် ပင့်မော့၍ သူနှင့်မျက်နှာချင်းဆိုင်လိုက်သည်။ လှပဝိုင်းစက်သည့် ဖွဲ့မျက်လုံးတွေနှင့် အကြည့်ချင်းအဆုံးမှာ ခွန်းဆက်ရင်ထဲ ပူနွေးရှိန်းမြသွားကာ ဖွဲ့နဖူးလေးကို အသာငုံနမ်းမိလျက်သား ဖြစ်သွားသည်။

"ဟုတ်ပြီ သနားရတဲ့ အကြောင်းကို ကိုယ်သိအောင် ပြောပြမှ ကိုယ်က သိမှာပေါ့"

ဖွဲ့က သူ့မျက်နှာကို တစ်ချက်မော့ကြည့်ပြီး ချက်ချင်းမျက်လွှာပြန်ချသွား၍ မည်းနက်ကော့ရှန်းသော မျက်တောင်ကော့တွေကို ချစ်စနိုးအသာတို့ထိမိသည်။

"ဟေး... မေးနေတာ ဖြေဦးလေ"

"ဖွဲ့ကို စိတ်မညစ်ဘူးလားဟင်"

သူမေးတာက တခြား။

သူမက သူ့ကိုပြန်မေးနေတာကတစ်လွဲ ဖြစ်နေ၍ ဖွဲ့မျက်နှာလေးကို သူ စိုက်ကြည့်ပစ်လိုက်သည်။

"ကိုယ်ဖွဲ့ကို သိပ်ချစ်နေလို့ စိတ်ညစ်ဖို့ အချိန်တောင် မရပါဘူး ဖွဲ့ရယ်၊ ကိုယ့်နားမှာ ဖွဲ့ရှိနေတာကိုပဲ ကိုယ်က ပျော်နေတာ"

"ဖွဲ့ကို ကိုယ်ဘယ်လောက်ချစ်တယ်ဆိုတာ ဖွဲ့သိပါတယ်"





တိုးရှိုက်နှင့်မောစွာ ပြောလာသည့် သူ့စကားအဆုံးမှာ ဖွဲ့မျက်နှာလေး ပန်းနုရောင်ခပ်ပြေပြေလေး ဖြစ်သွားသည်။

"သိလို့ ကိုကို ဖွဲ့ကသနားနေတာပေါ့၊ ကိုပဲ စဉ်းစားကြည့်လေ၊ ကိုနဲ့ဖွဲ့ စလက်ထပ်ကတည်းက ကိုက ဖွဲ့တောင်းဆိုသမျှ ဘာတစ်ခုမှ ငြင်းဘဲ လိုက်လျောခဲ့တယ် ဒီနေ့အထိပဲ"

"ကိုယ်က ဖွဲ့ကိုချစ်တာကိုး ဖွဲ့စိတ်ချမ်းသာတာကိုပဲ မြင်ချင်တာ ကိုယ့်ဆန္ဒပေါ့"

"တစ်သက်လုံးလား"

"တစ်သက်လုံးပဲ"

"ဒါဆိုတစ်သက်လုံး ဖွဲ့ချမှတ်ထားတဲ့ အချစ်စည်းကမ်းကို ဘယ်တော့မှ မဖောက်ဖျက်နဲ့..."

"အာ... ဒါကတော့..."

"မရဘူး... မရဘူး၊ ဖွဲ့တော့ ဒီလိုပဲ မှတ်ထားလိုက်ပြီ"

"ကိုယ့်ကို စိတ်ညစ်အောင်လုပ်တဲ့ ကောင်မလေး လာခဲ့"

"ဟာ..."

လေထဲမြောက်တက်သွားအောင် ပွေ့ချီခြင်းခံလိုက်ရ၍ ကလေးတစ်ယောက်လို သူ့ရင်ခွင်ထဲ ခွေခနဲပါသွားရသူက ဖွဲ့။ ဒီလိုပဲ ဖွဲ့ ဘယ်သွားသွား၊ ဘာလုပ်ချင်ချင် ခွန်းဆက်က ဖွဲ့ကိုယ်လေးကို သူ့ဗလအားကိုးနှင့်ချီပိုးပေးနေကြဖြစ်သည်။ မလုပ်နဲ့လည်းဆိုလည်း ပြောမရ။

"ကိုယ်က ဖွဲ့ကို ကိုယ့်ရင်ခွင်ထဲ ဒီလိုအမြဲထားချင်လို့ ဖွဲ့ကို လက်ထပ်ထားတာ"

ဆိုသည့် သူ့စကားကြောင့် ဖွဲ့ဘာမှမပြောနိုင်။ ဖွဲ့က ခွန်းဆက်နှင့် လက်ထပ်ပါမည်ဟု မာမီကို ကတိပေးပြီးနောက်မှာ ခွန်းဆက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တည်း ဖွဲ့ဖြစ်ချင်တာတွေကို ဆွေးနွေးသည် ကတိတောင်းသည်။

ဖွဲ့တောင်းသည့်ကတိက တခြားမဟုတ်၊ ဖွဲ့ကျွန်းမာရေး တစ်နှစ်တိတိ ဆေးကုသမည်။ ထိုတစ်နှစ်အတွင်းမှာ ခွန်းဆက်က ဖွဲ့နှင့် သန့်သန့်ရှင်းရှင်း နေရမည်။ အိမ်ထောင်သည်လို မနေနိုင်သည့် ဖွဲ့ကို နားလည်မှုပေးနိုင်လျှင် ခွန်းဆက်နှင့် ဖွဲ့က လက်ထပ်မည်။ ခွန်းဆက်က သဘောတူလက်မခံလျှင် မင်္ဂလာကိစ္စကို ဖွဲ့ဘက်က ဖျက်သိမ်းမည်ဆိုသော စကားဖြစ်သည်။

ခွန်းဆက်က ဖွဲ့တောင်းဆိုသည့် စကားကို ချက်ချင်းအဖြေမပေး ဖွဲ့မျက်နှာကို သေသေချာချာ အကြာကြီးစူးစိုက်ကြည့်နေပြီးမှ သူကလည်း သူဖြစ်ချင်တာတွေကို ပြန်တောင်းဆိုသည်။

"တစ်နှစ်ထက် ပိုစေပြီး ဖွဲ့ခြေထောက်တွေ ပြန်ကောင်းလာမယ်ဆိုရင်ရော"

"အဲဒီအချိန်ကျ ဦးခွန်းဆက် သဘောပါ"

"အိုကေ၊ လက်ခံတယ် ဒီကြားထဲမှာတော့ ဖွဲ့က ကိုယ့်ချစ်သူနော်၊ ချစ်သူတစ်ယောက်လို ကိုယ့်ဘက်က ချစ်နေခွင့်ရှိတယ် မဟုတ်လား"

"ရှိပါတယ်"

"သင့်ခ်ယူး"

"ဖွဲ့တောင်းတဲ့ကတိကို ကိုယ်ပေးတယ်၊ ဒါပေမယ့် ကိုယ့်စိတ်ထဲတစ်မျိုးပဲ။ ထီပေါက်ပြီး ထီလက်မှတ်ပျောက်နေတဲ့ သူလိုပဲ ခံစားရတယ်ကွာ ကိုယ်တကယ်ပြောတာ"

ဖွဲ့ပြောသည့်အတိုင်းလည်း ခွန်းဆက်က ကတိတည်ပေးခဲ့၍





ဖွဲ့မှာ သူ့ကို သနားလည်းသနား ကျေးဇူးလည်း တင်နေပါသည်။ သူ့ဘက်က မတရားမှန်းသိပေမယ့် ဖွဲ့တကယ် မချစ်နိုင်သေးသည့် ယောကျ်ားတစ်ယောက်နှင့် အတူမနေနိုင်တာကလည်း ဖွဲ့ခံစားချက် ဖြစ်သည်။ အိမ်ထောင်ရှင်ယောကျ်ား တစ်ယောက်အနေနှင့် သူ့ဘက်က ကတိချိုးဖောက်လာခဲ့ရင်လည်း ဖွဲ့ဘာမှ တတ်နိုင်မည် မဟုတ်ပါ။

ဖွဲ့ဆိုတာ သူလက်ထပ်ထားသည့် တရားဝင်ဇနီးဖြစ်၍ သူ့မှာလည်း ဘာအပြစ်မှမရှိ။ သို့သော် ခွန်းဆက်က ကတိတည်သည်။ ဖွဲ့မကြိုက်တာ ဘာမှမလုပ်။ ဖွဲ့ကိုတော့ ချစ်သူတစ်ယောက်၏ ဆက်ဆံရေးမျိုးဖြင့် သူရင်ခွင်ထဲ ဆွဲယူရှိုက်နမ်းတတ်တာကိုတော့ ဖွဲ့နားလည်ခွင့်လွှတ်သည်။ ဖွဲ့က ထိုအခွင့်အရေးမှ မပေးလျှင် ဖွဲ့တို့အိမ်ထောင်ရေးက ဘာတစ်ခုမှ ပျော်စရာကျန်တော့မည် မဟုတ်မှန်း ဖွဲ့နားလည်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ချစ်စရာရုံတွဲလှလှလေးက သရရှေ့က ဖြတ်သွားပေမယ့် သရကို မမြင်။ မြင်သည့်တိုင်လည်း သရကို မှတ်မိစရာအကြောင်း မရှိပါ။ သရမျက်နှာမှာ မျက်နှာတစ်ခုလုံး ပိတ်ဖုံးလုမတတ် မျက်မှန်အမည်းကြီးက သူ့မျက်စိရှေ့က မြင်ကွင်းအားလုံးကို ပိတ်စီးထားသည်။

ဖွဲ့နှင့်ခင်ပွန်းဖြစ်သူ ခွန်းဆက်တို့က ပတ်ဝန်းကျင်ကို သတိမထားမိ။ ခွန်းဆက်က ဖွဲ့ကိုချစ်စနိုး ရယ်မောစနောက်ရင်း သူတို့လိုအပ်သည့် ပစ္စည်းတွေ တစ်ခုပြီးတစ်ခု ရွေးဝယ်နေကြသည်။ ဖွဲ့ ဝိုးချဲလ်ကို ခွန်းဆက်က တွန်းပေးသည်။ သူတို့ဝယ်လာသမျှ ပစ္စည်းတွေကို အိမ်ဖော်အကူ မိန်းကလေးတစ်ယောက်က တွန်းလှည်းတစ်ခုနှင့်အတူ သူတို့နောက်က လိုက်လာသည်။

မြင်ရုံနှင့် ဖွဲ့ကို သူမယောကျ်ား ဘယ်လောက်ချစ်သည်၊ ဘယ်လောက်မြတ်နိုးသည်ဆိုတာ ဘေးကလူတွေ မြင်ရုံနှင့် သိနိုင်သည်ဆိုတာမျိုးဖြစ်၍ တချို့က ဖွဲ့တို့နှစ်ယောက်ကို စိတ်ဝင်တစား ချစ်စနိုး ပြုံးကြည့်သွားကြသည်။ တချို့က မသိမသာကြည့်ပြီး ပြုံးကြသည်အထိ ခွန်းဆက်ဆိုသည့်လူက ဖွဲ့ကိုချစ်ပုံက သည်းသည်းလှုပ် ဖြစ်





သည်။ တစ်ခါတစ်ခါ ရှက်စနိုးအမူအယာနှင့် ပြုံးနေသည့် ဖွဲ့က အရင်ကထက် အဆပေါင်းများစွာ ပိုလှနေ၏။ ပိုချစ်စရာကောင်းနေ၍ ဖွဲ့မျက်နှာလှလှလေးကို မျက်တောင်မခတ် စူးစိုက်ကြည့်နေမိသူက သရ။

ဖွဲ့တို့အိမ်ကို သူသတိရရခြင်း မနက်အစောကြီး အရောက်သွားခဲ့သည်။ ဆူညံနေသည့် သူ့ကားဟွန်းသံအဆုံးမှာ ခြံစောင့်လုပ်သူက တံခါးလာဖွင့်သည်။ ဖွဲ့အကြောင်းကို မေးကြည့်တော့မှ ဖွဲ့အိမ်ထောင်ကျသွားပြီဆိုတာ သူသိရသည်။ တင်မောင်မောင်ကလည်း ဖွဲ့လက်ထပ်သွားသည့်အကြောင်း သူ့ကို ဘာမှမပြော။

ဖွဲ့မာမီက ဒီအိမ်ကြီးမှာ မနေတော့။ တစ်ယောက်တည်းသမားဖြစ်၍ သူ့သမီးကြီး နဲ့အိမ်ကို ပြောင်းနေသည်ဟု သိရသည်။ ဖွဲ့အခုလက်ရှိနေသည့် လိပ်စာကိုမေးပြီး သူတစ်ယောက်တည်း အင်းလျားကန်စပ်မှာ သွားထိုင်နေမိသည်။

သူမျှော်လင့်ထားသမျှ အရာအားလုံး လေနဲ့အတူ လွင့်မျောသွားပြီဟု သိလိုက်သည်။ ဖွဲ့ကို သူထာဝရဆုံးရှုံးလိုက်ရပြီးနောက်မှာ ဘာတစ်ခုမှ အဓိပ္ပာယ်မရှိတော့သလို ဖြစ်သွားရုံမက ကြည့်လေရာ မြင်ရာတိုင်းက အထီးကျန်မှုတွေနှင့် သွေးခြောက်ညှိုးမှိန်လျှက်။ ကြေကွဲဝမ်းနည်းစရာအထိ ဖြစ်သွားသည်။

ဖွဲ့ရယ်…။

ဘာဖြစ်လို့ ဖွဲ့ တခြားသူတစ်ယောက်ကို လက်ထပ်လိုက်ရတာလဲဆိုတာ သရ နားလည်သည်။ ကိုယ်ချင်းလည်း စာသည်။ သရမာမီနှင့် ဖွဲ့ထိပ်တိုက်တွေ့ကြမည်မှာ မလွဲပါ။ ဖွဲ့အစ်ကို့ကို မာမီကနာနာကြည်းကြည်း ပြောလွှတ်လိုက်သလို ဖွဲ့ကို သူ့သားနှင့် ဖုံးဝ



www.burmeseclassic.com

www.burmeseclassic.com



သဘောမတူကြောင်း ခါးခါးသီးသီး ပြောခဲ့သည့် မာမီ။

ကြားထဲက ဓားစာခံဖြစ်ကြရသူတွေက ဖွဲ့နှင့်သရ ဖြစ်လာသည်။ ဖွဲ့ကို သူ့အိမ်က သဘောတူသူနှင့် လက်ထပ်စေသည်။ ဖွဲ့မှာ ငြင်းဆ မရှိ။ အားကိုးတိုင်ပင်စရာ သရက အတိတ်မေ့နေသူ။ သရနားမှာ နေသည့် သရမာမီက ငွေကြေးချမ်းသာမှု အရှိန်အဝါနှင့် အစကတည်း က လူကိုလူလို့ ထင်တတ်သူမျိုး မဟုတ်။

ကံကောင်းသည်က ဖွဲ့လက်ထပ်လိုက်သည့် အမျိုးသားကိုယ်တိုင် ဖွဲ့ကို မြတ်မြတ်နိုးနိုး ချစ်သူဖြစ်နေခြင်း ဖြစ်သည်။ ဖွဲ့ခင်ပွန်းကြောင့် ဖွဲ့ပြုံးနေသည်။ ပျော်နေတာ မြင်ရတော့ သရကြိုတင်ကြံစည် စိတ်ကူး ထားသမျှ ဇဝေဇဝါ ဖြစ်လာသည်။

အစတုန်းက ဖွဲ့ကို သူမယောကျ်ားလက်က ဖြစ်ချင်ရာဖြစ် ယူလာခဲ့ပြေးမည်ဟု ချစ်စိတ်နှင့် ဆုံးဖြတ်ခဲ့သည်။ ဖွဲ့တို့အိမ်ကို သေချာ စောင့်ကြည့်သည်။ အဝင်အထွက်တွေကို သေချာမှတ်ထားသည်။ သ ထင်တာက မချစ်မနှစ်သက်သူ ရင်ခွင်ထဲ ရောက်နေသည့် ချစ်သူ ငရဲခန်းကို ကယ်တင်ရန် ဖြစ်သည်။ ခွန်းဆက်ဆိုသည့် လူကိုယ်တိုင် ဖွဲ့ကို ချစ်နေမြတ်နိုးနေလိမ့်မည် မထင်ခဲ့။ အခုတော့ သူ့မျက်စိ ရှေ့မှာ မြင်တွေ့နေရသည့် ချစ်စရာမြင်ကွင်းထဲမှာ ဖွဲ့က သူထင်သလို မျက်ရည်ကို အဖော်ပြုပြီး ငိုယိုနေရသူ ကိုယ်စိတ်နှစ်ပါး ညှိုးငယ်နေ သူဘဝမျိုးမဟုတ်။

လန်းရွှင်နေသည့် ဖွဲ့မျက်နှာလေးမှာ ကြည်နူးမှုတွေ ထင်ဟပ် နေသည်။ လင်းလက်တောက်ပမှုတွေနှင့် နူးညံ့သိမ်မွေ့နေသည်။

"ဟော့… ခွန်းဆက်"

"ဟာ… သတိုး… မင်းဘယ်တုန်းက ဒီကိုပြန်ရောက်တာလဲ"





"တစ်ပတ်ရှိပြီကွ"

ခွန်းဆက် သူငယ်ချင်းသတိုးကို ဝမ်းသာအားရ နှုတ်ဆက်ရင်း သူငယ်ချင်းနှစ်ယောက် စကားတွေ ပြောကြသည်။

"ဒါ… ကို့အမျိုးသမီးလေ ဖွဲ့တဲ့"

"ဖွဲ့… သူက ကိုယ့်သူငယ်ချင်းသတိုး"

"ဟုတ်ကဲ့… တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

"ဖွဲ့လည်း ဝမ်းသာပါတယ်"

သတိုးဆိုသူက ဗိုလ်ချုပ်ပေါ်က သိပ်လှသည့် ဖွဲ့နှင့်ခွန်းဆက်ကို နားမလည်သလို အံ့သြထူးဆန်းကြည့်နေ၍ ဖွဲ့ သူတို့နားက ထွက်ခဲ့ သည်။

"ဖွဲ့ အပုနဲ့ ဟိုဘက်မှာ ဝယ်စရာရှိတာလေးတွေ ဝယ်လိုက်ဦး မယ်နော်ကို"

"ဖွဲ့ကို ခွင့်ပြုပါဦးရှင်"

ခွန်းဆက်စကားပြန်သည့်အထိ မစောင့်။ အပုကို သူမဗိုချုပ်ကို တွန်းခိုင်းပြီး ထိုနေရာက ထွက်ခဲ့သည်။ ရင်ထဲမှာ မွန်းကျပ်နေသည့် ခွန်းဆက်သူငယ်ချင်းအကြည့်က ဖွဲ့နှင့်အတူပါလာသည်။

"ဒါကြောင့် မင်းမိဘတွေက မင်းနဲ့ဖွဲ့ကို သဘောမတူကြတာ လား ခွန်းဆက်"

"အစကတည်းက ကိုယ့်စိတ်ကြိုက် အိမ်ထောင်ဘက်ကို ရွေး ခွင့်ကိုပေးထားပြီးသားပါ"

"ဒါလည်း… ဒါပေါ့ကွာ၊ သူတို့က မင်းမိဘတွေဆိုတော့"

နောက်ထပ်စကားများကို ဖွဲ့မကြားတော့ပါ။ ကြားလည်း ကြား ချင်စိတ်မရှိ။ ခွန်းဆက်မိဘတွေကိုယ်တိုင် သူတို့သားနဲ့ ဖွဲ့ကိုသဘော



www.burmeseclassic.com

www.burmeseclassic.com



မတူသည့်အဖြစ်ကို အခုမှသိရပေမယ့် ဘာမှမတတ်နိုင်။ ဘယ်မိဘမှ သူတို့သားသမီးကို ဒုက္ခိတတစ်ယောက်နှင့် သဘောမတူနိုင်သည်မှာ သဘာဝကျပါသည်။ တရားမျှတသည်။ သဘာဝမကျ တရားမျှ တတာက ဖွဲ့အပေါ် ကျရောက်လာသည့် ကံတရားဖြစ်သည်။

ဖွဲ့ပါးပြင်ပေါ် မျက်ရည်ပေါက်ပေါက် ကျလာသည်။ ဒီလိုမှန်း သိရင် ဖွဲ့သူ့ကို လက်မထပ်ခဲ့ပါ။ သရမိခင် ပြောသည့်စကားကို မခံနိုင်အောင် နာကျင်ကြေကွဲစိတ်နှင့် ဖြစ်ချင်ရာဖြစ် ခွန်းဆက်ဘဝထဲ မိသားစု အလိုကျ မျက်စိစုံမှိတ်ပြီး တိုးဝင်ခဲ့မိသမျှ အခုမှ နောင်တရ သည်။

ဖွဲ့ကို ခွင့်လွှတ်ပါကိုရယ်။

ဖွဲ့ကို လက်ထပ်မိလို့ ကိုမိဘတွေနဲ့ ကိုမခေါ်မပြောနိုင် ဖြစ်သွား သည့် သားအဖြစ်ကို ရင်ထဲဘယ်လောက် နာကျင်ခံစားရမှာပါလိမ့်

"ဖွဲ့"

"ဟင်... သရ"

ရုတ်တရက် သရကို သူမ မျက်စိရှေ့မှာ အရင်လိုပုံစံ၊ အရင်လို အနေအထားနှင့် ကျန်းကျန်းမာမာ တည်ငြိမ်ချောမောစွာ တွေ့လိုက် ရတော့ ဖွဲ့ ဘာစကားမှ မပြောနိုင်အောင် ဖြစ်သွားပြီး သရမျက်နှာကို သာ တစ်ခါမှ မမြင်ဖူးသလို မျက်တောင်မခတ် စူးစိုက်ကြည့်နေမိ သည်။

"ကိုယ်နဲ့ခဏလိုက်ခဲ့နော် ဖွဲ့"

"သရ"

"မင်းဒီမှာနေခဲ့၊ ငါတို့နောက် လိုက်မလာနဲ့"

"ဟုတ်ကဲ့"





အပုက ယောင်ကမ်းကမ်းနှင့် နေရာမှာ ရပ်ကျန်နေသည့် အချိန် မှာ သရက ဖွဲ့ဝှီးလ်ချဲလ်ကို သူကိုယ်တိုင်တွန်းပြီး သူ့ကားရှိရာ ခွဲထိုး ခေါ်သွားသည်။

"ဘယ်သွားမလို့လဲ သဲရ"

"ဟိုမှာ အပုကျန်ခဲ့ပြီ"

"တမင်ထားခဲ့တာ"

"အို"

သရအသံက အေးစက်စက်။

ကားရပ်နားသည့် နေရာအရောက် သူ ဖွဲ့ကို တွန်းထုတ်လာပုံက မြန်ဆန်သလို သူ့ကားထဲဖွဲ့ကို ပွေ့တင်လိုက်ပုံကလည်း လျင်မြန် ဖျတ်လတ်လွန်း၍ ဖွဲ့ရင်တွေ ခုန်လာသည်။

"သရ"

"ဘာမှမပြောနဲ့ဖွဲ့၊ အချိန်တန်ရင် ဖွဲ့အိမ်ကို ကိုယ်ပြန်ပို့ပေးမယ်"

"မဟုတ်ဘူး သရ၊ ဖွဲ့အိမ်ထောင်ကျနေပြီ"

"ကိုယ်သိတယ်"

"ဟင်"

"ရှူး"

"ကျွီး"

သရကားက နေရာကဝေါခနဲ ပြေးထွက်သွားချိန်မှာ ကားပါကင် နေရာကို အပြေးရောက်လာသူက ခွန်းဆက်။

"ဖွဲ့"

"ဖွဲ့"

"ဟိုမှာ... ဟိုမှာ... မမဖွဲ့၊ ဟိုကားနဲ့ပါသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



အပုက ဖွဲ့ကိုလှမ်းမြင်လိုက်၍ အလန့်တကြား လှမ်းအော်သည်။ ခွန်းဆက် ဘာမှစဉ်းစားမနေနိုင်ဘဲ သူ့ကားပေါ် ပြေးတက်ပြီး ဖွဲ့ကို ခေါ်သွားသည့် သရကားနောက်က သူ့ကားကို အကြမ်းမောင်းပြီး လိုက်သည်။ ခွန်းဆက်ကား လိုက်လာမှာကို သိနေသည့် သရကလည်း သူ့ကားကိုအရှိန်မြင့်ပြီး မောင်းသည်။

ခွန်းဆက်က သရဆိုသည့်နာမည် အပုဆီက ကြားရထဲက သရ ဆိုတာ ဖွဲ့ချစ်သူမှန်းသိ၍ ရင်ထဲပူသွားသည်။ သူတို့ သရအကြောင်း သိထားတုန်းက သရဆိုတာ ကျန်းမာရေး မကောင်းသေးသော လူ တစ်ယောက်။ အတိတ်ကို မေ့နေသူအဖြစ် ဖြစ်သည်။ အခုပုံအတိုင်းဆို သရကိုယ်တိုင် အတိတ်ကိုပြန်သတိရလာသည့် လူကောင်း တစ်ယောက် ဖြစ်နေပြီပဲ။

ဒါကြောင့် ဖွဲ့ကို သူခေါ်သွားတာဟုတွေးပြီး ကားကိုပိုအရှိန် မြှင့်ပစ်သည်။

ဖွဲ့ဆိုတာ သူ့မိန်းမ။

ခွန်းဆက်နဲ့ တရားဝင်လက်ထပ်ထားတဲ့ ခွန်းဆက်ဇနီး။

ဒါကို သရမေ့နေပြီလား။

အိမ်ထောင်ရှိ မိန်းမတစ်ယောက်ကို သူ့သဘောနဲ့သူ ခေါ်သွား ရအောင် သရဆိုတာ မိုက်မဲတဲ့သူလား။

တစ်ပြိုင်နက်တည်းမှာ အချစ်က တစ်ခါတစ်ရံ လူကိုရူးစေမိုက်မဲ စေပါလားဟုတွေးပြီး သရရင်ထဲက ခံစားချက်ကို ကိုယ်ချင်းစာနာစိတ် နှင့် သက်ပြင်းကိုတ်ချသည်။ သရလို ယဉ်ရှဉ်သူမပြောနဲ့၊ ခွန်းဆက်လို ကိုယ့်ကိုကိုယ် အသိဉာဏ်ကြီးမားသူ၊ တည်ငြိမ်ရင့်ကျက်သူလို့ ခံယူ ထားသည့် သူကိုယ်တိုင် ဖွဲ့လိုမသန်မစွမ်း ဒုက္ခိတဘဝရောက်သွား





သည့် မိန်းကလေးတစ်ယောက်ကို ကိုယ့်ကိုမချစ်မှန်းသိသိနဲ့ အချစ် ဒဏ်ခုထဲနဲ့ လက်ထပ်ခဲ့တာ ဘယ်လောက်ရူးမိုက်လိုက်လဲ။

သရက သူ့ထက်ယဉ်ရှဉ်သူ။ ပြီးတော့ ဖွဲ့ရဲ့အချစ်ဦး။ ခွန်းဆက် ကိုယ်တိုင် ဖွဲ့ကို ဒီလောက်ချစ်နေရင် သရရင်ထဲမှာလည်း ဖွဲ့ကို ချစ်သည့်အချစ်တွေနှင့် ဘယ်လောက်ခံစားချက် ပြင်းနေသည်၊ ပေါက် ကွဲနေသည်ဆိုတာ ဖွဲ့ကို သူ့ကားနှင့်ခေါ်သွားသည့်အထိဆိုတော့ ခွန်းဆက် ရင်ထဲပူလာသည်။

"တီ... တီ"

တွေ့သမျှ မြင်သမျှ ကားတွေဖြတ်ကျော်တက်နေသည့် သရကို ကြည့်ပြီး တုန်လှုပ်နေသူက ဖွဲ့။ ကြောက်စိတ်နှင့် မျက်နှာလှလှလေး ဖြူဖျော့နေသလို သရမျက်နှာချောချောပေါ်က နာကျင်ကြေကွဲနေသည့် ခံစားချက်တွေကို မြင်ရတော့ ဖွဲ့ရင်ထဲ ကျင်ခနဲစို့နစ်လာ၏။

"သရ"

ဖွဲ့ခေါ်ပေမယ့် သူက မထူး။ အံကြိတ်ထား၍ ထောင်ထနေသည့် မေးရိုးကြီးတွေကို မြင်နေရပုံက စိတ်မသက်သာစရာပါ။

"ဖွဲ့ကို ခွင့်လွှတ်ပါ သရရယ်၊ ဖွဲ့လေ..."

"ဖွဲ့ဘာမှမပြောနဲ့ ဘာဖြစ်လို့ ဘာဖြစ်လို့ အဲဒီလူကို လက်ထပ် လိုက်ရတာလဲဆိုတဲ့ အဖြေကို ကိုယ်သိတယ်"

"ဖွဲ့"

"ဖွဲ့တို့ပြန်ကြရအောင်နော် သရ၊ အခုချိန်ဆို ဖွဲ့တို့နောက်ကို ဦးခွန်းဆက် လိုက်လာနေလောက်ပြီ ထင်တယ်"

"ဖွဲ့က ကြောက်လို့လား"

"ဖွဲ့က အိမ်ထောင်ရှင်ပါ၊ ပြီးတော့ မသန်မစွမ်း ဒုက္ခိတသည်"



www.burmeseclassic.com

www.burmeseclassic.com



"ဖွဲ့အခုလို ဖြစ်ရတာကို ကိုယ့်ကြောင့်ပါ၊ ဖွဲ့ကို ကိုယ်လက်ထပ်မယ်၊ ဒါကြောင့် ဖွဲ့ကို ကိုယ်ခိုးပြေးလာတာ"

"သရ… ယူဘာတွေပြောနေတာလဲ"

"မှန်တာတွေ ပြောနေတာဖွဲ့၊ ဖွဲ့ကို ကိုယ်ဘယ်လောက်ချစ်လဲဆိုတာ ဖွဲ့သိတယ်မဟုတ်လား"

သရပုံစံက အရူးတစ်ယောက်လို ဖြစ်နေတာကြည့်ပြီး ဖွဲ့ တသိမ့်သိမ့် ငိုချလိုက်သည်။

အချိန်တွေ ကြာခဲ့ပြီးမှ သရရယ်။

ပြီးတော့ ဖွဲ့နဲ့သရဆိုတာ အရင်လိုဘဝမျိုး မဟုတ်တော့တာ သရမေ့နေလား…။

"မငိုနဲ့ဖွဲ့၊ ကိုယ်ဖွဲ့ကိုချစ်တယ် ဖွဲ့လည်း ကိုယ့်ကိုချစ်သေးတယ် မဟုတ်လားဟင်"

"အခုချိန်က ဒါတွေပြောနေရမယ့် အချိန်မဟုတ်ဘူးသရ၊ ဖွဲ့တို့ဘယ်လိုမှ ဒီဘဝမှာ ပြန်မဆုံနိုင်တော့ဘူးဆိုတာ ဖွဲ့သိသလို သရလည်း သိပါတယ်"

"ကားကို ရပ်လိုက်ပါတော့နော်၊ သရကို ဖွဲ့တောင်းပန်ပါတယ်သရရယ်။ ဒီတစ်ခါ အရင်လိုပြန်ဖြစ်ရင် သရမာမီက ဖွဲ့ကို သတ်ပစ်ချင်တဲ့အထိ အမုန်းကြီးမုန်းသွားမှာ ဖွဲ့ကြောက်လို့ပါ"

ငိုရှိုက်သံနှင့် ရောထွေးနေသည့် ဖွဲ့အသံလေးက သနားစရာကောင်းသလို၊ ဖွဲ့နဲ့မာမီကြားမှာ ဘယ်လောက်ပြင်းထန် လေးနက်သည့် ကိစ္စတွေရှိခဲ့လဲဆိုသည်ကို ဖွဲ့စကားများ သက်သေခံနေ၍ သရရင်ထဲလှိုက်ခနဲ ဝမ်းနည်းသွားသည်။

မာမီသာ ဖွဲ့ကိုကျေနပ်ကြည်ဖြူစွာ လက်ခံခဲ့ရင် သရနှင့်ဖွဲ့လည်း





အခုလိုဘဝမျိုး ရောက်လာစရာ အကြောင်းမရှိ။ သရလည်း ဖွဲ့နှင့်ခွဲရလို့ နာကျင်နေရမှာမဟုတ်။ အခု သရဘေးမှာ ဖွဲ့ကတသိမ့်သိမ့် ရှိုက်ငိုနေသည်။

"ဖွဲ့ကို အိမ်ပြန်ပို့ပါ သရရယ်၊ ဖွဲ့တောင်းပန်ပါတယ်နော်… ဖွဲ့တို့ နောက်ဘဝကျမှာပဲ…"

"ဘာနောက်ဘဝလဲ… မပြောနဲ့ မကြားချင်ဘူး"

"သရ"

"တီ… တီ"

"ဟင်… နောက်မှာ ဦးခွန်းဆက် ကားလိုက်လာနေပြီ သရ… ကားကိုရပ်လိုက်ပါ သရရယ်"

"ကားကို ရပ်ပေးပါ၊ ဖွဲ့ကို သရ တကယ်ချစ်ရင် ဖွဲ့စကားကို နားထောင်ပါသရရယ်"

"မရပ်ဘူး… မရပ်ဘူး"

"ဖြစ်ချင်ရာဖြစ် အခုချိန်မှာ ကိုယ်ဘာကိုမှ ဂရုမစိုက်ဘူးဖွဲ့… ဖွဲ့ကိုယ့်ကိုချစ်သလား မချစ်ဖူးလား ဒါပဲဖြေ…"

သရပုံစံက အချစ်ရူးရူးနေသည့် လူတစ်ယောက်။ သွေးရူးသွေးတမ်း ဖြစ်နေသည့်ပုံ ဖြစ်နေ၍ ဖွဲ့ရင်မှာ ဖော်မပြနိုင်သော စိတ်ခံစားချက်ဖြင့် သရက်ို ဘယ်လိုဖျောင်းဖျရမှန်းမသိ။ ကျိတ်၍သာ ရှိုက်ရှိုက်ငိုနေချိန်မှာ သရက ဖွဲ့ကို မျက်ရည်ပြည့်နေသော မျက်ဝန်းအစုံဖြင့် လှည့်ကြည့်သည်။

"ကိုယ်မေးတာ မဖြေဘူးလား ဖွဲ့"

"မဟုတ်ဘူး"

"ဘာမဟုတ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကားကိုသာ ကြည့်မောင်းပါသရရယ်၊ ဖွဲ့လေ… ဖွဲ့… သရကို ချစ်… ချစ်ပါတယ်"

"ဝမ်းသာလိုက်တာ ဖွဲ့ရယ်… ကိုယ်လေ…"

"တီ… တီ"

"ဟာ"

"ကျွီး"

တစ်ဖက်က ကားကိုဝင်မတိုက်မိစေရန် အရှိန်ပြင်းပြင်းနှင့် တွေ့ရှောင်လိုက်သည့် သရကားဆီမှ ဘရိတ်ဖမ်းနင်းသံနှင့်အတူ ကဗ္ဗာရာလမ်းအတိုင်း အရှိန်ပြင်းပြင်း လျှောပါးသွားပြီးမှာ… ဆောက်လုပ်ရေးလုပ်ငန်းခွင်က သဲပုံကြီးကို ဝင်တိုက်မိပြီး သစ်ပင်ကြီးရှိရာ ဦးတည်ပြေးဝင်သွားသည်။

"သရ"

"ဖွဲ့"

"ဝုန်း"

လောကကြီးက အမှောင်အတိ။

ထိုအမှောင်က သရနှင့် ဖွဲ့ကလွဲပြီး ဘာဆိုတာမှ မရှိသည့်အမှောင်။



## အခန်း (၂၀)

"သရ… သရ"

သတိလစ်မေ့မျောနေသော ဖွဲ့သတိရရခြင်း သူ့မှတ်များက ထွက်ပေါ်လာသည့် အမည်က သရဆိုသည့်အမည် ဖြစ်နေ၍ ဖွဲ့မာမီအပါအဝင် မင်းဘွဲ့နှင့်နွဲ့က ဖွဲ့နားမှာ နေ့မအိပ်ညမအိပ် ဖွဲ့မျက်နှာကိုတစိမ့်စိမ့်ကြည့် လက်ကလေးတစ်ဖက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားခဲဲဖြစ်သည့် ခွန်းဆက်မျက်နှာချောချောကို အားနာဟန်ဖြင့် ပြုံးတုံ့လိုလို လှမ်းကြည့်လိုက်ကြသည်။

"ဖွဲ့… သတိရပြီလား"

"ဟင်… အင်း… ဖွဲ့… ဖွဲ့ သတိရလာပါပြီ၊ သရ… သရရောကို… သူဘာဖြစ်သွားလဲ သူ… သူ…"

ဖွဲ့စကားမဆုံးခင် ပါးပြင်ပေါ် ပြိုဆင်းလာသည့် မျက်ရည်တွေကြောင့် ခွန်းဆက်က ဖွဲ့ကိုယ်လေးကို အနူးညံ့အညင်သာဆုံး ထွေးပွေ့ပြီး ဖွဲ့ကိုချော့သည်။

"မငိုနဲ့လေ ဖွဲ့၊ ဖွဲ့က အခုမှ နေကောင်းကာစ ရှိသေးတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဖွဲ့ကို ခွင့်လွှတ်ပါကိုရယ်... ဖွဲ့လေ..."

"စိတ်ကို နိုင်နိုင်ထား ဖွဲ့၊ သရမရှိတော့ဘူး ဆုံးသွားပြီ"

"မင်းဘွဲ့"

"ရှင်"

ခွန်းဆက်က သူငယ်ချင်းဖြစ်သူ မျက်နှာကို အလန့်တကြား လှမ်းကြည့်ပြီး တားလိုက်ပေမယ့် မင်းဘွဲ့က ခွန်းဆက်ကိုမကြည့်။ ဖွဲ့ အလွန်သိချင်နေသော အဖြေကို ဖွဲ့မျက်နှာကို စူးစိုက်ကြည့်ရင်း အေးစက်ပြတ်သားသော မျက်နှာထားဖြင့် ပြောလိုက်ပြီး ဖြစ်သည်။

"သရ... သရရယ်"

"ဖွဲ့... သတိထားလေ"

ဖွဲ့က သရအမည်ကို အသံကျယ်ကျယ်နှင့်ပင် မအော်နိုင်။ သရ အမည်ကို ခပ်တိုးတိုး တမ်းတခေါ်ရင်း ခေါင်းအုံးထက်မှာ မျက်နှာ အပ်ပြီး တသိမ့်သိမ့် ရှိုက်ငိုချလိုက်၍ ခွန်းဆက်က မင်းဘွဲ့ကို အပြစ် တင်ဟန် တစ်ချက်လှမ်းကြည့်သည်။

"မင်းဘာမှမပြောနဲ့ ခွန်းဆက်၊ ဒီကိစ္စက အခုမပြောလည်း နောက်ကျတော့ ပြောရမယ့်အတူတူ အခုကတည်းက အဖြစ်မှန်ကို ဖွဲ့သိထားတာပဲ ကောင်းတယ်"

"ဒါပေမယ့်... သရက..."

"သရ သေပြီခွန်းဆက်၊ ဖွဲ့ဘဝမှာ သရဆိုတာ မရှိတော့ဘူး သူ့ကြောင့် ငါ့ညီမ ဒီလိုဘဝဖြစ်ရတာ"

မင်းဘွဲ့အသံက နာကြည်းမုန်းတီးသံ။ သရ သေသွားတာကိုပဲ သူ့အသံက ကျေနပ်သလိုလို ဖြစ်နေ၍ ခွန်းဆက် မင်းဘွဲ့နာမည်ကို ဒုတိယအကြိမ် လှမ်းခေါ်လိုက်သည်။





"မင်းဘွဲ့"

"မင်းကြောင့် ဖွဲ့ ငိုနေပြီကွ"

"ငိုပါစေ၊ သူငိုတာ ငါ့ကြောင့်ငိုတာမဟုတ်ဘူး ခွန်းဆက်၊ သရဆိုတဲ့ကောင် သေလို့ မင်းမိန်းမ ငိုနေတာ..."

"ဖွဲ့ကို အဲဒီလောက် ရင့်ရင့်သီးသီးကြီး မပြောပါနဲ့ကွာ... ဖွဲ့ဆိုတာ မင်းညီမလေးပါ"

တင်းမာခက်ထန်သော မင်းဘွဲ့သဘောထားကို နားလည်ပေမယ့် သရကြောင့် စိတ်ထိခိုက်နေသည့် လူမမာဖနီးသည်ကို လေသံမာမာ နှင့် အပြစ်တင်သလို ပြောနေသော မင်းဘွဲ့ကိုတော့ ခွန်းဆက်သဘော မကျပါ။

"ငါ့ညီမမို့ ငါပြောနေရတာ မင်းဘွဲ့၊ ငါ့ညီမဘဝကို ဒီကောင် အစအဆုံး လိုက်ဒုက္ခပေးတာ အားမရလို့..."

"တော်ပြီကွာ၊ မင်းငါ့ကို ဘယ်လိုထင်ထင် ငါဂရုမစိုက်ဘူး၊ ဖွဲ့အခြေအနေလည်း စိတ်ချရပြီဆိုတော့ ငါဒီမှာ ဆက်မနေချင်တော့ ဘူး ငါသွားတော့မယ်"

"သားကြီး"

"မင်းဘွဲ့"

ဖွဲ့မာမီက သူ့သားကို လှမ်းခေါ်သလို ခွန်းဆက်လည်း မင်းဘွဲ့ ကိုတားသလို ခေါ်လိုက်ပေမယ့် မင်းဘွဲ့က သူ့ကိုလှည့်မကြည့်ပဲ ဆေးခန်းထဲက ခြေလှမ်းကျဲကြီးတွေနှင့် ထွက်သွားပုံက မြန်ဆန်သည်။

"သားကြီးကို နားလည်ပေးလိုက်ပါ မောင်ခွန်းဆက်ရယ်၊ သူ့ ခမျာလည်း ဖွဲ့ကြောင့် တော်တော်စိတ်ထိခိုက် ခံစားခဲ့ရှာတာပါကွယ်"

"ကျွန်တော် နားလည်ပါတယ် အန်တီ၊ ဖွဲ့ကို သူဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်ဆိုတာ ကျွန်တော်သိပါတယ်"

"သမီးဖွဲ့"

"မာမီ"

"မာမီ စိတ်မကောင်းပါဘူးကွယ်၊ မငိုနဲ့နော် သမီးလေး... သမီးအတွက် မောင်ခွန်းဆက်ခများ အခုချိန်ထိ တစ်ချက်မှ မနားရသေးဘူးကွယ်"

"ဖွဲ့ကို ခွင့်လွှတ်ပါ မာမီ၊ ဖွဲ့ နောက်မငိုတော့ပါဘူး၊ အခုတော့..."

"ဖွဲ့ကို ဘာမှမပြောပါနဲ့ အန်တီရယ်၊ ဖွဲ့ရင်ထဲ ဘယ်လိုခံစားနေရတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်၊ ဖွဲ့စိတ်ထဲ ရှိသလောက် ငိုပါစေ ကျွန်တော့်ကို အားမနာပါနဲ့"

"ကိုရယ်"

"ဖွဲ့ ကိုယ်အပြင်မှာ ရှိနေမယ်နော်၊ ဖြစ်ရဲ့လား ကိုယ့်ကြောင့် ဖွဲ့စိတ်အနှောင့်အယှက် ဖြစ်နေမှာစိုးလို့ပါ"

ဖွဲ့မျက်နှာပေါ်က မျက်ရည်တွေကို သူ့လက်ကိုင်ပဝါနှင့် ဖွဖွ သုတ်ပေးရင်း ဖွဲ့နား တိုးတိတ်ညင်သာစွာ ပြောနေသည့် ခွန်းဆက် စကားတွေကို ဖွဲ့မာမီနှင့်နွဲ့လည်း ကြားနေသည်။ ဘယ်သူမျှ မျက်နှာ မကောင်း။

"ဟင့်အင်း၊ ဖွဲ့နားမှာပဲ ကိုနေပါနော်"

"ကောင်းပါပြီဖွဲ့ရယ်၊ ဖွဲ့နားမှာ ကိုယ်ရှိနေပါမယ်... ဖွဲ့လည်း မငိုနဲ့တော့နော်"

"ဟုတ်ကဲ့ပါ"

ကြိုးစားပြီး ဖွဲ့မျက်ညီတွေ သိမ်းသည်။ ဖွဲ့ကိုချစ်၍ ဖွဲ့ကို





တရားဝင်လက်ထပ်ထားသည့် ခင်ပွန်းသည်ကို ရှေ့မှာထားပြီး သေဆုံးသွားသော ချစ်သူဟောင်းအတွက် ဖွဲ့ဝမ်းနည်းကြေကွဲနေခြင်းက မဖြစ်သင့်မှန်းသိ၍ ဖွဲ့ကိုဖွဲ့ သတိနှင့်ထိန်းလိုက်သည်။

"ဖွဲ့ကို ခွင့်လွှတ်ပါကို"

"ဖွဲ့မှာ ဘာအပြစ်မှမရှိပါဘူး ဖွဲ့ရယ်၊ ဖွဲ့သာ နေကောင်းအောင်နေနော်"

"ဟုတ်ကဲ့"

ဝမ်းနည်းစိတ်ကို မျိုသိပ်ပြီး ဖွဲ့ခေါင်းညိတ်ချိန်မှာ ဖွဲ့ပထမဆုံး သတိထားမိတာ ဖွဲ့ခြေထောက်တွေ။

"ဒီမှာကြည့်ပါဦးကို..."

"ဘာလဲဟင်ဖွဲ့"

"မာမီ၊ မမနွဲ့... ဒီမှာ ဖွဲ့ခြေထောက်တွေ လှုပ်လို့ရနေပြီ။ ဖွဲ့ ခြေထောက်တွေ အားလုံးပြန်ကောင်းသွားပြီ"

"ဖွဲ့... ဖွဲ့ရယ် ကိုယ်ဝမ်းသာလိုက်တာ၊ ကြည့်ပါဦးအန်တီ၊ ဖွဲ့ ခြေထောက်တွေ ပြန်ကောင်းသွားပြီ"

"သမီးလေးဖွဲ့ရယ်"

သားအမိတတွေ ဝမ်းသာလွန်း၍ တစ်ယောက်ကိုတစ်ယောက် ဖက်ငိုမိကြသည်။ အဆိုးထဲကအကောင်း ဖွဲ့ခြေထောက်တွေ ပြန်ကောင်းလာခြင်းကြောင့် အားလုံးပျော်ကြသည်။ မင်းဘွဲ့ဆီ ခွန်းဆက်ကိုယ်တိုင် ချက်ချင်းဖုန်းဆက်တော့ မင်းဘွဲ့လည်း ဝမ်းသာပြီး ဆေးရုံကို ချက်ချင်း ရောက်လာသည်။

"ကိုကိုကြီးဘဝမှာ အဖြစ်ချင်ဆုံး ဆန္ဒပြည့်သွားပြီ ညီမလေးရယ်၊ အခုချိန်ကစပြီး ကိုကိုကြီးတို့ မိသားစုအားလုံး အရင်လို ပျော်



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်ရွှင် ကျန်းကျန်းမာမာ နေသွားကြမယ်ဟုတ်လား''

''ဟုတ်ကဲ့ပါ ကိုကိုကြီး''

ဖွဲ့ပေးဆပ်ရမည့် ဝဋ်ကြွေးကုန်သွားပြီဟု ထင်သည်။ ဖွဲ့အရင်လို အခြေအနေ ပြန်ရောက်သွားခဲ့၍ ပျော်ရွှင်ရသည်ကတစ်ဖက် သရေအတွက် ကျိတ်ပူဆွေးသောက ဖြစ်နေသည့်အဖြစ်ကိုလည်း ဘယ်သူမှမရိပ်မိ စေချင်၍ သူမတစ်ယောက်ရှိချိန်ကျမှ မျက်ရည်နိုးကျသည်။

ဒါကို ခွန်းဆက်သိပေမယ့် မသိဟန်ဆောင်ပြီး ဖွဲ့ကို ဘာမှ မပြော။ ရယ်ရယ်မောမော ဟန်မပျက်နေ၍ ဖွဲ့က ခွန်းဆက်မသိဟု ထင်နေသည်။ သို့သော် ညအိပ်ချိန်မှာ ဖွဲ့အိပ်မက်ဆိုးတွေမက်ပြီး လန့်နိုးလာတိုင်း သရကို သတိရစိတ်က ထိန်းမရ။ ဖွဲ့စိတ်ထဲမှာ သရရှိနေသလို ခံစားနေရတာကလည်း ထူးဆန်းသည်။

တစ်နေရာရာမှာ သရကို ပြန်တွေ့ရလိမ့်မည်ဟု ဖွဲ့စိတ်ထဲက ထင်နေမှန်း မသိ။ ပါးစပ်က ထုတ်မပြောပေမယ့် သရကို ရည်စူးပြီး ကောင်းမှုကုသိုလ်တွေ တစ်ခုပြီးတစ်ခု လုပ်သည်။ မေတ္တာပို့ အမျှ ပေးဝေသည်။ ခွန်းဆက်က ဖွဲ့ကိုအိမ်မှာ တစ်ယောက်တည်းမထား။ သူ သွားသည့် နေရာတိုင်းခေါ်သည်။ ကုမ္ပဏီအလုပ်တွေကို သင်ပေး သည်။

''ဒီလုပ်ငန်းတွေကို ဦးဆောင်ရမယ့်သူက ကိုယ်နဲ့ဖွဲ့ပဲ ရှိတာဆို တော့… ဒါတွေကို ဖွဲ့သိထားမှဖြစ်မှာ၊ ကိုယ်ပြောတာ ဖွဲ့နားလည် တယ်နော်''

''ဖွဲ့နားလည်ပါတယ်ကို''

ခွန်းဆက် ချမ်းသာမှန်းသိပေမယ့် ဤမျှချမ်းသာမှန်း မသိခဲ့။ သူ့လိုလူများမှာ ဝိုင်းဝိုင်းလည်နေသည့် သူနှင့်ဂုဏ်ရည်တူ မိန်းကလေး





တွေကို စိတ်မဝင်စားဘဲ ဖွဲ့ကို လက်ထပ်ပြီး ဖွဲ့ဒုက္ခကိုခံနိုင်သည့် သူ့အချစ်ကို ဖွဲ့အခုမှပိုပြီး နားလည်လာသည်။ မြတ်နိုးရမှန်း တန်ဖိုး ထားရမှန်း သိလာသည်။

''ကို''

''ဟင်''

''ဖွဲ့ကို ဘာလို့ ဒီလောက်ချစ်ရတာလဲဟင်''

''ကိုယ်လည်း မသိဘူး''

ပြုံးနေသည့် ခွန်းဆက်မျက်နှာကိုကြည့်ပြီး ဖွဲ့မျက်စောင်းထိုးတော့ သူက ရယ်သည်။

''စိတ်မဆိုးနဲ့လေ အခေါ်ကြီးရဲ့ ကိုယ်တကယ်မသိလို့ မသိဘူး ပြောတာ စိတ်ဆိုးစရာလား''

တစ်ယောက်တည်း ကျိတ်ပြုံးပြီးနေရာက လှည့်အထွက်မှာ ခေါင်းထဲ ရိပ်ခနဲ ဖြစ်သွားသည်။

''အား… ကျွတ်… ကျွတ်''

''မူးလိုက်တာ''

''ဘာဖြစ်တာလဲ ဖွဲ့''

ဖွဲ့ ယိုင်ခနဲ ဖြစ်သွားတာနှင့် ဖွဲ့နားကို အပြေးရောက်လာသည့် ခွန်းဆက်က ဖွဲ့ကိုယ်လေးကိုထိန်းရင်း ဖြူဖျော့သွားသည့် ဖွဲ့မျက်နှာ လေးကိုကြည့်ကာ စိုးရိမ်တကြီး မေးလိုက်တော့ ဖွဲ့သူ့ပခုံးမှာ ခေါင်းမှီ ရင်း မျက်ဝန်းအစုံကို မှိတ်ထားသည်။

''ဖွဲ့ ခေါင်းမူးလို့ ကို''

''ဒါဖြင့် အိပ်ရာထဲ လှဲနေမလားဖွဲ့''

''လာ… ကိုယ့်ကိုမှီထား၊ ဪ… နေဦး ဖွဲ့ကို အိပ်ရာထဲ



www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီးရင် ဖွဲ့အတွက် စားစရာတစ်ခုခု လုပ်ပေးမယ်၊ ဖွဲ့ အခုထိ ကော်ဖီ... လွှဲပြီး ဘာမှမစားရသေးဘူး မဟုတ်လား''

ခွန်းဆက်က သူ့အစီအစဉ်နှင့်ပြောရင်း ဖွဲ့ကိုယ်လေးကို အိပ်... ထက် အသာလှဲသိပ်ပြီး စောင်ပါးလေး ခြုံပေးလိုက်သည်။

''ခဏလေး... နော် ဖွဲ့''

ဖွဲ့ကိုထားပြီး အောက်ထပ်မီးဖိုဆောင်ကို ဖုန်းလှမ်းဆက်ပြီး သူ... လိုချင်တာ လှမ်းမှာသည်။

''ဖွဲ့... နေလို့ သက်သာရဲ့လားဟင်၊ ကိုယ်ဆရာဝန် လှမ်း... ခေါ်လိုက်ရမလား''

''မခေါ်ပါနဲ့ကိုရယ်... ခဏနေ သက်သာသွားမှာပါ''

ဖွဲ့ပါးလေးကို ဖွဖွထိသည်ဆိုရုံ ရှိုက်နမ်းရင်း ဖွဲ့မျက်နှာလေး... ကို တစိမ့်စိမ့် ကြည့်နေမိသည်။ ဖွဲ့တစ်ခုခုဖြစ်တိုင်း သူ စိတ်မချမ်းသာ... ဖွဲ့အတွက် သူ့ရင်ထဲမှာ အမြဲစိုးရိမ်ပူပန်နေတာကိုက ဖွဲ့အပေါ်ထားသည့်... သူ့အချစ်၊ သူ့မေတ္တာဖြစ်သည်။

''ဖွဲ့''

''ရှင်''

''ဖွဲ့နေကောင်းတဲ့အချိန်ကျရင် ကိုယ်တို့ ခရီးထွက်ရအောင်''

''ဘယ်ကိုသွားမလို့လဲ ကို''

''မာမီတို့ဆီ''

''ဟင်''

ယောက္ခမကြီးတွေဆီ သွားမယ်ဆိုတော့ ဖွဲ့ လန့်သွားသည်... ပြုံးနေသည့် ခွန်းဆက်မျက်နှာက နူးညံ့သိမ်မွေ့မှုတွေနှင့် ရွှန်းလက်... ပေမယ့် သူတို့သားနဲ့ဖွဲ့ကို သဘောမတူပါဟု တရားဝင်ကြေညာ...





ထားသည့် ယောက္ခမတွေကို ဖွဲ့ မတွေ့ချင်။ မတွေ့ရဲပါ။

မျက်နှာလေး သိသာစွာ ပျက်သွားသည့် ဖွဲ့ကိုကြည့်ပြီး ခွန်းဆက် ရင်ထဲ နစ်ခနဲဖြစ်သွားသည်။ ဖွဲ့နှင့်သူ့လက်ထပ်ကတည်းက အခု ချိန်ထိ ခွန်းဆက်မိဘတွေက ဖွဲ့ကို သူတို့ချွေးမအဖြစ် အသိအမှတ် မပြုသလို ခွန်းဆက်နှင့်လည်း ဘာတစ်ခုမှ အဆက်အသွယ် မလုပ် ခဲ့တာ ဒီနေ့အထိပါ။ ခွန်းဆက်မာမီဆီ ဖုန်းဆက်တိုင်း စကားအပြော မခံသော မာမီက ချက်ချင်းဖုန်းချသွားတတ်သလို ဒယ်ဒီနှင့် ဖုန်းပြော ရသည့် အချိန်ကျပြန်တော့လည်း ပြောဖြစ်သည်ဆိုရုံဖြစ်သည်။

''ဘာဖြစ်လို့ ငြိမ်သွားတာလဲ ဖွဲ့''

''ကိုယ့်မိဘတွေက ဖွဲ့နဲ့သဘောမတူကြတာ ဖွဲ့သိပါတယ် ကိုယ် ရယ်၊ သားရှင်ကိုယ်တိုင်က မကြည်ဖြူတဲ့ ချွေးမတစ်ယောက်က ကိုယ့် မိဘတွေကို ဘယ်လိုမျက်နှာနဲ့ သွားတွေ့ရမှာလဲ''

''ကိုယ်တစ်ယောက်လုံး ရှိနေတာပဲ ဖွဲ့ရယ်၊ ဘာလို့ အားငယ် နေရတာလဲ''

''ကိုယ့်ကို မိဘတွေကိုယ်တိုင် စကားမှမပြောတာ''

''ဖွဲ့ကို ဘယ်သူပြောလဲ''

တအံ့တဩ အမူအယာနှင့် ပြန်မေးလာသည့် ခင်ပွန်းသည်ကို ဖွဲ့သနားကြင်နာစွာ မော့မော့လေး ကြည့်လိုက်သည်။

''ဖွဲ့ကို လက်ထပ်လို့ ကိုယ့်ကို ကိုယ့်မိဘတွေက စကား မပြောတော့ဘူးဆိုတာ မဒါလီပြောပြလို့ ဖွဲ့သိထားခဲ့ရတာ ကြာပါပြီ ကိုရယ်... ဖွဲ့ကြောင့် အခုလို...''

''တော်ပြီ ဖွဲ့''

''ဒေါက်... ဒေါက်''



www.burmeseclassic.com

www.burmeseclassic.com



"ဝင်ခဲ့ပါ"

စကားဆုံးအောင် မပြောလိုက်ရ။

အိပ်ခန်းတံခါး လာခေါက်သံနှင့်အတူ စားစရာလင်ဗန်းတစ်ချပ် ယူပြီး အခန်းထဲဝင်လာသည့် အပုကြောင့် နောက်ထပ်စကားမဆိုဖြစ် တော့။ ဖွဲ့အတွက် အငွေ့ထောင်းထောင်း ထနေသော ထမင်းကြော် အသားသုပ်၊ ဟင်းချိုရည်တွေကအစ အစုံပါလာ၏။

"ဒါလေး စားလိုက်ဖွဲ့"

"လာ… ကိုယ်ကိုတိုင် ဖွဲ့ကို ခွံ့ပေးမယ်"

တယုတယ ဖွဲ့ကိုယ်လေးကို ဆွဲယူထူမပြီး စားပွဲမှာ စားစရာ အသင့်ပြင်ပေးနေခိုက် ဖွဲ့ရင်ထဲ ဝေါခနဲ ပျို့တက်လာ၍ မျက်လုံးလေး ဝိုင်းသွားသည်။

"ဘာဖြစ်တာလဲ ဖွဲ့…"

"ဖွဲ့… ဖွဲ့… ဝေါ့"

"ဟာ"

"အန်ချလိုက် ဖွဲ့၊ အန်ချလိုက်"

ဘေစင်ရှိရာ ပြေးသွားသည့် ဖွဲ့နောက်ကို ပြေးလိုက်လာသည့် ခွန်းဆက်ကအော်ရင်း ဖွဲ့ကိုယ်လေးကို နောက်က အသာဖိပေးရင်း ပါးစပ်က အဆက်မပြတ် သတိပေးနေပေမယ့် ဖွဲ့အန်ချလိုက်သည့်က လေတွေဖြစ်သည်။

"ကြည့်ပါဦးကွာ၊ ဖွဲ့ပုံစံက မသက်မသာ ဖြစ်နေလိုက်တာ… ကိုယ် ဆရာဝန်ခေါ်လိုက်မယ်နော် အချစ်"

"ဟင့်အင်း… ဟင့်အင်း"

"ဘာဖြစ်လို့လဲ ဖွဲ့ရယ်၊ အခု ဖွဲ့ဘာဖြစ်နေလဲဆိုတာ ဖွဲ့သိတယ်





မဟုတ်လား"

မျက်ရည်တွေနှင့် ချွေးတွေနှင့် ဖြူဖျော့နေသည့် ဖွဲ့ကိုကြည့်ပြီး ခွန်းဆက်က ဆရာဝန်ခေါ်ရန် တကဲကဲ ဖြစ်နေပေမယ့် ဖွဲ့က ခွန်းဆက် လက်ကို သူမလက်လေးတွေနှင့် ဆုပ်ကိုင်ပြီး သူ့ရင်ခွင်ထဲ ခေါင်းလေး မှေးဝင်ရင်း ခေါင်းကို ဖွတ်ခါယမ်းနေတာကို ခွန်းဆက်နားမလည်။

"ဖွဲ့"

"ဖွဲ့ ဘာဖြစ်နေလဲဆိုတာ ဖွဲ့ သိပါတယ်ကို"

"ဖွဲ့သိတယ်ဟုတ်လား၊ ဒါဆို ဖွဲ့ဘာဖြစ်နေတာလဲ"

"ဖွဲ့ကိုယ်ထဲမှာ ကိုယ့်အတွက် ဧည့်သည်ရောက်နေတာ"

"ဘယ်လို… ဖွဲ့"

"ဖွဲ့မှာ ကိုယ့်ရင်သွေးလေး ရှိနေပြီ"

"အာ… ကိုယ်ဝမ်းသာလိုက်တာ ဖွဲ့ရယ်၊ ဘာလို့ အခုမှ ကိုယ့်ကိုပြောရတာလဲ အချစ်ရယ်… ကိုယ်ကလေးအဖေ ဖြစ်ပြီပေါ့ ဟုတ်လား"

"မသိဘူး"

"အဟွန်း… ဟွန်း… ဟွန်း"

"ပျော်လိုက်တာ အချစ်ရယ်၊ ကိုယ့်အတွက် သားသားမီးမီး တွေ အများကြီး မွေးပေးနော်"

"ဒီလောက်ဖြစ်နေတာ တစ်ခါတည်း အမွှာပူး မွေးပေးလိုက် မယ်"

"ဟေး… ဒါမှ ကိုယ့်မိန်းမကွ"

"အို… ဘာလို့ လူကိုချီရတာလဲ ချပေးပါ၊ ဖွဲ့ ခေါင်းမူးတယ် ကိုရဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး… ဆရာရီး ကိုယ်ဝမ်းသာလွန်းသွားလို့ပါဗျာ…"

"လာ… ဒယ်ဒီကြီးနဲ့အတူ အိပ်ရာထဲမှာ ငြိမ်ငြိမ်လေးနေ"

"ကိုရယ်"

ဖွဲ့ကို သူ့ရင်ခွင်ထဲမှာထားပြီး ခွန်းဆက်က တစ်နေရာပြီး တစ်နေရာ ဖုန်းလျှောက်ဆက်ပြီး သူကလေးအဖေဖြစ်ကြောင်း လိုက်ကြွားနေ၍ ဖွဲ့ သူကိုယ်ကြီးကို မနာကျင်အောင် ထုရိုက်ပစ်သည်။

"ကိုနော် ဘယ်လိုဖြစ်နေတာလဲ"

"ပျော်နေတာကွ ကိုယ်တို့မျိုးရိုးထဲမှာ အမွှာတွေရှိတယ်၊ ဖွဲ့ပြောသလို ကိုယ်လည်း အမွှာလေးရမှာ သေချာတယ်"

"ဟုယ်… အဲဒါ တကယ်"

"မယုံရင် ကိုယ့်မာမီကို မေးကြည့်"

"ဟာ… ဟုတ်ပြီ၊ မာမီတို့မှာ မြေးအမွှာရတော့မယ့်အကြောင်း ကိုယ်လှမ်းဖုန်းဆက်လိုက်မယ် စိတ်ဆိုးနေတဲ့ ဘွားဘွားကြီး သူ့မြေးအသံကြားမှ စိတ်ဆိုးပြေမှာကွ…"

"ကိုယ့်သဘောပါ"

ခွန်းဆက်က သူ့မာမီဆီ ချက်ချင်းထဆက်သည်။ ဘယ်အချိန်ရှိနေပြီလဲဆိုတာ သတိမရ။ ပြီးမှ သူ့နဖူးသူရိုက်ပြီး ဖုန်းချလိုက်တော့မည်ဆိုမှ တစ်ဖက်က ဖုန်းကိုင်လာသည်။

"ဟဲလို"

အသံက ခွန်းဆက်မာမီအသံ။

"မာမီ သားပါ"

"ဒီအချိန်ကြီး… ဘာဖြစ်တာလဲ"

"မာမီ မြေးအမွှာရနေပြီဆိုတာ လှမ်းအသိပေးတာပါ"





"ဘာ"

"မာမီမှာ… မြေးအမွှာလေးရှိနေပြီ မာမီ"

တစ်ဖက်က ဘာမှမပြောဘဲ ဖုန်းချသွားပေမယ့် ခွန်းဆက်ကျေနပ်သွားပြုံးပြီး ဖွဲ့ပါးလေးကို ဖျတ်ခနဲငုံနမ်း၍ ကလေးအမေအသစ်စက်စက်ချစ်ဇနီးလေးကို ချစ်မြတ်နိုးစွာ ဂုဏ်ပြုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၁)

အစတုန်းက မသေမချာ။

နောက်တော့ အသေအချာ အတိအကျ။ ခွန်းဆက်ကတော့ အက်ထရာဆောင်းမှာ အထင်အရှား မြင်နေရသည့် သူ့ရင်သွေးအမှာ လေးနှစ်ယောက်ကိုကြည့်ပြီး တစ်ချိန်လုံး ပြုံးနေပုံက ဘေးလူတွေဆီကိုပါ အပျော်တွေ ကူးစက်လာသည့်အထိ ဖြစ်သည်။

"အမွှာလေးဖွဲ့၊ အမွှာလေး"

စိတ်လှုပ်ရှားနေသည့် ဖွဲ့မျက်နှာလေးမှာ ခံစားချက်အမျိုးမျိုး ဖြစ်နေသလို ဖွဲ့ရင်ထဲမှာ ရင်သွေးအမွှာလေး ရှိနေပြီဆိုကတည်းက ဖွဲ့မာမီလက်ကို မလွှတ်တမ်း တစ်ချိန်လုံး ဆုပ်ကိုင်ထားနေသူက ခွန်းဆက်ဖြစ်သည်။

"ဖွဲ့ ဘာလုပ်ချင်လဲ၊ ဘာလိုချင်လဲဆိုတာ ကိုယ့်ကိုပြောနော် ဖွဲ့လိုချင်တာ ဖြစ်ချင်တာအားလုံးကို ချက်ချင်း ဖန်တီးပေးမယ်"

"တူ… တူ… တူ"

သည်းသည်းလှုပ်နေသည့် ကလေးအဖေ လက်သစ်က ဖွဲ့





လဲ့ပြီး သူ့ကမ္ဘာမှာ တခြားဘယ်သူမှမရှိတော့သလို ထင်နေမိကြောင်း ခွန်းဆက်မှုန်းက အသံမြည်လာခြင်း ဖြစ်သည်။

"ဟဲလို"

"သား"

"ဟာ… မာမီ"

မထင်မှတ်ဘဲ မိခင်ဖြစ်သူကစပြီး ဆက်သွယ်လာ၍ ခွန်းဆက် နေရာက ထခုန်ဖြစ်ချင်သည့်အထိ အပျော်လွန်သွားတာကို မနည်းချိုး နှိမ်နေရသည်။

"မာမီ့သမီးနဲ့ မြေးလေးတွေကိုကြည့်ဖို့ မာမီ သားဆီလာခဲ့မယ်"

"ဗျာ… မာမီ"

ဝမ်းသာလွန်းလို့ သူဘာပြောရမှန်းမသိ။

"သမီးနဲ့ မာမီစကားပြောဦးမယ် သမီးဖွဲ့ကို ဖုန်းပေးလိုက်သား"

"သား ဝမ်းသာလိုက်တာ မာမီရယ်၊ မာမီနဲ့ဒယ်ဒီကျေးဇူးကို သားတစ်နေ့မှ မမေ့ဘူးမာမီ၊ မာမီကို သားချစ်တယ်"

"မာမီလည်း သားကိုချစ်ပါတယ်ကွယ်"

"ဒါလီလေး ပြောပြလို့ ဖွဲ့ခြေထောက် ပြန်ကောင်းသွားပြီဆိုတာ မာမီသိလိုက်ရတော့မှ ရင်ထဲခံစားနေရတာတွေ သက်သာသွားတယ်။ ဖွဲ့မှာ မာမီမြေးအမွှာလေး ရှိနေပြီဆိုတော့ ဘာပြောစရာလိုဦးမှာလဲ ကွယ်"

မာမီ့အသံက ငြိမ်းချမ်းအေးမြနေ၍ ခွန်းဆက်ပျော်သလို မာမီ သည်း ပျော်နေသည်ဟု နားလည်လိုက်သည်။ ဖွဲ့နှင့်မာမီ သဘောမတူ ဘာကလည်း သူလက်ထပ်မယ့် သတို့သမီးက ဒုက္ခိတဘဝဆိုတော့ ဒီတာအနေနှင့် သဘောတူနိုင်စရာ မရှိတာ မာမီ့အပြစ် မဟုတ်မှန်း



www.burmeseclassic.com

www.burmeseclassic.com



ထိုကတည်းက ခွန်းဆက် နားလည်ပါသည်။

အခု သူကိုယ်တိုင် မိဘနေရာ ရောက်လာတော့ မာမီခံစားချက်ကို ပိုပြီးခံစားမိသည်။ သူသာ မာမီနေရာမှာဆိုရင် ကိုယ့်သားသမီးကို ဆင်စီးမြင်းရံသော ခမ်းနားသည့်ဘဝမျိုးပဲ ပိုင်ဆိုင်စေချင်မှာ အသေအချာပါ။

"ဖွဲ့ကို ဖုန်းပေးလိုက်သား"

"ဟုတ်ကဲ့မာမီ"

"ဖွဲ့… ဒီမှာ မာမီက ဖွဲ့နဲ့ပြောမယ်တဲ့"

ပြုံးနေသည့် ခွန်းဆက်မျက်နှာပေါ်က အပျော်ကို မြင်နေရ၍ ခွန်းဆက်ကမ်းပေးလာသည့် ယောက္ခမဖြစ်သူဖုန်းကို မဝံ့မရဲလေး လှမ်းကိုင်လိုက်သည်။

"ဟဲလို"

"သမီး… မာမီပါ"

ခွန်းဆက် မာမီအသံက ချိုအေးနူးညံ့နေ၍ ဖွဲ့ရင်ထဲနွေးသွားသည်။ ဒီလိုနေ့ရက် ရောက်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့သောဖွဲ့။ အခုတော့ ပျော်စရာကောင်းသည့် အိပ်မက်တွေ တစ်ခုပြီးတစ်ခု ဖွဲ့ဘဝထဲကို ရောက်လာပုံကလည်း အံ့သြမယုံနိုင်စရာပါ။ ချွေးမနှင့်ယောက္ခမ ပြေလည်သွားသည့် ကြည်နူးစရာ ပေါင်းစည်းမှုကို ပြုံးပြုံးကြီး ကြည့်နေသည့် ခွန်းဆက်ရင်ထဲ အပျော်တွေ တစ်စုတစ်ဝေးကြီး ရောက်နေသည်။

တိုးဖွဲ့ရွာ ရယ်မောလိုက်သည့် ခင်ပွန်းသည်၏ မျက်နှာကို အခုမှ ဖွဲ့သေချာကြည့်ဖြစ်သည်။ ဖွဲ့အပေါ်မှာ အမြဲနူးညံ့သိမ်မွေ့သော ချစ်သူ ဖွဲ့ဆိုးသမျှ ဖွဲ့အလို လိုက်နိုင်စွမ်းသည့် ဖွဲ့ရဲ့ခင်ပွန်း။ ဖွဲ့အပေါ်မှာ





ဘယ်သူမှ မထားနိုင်သည့် ချစ်ခြင်းမေတ္တာတို့ကို ပေးအပ်ခဲ့သည့် အချစ်ရဆုံးလူ။

"ကို"

"ဟင်"

"ဖွဲ့… ကို့ကိုချစ်တယ်"

"ဘယ်လို"

ရုတ်တရက် အံ့အားသင့်သွားသည့် ခင်ပွန်းသည်မျက်နှာကို ကြည့်ပြီး ဖွဲ့ ပြုံးလိုက်သည်။

"ကို့ကို ဖွဲ့ချစ်တယ်လို့ ပြောတာပါကို"

"ဖွဲ့… ကိုယ့်အသက်ရယ်"

ပြီးပြည့်စုံသောဘဝ။

အလိုချင် အတောင့်တဆုံး မိသားစု၏ ပျော်ရွှင်စရာ အနာဂါတ်ထဲမှာ ဖွဲ့ကိုယ်တိုင် သူ့ကိုချစ်ပါပြီဟု ဝန်ခံစကားက ခွန်းဆက်နှလုံးသားကို အချိုမြိန်ဆုံး နွေးထွေးမှုကို ပေးအပ်လိုက်သော ဘဝ၏ အကြီးမားဆုံး အင်အားဖြစ်သည်။

"သွားကြစို့ဖွဲ့"

"ဟုတ်ကဲ့ပါကို"

ဖွဲ့ပခုံးကိုဖက်ပြီး လောကကြီးကို ချစ်သူနှင့်အတူ ကျေကျေနပ်နပ် လျှောက်သွားသူနှစ်ဦးကို အနက်ရောင်ကားထဲမှ မျက်တောင်မခတ်တမ်းစိုက်စိုက် ကြည့်နေသူက သရ။

ဖွဲ့ကို သူ့ကိုယ်တိုင် သေဆုံးသွားပြီဟု သူ့ကိုယ်သူ ဖွဲ့ဘဝထဲက ထွက်ပယ်ပစ်ဖို့ ရင်အကွဲခံ ဆုံးဖြတ်လိုက်ရသည့် သူ့အဖြစ်ကိုတော့ ဖွဲ့ ဘယ်သောအခါမှ သိရတော့မည် မဟုတ်ပါ။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ် ကားအက်စီဒင့် ဖြစ်သည့်အချိန်မှာ ကံကောင်း၍ ဖွဲ့ ဘာမှမဖြစ်ဘဲ ခြေထောက်တွေပင် ပြန်ကောင်းသွားစေသည့်အထိ ကံကြမ္မာက ဖွဲ့ဘက်က အပြည့်အဝ ရပ်တည်ပေးလိုက်သော်လည်း သရ၏ ဘယ်ခြေတစ်ချောင်းကိုတော့ ရက်စက်စွာ ဖြတ်ထုတ်ပစ်ခဲ့သည်။

မသန်မစွမ်းသည့် ဒုက္ခိတဘဝနှင့် သရကိုယ်တိုင် ဖွဲ့ကို ထပ်မဆုံချင်တော့။ ဒီကြားထဲ သရမာမီ ဒေါ်အင်ကြင်းက သူ့သားဒုက္ခိတဘဝရောက်အောင် လုပ်သူအဖြစ် ဖွဲ့တို့မိသားစုကို ပြင်းထန်စွာ ရှုံ့ချဖို့ ကြိုးစားသည်။

ဖုန်းနှင့်ဆက်ပြီး ဖွဲ့အစ်ကိုကြီးကို ရန်တွေ့သည်။ ရစရာမရှိအောင် ပြောသည်။ ထိုကိစ္စကို သရ သိသိခြင်း သရအစ်ကိုကြီးကို သူကိုယ်တိုင် တောင်းပန်သည်။ ဖွဲ့ကို အခုချိန်ကစပြီး နောက်ဘယ်တော့မှ ထပ်မတွေ့တော့ပါဆိုသော ကတိစကားကို သရမာမီကိုရော ဖွဲ့အစ်ကိုကြီးကိုပါ သူ ကတိပေးသည်။

မာမီက သရစကားကို မယုံ။

ဖွဲ့အစ်ကိုကြီးက လက်မခံ…

နောက်ဆုံး သူယတိပြတ် ဆုံးဖြတ်ချက်တစ်ခု ပြတ်သားစွာ ချလိုက်သည်။

ကျွန်တော်သေပြီလို့ ဖွဲ့ကိုပြောပေးပါဆိုသည့် စကားက ဖွဲ့နှင့်သူ့ကြားက သံယောဇဉ် အဆီးအတားကို အပြီးဖြတ်တောက် ပိုင်းခြားပစ်လိုက်သည်။ ဖွဲ့အချစ်ဆုံးသူငယ်ချင်း ဝင့်ဒီကိုလည်း ဖွဲ့ဖုန်းဆက်လာရင် သူသေပြီဟု ကူညီပြောပေးရန် အကူအညီ တောင်းထားသည်။ သရထင်သည့်အတိုင်း ဖွဲ့က ဝင့်ဒီဆီ ဖုန်းဆက်သည်။ ဝင့်ဒီက သရ





ကူညီခိုင်းထားသည့်အတိုင်း သရ သေဆုံးသွားပြီဖြစ်ကြောင်း အတည်ပြုပေးသည်။

ဖွဲ့နှင့်သူ့ကြားက ဇာတ်လမ်းလေး ပြီးဆုံးသွားပေမယ့် သရဆိုသည့် သူ့အတွက် မာမီသဘောတူသည့် မိန်းကလေးတစ်ယောက်နှင့် လက်ထပ်လိုက်ရသည်။

မိသားစုလိုက် အမေရိကကို ပြောင်းရွှေ့သွားကြမည့် ခရီးမှာ မမျှော်လင့်ဘဲ သရခြေထောက်မှ ဝေဒနာပြင်းထန်လာ၍ ဆေးရုံလာပြရင်း ဖွဲ့တို့ ဇနီးမောင်နှံနှင့် ဆုံရခြင်းဖြစ်သည်။

ဖွဲ့က သရကို မမြင်ပါ။

သူ့ခင်ပွန်းသည် ဖွင့်ပေးထားသည့် ကားတံခါးမှ ကားလေးပေါ် ငြိမ်ခနဲ ဝင်ထိုင်လိုက်သည်။ ဖွဲ့တို့ကားလေး သရမျက်စိရှေ့မှာ ညင်သာစွာ ထွက်သွားသည်အထိ မျက်စိတစ်ဆုံး သူလိုက်ငေးနေချိန်မှာ သူ့ဇနီး မိုးမြင့်သဇင် သူ့ကားထဲ ပြန်ရောက်လာသည်။

"စောင့်ရတာ ကြာသွားလား မောင်"

"မကြာပါဘူး သဇင်"

"ဦးစိန် သွားလို့ရပြီ"

"ဟုတ်ကဲ့ဆရာ"

ဦးစိန်မောင်းသည့် ကားလေး၏ ဦးတည်ရာက ဖွဲ့နှင့်ဆန့်ကျင်ဘက်သို့ ဖြစ်သည်။

"မောင်"

"ဟာင်"

"ဟိုတစ်ခါကလို သဇင့်ကို ဖြစ်ချင်ရာဖြစ်ဆိုပြီး ပစ်မထားနဲ့ရဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"မောင့်ကို သဇင်ချစ်တယ်"

မှုန့်ဖွာဆိုရင်း သူပါးတစ်ပါးကို ဖျတ်ခနဲ ရှိုက်နမ်းလာသူထံမှ ကျေနပ်နှစ်သိမ့်စွာ ရယ်မောလိုက်သော ရယ်သံနွေးနွေးက အေးစက်သော လေထုထဲ အလိုက်သင့် ပြေးဝင်သွားသည်။

သရအကြည့်တွေက စိမ်းညိုသော သစ်ပင်မှာ ဝေဆာနေသော ပန်းတွေရှိရာ ရောက်သွားသည်။ သရဆိုသည့် သူ့ရင်ထဲမှာလည်း အလွမ်းတွေနှင့် ပွင့်နေသည့် အချစ်သစ်ပင် တစ်ပင်အကြောင်း ဘယ်သူမှ သိစရာမလိုဘဲ သူ့ဘာသာ တိတ်တဆိတ် ရှင်သန်နေခြင်းကို သူမှတစ်ပါး မည်သူမှ မသိလိုက်ကြချေ။

နှလုံးစိတ်ဝမ်းငြိမ်းချမ်းပါစေ
ဆုအာရှုံ

BURMESE CLASSIC



www.burmeseclassic.com